www.burmeseclassic.com

# ပျူး

ရင်နှစ်စုံရာဇဝင်



www.burmeseclassic.com

www.burmeseclassic.com

# ဗျူး

## ရင်နှစ်စုံရာဇဝင်

www.burmeseclassic.com

www.burmeseclassic.com


## ပုံနှိပ်မှတ်တမ်း

ထုတ်ဝေသူ

ဒေါ်မြင့်မြင့်ရီ (မြ-၀၄၅၀၆) (ပျူစာပေ)

အမှတ်- ၅၂၀(က)၊ အင်း၀ (၄)လမ်း၊

(၆) ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။

အတွင်းနှင့်မျက်နှာဖုံးပုံနှိပ်

ဦးကျင်ရင် (မြ-၀၅၄၁၇) (ရွှေခြင်္သေ့ပုံနှိပ်တိုက်)

အမှတ် (၁၂)၊ သရဖီလမ်း၊ စော/နောက် ရပ်ကွက်၊

အလုံမြို့နယ်၊ ရန်ကုန်မြို့။

မျက်နှာဖုံးပန်းချီ

သိန်းရွှေကြည်

အတွင်းဖလင်

ကိုပေါက် (Image Art Work)

ပုံနှိပ်ခြင်း

ပထမအကြိမ်၊

၂၀၁၃ ခုနှစ်၊ အောက်တိုဘာလ

တန်ဖိုး - ၁၀၀ ကျပ်၊ အုပ်ရေ - ၅၀၀

ဖြန့်ချိရေး

ပျူစာပေ

၀၁-၈၅၀၀၆၉၆၊ ၀၉-၇၃၀၈၁၅၄၁၊ ၀၉-၅၀၃၀၁၀၆၊ ၀၉-၅၁၈၅၀၈၄

၈၉၅. ၈၃

ပျူ

ရင်နှစ်စုံရာဇဝင်။ ရန်ကုန်။

ပျူစာပေ ၊ ၂၀၁၃။

၂၄၈ - စာ ၊ ၁၂ × ၁၈ စင်တီ။

(၁) ရင်နှစ်စုံရာဇဝင်


www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁)

ကျင့်သားရပြီးဖြစ်နေသော မျက်ဝန်းတွေက မနက်ခုနစ်နာရီမထိုးခင်ကတည်းက အလိုလို နိုးပြီးဖြစ်နေသည်။ ဒါပေမဲ့ သူ မျက်ဝန်းတွေမှိတ်ကာ အိပ်ရာထဲမှာပဲ ဆက်ကွေးနေလိုက်သည်။

ရှားရှားပါးပါး နားခွင့်ရထားသည့် တနင်္ဂနွေရက်ကလေးကိုတော့ စိတ်အေးလက်အေး အနားယူချင်သည်။

တစ်ပတ်လုံးလုံး ဖေကြီးနှင့်အတူလိုက်ကာ ဖေကြီး၏လုပ်ငန်းတွေကို သင်ကြားကူညီနေခဲ့ရတာ ဘွဲ့ရပြီးကတည်းက ဖြစ်သည်။

'ခန့်ညားဝင့်ထည်' ဆိုသော သူ ရယူထားသည့်ဘွဲ့က နိုင်ငံခြားဘာသာတက္ကသိုလ်က ဘွဲ့တစ်ခုသာဖြစ်သည်။ ဒါပေမဲ့ လက်ရှိမှာ လုပ်ကိုင်နေရသည်က ဖေကြီးရဲ့အနုပညာအလုပ်တွေ ဖြစ်သည်။

ထုတ်လုပ်သူ၊ ဒါရိုက်တာ ဦးတည်ခန့်နိုင် ဆိုသော ဖေကြီးသည်

www.burmeseclassic.com

www.burmeseclassic.com



အနုပညာလောကမှာတော့ နာမည်ကျော်သူတစ်ဦး ဖြစ်သည်။

ရုပ်ရှင်ဗီဒီယို ထုတ်လုပ်ရေးလုပ်ငန်းတွေအပြင် စတူဒီယိုကြီး တစ်ခု တည်ထောင်ကာ သီချင်းဗီစီဒီ လုပ်ငန်းတွေကိုလည်း ဖေကြီးက လုပ်ကိုင်သည်။ အနုပညာ ဝါသနာကြီးမားသော ဖေကြီးသည် ရုပ်ရှင်၊ ဂီတနယ်ပယ်မှာတော့ ဂုဏ်သတင်းထည်ဝါကြီးမားသူပါပဲ။

"သား အိမ်မှာပဲ အချိန်ကုန်မနေနဲ့၊ ကျောင်းပြီးဘွဲ့ရသွားပြီဆို တော့ ဖေကြီး အလုပ်ကို လေ့လာရင်း ဝင်ကူညီပေးကွာ"

ဖေကြီး၏တစ်ဦးတည်းသော သားတစ်ယောက်ဖြစ်သည့် သူ့မှာ လည်း အနုပညာဝါသနာတော့ ဗီဇသွေးထဲမှာ ပါပါသည်။ ဒါကြောင့်လည်း ဖေကြီးအလုပ်တွေကို ကူညီသည့်သဘောနှင့် သူ ကူညီလုပ်ကိုင်ပေးခဲ့ သည်။

ရှုတင်ရိုက်ကွင်းနှင့် စတူဒီယိုတွေ မနားတမ်းပြေးလွှားစီစဉ် ရသလို ရုံးခန်းမှာလည်း သူ တာဝန်ယူထိုင်ပေးရတာမျိုး ရှိသည်။ တစ်ပတ်လုံးလုံးအလုပ်တွေနှင့် မနားစတမ်း ရှိနေသော ဖေကြီးကိုလည်း သူ အံ့သြရပါသည်။

သည်မျှလောက်အထိ အလုပ်တွေ ရှုပ်ထွေးနေခဲ့တာတောင် ဖေကြီး တစ်ချက်ရွှေးတောင် မညည်းညူခဲ့ပါ။

ဖေကြီးကို ကြည့်လိုက်လျှင် အမြဲတမ်း နုပျိုလန်းဆန်းနေမြဲရှိ၏။ ဝါသနာနှင့်အလုပ်ကို လုပ်ဆောင်နေရတာမို့ ဖေကြီးပျော်ရွှင်စိတ်ချမ်း သာနေခဲ့တာ ထင်ပါသည်။

တခြားကုမ္ပဏီလုပ်ငန်းတွေလို ဖေကြီးမှာ တနင်္ဂနွေရက်လေး

[redacted]

www.burmeseclassic.com

www.burmeseclassic.com



သည်ပင် နားရက်မဟုတ်ခဲ့ပါ။ သူကတော့ တနင်္ဂနွေရက်လေးကို နားရက်အဖြစ် မေကြီးဆီက ဖွတ်တောင်းခဲ့ရသည်။

"တနင်္ဂနွေတစ်ရက်တော့ သားကို နားရက်ပေးပါ မေကြီးရာ အဲဒီတစ်ရက်တော့ သား နားပါရစေ"

"ဟုတ်ပါတယ် ကိုရယ် သားလေးအတွက် နားရက်တစ်ရက်တော့ ပေးလိုက်ပါနော်"

မေကြီးကလည်း သူ့ဘက်က ဝင်တောင်းဆိုတော့ မေကြီး လက်ခံခွင့်ပြုပေးရတော့သည်။

ဒီလိုရက်လေးမှာတော့ သူ မနက်ခြောက်နာရီခွဲဆို အမြဲတမ်း ထရသည့် အိပ်ရာနိုးချိန်ကို မျက်ဝန်းတွေက နိုးပေမယ့်လည်း မထား အိပ်ရာထဲမှာ ဆက်ကွေးဖိမ်ယူတတ်တာ အမှန်ဖြစ်၏။

စိတ်အာရုံလွင့်ရာ မျောနေသော သူ့အတွေးတွေက ဟန်းဖုန်း မြည်သံလေးကြောင့် လန့်နိုးသွားရပါသည်။

တမင် မျက်လုံးတွေမဖွင့်ဘဲ ပေပြီးနေတော့ ဟန်းဖုန်းမြည်သံ က ရပ်ဆိုင်းမသွားဘဲ မြည်နေဆဲမို့ ခြုံစောင်ထဲကပဲ စားပွဲပေါ်က ဖုန်း လေးကို လှမ်းယူလိုက်ရသည်။

ဖုန်းကို ဖွင့်ကြည့်တော့ ထင်သည့်အတိုင်းပါပဲ။ ပိုင်ဖေဆီက ဖုန်းဖြစ်နေသည်။ ဆန်းဒေးဆိုတာ သူ့နားရက်ဟု သိနေသော ပိုင်ဖေ ကိုင်မချင်း ခေါ်နေတော့မှာ သူ သိသည်။

"ပြော ပိုင်ဖေ စောစောစီးစီး ငါ့စည်းစိမ်လေးကို ဖျက်ဆီးချင် တာ ဘာကိစ္စလဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဘယ့်နှယ် စောရမှာလဲ ခန့်ရာ ခုနစ်နာရီထိုးနေပြီကွ"

"ဟော့ကောင် ငါ့မှာ ဒီရက်လေးတစ်ရက်ပဲ ပြည့်ပြည့်ဝဝ အိပ်စက်ခွင့်ရတာကွ"

"စိတ်မဆိုးပါနဲ့ ကျေးဇူးရှင်ရာ၊ ငါကလည်း ဒီရက်လေးတစ်ရက်မှာပဲ မင်းရဲ့အကူအညီကို တောင်းနိုင်ခွင့်ရှိတာပါကွာ"

တောင်းပန်သံလေးနှင့် ပိုင်ဖေ ပြောနေတော့ သူ ပြုံးမိပါသည်။ ဖေကြီးရဲ့အလုပ်ခွင်ထဲမှာ သူ့ရဲ့ဖုန်းကို ကိုင်ခွင့် ဖေကြီးက ခွင့်မပြုပါ။ အလုပ်ကိစ္စတာဝန်ချိန်မှာ သူငယ်ချင်းတွေဆီက ဖုန်းတွေနှင့် မရှုပ်ထွေးစေချင်တာမို့ သီးသန့်ဖုန်းကိုပဲ ဖေကြီးက စီစဉ်ပေးထား၏။

ဒါကြောင့် ဆန်းဒေး သူ နားရက်ကလွဲလျှင် ကျောင်းတုန်းက အပေါင်းအသင်းတွေနှင့် ဖုန်းဆက်သွယ်ခွင့်တောင် မရှိပါ။

"ခန့် မင်း အိမ်မှာရှိပါတယ်နော်"

"အိပ်ရာထဲကတောင် မထသေးဘူးကွ"

"မြန်မြန်ထတော့ကွာ၊ ငါ အခု မင်းအိမ်ကို လာနေပြီ၊ နောက် ဆယ်မိနစ်လောက်ဆို ရောက်ပြီ"

"ဘာလုပ်ဖို့လဲ"

"အရေးကြီးတယ်၊ ငါ့ရဲ့နှလုံးသားရေးရာကိစ္စအတွက် မင်းဆီက အကြံဉာဏ်တွေ လိုအပ်တယ်"

ထင်တော့ ထင်ပါသည်။ တစ်ကြိမ်တစ်ခါမျှ ရည်းစားမထားဘူးသည့် ပိုင်ဖေကျော်ဆိုသောကောင်။ မိန်းကလေးတစ်ယောက်ကို သဘောကျနေတာ ပြီးခဲ့သော အပတ်ကပဲ သိခဲ့ရသည်။

www.burmeseclassic.com

www.burmeseclassic.com



ပြီးခဲ့သည့်ဆန်းဒေး သူငယ်ချင်းတွေဆုံရင်း ညြလေးက ပြောပြတာကြောင့် သူ ကြားခဲ့တာ ဖြစ်၏။

"ခန့် မင်းကူညီမှ ဖြစ်မှာနော်"

"ဟော့ကောင် အဲဒီအာရုံတွေ ခန့်သားဝင့်ထည်ရဲဦးနှောက်ထဲမှာ မရှိတော့ဘူး။ တစ်နေ့တစ်နေ့ ဖေကြီးရဲ့အလုပ်တွေထဲမှာပဲ အာရုံအပြည့်ထားနေရတာ"

"ဟာ မလုပ်လိုက်ပါနဲ့ကွာ၊ မင်းဆီက အကြံဉာဏ်မရဘဲ ငါ ဘာမှမလုပ်တတ်ဘူး။ ဒါကြောင့် ကျေးဇူးရှင်ဆရာသမားဆီကို အရောက်လာနေတာပါကွာ၊ အောင်မြင်ရင် ဝမ်းတေဘာယ်လ်နဲ့ပြုစုပါ့မယ်"

ပိုင်ဖေ တောင်းတောင်းပန်ပန် ပြောနေတာ နားထောင်ရင်း သူ ရယ်လည်းရယ်ချင်မိ၏။ ပိုင်ဖေ အဖြစ်ကတော့ နေမြင့်လေလေ အရှုးရင့်လေလေ ဖြစ်နေပြီထင်ရဲ့။

"အဲဒါတွေ မင်းတို့ခက်တာပေါ့၊ ငါ့ရဲ့အကြံဉာဏ်က ရှေ့ကပြေးနေရတယ်၊ ပြုစုကျွေးမွေးမယ့် အစီအစဉ်က နောက်မှဆိုတာတော့ နည်းလမ်းမကျသေးဘူး"

"သဘောပေါက်ပါတယ် ဆရာသမားရယ်၊ အခုလည်း ဆရာသမားကိုပြုစုဖို့ ကျွန်တော်မျိုး လာနေပါပြီ၊ စက်တော်ရာက ထတော်မူပါဘုရား"

ပိုင်ဖေ ဖုန်းချသွားတော့ သူ ရယ်မိသေးသည်။ ဖုန်းကိုပိတ်သိုက်ကာ အိပ်ရာပေါ်က ထ,လိုက်ရတော့သည်။

သူတို့သူငယ်ချင်းတွေထဲမှာ ငွေကြေးနှင့်ပတ်သက်လျှင် ပြော



www.burmeseclassic.com

www.burmeseclassic.com



တွန့်တိုကာ ကပ်စေးနဲလွန်းသော ပိုင်ဖေဆီက စားသောက်ရတာ ရှားပါး လွန်းသည်။ အခုတော့ ပိုင်ဖေဆီက လိုလားကြည်ဖြူစွာ သူ စားသောက် ခွင့်ရပြီ။

ဒီအကြောင်းကိုသာ ဩလေးတို့ ဝေယံတို့သိလျှင် အံ့ဩဝမ်းသာ စွာ ဩဘာပေးကြမှာ သေချာသည်။ စားရခဲသော ပိုင်ဖေ သူ့ဆီကို အိမ်တိုင်ရာရောက် လာပြုစုသည့်နေ့လေးကတော့ တကယ့် မင်္ဂလာနေ့ လေးပါပဲ။

"ဟော သားနိုးပြီလား"

"နိုးပါပြီ မေကြီး ဖေကြီးကော"

"အခုပဲ စတူဒီယိုကိုသွားပြီ သားလေးရဲ့၊ အသံသွင်းဖို့ကိစ္စရှိ တယ်တဲ့"

ဖေကြီး စီစဉ်သည့် အဆိုတော်တစ်ယောက်၏ ရီကောဒင်းရှိတာ သူ သိပါသည်။ ထိုကိစ္စအတွက် ဖေကြီးသွားတာ ဖြစ်မည်။

"သား ရေချိုးပြီးရင် ကော်ဖီပိုင်းလာခဲ့လေ၊ ဘာစားချင်သလဲ ပြော မေကြီး စီစဉ်ပေးထားမယ်"

"သားအတွက် ဘာမှမစီစဉ်နဲ့တော့ မေကြီး။ ပိုင်ဖေ အခုပဲ ရောက်လာမှာ၊ မနက်စာ ကျွေးချင်လို့တဲ့"

မေကြီး နားလည်သလို ပြုံးရင်း ခေါင်းညိတ်သည်။ ဒီလို ဆန်းဒေးရက်မှာ သူ အိမ်မှာရှိတတ်တာ ရှားသည်။ အိပ်ရာကနိုးသည်နှင့် သူ့ဆီဆက်လာသော ဖုန်းတွေက တဝီဝီ။ ပြီးလျှင် သူ အပြင်ထွက်သွားတတ် တာ မေကြီး သိသည်။



www.burmeseclassic.com

www.burmeseclassic.com



"နေ့လယ်စာတော့ ခန့်လေး ပြန်စားမှာမဟုတ်လား၊ သားဖေကြီးလည်း အချိန်မီပြန်လာမယ်တဲ့"

"ဒါဆို သားလည်း အရောက်ပြန်လာမှာပေါ့ မေကြီးရဲ့၊ ကဲ သား ရေချိုးခန်းဝင်လိုက်ဦးမယ်နော်"

မေကြီးကို ပြုံးပြကာ သူ ရေချိုးခန်းဘက် ဝင်ခဲ့လိုက်သည်။ သုံးဦးတည်းသော မိသားစုလေးမှာ ထမင်းလက်ဆုံစားခွင့်ရသော နေ့လယ်စာက ဒီဆန်းဒေးတစ်ရက်ပဲ ရှိသည်။

ဖေကြီးကလည်း အမီပြန်လာမည်ဆိုတော့ သူလည်း အရောက်ပြန်ရမှာပေါ့။ မေကြီးခမျာ ဒီတစ်ရက်လေးပဲ ခင်ပွန်းနှင့်သားဖြစ်သူကို တွေ့မြင်ခွင့်ရတာမို့ စိတ်ကြိုက်ဟင်းလျာတွေ စီစဥ်ထားမှာ သေချာသည်။

ပိုင်ဇေ ရောက်မလာခင် ကပျာကသီ ရေမိုးချိုး ပြင်ဆင်လိုက်ပါသည်။

■ ■ ■

ဆယ့်ငါးမိနစ်လောက် သူ့ကို ဧည့်ခန်းထဲမှာ ထိုင်စောင့်နေခဲ့ရသမယ့် ပိုင်ဇေ မျက်နှာမှာ အလိုမကျမှုတို့ တစ်မှုန်မျှတောင် ထင်မနေခဲ့ပါ။

"စောင့်နေရတာ ဒေါကန်နေပြီလား ပိုင်ဇေ"

"ဟာ ဒေါကန်စရာလား၊ ဆရာသမားက ကိုယ့်ကိုအကြွေကောင်းတွေပေးမယ့်သူပဲ ကဲ ဘယ်သွားမလဲ ခန့်"

"Blue Star သွားမယ်ကွာ၊ အဲဒီက နန်းကြီးသုပ်နဲ့အသားပေါင်းက ကောင်းတယ်"



www.burmeseclassic.com

www.burmeseclassic.com



ပိုင်ဖေ ခေါင်းတစ်ချက်ညိတ်ကာ ဆင်ဝင်အောက်က ကားဆီသူနှင့်အတူ လှမ်းသည်။

"ငါ့ကားနဲ့ပဲ အတူသွားကြမယ်ကွာ၊ ပြီးရင် မင်းကိုငါ အိမ်အထိ ပြန်လိုက်ပို့ပေးပါ့မယ်"

သူ ခေါင်းတစ်ချက် ညိတ်ကာ မောင်းသူ နံဘေးက ထိုင်ခုံမှာ သူ ဝင်ထိုင်လိုက်သည်။ ပိုင်ဖေက သူ့ရဲ့ပရာဒိုကားလေးကို ငြိမ့်ခနဲ မောင်းထွက်၏။

"ငါ ပန်းဝါဝါကို တကယ် သဘောကျတယ်ကွာ"

"ဘာပန်းလဲ ဂန္ဓမာလား၊ နှင်းဆီဝါလား"

"ဟာကွာ ငါပြောတာ လူ ပန်းဝါဝါ ကွ"

"လူ ပန်းဝါဝါ"

သူ နားမလည်နိုင်သလို မျက်မှောင်ကုပ်မေးတော့ ပိုင်ဖေ အီလည်လည် မျက်နှာကြီးနှင့် ခေါင်းညိတ်ရင်း

"အခု ငါ ကြိုက်နေတဲ့ ကောင်မလေးနာမည်က ပန်းဝါဝါ တဲ့"

"ဟာကွာ စကားပြောရင် ရှင်းရှင်းပြောလေကွာ၊ မင်းစကားက အဆက်အစပ်မရှိတော့ ဘယ်ရှင်းမလဲကွ"

"အေးပါကွာ ငါက ရည်းစားမထားဘူးတော့ ဘယ်လိုဝင်ရမှန်း ကို မသိဘူးဖြစ်နေတယ်"

"ဘာကို ဝင်မှာလဲ၊ မင်းက ဘယ်ဝင်ချင်လို့လဲ"

"မဟုတ်ဘူးလေကွာ ငါပြောတာက ငါချစ်တဲ့ မိန်းကလေး

www.burmeseclassic.com

www.burmeseclassic.com



ပန်းဝါဝါကို ငါချစ်နေတဲ့အကြောင်းပြောဖို့ ခင်မင်အောင် ဝင်ရောဖို့ ပြောတာ''

"အဲဒီလို ရှင်းရှင်းပြောလေကွာ''

"အေး အေး မင်းရဲ့အကူအညီလိုတယ် ခန့်၊ မင်း ငါ့ကို အောင်မြင်အောင် ကူညီပါကွာ''

မိန်းကလေးနှင့်ပတ်သက်လျှင် လုံးဝအတွေ့အကြုံမရှိရှာသော ပိုင်ဖေ အားကိုးတကြီးဆိုရှာသည်။ သူကလည်း တကယ့်ဆရာကြီးတစ်ဆူလို ကားကူရှင်မှာ ကျောမှီထိုင်ရင်း ခေါင်းညိတ်ပြလိုက်၏။

"ငါ ဘယ်လိုလုပ်ရမလဲဆိုတာ မင်းအကြံပေးပါဦး''

"နေဦးလေကွာ ဆိုင်ရောက်မှ စားသောက်ရင်း အကြံထုတ်ရဦးမှာပေါ့၊ ပြီးတော့ မင်း ကောင်မလေး အကြောင်းနဲ့ ပတ်သက်ပြီး ငါ သိသင့်တာတွေလည်း မင်းပြောပြဦးမှပေါ့''

"မင်း ဘာသိချင်သလဲ ခန့်၊ ငါ ပြောပြမယ်''

"ကဲ ကဲ ကားကို ဂရုစိုက်မောင်းကွာ၊ ဟိုရောက်မှ မင်းပြောပြ ငါ အသေအချာ နားထောင်မယ်၊ အခု မပြောနဲ့ဦး''

သူ့စကားကို အထွန့်မတက်ရဲတော့ဘဲ ပိုင်ဖေ ကားကိုပဲ ဂရုစိုက် မောင်းနှင်နေခဲ့သည်။

Blue Star စားသောက်ဆိုင်လေးကိုရောက်တော့ သူ စားချင်သော နန်းကြီးသုပ်နှင့်အသားပေါင်းတွေကိုလည်း ပိုင်ဖေကပဲ အလိုက် တသိ မှာပေးသည်။

ပိုင်ဖေရဲ့သဒ္ဓါတရားတွေ ရေစီးကမ်းပြို ဖြစ်နေတာ[illegible]လေး•

www.burmeseclassic.com



နှင့်ဝေယံတို့ မြင်စေချင်ပါသည်။

"မင်းကလည်း ငါ့ဆီလာတာများ သြလေးနဲ့ဝေယံကို မခေါ်ခဲ့ဘူး"

"ဒီကောင်တွေပါလို့ မဖြစ်ဘူးကွ"

"ဘာလို့လဲ မင်းကျွေးရမှာစိုးလို့လား"

"အဲ မဟုတ်ပါဘူးကွာ၊ ငါက မင်းဆီက အကြံဉာဏ်ကိုလိုချင်တာ၊ ဒီကောင်တွေက ကြားထဲက ဟိုပြော ဒီပြောဝင်နှောက်နေမှာစိုးလို့ပါ ကဲ ခန့် စားကွာ"

သူ စားသောက်နေတုန်းမှာ ပိုင်ဇေက သူ သဘောကျနေသော ပန်းဝါဝါအကြောင်းတွေကို ပြောပြသည်။

"သူ့နာမည်က ပန်းဝါဝါ တဲ့၊ ငါတို့လမ်းထဲကို ပြောင်းလာတာ နှစ်ပတ်နဲ့ငါးရက်တိတိရှိပြီ၊ သူ့အိမ်မှာ သူ့အဖေ သူ့အမေ သူ့အစ်မနဲ့ သူရယ်ပဲနေကြတာ"

ပိုင်ဇေ ပြောတာတွေကို သူ စားသောက်ရင်း နားထောင်ပေးနေလိုက်၏။ ပိုင်ဇေကတော့ သိထားသမျှ အိတ်သွန်ဖာမှောက် ပြောပြနေ၏။

"သူက သချာ်အဓိကနဲ့ ဘွဲ့ရပြီးသား၊ သူ့ကိုစမြင်လိုက်ကတည်းက ငါ သဘောကျသွားတာကွာ၊ သူ ဆံပင်ရှည်ရှည်လေးတွေကိုလည်း ငါ မြတ်နိုးတယ်၊ သူ့မျက်နှာ ဝိုင်းစက်စက်လေးကိုလည်း ငါ နှစ်သက်တယ်၊ ငါ့အိမ်ရှေ့က နေ့တိုင်း ဖြတ်သွားတတ်တဲ့ သူ့ကို ငါ တော်တော် စွဲလန်းသွားမိတာအမှန်ပဲ ခန့်"

[illegible]အင်း တစ်လက်စတည်း ဟိုဘက်က အသားပေါင်းပြန်းကန်



www.burmeseclassic.com

www.burmeseclassic.com



လေးပါ ဒီဘက်ဆွဲလိုက်ကွာ''

နန်းကြီးသုပ်ပန်းကန်ကုန်တော့ ပိုင်ဇေရှေ့မှာ ရှိနေသော အသားပေါင်းပန်းကန်ကို သူ လှမ်းယူခိုင်းတော့လည်း ပိုင်ဇေ ယူပေးသည်။

''ရော့ စားကွာ''

သူ့ဆီကို အသားပေါင်းပန်းကန် ကမ်းပေးပြီး ပိုင်ဇေ ပန်းဝါဝါ နှာကို ဆက်ဖွင့်ဆိုနေသည်။ သူ ခေါင်းလေးညိတ်လိုက် အသားပေါင်း တို့စားလိုက် နားထောင်ပေးသည်။

''ငါ့မှာ သူနဲ့ခင်မင်အောင် ကြိုးစားဖို့ ခက်နေတယ်၊ သူ့မျက်နှာ က တည်လွန်းတော့ ငါ ဝင်မရောရဲဘူး၊ ကြာရင် ဒီဝေဒနာကြီးနဲ့ ငါ သေနိုင်တယ်ကွာ''

''ကောင်းတယ် သိပ်ကောင်းတာပေါ့''

''ဘာကွ မနောက်နဲ့ ခန့်ရာ''

''အာ ဆောရီး ငါပြောတာ အသားပေါင်းက ကောင်းတယ်လို့ ပြောတာ၊ မင်းစားကြည့်ပါလား''

''အခုချိန်မှာ ငါ ဘာမှမစားနိုင်ဘူး၊ ရင်ထဲမှာ အလိုလို ပြည့် နေတယ်''

ပိုင်ဇေ ရောဂါကတော့ မသေးတော့တာ သေချာသည်။ ကျောင်းမှာတုန်းကလည်း ဘယ်မိန်းကလေးကိုမှ စိတ်မဝင်စားခဲ့သော ပိုင်ဇေ အခုမှ လူပျိုဖြန်းလေးလို ရောဂါတိုးနေပြီထင်၏။

''ငါ့ဝေဒနာကို မင်း စာနာပါကွာ ခန့်ရာ၊ မင်းကူညီမှ အဆင်ပြေ



www.burmeseclassic.com

www.burmeseclassic.com



မှာ''

''ငါ့အကြံဉာဏ်က ထိပ်တန်းဖြစ်ပေမယ့် မင်းအကောင်အထည် ဖော်ပုံက အသုံးမကျရင် အောင်မြင်ချင်မှ အောင်မြင်မှာပေါ့''

''ဟာ ငါ အလေးအနက် မင်းစကားကို နားထောင်မှာပါ၊ မလွဲချော်အောင် ကြိုးစားမှာပါကွာ''

သူ့ကို အပြည့်အဝ ယုံကြည်မှုတွေက ပိုင်ဖေ မျက်နှာမှာ အထင်အရှား အရိပ်ထင်နေကြသည်။ 'ခန့်ညားဝင့်ထည်' ဆိုသော သူ့အကြောင်းကို ပိုင်ဖေ အသိဆုံးဖြစ်သည်။

ကျောင်းမှာကတည်းက ခန့်ညားဝင့်ထည် ဆိုသော သူသည် ရည်းစားမကျ သူငယ်ချင်းမကျ ကောင်မလေးတွေ ဝိုင်းဝိုင်းလည်နေတာ ပိုင်ဖေ သိသည်။ ပြီးတော့ တခြားသော သူငယ်ချင်းကျောင်းသားတွေ၏ နှလုံးသားရေးရာကိစ္စတွေမှာလည်း အကြံပေး ကူညီပေးတတ်သူတစ်ယောက်၊

ခန့်ညားဝင့်ထည် ပေးသည့်အကြံဉာဏ်ကို နာခံကာ သဘောကျ နေသော မိန်းကလေးတွေနှင့် အဆင်ပြေသွားသူတွေက အများကြီးရှိခဲ့ သည်။

ဒီတော့ ပိုင်ဖေ တစ်ယောက် ကျောင်းမှာတုန်းက သူ့အကူအညီ မတောင်းခံဘဲ ယခုမှ အားကိုးတကြီး ရောက်လာတာ ဖြစ်၏။

သူ စားချင်တာတွေကို သဒ္ဓါရက်ရောစွာလည်း ကျွေးမွေးပြီးပြီ အခုလည်း သူ့နှုတ်က အကြံပေးချက်ကို ငံ့လင့်နေသော ပိုင်ဖေကို ကြည့်ကာ သူ့မျက်နှာကို အတည်ငြိမ်ဆုံးထားလိုက်သည်။

''မင်းပြောသလောက်ဆို မင်းကောင်မလေး ဘယ်သူ့ အဲ ပန်း



www.burmeseclassic.com

www.burmeseclassic.com



ဝါဝါက ပေဘာ့ရှော့ထဲက မဟုတ်နိုင်ဘူး"

"ဟုတ်တယ် ဟုတ်တယ် ရှိုးရှိုးတည်တည်ဆိုတော့ ငါ ဝင်မရော ရဲဘူး၊ စာလည်းမပေးရဲဘူးကွ"

"ငါ သဘောပေါက်တယ်၊ မင်း မြင်လိုက်တာနဲ့ ခြေဖျားလက် ဖျားတွေ အေးစက်သွားအောင် သူက အနေတည်လိမ့်မယ်"

"ဟာ အသေအချာပဲ ခန့်"

သူ ခပ်တည်တည်နှင့် ထင်မြင်ချက်ပေးလိုက်တော့ ပိုင်ဇေ မျက်ဝန်းတွေထဲမှာ သူ့ကို အထင်ကြီး အားကိုးရိပ်တွေ တလက်လက် ဖြာလဲ့ကာ ခေါင်းတညိတ်ညိတ် ထောက်ခံသည်။

"အင်း သိပ်မခက်ပါဘူး၊ မင်းကောင်မလေး အပြင်ထွက်တတ် တဲ့အချိန်ကိုပြော"

"မနက်ရှစ်နာရီဆို သူ့ကလေးကို ကျောင်းပို့တယ်"

"ဘာရယ် သူ့ကလေး ဟုတ်လား၊ ပိုင်ဇေ ကျော်မကောင်း ကြားမကောင်းကွာ၊ ကလေးအမေကြီးကို သွားပြစ်မှားနေသလား ပြဿနာ ပဲကွာ"

"ဟာ ဖော့ကောင် ဘယ်က ကလေးအမေရမှာလဲ၊ အပျိုစင် ပါကွ၊ ကလေးဆိုတာ သူ့အစ်မကလေး သူ့တူမလေးကို ကျောင်းလိုက် ပို့ပေးတာကွ"

ပိုင်ဇေ ရှုံ့ရှုံ့ရှားရှား ဖြေရှင်းချက်ပေးတော့မှပဲ သူ သဘော ပေါက်ကာ ပြုံးမိရင်း

"ဒါဆိုလည်း သူ့တူမလေး ပြောလေကွာ၊ သူ့ကလေးဆိုတော့



www.burmeseclassic.com

www.burmeseclassic.com



မင်းစကားက''

"ဆောရီး ဆောရီး ငါ စကားပြောလောသွားလို့''

ပိုင်ဖေ သူ့အမှားကို သူ ပြန်တောင်းပန်သည်။ သူ ခေါင်းတညိတ်ညိတ်နှင့် လက်ကာပြရင်း

"အလွယ်လေးပါ သူ့ကလေး အဲ သူ့တူမလေးကို ကျောင်းပို့ပြီး တစ်ယောက်တည်း ပြန်တဲ့အချိန်မှာ မင်းမျက်နှာချင်းဆိုင်ဆုံအောင် လုပ်၊ ပြီးရင် တရင်းတနှီး ရယ်ပြလိုက်''

"ဟင် ငါနဲ့မှ မရင်းနှီးသေးတာကို''

"ဒါကြောင့် ရင်းနှီးအောင် လုပ်ခိုင်းနေတာ၊ ရယ်ပြလိုက် အဲ စပ်ဖြီးဖြီးတော့ မဖြစ်စေနဲ့ တကယ့် ရိုးရိုးသားသား မျက်နှာဖြစ်ပါစေ''

"အေးပါကွာ''

"အေး ရယ်ပြပြီးရင် ပြောရမှာက နေ့တိုင်းကျောင်းပို့တယ်နော်၊ ကျွန်တော်လည်း ဒီအချိန် လမ်းလျှောက်လေ့ရှိတော့ တွေ့တွေ့နေရတယ် လို့ ပြော''

"အင်း''

"ပြီးရင် နာမည်တစ်ခုပြော ဥပမာ ရွှေရည်မောင်ပေါ့ကွာ၊ အဲဒီနာမည်ကိုသုံးလိုက်၊ ရွှေရည် ဘယ်ရောက်နေတာလဲ၊ ကျွန်တော်နဲ့ မဆုံတာ ကြာပြီဗျာ၊ ကုမ္ပဏီမှာပဲ သူ အလုပ်လုပ်နေသလား မေး''

"ခနဲ့ ဘာတွေပြောနေတာလဲ၊ ရွှေရည်မောင်က တို့နဲ့ UFL အတ[illegible]တက်ခဲ့တာပဲလေ၊ ဘယ်ကုမ္ပဏီမှာမှ အလုပ်မလုပ်ဘူး၊ ငါနဲ့[illegible]ည်း နေ့[illegible]း တွေ့နေတာပဲ''



www.burmeseclassic.com

www.burmeseclassic.com



"ဟာ တုံးလိုက်တဲ့ကောင်၊ မင်းသိပေမယ့် သူ သိစရာမလိုဘူး။ သူ မသိတဲ့ ရွှေရည်မောင် နာမည်ပြောတော့ သူ အံ့ညြသွားစေချင်တာကွ နားလည်လား"

ပိုင်ဖေ အူတူတူ ခေါင်းညိတ်ကာ သူ့စကားကို ဆက်နားထောင်နေ၏။

"အေး အဲဒီတော့မှ သူက မင်းကို ရှင် လူမှားနေပြီထင်တယ် ရွှေရည်မောင့်ကို ကျွန်မ မသိဘူး။ ဘာညာပြောမှာပဲ"

အခုမှ နည်းနည်း သဘောပေါက်သွားသလို ပိုင်ဖေ ခေါင်းလေး တညိတ်ညိတ် ထောက်ခံနေပြန်၏။

"အဲဒီတော့မှ မင်းက ရွှေရည်မောင့်ညီမလေး မဟုတ်ဘူးလား။ ဆက်ပြော ဆောရီးဗျာ၊ တော်တော်တူတယ်၊ ဘာညာ ရှီးပြီး ခင်မင်မှု ယူ၊ နောက်နေ့တွေ တွေ့တိုင်း ရယ်ပြ၊ နှုတ်ဆက် ဒါပဲ"

"ဟင် ဒါပဲလား ငါ ချစ်နေတာကို ဘယ်လိုပြောရမလဲ အဲဒါ အရေးကြီးတာ"

"ဟော့ကောင် ဗိုက်ဆာလို့ ထမင်းစားချင်ရင် ထမင်းဟင်းကို အရင်ခူးရတယ်၊ ပြီးရင် ပါးစပ်ထဲထည့် ဝါးစားပြီး မျိုချမှ ဗိုက်ဝမှာပေါ့။ မင်း အဆင့်တွေ ကျော်လို့မရဘူး၊ အရေးကြီးတာ ခင်မင်ရင်းနှီးဖို့က အရင်ပဲလေ၊ ပြီးမှ မင်း ဘာဆက်လုပ်ရမယ်ဆိုတာ ငါ ထပ်ပြောပြမှာပေါ့"

"အေး အေးပါကွာ"

"မင်းဘက်က ထူးခြားရင် ငါ့ဆီဖုန်းဆက်၊ တစ်ခုတော့ ရှိသေးတယ် နော်၊ ငါ့ဖုန်းက ညဘက်မှ ဆက်လို့ရမယ်၊ ဖေကြီးက အလုပ်သိကို ငါ့



www.burmeseclassic.com

www.burmeseclassic.com



ဖုန်း ယူခွင့်မပေးဘူး"

"အေးပါကွာ ညဘက်ရောက်မှ ဆက်မှာပါ"

"အိုကေ တစ်ဆင့်ပြီးတစ်ဆင့် သူ့အဆင့်အတိုင်း ကြိုးစားသွား မင်းရင်ထဲက တကယ့် အချစ်စစ် အချစ်မှန်ဆိုရင် နည်းနည်းလေးမှ မချော်မိစေနဲ့၊ ပီပီပြင်ပြင် တည်တည်တံ့တံ့ ကြိုးစား"

သူ ပေးသည့်အကြံကို ပိုင်ဖေ ယုံကြည်ကိုးစားသွားတာ သေချာပါသည်။

ထိုနေ့က သူ စားသောက်သမျှ ဝမ်းသာကြည်ဖြူစွာ ရှင်းပေးသွားကာ အိမ်အရောက် ပြန်ပို့ပေးသွားခဲ့သည်။

ထိုအကြောင်းကို ဝေယံဆီ သူ ဖုန်းဆက်ပြောပြတော့ ဝေယံက ကောင်းချီးပေးရင်း တိုက်တွန်းပါသေး၏။

"ကောင်းတယ် ခန့်၊ ဒီကောင့်ဆီက စားရသောက်ရခဲ့တယ်ကွ၊ လိုလိုချင်ချင် သဒ္ဓါပေါက်တုန်း တန်အောင် စားထားလိုက်ကွ၊ ဒီကောင်တွေ အဆင်ပြေသွားရင် ငါတို့တွေပါ ကောင်းကောင်းနှိပ်စက်ပစ်လိုက်ဦးမယ်"

ပိုင်ဖေ ကိစ္စကတော့ ညစဉ် သူ့ဆီကို ဖုန်းတဂွမ်ဂွမ်ဆက်ကာ အလုပ်တွေရှုပ် ခေါင်းစားစေမှာတော့ သေချာနေခဲ့ပါသည်။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂)

ဒီနေ့တစ်နေ့လုံး သူကော ဖေကြီးပါ ပင်ပန်းခဲ့ကြတာ အမှန်ပဲဖြစ်သည်။ ရုံးခန်းထဲမှာတောင် နာရီပိုင်းပြည့်အောင် မထိုင်ကြရဘဲ အပြင်မှာချည်း အချိန်ကုန်ခဲ့သည်။

မနက်ပိုင်းတစ်ပိုင်းလုံး ဖေကြီး တာဝန်ယူ ထုတ်လုပ်မည့် ရုပ်ရှင်ဇာတ်ကားကို ကန်တော့ပွဲပေးသည့် ဟိုတယ်မှာ သူ ရှိခဲ့ရသည်။

အခမ်းအနားအတွက် လိုအပ်တာတွေ အားလုံးပြေးလွှားစီမံရသည်။ ထိုဇာတ်ကားက ဖေကြီးဘဝမှာ မှတ်တိုင်တစ်ခုဖြစ်အောင် ခွေကြေးကော အနုပညာပိုင်းမှာပါ စိုက်ထုတ်ထားတာ သူ သိထားသည်။

ဒါကြောင့်လည်း ကန်တော့ပွဲ အခမ်းအနားမှာကတည်းက မီဒီယာတွေ ဖိတ်ကြားကာ ခမ်းနားစွာ စီစဉ်သည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုပွဲပြီးတော့ သူနှင့်ဖေကြီး နားခွင့်မရခဲ့ပါ။ ဖေကြီးရဲ့ မူပိုင်တေးစီးရီး ဗီစီဒီဖြန့်ချိပွဲကို သွားကြရသည်။

ထိုအစီအစဉ်ပြီးမြောက်တော့ ရှုတင်ရိုက်ကွင်း မန်နေဂျာ ဖုန်းဆက်ခေါ်တာကြောင့် သူ သွားရသည်။ ဖေကြီးကတော့ ရုံးခန်းပြန်ကာ မပြီးပြတ်သေးသော အလုပ်တွေကို သွားရှင်းလင်းရရှာသည်။

သူနှင့်ဖေကြီး အိမ်ပြန်ရောက်တော့ ညနေငါးနာရီတောင် ကျော်နေခဲ့ပြီ။

ရေမိုးချိုး ညစာစားပြီးတော့ ဖေကြီးက အသံသွင်းပြီးသော ဗီဒီယိုဇာတ်ကားတစ်ကားကို အလုပ်ခန်းထဲမှာ ထိုင်ကြည့်ရင်း ကျန်ရစ်ခဲ့သည်။

သူ အိပ်ခန်းထဲရောက်တော့ စားပွဲပေါ်က ဟန်းဖုန်းမြည်သံလေးက ဆီးကြိုနေခဲ့သည်။

ပိုင်ဖေဆီက ဖုန်းပဲဟု ထင်ကာ ကောက်ယူနားထောင်လိုက်တော့ မိန်းကလေးတစ်ယောက်အသံ။

"ခန့်"

"ခင်ဗျာ အမိန့်ရှိပါခင်ဗျာ"

တမင် ရွဲ့ကာ တလေးတစား တုံ့ပြန်လိုက်တာဖြစ်သည်။ အသံကို မမှတ်မိတာတော့ မဟုတ်ပါ။

"အံ့မယ် တမင်ရွဲ့ပြီး ရိုသေပြနေတာလား ခန့်ရဲ့၊ တို့ ဘယ်သူဆိုတာတော့ မှတ်မိရဲ့လား"

ခင်မဒီရဲ့ ချွဲချွဲနွဲ့နွဲ့အသံကို မှတ်မိပါသည်။ ဒါပေမဲ့ ရှောင်နောက်



www.burmeseclassic.com

www.burmeseclassic.com



ချင်နေသော စိတ်က ပျောက်မသွားတာမို့

"အင်း တို့ဆိုတဲ့ နာမ်စားကို သုံးတတ်တဲ့ ကိုယ့်ဆယ့်ကိုးယောက် ထဲက ဘယ်သူဖြစ်မလဲ စဉ်းစားစမ်း အင်း"

"သွား အဲဒါတွေပေါ့ အဲဒီအချိုးတွေကို တို့က မကြိုက်တာ၊ တကယ် ဆွဲကုတ်ထုရိုက်ပစ်ချင်လိုက်တာ"

"အင်း အဲဒီလို ကြိမ်းဝါးတတ်တဲ့ မိတ်ဆွေမိန်းကလေးက နှစ်ဆယ့်ငါးယောက်ဆိုတော့"

"ခန့်နော် စိတ်တိုလာပြီ၊ ကောင်မလေးတွေပေါ်ကြွယ်ဝတာ ကြွားမနေနဲ့"

"ကြွားတာမဟုတ်ပါဘူး အမှန်ပြောတာ၊ ကိုယ့်မှာက လူချစ် လူခင်များစေတဲ့ အဆောင်လက်ဖွဲ့ရှိတော့ ဒီလိုပဲ၊ ခင်မင်သူတွေ ပေါ်များ တယ် အဟဲ"

"ကဲ သိပ်မကြွားပါနဲ့၊ တို့ ဘယ်သူလဲဆိုတာ တကယ် မှတ်မိ ရဲ့လား"

"အဲဒီ တို့ဆိုတဲ့ ကာယကံရှင်က နာမည်ဖွင့်ပြောရင် ဒီတစ်ည တော့ မှတ်မိအောင် မှတ်ထားပါ့မယ်"

"ကြည့် အဲဒါတွေကို မုန်းတာ"

"အိုကေ သိပြီ ဒီလောက် နှုတ်ခမ်းစူမှတော့ တစ်ယောက်ပဲ ရှိတယ်၊ တို့ဆိုတာ ခင်မဒီ ဦးမောင်ဒီ ဒေါ်ပြုံးမမ သမီး"

တစ်ဖက်က ခင်မဒီ ရယ်သံလေးတွေကို ကြားရသည်။ ခေါင်းရဲ့ ထဲမှာလည်း ရွှေရောင်ဆံပင် အခွေအလိပ်လေးတွေနှင့် ချစ်စရာကောင်း



www.burmeseclassic.com

www.burmeseclassic.com



သော ခင်မဒီ မျက်နှာကို ပြေးမြင်မိသည်။

"မှတ်မိလို့ ကျေးဇူးတင်တယ်"

"တို့ မှတ်ဉာဏ်က ဒီလောက်မတိမ်ကောပါဘူး။ မဆုံဖြစ်တာ ကြာပြီနော်"

"အံမယ် ဒီကပြောရမှာပါ၊ ခန့်နဲ့မတွေ့ရတာ တစ်လကျော်နေပြီ၊ ဘယ်ကောင်မလေးတွေဆီ အာရုံရောက်နေသလဲ"

စကားနာတွေ ထိုးတော့မည်ဆိုတာ သူ သိပြီးသားဖြစ်၏။ တကယ်ဆို ခင်မဒီကို သူ သိကျွမ်းခဲ့တာ ပန်သစ္စာရဲ့ဘတ်သ်ဒေးပါတီလေးမှာ ဖြစ်သည်။

ထိုစဉ်က ပန်သစ္စာနှင့်သူက ရည်းစားမကျ ဘာမကျ ခင်မင်နေသူထဲက တစ်ယောက်ဖြစ်၏။

လှပချောမောပြီး သွက်လက်လွန်းသော ခင်မဒီနှင့် သူ ရင်းနှီးကျွမ်းဝင်သွားတော့ ပန်သစ္စာကလည်း အလိုမကျစွာ စိတ်ဆိုးသွားခဲ့သည်။

တကယ်ဆို ပန်သစ္စာနှင့်သူ့အခြေအနေက တရားဝင်သော ရည်းစားချစ်သူတွေ မဟုတ်ခဲ့။ ပန်သစ္စာမဆိုထားနှင့် သူနှင့်ခင်မင်ပတ်သက်သူတိုင်းကို နှုတ်က ချစ်တယ်ဟုဆိုလောက်အောင် သူ့ဘက်က စည်းမကျော်ခဲ့ပါ။

ဖုန်းဆက်သည်။ ဟိုစကား ဒီစကားတွေနှင့် သံယောဇဉ်ဖွဲ့စကားတွေပြော ကော်ဖီဆိုင်ထိုင် ဒီလောက်မျှသာ ဖြစ်၏။

သူ့နှုတ်က ပြောသင့်ပြီထင်သော ချစ်စကားကို မပြောနိုင်မှာ သူနှင့်ပတ်သက်သူ မိန်းကလေးတွေ အလိုမကျဖြစ်ကုန်သည်။

[redacted]

www.burmeseclassic.com

www.burmeseclassic.com



မိန်းကလေးတန်မဲ့ ရေလာမြောင်းပေး အမူအရာတွေ ပြလာလျှင်တော့ သူကပဲ ပါးနပ်စွာ ရှောင်ဖယ်ပစ်ခဲ့၏။

ထို့အတွက် ရလဒ်က သူတို့လေးတွေ၏မှတ်ချက်စကားတစ်ခုပဲ ဖြစ်ခဲ့သည်။

"ခန့်ညားဝင့်ထည်က သိပ်မျက်နှာများတယ်"

"တော်ပါပြီဟယ် အသည်းစားဘုရင်ပါ"

"မိန်းကလေးတွေရဲ့အသည်းကို ကစားရတာ ခန့်ညားဆိုတဲ့ ယောက်ျားတစ်ယောက်ရဲ့ဝါသနာပဲ"

ဘယ်သူတွေ ဘာပဲဆိုဆို သူ အပြုံးမပျက်ခဲ့သလို အပြစ်လို့လည်း မမြင်ခဲ့ပါ။ အချစ်ဆိုတာ ကြည်ကြည်နူးနူး စကားတွေ အတူဆိုနေမှ ကော်ဖီဆိုင် အတူထိုင်ကြမှ ပေါ်ပေါက်လာတာမျိုးမှ မဟုတ်တာ။

ပြီးတော့ သူ့နှလုံးသားက အချစ်ကို မခံစားတတ်သေးတာ သေချာသည်။

ဘဝကို သူ ပျော်ပျော်ပဲ ရင်ဆိုင်ရှင်သန်ချင်သည်။ ချောသော သွယ်သော မိန်းကလေးတွေကို သူ ခင်မင်သည်။ ထိုထက်မပိုမိုတာကတော့ သေတဲ့နိုင်ပါ။

အချစ်ဆိုတာ နှလုံးသားရဲ့ခံစားချက်တစ်ခုပဲ သူ ခံယူထားသည်။

"ခန့်ညားထည်ဝါ"

နားစည်ထဲကို စူးခနဲ တိုးဝင်လာသော ခင်မဒီ အသံကြောင့် သွင့်ခနဲ ပျောသွားသော သူ့အာရုံတွေကို ပြန်စုစည်းမိ၏။



www.burmeseclassic.com

www.burmeseclassic.com



"ဟား အော်လိုက်တာ ကိုယ် နားမလေးပါဘူး"

"ဘာလို့ တို့ မေးတာ မဖြေတာလဲ၊ အာရုံက တခြားရောက်နေတာမို့လား"

"ဒါအမှန်ပဲ တို့အာရုံတွေက ဖေကြီးရဲ့အလုပ်တာဝန်ထဲမှာ အချိန်ပြည့်နစ်နေတာ"

"တို့ကြားပါတယ် ဘာလဲ စီးပွားရေးတွေ ကြိုးစားနေပြီဆိုတော့ အိမ်ထောင်ပြုတော့မှာမို့လား"

"လုံးဝ မှားတယ်၊ အိမ်ထောင်ပြုဖို့ မပြောနဲ့ ချစ်တတ်တဲ့ နှလုံးသားတောင် မမွေးသေးဘူး"

"ခနဲ့ ခနဲ့တွဲနေတဲ့ကောင်မလေးတွေကို ဘယ်လို သဘောထားသလဲ"

"အဲဒါ ကိုယ့်မိတ်ဆွေ သူငယ်ချင်းတွေပဲလေ"

"ခနဲ့ တို့ကိုကော ဘယ်လိုသတ်မှတ်ထားသလဲ"

"ဟင် ဘာကိုလဲ မဒီရဲ့၊ ခင်မဒီဆိုတာ တို့သူငယ်ချင်းပဲပေါ့"

"ခနဲ့ ရှင် မဒီကို ဒီလိုတော့ မသတ်မှတ်သင့်ဘူး"

ခင်မဒီကတော့ သူ့ကို အာရုံတွေ လာနှောက်နေပြီး တစ်နေကုန် ပင်ပန်းနေသောစိတ်ကလေး လန်းဆန်းကြည်လင်မည်လား ဟု ဖုန်းပြောနေမိတာ မှားပြီထင်ရဲ့။

"မဒီ ကိုယ် အနားယူချင်ပြီ၊ တစ်နေကုန် ပင်ပန်းထားတော့ မျက်ခွံတွေ လေးပင်နေပြီ ဂွတ်နိုက် နောက်မှ"

စကားစဖြတ်ကာ ဖုန်းကိုပိတ်ပစ်လိုက်ရသည်။ နောက်တစ်ကြိမ်



www.burmeseclassic.com

www.burmeseclassic.com



ထပ်ခေါ်နေမှာစိုး၍ ဖုန်းကိုပါ ပိတ်ပစ်လိုက်သည်။

တစ်ဖက်က ခင်မဒီကတော့ သူ့ကိုမေတ္တာပို့နေမည်ထင်ရဲ့။

မတတ်နိုင်ပါ။ နှစ်ခြိုက်စွာ အိပ်စက်ရမည့်အချိန်လေးတွေမှာတော့ စိတ်ညစ်စရာတွေ အာရုံထဲကို မသယ်ဆောင်သွားချင်တော့ပါ။

ခေါင်းအုံးမှာ ခေါင်းချအိပ်စက်လိုက်သည့် တခဏမှာ နှစ်ခြိုက်စွာပဲ အိပ်ပျော်သွားခဲ့ပေမယ့် ...

ခင်မဒီကတော့ ဒေါသတွေ၊ မကျေနပ်မှုတွေနှင့် သူ့ကိုပေါက်ကွဲနေမည်လား မသိပါ။

ဝမ်းနည်းပါတယ် ခင်မဒီရယ်။

■ ■ ■

[illegible]

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၃)

စနေနေ့ညမှာတော့ ပိုင်ဖေထံမှ ဝမ်းသာစရာသတင်းကို သူ ကြားရပါသည်။ သူ ညနေစာစားပြီး ခြံထဲမှာ လမ်းဆင်းလျှောက်နေတုန်း မှာ ပိုင်ဖေထံက ဖုန်းကဝင်လာတာ ဖြစ်သည်။

"ခနဲ့ ငါပါကွ"

"ပြော ပိုင်ဖေ မင်း အခြေအနေ ဘာထူးခြားသလဲ"

"လုံးဝ အိုကေတယ် ခနဲ့၊ ဒီညနေပဲ ပန်းဆီက အဖြေကို ငါ ရတယ်ကွ၊ အဲဒါကြောင့် မင်းကိုငါ လှမ်းဖုန်းဆက်တာ၊ မင်းကိုငါ အရမ်း ကျေးဇူးတင်တယ် ခနဲ့၊ တကယ်ကွာ ငါ အရမ်းဝမ်းသာတယ်"

ပိုင်ဖေ အသံကြီးကို နားထောင်ရုံနှင့် ပိုင်ဖေ ဘယ်လောက် ပျော်နေသည်ဆိုတာ သူ မှန်းဆလို့ရပါသည်။ တကယ်ဆို သူ့ပင်း အံ့ဩမိ၏။ ပိုင်ဖေလိုမျိုး အူတူတူကောင်က မိန်းကလေးတစ်ယောက်



www.burmeseclassic.com

www.burmeseclassic.com



အချစ်ကို တစ်လကျော်လေးမျှ ကြိုးစားရုံနှင့် ရရှိသွားတာ အံ့ဩစရာ။

"ပြီးခဲ့တဲ့ ဗုဒ္ဓဟူးနေ့က မင်းအကြံပေးတဲ့အတိုင်း ငါ့အချစ်ကို ဝန်ခံလိုက်တယ်ကွာ"

"အေး ဒီတော့ သူ ဘာပြောသလဲ"

"ဒီညနေမှာပဲ ငါ အဖြေရလိုက်တာကွ၊ ငါနဲ့လမ်းမှာဆုံတော့ ဝန်းက ငါ့လက်ထဲကို စာတစ်စောင် ထည့်ပေးတာကွ၊ ငါလည်း အိမ် ရောင်မပြန်နိုင်ဘဲ လမ်းမှာဖွင့်ဖတ်ကြည့်တော့ သူ ငါ့ကိုအဖြေပေးထား တာကွ၊ ငါ ဝမ်းသာပြီး ထခုန်မိတာ ဘေးကလူတွေတောင် လန့်ကုန်တယ် ဘား ဟား"

ပိုင်ဇေ စကားတွေကို နားထောင်ပြီး သူလည်း ရယ်မိသည်။ ပိုင်ဇေ တစ်ယောက် မရစဖူး ရည်းစားလေးရသွားပြီဆိုတော့ ကဆုန် ပေါက် ပျော်နေမည် ထင်ပါရဲ့။

"ငါ မင်းကိုကျေးဇူးတင်တယ်၊ ဒါကြောင့် ငါ့ကတိအတိုင်း ပြုစုမယ်၊ မနက်ဖြန် ဆန်းဒေး မင်းအားတယ်မို့လား"

"ဘာလဲ ကတိပေးထားလို့ မင်းက ပြုစုတာလား"

"ဒီသဘောလည်း မဟုတ်ပါဘူးကွာ၊ ငါ ချစ်သူရတဲ့အထိမ်း အမှတ်အဖြစ် မင်းကိုပြုစုချင်လို့ပါ၊ ဟိုနှစ်ကောင်ကိုလည်း ကျွေးမွေးမယ်၊ ဆယ်နဲ့ညလေးကို ငါ ခေါ်ပြီး မင်းအိမ်လာခဲ့မယ်၊ မင်းစောင့်နေနော်"

"အေးပါကွာ စောင့်နေပါ့မယ်"

ပိုင်ဇေ ဝမ်းသာအားရ ဖုန်းချသွားခဲ့သည်။ ကျောင်းမှာတုန်းက ငွေကြေးနှင့်ပတ်သက်လျှင် တွန့်တိုတတ်သည့် ပိုင်ဇေ အခုတော့ စေတနာ



www.burmeseclassic.com

www.burmeseclassic.com



တွေ သဒ္ဒါတွေ ကြီးမားလို့နေသည်။

ဝေယံနှင့်ညြလေးကိုတောင် ခေါ်လာမည်ဆိုတာကြောင့် သူငယ်ချင်းတွေ ဆုံကြရမှာ သူ ကျေနပ်မိသည်။

အခုချိန်မှာ အရင်ကလို မိန်းကလေးတွေနှင့် သူ မဆုံချင်ပါ။ ရှားရှားပါးပါး ရသည့် အားလပ်ရက်လေးမှာ သူငယ်ချင်းတွေနှင့်ပဲ ဆုံချင်တွေ့ချင်သည်။

ခင်မဒီကိစ္စနောက်ပိုင်းမှာ သူနှင့်ပတ်သက်သော မိန်းကလေးတွေကို သူ ယတိပြတ် ဖြတ်ထားခဲ့သည်။ ဖုန်းလာလျှင်တော့ မိန်းကလေးတစ်ယောက်ယောက်ဆီက ဖုန်းဆိုလျှင် သူ မကိုင်ဘဲ ပစ်ထားခဲ့သည်။

ဖြစ်နိုင်လျှင် ဘယ်ကောင်မလေးတွေနှင့်မှ သူ မပတ်သက်ချင်တော့ပါ။ ကျောင်းတုန်းကလို အပျော်တွဲချင်သည့် စိတ်ဆန္ဒတွေလည်း သူ့မှာ မရှိတော့ပါ။ ကျောင်းမှာတုန်းကတော့ ခန့်ညားဝင့်ထည် ဆိုသော သူသည် မိန်းကလေးတွေကြားမှာတော့ ပေါ်ပြူလာ ရွှေမင်းသားလေး တစ်ပါးဖြစ်ခဲ့သည်။

ပြည့်စုံချမ်းသာပြီး ထင်ပေါ်ကျော်ကြားသော ဖေကြီးရဲ့အရှိန်အဝါတွေနှင့်အတူ ရှင်းသန့်ချောမောသော သူ့ရုပ်သွင်ရူပကာကြောင့်လည်း မိန်းကလေးတိုင်းက ကြွေသည်။

သူနှင့်ရင်းနှီးခင်မင်ခွင့်ရဖို့အတွက်ဆို မိန်းကလေးတိုင်းက လိုလားတပ်မက်ကြသည်။

"ခန့်ညားဖေဖေက နာမည်ကျော် ဒါရိုက်တာကြီးပဲ၊ ခန့်ညားလည်း ကြီးရင် မင်းသားလုပ်မှာလားဟင်"



www.burmeseclassic.com

www.burmeseclassic.com



"ဘာကိုပြောတာလဲ ကိုယ် အသက်ခြောက်ဆယ်ကျော်ရင် အဘိုးကြီး ဇာတ်လိုက်လုပ်ဖို့လား"

"ဟယ် ဟုတ်ဖူးလေ ခန့်ညား ပညာရေးပြီးဆုံးရင်ပြောတာ"

"နို့ ကိုယ်က အဲဒီလောက် ဝါသနာမကြီးဘူး။ ပြီးတော့ သရုပ်ဆောင်မတတ်ပါဘူး။ ပြီးတော့ ကိုယ့်ဖေကြီးလိုလည်း ခရေဇီ အရမ်းမဖြစ်ဘူး။ သေချာတာက ကိုယ် ကျောင်းပြီးရင် မိန်းမယူမှာ"

"အဟင်း ဟင်း ခန့်ညားက ရယ်ရတယ် သိလား"

သူကိုယ်တိုင်ကလည်း ဘဝကို ပျော်ပျော်ရွှင်ရွှင်ပဲ ဖြတ်သန်းချင်ခဲ့တာပဲ ဖြစ်သည်။ သူငယ်ချင်းတွေ၊ မိတ်ဆွေမိန်းကလေးတွေနှင့် ရယ်ရယ်မောမော ခင်မင်စွာ နေချင်ခဲ့သည်။

ဒါကြောင့်လည်း အရာရာကိုပေါ့ပေါ့ပါးပါးပဲ ဖြတ်သန်းခဲ့သည်။ အချစ်ကို သူ မကိုးကွယ်တတ်ခဲ့ပါ။

"ခန့် မင်းက ဘာလဲကွ၊ တွဲလိုက်တဲ့ကောင်မလေးတွေက အများကြီး၊ ဘယ်မိန်းကလေးကိုမှလည်း ချစ်သူလို့ မသတ်မှတ်ဘူး၊ ဘာသဘောလဲကွ"

"ဘာလုပ်မှာလဲကွာ တစ်ယောက်ယောက်ကို ချစ်သူလို့ သတ်မှတ်လိုက်ရင် ကျန်တဲ့မိန်းကလေးတွေ ခံစားသွားရမှာပေါ့၊ ဒါကြောင့်ပါဘွာ ငါ့ကြောင့် ဘယ်သူမှ မခံစားစေချင်ဘူး"

"ဒါတော့ မင်း မတရားဘူးကွာ၊ မင်းအနားမှာပဲ ဝိုင်းနေတာ မဟုတ်သေးဘူး"

"အဲဒါတော့ ကိုယ့်ကုသိုလ်နဲ့ကိုယ်ပဲကွာ၊ ငါ့ဘက်ကတော့ သူတို့



www.burmeseclassic.com

www.burmeseclassic.com



ကို ဘာမျှော်လင့်ချက်မှ မပေးဘူး၊ ခင်ခင်မင်မင် ရင်းရင်းနှီးနှီးပဲ နေတာ”

သူ့ဘက်က ခိုင်မာသော အကြောင်းပြချက်နှင့် ဖြူစင်ရိုးသား သော စိတ်ကိုပဲ ထားခဲ့သည်။

ဘယ်မိန်းကလေးကိုမှ ချစ်စကား မဆိုခဲ့ဖူးသလို အခွင့်အရေး လည်း မယူခဲ့ပါ။ ဒါက ကျောင်းပြီးသည်အထိ သည်အတိုင်းပဲ ရှိစေခဲ့ သလို ကျောင်းပြီးသွားတော့လည်း ပုံမှန်အတိုင်းပဲ ရှိခဲ့သည်။

အခုတော့ လူကပဲ ရင့်ကျက်တည်ငြိမ်လာခဲ့တာလား၊ ဖေကြီးရဲ့ အလုပ်တွေထဲမှာပဲ နစ်ခဲ့တာကြောင့်လား မသိပါ။

သူ့စိတ်တွေ တည်ငြိမ်ချင်ပြီ။ ဖေကြီး၊ မေကြီးနှင့်အတူ ခင်မင် သော သူငယ်ချင်းတွေနှင့်ပဲ ဘဝကို ရှင်သန်ချင်သည်။

သူ့ရဲ့ဥပေက္ခာတရားကြောင့်လားတော့ မသိ။ ခင်မဒီဆီက လည်း ဖုန်းဆက်သွယ်မှု မရှိတော့ပါ။ ဖွဲ့နှင့်ဆက်နေသူတွေလည်း ကြာ လျှင်တော့ နောက်ဆုတ်သွားကြမှာ သေချာသည်။

မနက်ဖြန်တော့ ငယ်သူငယ်ချင်းတွေ စုံညီစွာ ပြန်တွေ့ကြမှာ ပျော်စရာတော့ ကောင်းလိမ့်မည်။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၄)

ဦးဦးဖျားဖျား ရည်းစားဦးလေးကို ကျောင်းပြီးလို့ တစ်နှစ်လောက်ကြာမှ ပိုင်ဆိုင်လိုက်ရသော ပိုင်ဖေ အပျော်ကြီး ပျော်နေခဲ့သည်။

သူတို့သုံးယောက်ကို မနက်စာနှင့်ပြုစုကျွေးမွေးခဲ့၏။ ပိုင်ဖေရဲ့ စေတနာ သဒ္ဓါကို ဝေယံနှင့်ညြလေးတို့ကလည်း အသိအမှတ်ပြု စားသောက်ကြရင်း မခံချင်အောင်လည်း နှိပ်ကွပ်သေး၏။

"နေပါဦး ပိုင်ဖေ မင်းက ရည်းစားဦး ပိုင်ဆိုင်တဲ့ အထိမ်းအမှတ်နဲ့ ကျွေးမွေးတာဆိုတော့ နောက်ထပ် တို့စားရဖို့ အစီအစဉ်တွေ ရှိသေးလား"

"အေးလေ ဒါ ရည်းစားဦးဆိုတော့ ရည်းစားအလယ်တွေ နောက်ဆုံးသူတွေ"

www.burmeseclassic.com

www.burmeseclassic.com



"ဟာ ဟော့ကောင် ပေါက်ကရ မပြောနဲ့ ငါ့အချစ်ဦးက ပန်းဝါဝါ တစ်ယောက်တည်း ငါ သူ့ကိုပဲ လက်ထပ်မှာ"

"သေချာလှချည်လား မတော်လို့ ပြတ်သွားရင်ကော၊ ငါတို့ ထပ်စားရဦးမှာလား"

"ဟော့ကောင် ဝေယံ သဒ္ဓါမပျက်အောင် မလုပ်နဲ့နော်၊ ငါ ဘာမှ မရှင်းဘဲ ထပြန်သွားမှာ"

"ဟာကွာ မင်းကလည်း အချင်းချင်း စနောက်တာကို"

"ဒါ နောက်စရာလားကွ မနေ့ကမှ ချစ်သူဖြစ်တယ်၊ မင်းတို့က ကွဲဖို့ကွာဖို့ ပြောနေပြီ၊ အဲဒါကြောင့် မင်းတို့ကို မပြောချင်တာ၊ တကယ်ဆို ခန့် ကူညီလို့ ငါတို့အဆင်ပြေသွားတာ"

သူ့ကို ကျေးဇူးတင်အကြည့်တွေနှင့်ကြည့်ကာ ပိုင်ဖေ ဆိုနေတော့ ဝေယံနှင့်ဩလေး မျက်စတွေပစ်ကာ အတိုင်အဖောက်ညီစွာ နောက် ကြပြန်၏။

"ခန့်က တကယ်ကူညီနိုင်တဲ့ကောင်ပါ ဆရာကြီးလေ၊ မင်း အတွက် နောက်ထပ် ချစ်သူအသစ်တွေလည်း သူ ရှာပေးနိုင်မှာပါ"

"သိပ်ရတာပေါ့ကွာ ခန့်ညားဝင့်ထည် ဆိုတာ အချစ်နည်းပြ ဆရာကြီးပဲ ဥစ္စာ"

"ဟော့ကောင်တွေ တော်တော့ ခန့်အကူအညီနဲ့ ပန်းအချစ်ကို ငါရခဲ့ပြီးပြီ၊ နောက်ထပ် ဘာမှမလိုတော့ဘူး၊ အေး မကြာခင်မှာ ငါ့ရဲ့ မင်္ဂလာပွဲကိုလာဖို့ပဲ မင်းတို့ စဉ်းစားထားကြ"

"ဟ မနေ့ကမှ ချစ်သူဖြစ်တယ်၊ မင်းက မင်္ဂလာဆောင်ဖို့အထိ



www.burmeseclassic.com

www.burmeseclassic.com



ညဉ့်ရှယ်ပြီးနေပြီလား ပိုင်ဇေရဲ"

"ဟုတ်ပ့ါကွာ ချစ်သူဘဝအရသာလေးကို ခံစားပါဦး"

"မလိုဘူး ငါနဲ့ပန်းတို့ ချစ်ခြင်းက နားလည်ယုံကြည်မှုတွေနဲ့ ဆိုပြီးသား"

ပိုင်ဇေကတော့ အရှုအမူး ဖြစ်နေခဲ့ပြီ။ အချစ်ဆိုတာကို ပိုင်ဇေ ဘယ်သားက ရှာတွေ့သွားခဲ့တာလား။ ဒါမှမဟုတ် မချစ်ဖူးသေးတဲ့ အချစ်နဲ့ ပိုင်ဇေ ရူးမိုက်နေတာလား။

သူကိုယ်တိုင် နည်းပေးလမ်းပြ လုပ်ခဲ့သော ပိုင်ဇေ အချစ်အတွက် ဝေခွဲမရနိုင်ခဲ့တာ အမှန်။

အင်း ဆရာထက် တပည့်က လက်စောင်းထက်နေပြီထင်ရဲ့။

■ ■ ■

ဝေယံကို ပိုင်ဇေက ကားနဲ့ပြန်လိုက်ပို့ပေးသလို သူကလည်း ဩလေးကို ကားနှင့်ပြန်လိုက်ပို့ပေးဖြစ်၏။

အပြန်မှာ ဩလေးနှင့်သူ စကားတွေပြောဖြစ်ကြတော့

"ခန့် ငါ မင်းကို အကူအညီတစ်ခု တောင်းချင်လို့"

"ဘာလဲ မင်းမှာ လက်ရှိချစ်သူရှိတာကို အကူအညီတောင်း ဘယ်ဆိုတော့ ငါက မိန်းမလိုက်ခိုးပေးရမှာလား ဩလေးရ"

"ငါနဲ့သဉ္ဇာတို့က အေးအေးဆေးဆေးပါ၊ အခုဟာက ငါ့အစ်ကို အမ်းကွဲတစ်ယောက်ကိစ္စ"

"မင်းအစ်ကိုကိစ္စ ဘာလဲကွ"

"ကိုရဲရင့်လေ မင်းသိပါတယ်"



www.burmeseclassic.com

www.burmeseclassic.com



ဩလေး အစ်ကို ကိုရဲရင့်ကို သူ သိပါသည်။ ကိုရဲရင့်မင်္ဂလာဆောင်တုန်းကတောင် သူတို့ရောက်ခဲ့ကြသေးသည်။

အိမ်ထောင်သက် နှစ်နှစ်မပြည့်သေးခင်မှာဘဲ အကွဲအပြဲသတင်းတွေကို ဩလေး မကြာသေးခင်ကပြောပြလို့ သူ ကြားခဲ့ရသေး၏။

"ငါ့အစ်ကိုရဲရင့် မိန်းမနဲ့အဆင်မပြေတာ မင်း သိပါတယ်"

"အေး သိတယ် ဘာလဲ နောက်တစ်ယောက် ရှာတွေ့နေပြီလား ကြည့်လုပ်ကွာ ဒီလိုအချိန်မှာ ငါ အကြံပေးကူညီလို့ ကောင်းပါ့မလား"

"မကောင်းတာတော့ အမှန်ပဲ၊ ဒါပေမဲ့ မင်းကူညီမှဖြစ်မှာ၊ မင်းက စကားပြောတတ် ဆိုတတ်တော့ မင်းကို အကူအညီတောင်းတာပါ"

"ဟော့ကောင် ဩလေး ကြည့်လုပ်ဦးနော်၊ မင်းအစ်ကိုက မိန်းမရပြီးသား ငါက နောက်တစ်ယောက်ကိစ္စမှ"

"ဟာ မဟုတ်ပါဘူးကွာ၊ မင်းထင်တာတွေ ပြောမနေနဲ့၊ ငါပြောတာကို အသေအချာ နားထောင်ပေးဦး"

သူ ခေါင်းညိတ်ကာ ကားကိုမောင်းနှင်ရင်း ဩလေး ပြောပြတာတွေကိုပဲ ငြိမ်သက်စွာ နားထောင်ရတော့သည်။

"ငါ့အစ်ကို ကိုရဲရင့်နဲ့ သူ့မိန်းမ ရွှေဘုံသာက တရားဝင်မကွဲကြသေးပေမယ့် အစ်ကို ကိုရဲရင့် အိမ်ပေါ်က ဆင်းလာတာ တစ်လလောက်ရှိနေပြီ၊ အခု ကိုရဲရင့်က ပြတ်ပြတ်သားသား ရှင်းတော့မယ်တဲ့ သူ ရသင့်တဲ့ ပစ္စည်းတွေလည်း တောင်းမယ်တဲ့"

ကိုရဲရင့်တို့အခြေအနေက အတော့်ကို တင်းမာနေသည့် အခြေ



www.burmeseclassic.com

www.burmeseclassic.com



အနေဆိုတာ သူ တွက်ဆမိသည်။

"ပြောရရင် ကိုရဲရင့်မှာက မိဘရင်းချာတွေ မရှိကြတော့ ခက်လာဆောင်တုန်းကလည်း ငါ့ဖေဖေနဲ့မေမေကပဲ လူကြီးအရာကနေပြီး စီမံပေးခဲ့ကြတာ၊ အခု ဒီအခြေအနေထိ ရောက်လာတော့ ဖေဖေတို့လည်း မျက်နှာပူနေတယ်၊ ဘယ်လိုမှ ညှိနှိုင်းမရတော့ စိတ်ပူနေကြတယ်၊ နှစ်ဖက်အလွန်အကျွံတွေ ဖြစ်မှာကိုလည်း စိုးနေကြတယ်"

"သူတို့ချင်းပဲ ရှင်းကြပေါ့ကွာ၊ လူကြီးတွေပါလို့ မသင့်ဘူးဆိုရင်"

"နေဦး ပြောရရင် အစ်ကိုကော သူ့မိန်းမကော နှစ်ဖက်စလုံးက မကောင်းတာကွ၊ နှစ်ယောက်သဘောကျလို့ လက်ထပ်တာမဟုတ်ဘဲ ရွှေဘုံသာအမေက ကိုရဲရင့်ကိုသဘောကျတော့ သူ့သမီးနဲ့ပေးစားခဲ့တာ၊ လက်ထပ်ပြီးတော့ ယောက္ခထီးကြီးဆုံးပါးချိန်မှာ စီးပွားရေးတွေလည်း ကျဆင်းကုန်တယ်၊ အဲဒီမှာ ကိုရဲရင့်က ခေါင်းမတ်ပြန်ဦးမော့လာအောင် ကြိုးစားတယ်၊ အောင်မြင်လာတော့ မရွှေဘုံသာဘက်က အမျိုးအဆွေတွေ ဝင်ရှုပ်ထွေးလာတယ်၊ အဲဒီမှာပဲ ကိုရဲရင့်တို့လင်မယားကြားမှာ ပြဿနာတွေ ဝင်လာတော့တာကွ"

ယောက္ခမအိမ်ပေါ်နေကာ ယောက္ခမအလုပ်တွေ ကြိုးစားလုပ်ပေးခဲ့သော ကိုရဲရင့်ခမြာ ဦးမော့အောင်မြင်လာမှ ဆိုင်ရာဆိုင်ရာ ဆွေမျိုးတွေ ဝင်ရောက်နှောင့်ယှက်လာတာကို ခံရခက်မှာ သူ နားလည်ပါသည်။

"နောက်ဆုံးတော့ ဒီအခြေအနေအထိ ရောက်ခဲ့ကြတာ၊ အခု ကိုရဲရင့်က ကွာရှင်းမယ်၊ ဒါပေမဲ့ သူ ကြိုးစားလို့ အောင်မြင်ခဲ့သတဲ့



www.burmeseclassic.com

www.burmeseclassic.com



စီးပွားရေးကို သူလည်း ခံစားခွင့်ရှိတယ်လို့ ယူဆတယ်၊ ဒါကြောင့် ရသင့်တာယူပြီးမှ ကွဲမယ်တဲ့"

"အင်း နည်းနည်းတော့ မျက်နှာပူစရာကွာ၊ ယောက်ျားလေး ဘက်က ရသင့်တာ တောင်းရမယ်ဆိုတော့"

"အေး ကိုရဲရင့်က ခြေမဲ့လက်မဲ့နဲ့တော့ မဆင်းနိုင်ဘူးတဲ့ ကျဆင်းနေတဲ့ စီးပွားရေးကြီးတစ်ခုလုံးကို သူ့ဘက်က ရိုးသားကြိုးစား ပြီး တိုးတက်အောင် ရုန်းကန်ပေးခဲ့တာတဲ့"

"အေး ဒါလည်း ဟုတ်တာပဲ"

"အေး အရေးကြီးတာက ကိုရဲရင့်က စိတ်တို စိတ်ဆတ်လွယ် တယ်ကွ၊ သူ့မိန်းမအိမ် သွားစကားပြောရင် ဒေါသထွက်လို့ မဖြစ်ဘူး ဟိုမှာလည်း ယောက်ျားသားဆိုလို့ မရှိဘူး၊ သူ့ယောက္ခမကြီးရယ် သမီး နှစ်ယောက်ပဲရှိတာဆိုတော့ ကိုယ်က ဆင်ခြင်ပြီးပြောရမှာ၊ ဒီတော့ မင်း က ကိုရဲရင့်ကို ထိန်းပေးစေချင်တယ်"

"မင်းကကော"

"အာ ငါက ဘာမှ ထိန်းလို့ရမှာမဟုတ်ဘူး၊ ကိုရဲရင့်ကို မကြည် လင်ပါဘူးဆိုမှတော့ ငါ့ကိုမြင်ရင် ဘယ်လိုနေမလဲ၊ ဒါကြောင့် မင်းကို လိုက်သွားစေချင်တာ"

"ကွိုင်ပဲ ဒါမျိုး ငါလည်း သိပ်မပြောတတ်ဘူးကွ"

"ငါ့ထက်စာရင် မင်းက အပြောအဆို ညက်ညောပါတယ် ပြဿနာဖြစ်နိုင်တဲ့ အခြေအနေကျရင် ကိုရဲရင့်ကို ဝင်ထိန်းပေးဖို့ပါပဲ ကွာ၊ ပြီးတော့ ဖေဖေနဲ့မေမေကလည်း မင်းကိုပဲ အဖော်လိုက်ပေးဖို့

[redacted]

www.burmeseclassic.com

www.burmeseclassic.com



ငါ့ကို ပြောနိုင်းနေလို့ပါ''

ဩလေး မိဘတွေကိုယ်တိုင်ကပါ သူ့ကို အားကိုးနေသည်ဆို တော့ ငြင်းရခက်နေပြီဆိုတာ သူ သိလိုက်ပါသည်။

သူ ကိုယ်တိုင်ကလည်း တစ်ပါးသူရဲ့အခက်အခဲ ဒုက္ခတွေကို ကူညီပေးလိုစိတ်က မွေးရာပါဗီဇတစ်ခုလို ဖြစ်နေတော့လည်း . . . ။

■ ■ ■

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၅)

ဩဇလေးကို ပေးထားသည့်ကတိအတိုင်း တနင်္ဂနွေပိတ်ရက်တစ်ရက်မှာ ကိုရဲရင့်နှင့်အတူ သူ လိုက်ခဲ့ရသည်။

ကိုရဲရင့် မျက်နှာက ပြဿနာကို ပြတ်သားစွာ ရင်ဆိုင်ရှင်းလင်းတော့မည့်အသွင်နှင့် မာတင်းနေသည်။

သူ ကားမောင်းနေရင်း ကိုရဲရင့်ကို အကဲခတ်ကြည့်နေရင်း အတွေးတစ်ခု ဝင်လာ၏။ ကိုရဲရင့် ရင်ထဲက ခံစားချက်တွေကို သူ သိချင်သည်။ ကိုရဲရင့် ပြောပြတာတွေကို နားထောင်ပေးလိုက်လျှင် ကောင်းလိမ့်မည်။

ယောက္ခမနှင့်ဇနီးအပေါ်မှာ တင်းမာခက်ထန်နေသော ကိုရဲရင့်စိတ်တွေ ပြေလျော့သွားလျှင် အဆင်ပြေမည်ထင်မိ၏။ ဒီလို ပြဿနာမျိုးက ဒေါ်သကင်းစင်မှ ကောင်းမည်ဟု တွေးမိ၏။



www.burmeseclassic.com

www.burmeseclassic.com



"ကိုရဲရင့် အချိန်ရရင် ကျွန်တော်တို့ ကော်ဖီသောက်ရအောင်ဗျာ"

သူ့ဘေးမှာ ငြိမ်သက်တိတ်ဆိတ်စွာ ထိုင်နေသော ကိုရဲရင့် တစ်ချက်လှည့်ကြည့်သည်။

"ခဏလေးပါဗျာ ဆယ်မိနစ်လောက်ပေါ့။ ကျွန်တော် ဗိုက်ဆာသို့ပါ"

"ရတယ် ညီလေး သောက်လေ"

ကိုရဲရင့် လက်ခံတော့ သူ ကော်ဖီဆိုင်လေးတစ်ဆိုင်ရှေ့မှာ ကားကိုရပ်လိုက်ပါသည်။ တကယ်ဆို အိမ်မှာကတည်းက သူ စားသောက်ပြီးခဲ့ပြီးသား ဖြစ်သည်။

ကိုရဲရင့် စိတ်တွေ ပျော့ပြောင်းသွားအောင် စကားပြောချင်တာကြောင့် တမင် ကော်ဖီဆိုင် ထိုင်ချင်တာဖြစ်၏။

ကော်ဖီနှစ်ခွက်မှာကာ ကိုရဲရင့်နှင့် မျက်နှာချင်းဆိုင် ထိုင်ဖြစ်တော့မှ သူ စကားစရ၏။

"ကိုရဲရင့် မင်္ဂလာဆောင်တုန်းက ကျွန်တော်တို့ လာသေးတယ်"

ကိုရဲရင့် ခေါင်းတစ်ချက်ညိတ်ကာ ပြုံးသည့်အပြုံးက မချိပြုံးဖြစ်နေသည်။

"အင်း အိမ်ထောင်ရေးဆိုတာ အရမ်းနက်နဲတယ် ညီလေး၊ ဆုံးဖြတ်ချက်တစ်ချက်မှားတာနဲ့ တစ်ဘဝလုံးအတွက် ဒဏ်ရာကြီး ဖြစ်သွားနိုင်တယ်၊ အခု ကိုယ့်အဖြစ်ကိုပဲ ကြည့်လေ"

ကိုရဲရင့် ရင်ထဲက ခံစားချက်စကားတွေကတော့ အစထွက်လာ



www.burmeseclassic.com

www.burmeseclassic.com



ပြီမို့ သူ အလိုက်သင့် ဆွဲထုတ်ပေးလိုက်ပါသည်။

"စပ်စုတယ် မထင်နဲ့အစ်ကို၊ အခု အစ်ကိုတို့ ကွာရှင်းပြတ်
ကြမယ်ဆိုတော့ ကျွန်တော် အံ့သြလို့ပါ၊ အစ်ကိုနဲ့မမရွှေဘုံသာတို့ စုံတွဲ
လိုက်ဖက်ညီသူတွေလို့ ကျွန်တော် မြင်ထားတာ"

"ကိုယ်နဲ့ရွှေဘုံကြားမှာ ကြီးကြီးမားမား ပြဿနာမရှိတာ အ
ပဲ၊ တကယ့် ပြဿနာက ရွှေဘုံတို့အိမ်မှာ အတူလိုက်နေမိတာ အ
တစ်ခုပဲ၊ ရွှေဘုံအမေက ကိုယ့်ကိုသဘောကျလို့ ရွှေဘုံနဲ့ သဘော
လက်ထပ်ပေးခဲ့တာ မှန်ပေမယ့် သမက်ကို နွားတစ်ကောင်လို သတ်မှ
ခဲ့တဲ့ သဘောပဲ"

ပြောရင်း ကိုရဲရင့် မျက်နှာ တစ်ချက်မဲ့ပစ်သည်။ မျိုသိပ်ထ
သည့် ခံစားချက်တို့ကို ရင်ဖွင့်သမျှ သူ ခေါင်းတညိတ်ညိတ်နှင့် စိတ်
စားစွာ နားထောင်ပေးလိုက်သည်။

"ကိုယ် သူတို့အိမ်ရောက်ပြီး မကြာခင်မှာပဲ သူတို့အဖေ ဆုံး
ပြီး စီးပွားရေးလုပ်ငန်းတွေ ကျဆင်းလာတယ်၊ မိန်းမသား သုံးယော
တည်းရှိတဲ့ သူတို့မိသားစုထဲမှာ ကိုယ်က ယောကျ်ားသားတစ်ယော
ဒီတော့ တာဝန်သိသိနဲ့ ဦးဆောင်ပြီး ယောက္ခမရဲ့စီးပွားရေးလုပ်ငန်း
ကိုယ်တိုင် တိုးတက်အောင် ကြိုးစားပေးခဲ့တယ်၊ ကျဆင်းနေတဲ့ စီး
ရေးလုပ်ငန်းတွေ ပြန်ထောင်မတ်တိုးတက်လာတော့ သူတို့ဘက်
ဆွေမျိုးတွေက နေရာဝင်ယူလာကြတယ်၊ စီးပွားပျက်လုလု ဒုက္ခရော
ချိန်တုန်းက ဘယ်မှာပုန်းနေမှန်း မသိသူတွေက အောင်မြင်တေ
လုပ်ငန်းထဲ တိုးဝင်နေရာယူကြတာ၊ ဆိုးတာက ကိုယ့်ကို သူစိမ်း



www.burmeseclassic.com

www.burmeseclassic.com



ယောက်လို သတ်မှတ်ပြီး မိသားစုထဲမှာ သွေးထိုးပေးကြတယ်''

မှာထားသည့် ကော်ဖီကို တစ်ငုံတောင် မသောက်နိုင်သေးဘဲ ခံစားချက်တွေကို ရင်ဖွင့်နေသော ကိုရဲရင့် မျက်နှာမှာ ဒေါသရိပ်တွေ ဖြာနေ၏။

''နွားတစ်ကောင်လို ရုန်းကန်ကြိုးစားခဲ့တဲ့ သမက် စကားထက် နောက်မှ အရိပ်ခိုဖို့ ရောက်လာတဲ့ ဆွေမျိုးစကားတွေကို ရွှေဘုံအမေက ယုံကြည်တယ်၊ ကိုယ် ဘယ်လောက် ခံရခက်ရသလဲ''

''အင်း ဟုတ်ပါတယ်၊ ဒါတော့ သူတို့မှားတယ်ဗျာ''

ကိုရဲရင့် စကားကို သူ အလိုက်သင့် လိုက်ပြောပေးတော့ ကိုရဲရင့် အဆုံးစွန်ဆုံးအထိ ဆက်ရင်ဖွင့်လာ၏။

''ဘယ်လောက်အထိ ဆိုးသလဲဆိုရင် ကိုယ် ထောင်မတ်အောင် ကြိုးစားပေးခဲ့တဲ့ ကုမ္ပဏီအလုပ်ကို ကိုယ်ထွက်ပေးလိုက်တယ်၊ သူတို့ ယုံကြည်နေတဲ့ အမျိုးအဆွေတွေ ကျေနပ်အောင်ပေါ့၊ ဥပေက္ခာပြု လွှတ် ပေးပြီး ရွှေဘုံနဲ့တိုင်ပင်တယ်၊ ကိုယ်တို့အနာဂတ်အတွက် သီးသန့်စီးပွား ရေးတစ်ခု လုပ်ဖို့ပေါ့၊ ရွှေဘုံက လက်ခံပြီး အရင်းအနှီး ရှာဖွေပေးတော့ ကိုယ် သုညကနေ ကြိုးစားတယ်၊ အောင်မြင်လာတယ်၊ ဒါပေမဲ့ သူတို့ ဆွေမျိုးအုပ်စု ကြီးစိုးနေတဲ့ ကုမ္ပဏီက ပြဿနာတွေ ကျဆင်းရှုံးနိမ့်မှုတွေ ကြုံလာတယ်၊ ဒီတော့မှ ယောက္ခမက အခိက စီးပွားရေးကြီးကို ကိုယ်က ဥပေက္ခာပြုထားတယ်လို့ စွပ်စွဲတယ်၊ ကိုယ့်ဘက်ကလည်း ရှင်းရှင်းပြတ် ပြတ်ပဲ တောင်းဆိုတယ်၊ သူတို့ဆွေမျိုးတွေ အလုပ်ကထွက်ပေးရင် ပြန် တာဝန်ယူပေးမယ်လို့၊ ဒီတော့ ကိုယ်နဲ့ဆွေမျိုးတွေကြားမှာ တိုက်ပွဲဖြစ်



www.burmeseclassic.com

www.burmeseclassic.com



ကုန်တယ်၊ ယောက္ခမက ကိုယ့်တောင်းဆိုချက်ကို ခေါင်းခါတယ်၊ ဖနီးမယားဖြစ်တဲ့ ရွှေဘုံကပါ ကိုယ့်ဘက်မှာမရှိဘူး၊ ဒါကြောင့် ကိုယ် အိမ်ပေါ်က ဆင်းခဲ့တာ''

ရင်ထဲက ခံစားချက်တွေ ဖွင့်ထုတ်လိုက်ရတာကြောင့် ကိုရဲရင့် မောဟိုက်သွားပုံရသည်။ အေးစက်လုလု ကော်ဖီကို တစ်ငုံမော့သောက်လိုက်၏။

''အင်း ကိုရဲရင့် ခံစားချက်ကို ကျွန်တော် နားလည်ပေးနိုင်ပါတယ်၊ ဘာပဲဖြစ်ဖြစ် အဆင်ပြေမှုတစ်ခုတော့ ညှိနှိုင်းကြရင် ပိုကောင်းမယ်ထင်တယ် အစ်ကို''

ကိုရဲရင့် ခေါင်းခါသည်။ မဲ့ခနဲ ပြုံးသော နှုတ်ခမ်းတွေမှာ နာကျည်းရိပ်တို့က ပြေပုံမရှိ။

''မဖြစ်နိုင်တော့ဘူး ညီလေး၊ ယောက္ခမနဲ့ဆွေမျိုးတွေကြားမှာ ကိုယ် ပြဿနာဖြစ်ပြီး အိမ်ကဆင်းတော့ ကိုယ် စီးနေတဲ့ ကားကိုတောင် ယူမသွားနဲ့လို့ ရွှေဘုံက ပြောခဲ့တာ၊ စဉ်းစားကြည့်ကွာ၊ ဒါ လင်မယားချင်းပြောရမယ့် စကားလား၊ ဘယ်လိုအကြောင်းနဲ့ပဲ လက်ထပ်ခဲ့ကြပါစေ လင်ရယ်မယားရယ် ဖြစ်လာမှတော့ သံယောဇဉ်တွယ်သင့်သလောက် တွယ်ကြမှာ သဘာဝပဲလေ၊ အခုတော့ သူက ငါ့စီးပွား၊ ငါ့ခြံ၊ ငါ့ကား ဆိုတဲ့ ငွေဂုဏ်မောက်ပြီး ကိုယ့်ခင်ပွန်းလင်ကိုတောင် မောက်မာပြတာကွာ၊ ကိုယ် ဘယ်လောက် နာကျင်ခံစားရသလဲ ညီလေး စဉ်းစားကြည့်၊ ဒီအသိုင်းအဝိုင်းထဲမှာ နွားတစ်ကောင်လို ရုန်းခဲ့ရတာတွေကို ပြန်တွေးမိတိုင်း ခံရခက်တယ်၊ အခုတော့ ယတိပြတ်ရှင်းရမယ်၊ ကလေးကချေ

www.burmeseclassic.com



တစ်ယောက်ကို ကန်ထုတ်သလို လုပ်တာ မခံနိုင်ဘူး။ နောက်ထပ် ကိုယ် သီးသန့်ကြိုးစားခဲ့တဲ့ စီးပွားအကျိုးကိုတော့ ကိုယ် ခံစားခွင့်ရှိ တယ်၊ အခု ဒီကိစ္စကို ရှင်းဖို့သွားမှာ''

ကိုရဲရင့် ဆုံးဖြတ်ချက် မှန်သည်။ မှားသည်ဟု သူ့မှာ ဆုံးဖြတ် ပေးခံစရာ အကြောင်းမရှိပါ။ ဩလေး အကူအညီတောင်းသလို သူ့အစ်ကို ကိုရဲရင့်နှင့် ယောက္ခမမိသားစုကြားမှာ ပြဿနာတွေ ကြီးကြီးမားမား မဖြစ်အောင် သူ ဝင်ထိန်းပေးဖို့ပဲ လိုသည်။

''ကောင်းပါပြီ အစ်ကို၊ ကျွန်တော် တစ်ခုတော့ သတိပေးချင် တယ်၊ သူတို့နဲ့ဆုံရင် အစ်ကို ဒေါသတွေ လျှော့ထားဖို့လိုမယ်၊ ဟိုလေ ဒေါသကြောင့်အမှားပါမှာစိုးလို့ပါ''

''သတိပေးတာ ကျေးဇူးတင်တယ် ညီလေး၊ အစ်ကို ပြောသင့် တာကိုပဲ ပြောမှာပါ''

ဘာပဲဖြစ်ဖြစ် သူ့ကို ရင်ဖွင့်လိုက်ရတာကြောင့် ကိုရဲရင့် ရင်ထဲ မှာ ပေါ့ပါးသွားမည်ကို သူ ယုံပါသည်။

ကော်ဖီဆိုင်လေးထဲက အတူထွက်ခဲ့ကာ ရပ်ထားသော ကားဆီ ကို လှမ်းခဲ့ကြသည်။ ကိုရဲရင့်ကိစ္စကို အကောင်းဆုံးကူညီပေးဖို့အတွက် သူ့ရဲ့ကားကိုတောင် ယူခဲ့ပေးတာ ဖြစ်သည်။

တကယ်ဆို ကိုရဲရင့်ရဲ့ယောက္ခမတွေအိမ်ကို သူ မရောက်ဖူး ပါ။ မင်္ဂလာဆောင်တုန်းကလည်း ဝေယံတို့ ဩလေးတို့နှင့် လိုက်ခဲ့ပေမယ့် အသေအချာ ဂရုစိုက်မကြည့်ခဲ့ဖူးပါ။

အမှန်ဝန်ခံရလျှင် ကိုရဲရင့်ရဲ့ဇနီး မရွှေဘုံသာရဲ့ရုပ်ရွှင်ကို



www.burmeseclassic.com

www.burmeseclassic.com



တောင် သူ ပြန်ပုံဖော်လို့ မရတော့ပါ။

"ဟိုရှေ့က ခြံပဲ ညီလေး"

ကိုရဲရင့် ညွှန်ပြသော ခြံရှေ့ရောက်တော့ သူ ကားဟွန်းသံတစ်ချက်ပေးလိုက်သည်။ ပိတ်ထားသော သံတံခါးကြီးအနောက်ဘက်က သုံးထပ်တိုက်ကြီးကတော့ ထည်ထည်ဝါဝါပဲဖြစ်သည်။

ခြံစောင့်ကြီးက ခြံတံခါးကို လာဖွင့်ပေးရင်း ကိုရဲရင့်ကို မြင်တော့ မျက်နှာကွက်ခနဲ ပျက်ကာ ခြံတံခါးကို ပြန်ပိတ်ဖို့ ပြင်သည်။

"ဦးမိုး"

"ခင်ဗျာ"

"ခြံတံခါး ဖွင့်လိုက်ပါ၊ ကျွန်တော် ရွှေဘုံသာနဲ့ ရှင်းလင်းစရာရှိနေလို့"

"ဟို ဟို ဟုတ်ကဲ့"

ကိုရဲရင့် လေသံနှင့်မာထန်ထန် မျက်နှာကို ခြံစောင့်ကြီးလည်း ထိတ်လန့်နေပုံရကာ ခြံတံခါးကို ဖွင့်ပေးရှာသည်။ သူလည်း ကားကို ဆင်ဝင်အောက်အထိ မောင်းဝင်ခဲ့လိုက်သည်။

ကိုရဲရင့်ကတော့ မျက်နှာတည်တည်နှင့် ကားရပ်တော့ တံခါးဖွင့်ဆင်းသည်။ သူလည်း ဆင်းလိုက်ရသည်။

ဧည့်ခန်းသံပန်းတံခါးက ပွင့်နေတာမို့ ကိုရဲရင့် ဦးဆောင်ဝင်သွားတော့လည်း သူ နောက်ကလိုက်ဝင်ခဲ့၏။

ထိုအချိန်မှာပဲ အိမ်ဖော် မိန်းကလေး ဧည့်ခန်းထဲ ထွက်လာကာ ခြေလှမ်းတွေရပ်ပြီး ဝိုင်းစက်စက် မျက်ဝန်းတွေနှင့် ကိုရဲရင့်ကိုကြည့်၏။



www.burmeseclassic.com

www.burmeseclassic.com



“မိစု ရွှေဘုံကို ငါ ရောက်နေတယ်လို့ သွားပြောလိုက်”

“ဟုတ် ဟုတ်ကဲ့ရှင့်”

ခေါင်းလေးညိတ်ကာ မိစု အခန်းထဲ ပြန်ဝင်သွားတော့ ကိုရဲရင့် အညိုရောင်ဆိုဖာထိုင်ခုံကြီးမှာ ဝင်ထိုင်သည်။

“ခန့်ညား ညီလေး ထိုင်လေ”

ဆီးကြိုညွှန်ပြမည့် အိမ်ရှင်တွေမရှိပေမယ့် ကိုရဲရင့် ပြောတော့ ...ည်း နံဘေးမှာ ဝင်ထိုင်လိုက်ရသည်။

မကြာလိုက်ပါ ညှော်ခန်း ခန်းဆီးစလေး လှုပ်ခတ်သွားကာ ...လိုက်ရတာ မိန်းကလေးတစ်ယောက်။

မဟော်ဂနီရောင် ဆံပင်ညိုတွေကြားက နုညက်လှပသော ...နာလေးက မာထန်နေတာတောင် ကြည့်လို့ကောင်းနေသည်။ ဘာမှ ...ခြင်ဆင် မခြယ်သဘဲ ဝင်းမွတ်ကြည်လင်သော မျက်နှာလေးဟု သူ ...က်ပြုမိ၏။

ပန်းရောင်လက်ပြတ်အင်္ကျီနှင့် တစ်ဆက်တည်း ဂါဝန်လေးက ...သာသာလေးအထိပဲ ရှည်ကာ ဝင်းမွတ်သော ခြေသလုံးသားလေး ...ကို မလုံခြုံစေပါ။ ဘာစကားတစ်ခွန်းမှ မဆိုဘဲ ကိုရဲရင့်ရှေ့က ...ထိုင်ခုံမှာ ဝင်ထိုင်သည်။ ခြေတစ်ဖက်ကို ချိတ်ထိုင်ပြီး အရယ်အပြုံး ...မဲ့သော မျက်နှာနှင့် သူတို့နှစ်ယောက်ကို ဖျတ်ခနဲ ကြည့်၏။

“ဘာကိစ္စလဲ”

လေသံက မာပြတ်ကာ တုံးတိတိ။ ဒါပေမဲ့ ချိုသောအသံလေး ကြည်လင်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com



“ရွှေဘုံသာနဲ့ ကိုယ်တွေ့ချင်တာ”

ကိုရဲရင့် အမေးစကားကို ကြားမှ သူတို့ရှေ့ရောက်နေသူက ရွှေဘုံသာ မဟုတ်ဟု သိလိုက်၏။ ဒါဆို ရွှေဘုံသာရဲ့ညီမဆိုသော ငွေဘုံသာပဲ ဖြစ်မည်ထင်သည်။

သူနှင့်သက်တူရွယ်တူလောက်ပဲရှိကာ ထိုမျှလောက် ချောမော မည်ဟု သူ မထင်ခဲ့ပါ။ မင်္ဂလာဆောင်တုန်းကလည်း သတိမထားခဲ့မိတာ မို့ မမြင်ဖူးခဲ့။

“မမနဲ့ပြောမယ့်စကားတွေ ကျွန်မကိုပဲ ပြောနိုင်တယ်၊ ဘယ်လို ဆုံးဖြတ်စရာကိစ္စပဲဖြစ်ဖြစ် ကျွန်မနဲ့ပြီးပါတယ်”

လေသံက တင်းပြတ်သလို ပန်းသွေးရောင်သမ်းနေသော နှုတ် ခမ်းလေးပေါ်မှ ပြတ်သားရဲရင့်မှုတွေကိုလည်း သူ မြင်တွေ့နေရ၏။

“ငါ လာမယ်လို့ ရွှေဘုံသာဆီ ဖုန်းဆက်ထားတယ်လေ”

“ကျွန်မ သိပါတယ် ကိုရဲရင့်၊ မမလည်းရှိတယ်၊ မတွေ့ချင်လို့ ကို ထွက်မလာတာပါ”

ကိုရဲရင့် မျက်နှာ နီမြန်းသွားသည်။ ထိုထက်ပိုမို၍ အခြေအနေ တွေ ဆိုးမလာပါစေနှင့်ဟုပဲ သူ ဆုတောင်းမိ၏။

“အန်တီရော ရှိသလား ငွေဘုံ”

“မေမေ ရှိပါတယ်”

“ဘာလဲ ကိုယ့်ကို မတွေ့ချင်ဘူးဆိုတဲ့ သဘောလား”

ငွေဘုံသာ မျက်နှာလေးပေါ်မှာ အပြုံးယဲ့ယဲ့လေး လှစ် ထင်သည်။ ချိတ်ထားဆဲ ခြေကို မဖြေသေးဘဲ လက်နှစ်ဖက်ပိုက်လိုက်ကာ



www.burmeseclassic.com

www.burmeseclassic.com



"အိမ်ပေါ်ကနေ ကိုယ့်သဘောနဲ့ကိုယ် ဆင်းသွားတဲ့ သူစိမ်းတစ်ယောက်အတွက် မေမေ့မှာ အချိန်ပိုမရှိဘူး"

ခက်တော့ ခက်နေပြီ။ အခြေအနေက ပိုမိုတင်းမာလာအောင် ငွေဘုံသာက စကားစစ်မြားတွေ ပစ်ခတ်နေသလို ဖြစ်နေပြီထင်သည်။ ဒါသသွေးရောင် သမ်းစပြုလာသော ကိုရဲရင့်မျက်နှာကို သူ အကဲခတ်ကြည့်နေတုန်းမှာ

"ကောင်းပြီ မင်းနဲ့ပဲရှင်းတာပေါ့ ငွေဘုံသာ၊ ငါ ရွှေဘုံနဲ့လက်ထပ်ပြီး ဒီအိမ်ပေါ် ရောက်လာတာက စပြောတာပေါ့"

"ဒါတွေက သိပြီးသားတွေပဲလေ ကိုရဲရင့်၊ ပြောရရင် အဝတ်တစ်ထည် ကိုယ်တစ်ခုထက် မပိုပါဘူး"

"ငွေဘုံသာ မင်း ငါ့ကို နှိမ်ချဝေဖန်စရာ မလိုဘူး။ ငါ ဒီအိမ်ရောက်ကတည်းက မင်းတို့မိသားစု စီးပွားရေးကို နွားတစ်ကောင်လို ရုန်းကန်ကြိုးစားခဲ့ရတာပါ၊ မင်းတို့အဖေဆုံးတော့ စီးပွားရေးအခြေအနေနဲ့ ကုမ္ပဏီက ယိုင်နေပြီ၊ ငါ့ဘက်က သိတတ်မှုနဲ့ တာဝန်ယူခဲ့တာပါ"

"မတ္တာပ်တိုင် တက်ပြမနေပါနဲ့ ကိုရဲရင့်၊ မမရဲ့ခင်ပွန်းတစ်ယောက်ဖြစ်တဲ့ရှင်က ဒီတာဝန်ယူရမှာပဲလေ"

"အေး ငါ ရုန်းကန်ကြိုးစားလို့ အခြေအနေတိုးတက်လာတော့ မင်းတို့ဆွေမျိုးတော်တွေက နေရာယူလာကြတယ်"

"ဒါတော့ သွေးရင်းဆွေမျိုးတွေပဲလေ၊ ပြောရရင် ကိုရဲရင့်က မမနဲ့ဆက်စပ်မှ တော်ရတဲ့သူလေ၊ သူစိမ်းသာသာပါပဲ"

"ဘာကွ အဲဒီလို သူစိမ်းက မင်းတို့အတွက် ရုန်းကန်ကြိုးစား



www.burmeseclassic.com

www.burmeseclassic.com



အခြေခိုင် ပြန်ဦးမတ်လာတော့ ဘယ်ကရောက်လာမှန်းမသိတဲ့ ဆွေမျိုး
တွေက နေရာယူတယ်၊ ငါ့ကိုတောင် မလိုတမာ တိုက်ခိုက်ကြတယ်၊ အဲ
ကြောင့် ငါနဲ့ရွှေဘုံတို့ အနာဂတ်အတွက် ငါက စီးပွားတစ်ခု ရှာကြိုးစား
တော့လည်း မကြည်ဖြူချင်ကြဘူး''

''နေဦး ကိုရဲရင့် ဒီအိမ်မှာနေ ဒီအိမ်မှာစားသောက်နေတဲ့
ရှင်က အိမ်ရဲ့အဓိက စီးပွားရေးဖြစ်တဲ့ ကုမ္ပဏီအလုပ်ကို လုပ်ရမှာပဲလေ
ပြီးတော့ ကျန်တဲ့သူတွေနဲ့အတူ ကြိုးစားရုန်းကန်ရမှာပဲ၊ ဒါကို ဥပေက္ခာပြု
ပြီး တခြားစီးပွားလုပ်တယ်ဆိုတော့လည်း အဲဒီအရင်းအနှီးက ဘယ်က
ငွေလဲ''

''အေး မင်းအစ်မ ရွှေဘုံသာ ငွေကြေးပဲထား၊ ငါ့ကြိုးစား
ဝီရိယနဲ့ ရုန်းကန်လို့ အဆပေါင်းဆယ်ဆမက တိုးတက်ခဲ့တာကွ''

''ဘာလဲ ရှင်တော်လို့ ထက်မြက်လို့လို့ ကြွေးကြော်ချင်တာလား
ဒီမှာ ရှင့်ဘာသာ ဘယ်လောက်ပဲတော်ပါစေ ထက်မြက်ပါစေ အရင်းအနှီး
ငွေကြေးမရှိရင် ဘာမှဖြစ်မလာဘူး၊ ဘာလဲ အခု ရှင်က အဲဒါကို
မျှော် ကိုးပြီး လာခဲ့တာလား''

''ငါ ရသင့်တာကိုတော့ ပိုင်ဆိုင်သင့်တယ်''

''နည်းနည်းတော့ ရှက်စရာကောင်းနေပြီ ကိုရဲရင့်၊ မိန်းမတစ်
ယောက်ဆီက လက်ဖြန့်တောင်းဆိုပုံက ဓားပြဆန်နေတယ်နော်''

''ဘာကွ''

ကိုရဲရင့် ဝုန်းခနဲ ထရပ်ပြီး လက်သီးနှစ်ဖက်ကို ကျစ်ကျစ်ဆုပ်
ထားတော့ သူပါ ထရပ်ကာ ဆွဲထားလိုက်ရသည်။



www.burmeseclassic.com

www.burmeseclassic.com



"နေ နေကြပါဦး ကိုရဲရင့် စိတ်ထိန်းပါ၊ ဒီက ငွေဘုံသာဘက်က လည်း အေးအေးညှိနှိုင်းကြပါဗျာ"

သူ တောင်းပန်နေတုန်းမှာပဲ အိမ်ခန်းထဲက မိန်းမနှစ်ယောက် ထွက်လာကြသည်။ မျက်နှာတွေကို အကဲခတ်ကြည့်ရုံနှင့် ရွှေဘုံသာနှင့် သူ့မ မိခင်ဟု သူ သိလိုက်ပါသည်။

ငွေဘုံသာ နံဘေးမှ ဆိုဖာထိုင်ခုံမှာ နှစ်ဦးသား ဝင်ထိုင်ကြချိန် မှာပဲ ခြံထဲက ခြံစောင့်ကြီးနှင့် ဒရိုင်ဘာဖြစ်ဟန်တူသည့် လူတစ်ဦးပါ ဝင်လာကြ၏။ ဒါကို သတိထားမိသော ကိုရဲရင့်က အံကြိတ်ကာ ရှုတည် တည်လှည့်ကြည့်တော့ ယောကျ်ားနှစ်ဦး တံခါးဝမှာပဲ ရပ်နေကြ၏။

ရွှေဘုံသာရဲ့ခင်ပွန်း ယောကျ်ားဘဝကတည်းက ကြောက်ရွံ့ရ ဟန်တူသော သူတို့နှစ်ယောက်ပုံစံတွေက ခပ်တွန့်တွန့်ပါပဲ။

အခြေအနေတွေ အဆိုးရွားဆုံးမဖြစ်ခင် သူကပဲ ကြားဝင် ဖေ့စပ်ပေးရတော့သည်။

"ဒီက မမရွှေဘုံနဲ့ အန်တီတို့ ထင်ပါတယ်၊ ကျွန်တော် ကြားက တစ်ခု တောင်းပန်ပါတယ်၊ ကိုရဲရင့်စကားကို နားထောင်ပေးပါ၊ ပြီးမှ ပြေငြင်းချင်ရင်ငြင်းပါ၊ ညှိနှိုင်းကြပါ ခဏလေးပါ"

ကြားလူဖြစ်သည့် သူ ဝင်ညှိရင်း ကိုရဲရင့် လက်ကိုဆွဲကာ ပြန်ထိုင်ခိုင်းရသည်။ သွေးဆူဝေနေပုံရသော ကိုရဲရင့်က အံတကြိတ်ကြိတ် နှင့် ထိုင်ခုံမှာ မတ်မတ်ကြီး ထိုင်နေ၏။

ငွေဘုံသာ မျက်နှာလေးကလည်း မာတင်းလျက် မျက်နှာနီရှူး ရှူးလေးတွေနှင့် ကိုရဲရင့်ကို စိုက်ကြည့်နေသည်။



www.burmeseclassic.com

www.burmeseclassic.com



အတန်ကြာသည်အထိ ကိုရဲရင့်ဆီက စကားသံ ထွက်မလာသေးတော့ သူကိုယ်တိုင်ပဲ ကြားက ဝင်ပြောရပြန်၏။

"ကျွန်တော် အေးအေးဆေးဆေး ပြောပါရစေ၊ မမရွှေဘုံသာ ကျေးဇူးပြုပြီး နားထောင်ပေးပါ၊ အန်တီလည်း တဆိတ် နားထောင်ပေးပါ ခင်ဗျာ"

သူ့စကားကို အားလုံး ခေါင်းညိတ်လက်ခံကာ နားစိုက်ထောင်ပေးနေတော့မှ

"ဒီကိစ္စက ကျွန်တော်နဲ့မဆိုင်ပါဘူး၊ ကျွန်တော်က ကိုရဲရင့်နဲ့ အဖော်လိုက်ပေးတာပါ၊ ကိုရဲရင့်ပြောပြလို့ သူ့ဆန္ဒတွေကို သိထားပါတယ်၊ ဒါကြောင့် ကြားက ကိုယ်စားတင်ပြပေးမှာပါ"

သူ ပြေလည်အောင် လေသံတိုးတိုးနှင့် ပြောရင်း နှစ်ဦးကြားက ဒေါသတွေကို ငြိမ်းသတ်ပေးရသည်။

"အန်တီတို့ မိသားစုအတွက် ကိုရဲရင့် ကြိုးစားခဲ့တာကိုလည်း အန်တီတို့အသိပါ၊ ကျဆင်းနေတဲ့ စီးပွားရေးလုပ်ငန်းတွေ ဦးမော့လာအောင် ကြိုးစားပေးခဲ့တဲ့ ကိုရဲရင့်ကိုတော့ အန်တီတို့ အသိအမှတ်ပြုပေးသင့်ပါတယ်၊ ဘာလို့လဲဆိုတော့ မမရွှေဘုံနဲ့ ကိုရဲရင့် နောက်ထပ်ထပ်တည်ကြတဲ့ လုပ်ငန်းမှာ မမရွှေဘုံဘက်က ငွေကြေးစိုက်ထုတ်တယ်ဆိုပေမယ့် ကိုရဲရင့်ရဲ့ဉာဏ် ဝီရိယနဲ့ ကြိုးစားမှုကို အသိအမှတ်ပြုပေးပါ"

"နေပါဦးကွဲ့ သူက ပိုက်ဆံဘယ်လောက် လိုချင်လို့တဲ့လဲ"

ဆတ်ခနဲ ခေါင်းထောင်ကာ ယောက္ခမကြီးကို စူးစိုက်ကြည့်သည့် ကိုရဲရင့် မျက်ဝန်းတွေက မီးဝင်းဝင်းတောက်နေ၏။



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော် ငွေရလိုမှုသက်သက်နဲ့ လာတာမဟုတ်ဘူး"

"အေး ငါ့ဘက်က သမီးကိုလည်း ပြန်မပေးနိုင်ဘူး"

"ကျွန်တော် လူကိုလည်း မတောင်းဘူး"

"ဒါဆို ဘာလာလုပ်တာလဲ မင်းက"

အန်တီကြီးစကားနှင့် အမူအရာတွေက ကိုရဲရင့်၏ဒေါသစိတ်ကို နှိုးဆွပေးသလို ဖြစ်နေပြီမို့ သူ ကြားဝင်ရပြန်၏။

"ဒီ ဒီလိုပါ အန်တီ၊ ကျွန်တော့်စကားလေးကို ဆုံးအောင် နားထောင်ပေးပါ၊ ကိုရဲရင့်ကလည်း ဒေါသထိန်းပါ၊ ဒေါသကြောင့် အလွန် အကျွံတွေဖြစ်ရင် နှစ်ဖက်စလုံးအတွက် မကောင်းဘူး၊ အန်တီတို့ကလည်း ကိုရဲရင့် ဒေါသကို နှိုးဆွစေမယ့် စကားတွေ နည်းနည်းလျှော့ပေးပါ"

"ဟုတ်ပြီ မင်း ဘာပြောချင်တာလဲ"

"ကိုရဲရင့်က သူနဲ့မမရွှေဘုံ သီးခြားတည်ခဲ့တဲ့ ဆောက်လုပ်ရေး လုပ်ငန်းကိစ္စကို ညှိနှိုင်းချင်တာပါ"

"အဲဒါ သမီးရွှေဘုံရဲ့အရင်းအနှီးနဲ့ စခဲ့တာပါ၊ ပြောရရင် အန်တီ ထုတ်ပေးလိုက်တာပါပဲ"

"ဟုတ်ကဲ့ ကိုရဲရင့်ဆန္ဒက အဲဒီလုပ်ငန်းစတုန်းက မမရွှေဘုံ စိုက်ထုတ်ပေးတဲ့ငွေကို တစ်ပြားမလျော့ ပြန်ဆပ်မယ်တဲ့၊ အမြတ်ငွေကို လည်း နှစ်ယောက် အညီအမျှယူမယ်တဲ့၊ ပြီးရင် အဲဒီလုပ်ငန်းကို ကိုရဲရင့် ပြန်ဆက်လုပ်မှာပါ"

"နားထောင်လို့တော့ ကောင်းတယ်၊ ဒါပေမဲ့ သူ့လုပ်ရပ်က ကုမ္ပဏီကို အပိုင်စီးချင်တဲ့ သဘောပဲ"



www.burmeseclassic.com

www.burmeseclassic.com



တစ်ချိန်လုံး ငြိမ်နေသော မမရွှေဘုံ ဝင်ပြောတော့ ကိုရဲရင့် မျက်နှာကြီး ညိုညစ်သွားခဲ့ကာ

"ရွှေဘုံ မင်း ငါ့မာနကို မစော်ကားနဲ့၊ မင်းတို့မိသားစုအတွက် ငါ့ဘက်က အပြည့်အဝ ကြိုးစားခဲ့တာ မင်းသိတယ်၊ တစ်ကောင်ကြွက် ငါ့အတွက် ဘာသုံးခဲ့ဖြုန်းခဲ့သလဲ မင်းအသိဆုံးပါ၊ မင်းကိုယ်တိုင်က ငါ့ကို ကလေကချေတစ်ယောက်ကို ကန်ထုတ်သလို ကန်ထုတ်တာ ငါ စိတ်နာတယ်၊ အခု ဆောက်လုပ်ရေးအလုပ်က ငါ့ခွန်အား၊ ငါ့အရည်အချင်းနဲ့ ဖြစ်လာခဲ့တာ၊ မင်းတို့လည်း ဘာမှဆက်လုပ်နိုင်မှာမဟုတ်ဘူး၊ လုပ်မယ်ဆိုလည်း ငါ ခွင့်မပြုဘူး၊ ကုန်ခဲ့တဲ့ အရင်းအနှီးနဲ့ လက်ရှိ ရထားတဲ့ အမြတ်ငွေ တစ်ဝက်ပေးရင် မင်းကျေနပ်ပါ၊ မကျေနပ်ရင် တရားရုံးမှာ ငါ ရှင်းမယ်"

"ရှင်က စိန်ခေါ်တာလား၊ ခြိမ်းခြောက်နေတာလား ကိုရဲရင့်"

မျက်ခုံးတန်းတန်းလေးတွေ တွန့်ကုပ်ကာ ဝင်မေးလာသူက ငွေဘုံသာပဲ ဖြစ်သည်။ ကိုရဲရင့်ကလည်း ယတိပြတ်။

"မင်းတို့ ထင်ချင်သလိုထင်၊ မင်းတို့ဆွေမျိုးတွေထဲက မကျေနပ်လို့ လူချင်းယှဉ်သတ်ချင်တဲ့ကောင်ရှိရင်လည်း ထွက်ခဲ့၊ ဓားဓားချင်း လှံ လှံချင်းလည်းရတယ်"

သွားပြီ။ အခြေအနေတွေက သူ ဘယ်လိုမှ မထိန်းနိုင်အောင် ဆိုးရွားကုန်ပြီ။ သူ ကိုရဲရင့် ပခုံးကို ဆုပ်ကိုင်သတိပေးရင်း

"အစ်ကိုပြောချင်တာ ဒါပဲမဟုတ်လား ပြန်ကြရအောင်"

"နေဦး ညီလေး၊ တစ်ခုကျန်သေးတယ်၊ ကွာရှင်းပြတ်စဲခြင်း



www.burmeseclassic.com

www.burmeseclassic.com



…ကြော်ငြာကို သတင်းစာထဲ ငါ ထည့်မယ်၊ အဖြစ်မှန်ကို သိချင်တဲ့မိတ်ဆွေ …တွေကိုလည်း ငါ့ဆီ တိုက်ရိုက်မေးမြန်းနိုင်ပါသည်လို့ ထည့်ကြော်ငြာမယ်၊ …မည်၊ လိပ်စာ၊ ဖုန်းနံပါတ်ပါ ထည့်မယ်"

"ရှင် ဒီလိုလုပ်လို့ ဘယ်ဖြစ်မလဲ"

ရွှေဘုံသာ ဝင်တားတော့ ကိုရဲရင့် မဲ့ခနဲ တစ်ချက်ပြုံးရင်း

"နင်တို့ဘက်က ထည့်ချင်ထည့်၊ ငါ့ဘက်က လိပ်ပြာသန့်လို့ပဲ …ဆိုတဲ့ကောင်က ဘာမဟုတ်တာ လုပ်ခဲ့သလဲ၊ အရက်၊ လောင်းကစား၊ …မ ဘာအရှုပ်အရှင်းမှ မရှိဘူး၊ ကင်းရှင်းတယ်၊ မင်းကိုတောင် …ားသံမာမာနဲ့ ဆက်ဆံပြောခဲ့ဖူးသလား ရွှေဘုံ၊ အခုဖြစ်ခဲ့တာတွေက …ချောင်သမား မင်းတို့ဆွေမျိုးတွေ စကားကို မင်းတို့ယုံခဲ့တာ၊ ငါ့ကို …တို့မယုံကြည်ခဲ့တာပဲလေ၊ ရဲရင့်ဆိုတဲ့ကောင်က ငွေမရှိပေမယ့် မာန၊ …ညာ၊ အရည်အချင်း ရှိတယ်ကွ၊ လက်တွေ့လည်း ကြိုးစားပြခဲ့တာ …တို့သိတယ်၊ စောင့်ကြည့်နေကြဦးပေါ့၊ မင်းတို့ရဲ့ 'မြတ်ဘုံသာ'ကုမ္ပဏီ …ကြီး ဘယ်တော့ ဒေဝါလီခံရမလဲဆိုတာ"

ပြောချင်တာတွေကို မနားတမ်းပြောချလိုက်ရင်း ကျေနပ်သွားပုံ …သော ကိုရဲရင့် သူ့ကိုမေးဆတ်ပြကာ ချာခနဲ လှည့်ထွက်သွား၏။

သူ အရှုလည်လည် ထရပ်ရင်း မမရွှေဘုံနှင့် အန်တီကြီးကို …ဆက်လိုက်ရ၏။

"ကျွန်တော့်ကို ခွင့်ပြုပါဦး ခင်ဗျာ"

ပန်းနုရောင် မျက်နှာလေးကိုတော့ သူ မဝံ့မရဲ ကြည့်ပြီးပြုမိ …မယ့် ငွေဘုံသာထံမှ အပြုံးလေးတစ်ချက်ကိုတောင် ပိုင်ဆိုင်ခွင့်မရှိပါ။

www.burmeseclassic.com

www.burmeseclassic.com



သူ့အဖြစ်ကတော့ ကိုယ်နှင့်မဆိုင်ဘဲ ကြားက ငထွား ခါးနာ ကိန်း ဆိုက်ပြီထင်ပါရဲ့။

ငွေဘုံသာရဲ့မျက်နှာလေးကို အာရုံထဲ ငြိပါလာပေမယ့် မကြည် နူးနိုင်။ ကိုရဲရင့်နှင့်ပတ်သက်ပြီး သူ့ကိုပါ ရွံမုန်းသွားပြီလားမသိ။

■ ■ ■

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၆)

"တော်သေးတာပေါ့ကွာ၊ မင်းပါသွားလို့ အခြေအနေက ဒီလောက်နဲ့ပဲ ပြီးသွားတာ၊ ကိုရဲရင့် ဒေါသကြီးတာ ငါ သိတယ်"

"အေး ငါလည်း ကြားထဲက တော်တော် မျက်နှာပူတယ်၊ ဒီကြားထဲ ကိုရဲရင့်ကို ထိန်းသိမ်းရတာလည်း တော်တော်ခက်တယ်"

"ဘာပဲဖြစ်ဖြစ် ဘာပြဿနာမှ ဖြစ်မလာတာကို ငါ့ဖေဖေနဲ့ မေမေက ကျေနပ်နေတာ၊ မင်းကိုလည်း ကျေးဇူးတင်နေကြတယ် ခန့် ငါလည်း ကျေးဇူးတင်ပါတယ်ကွာ"

ကိုရဲရင့်ကိစ္စမှာ သူ ကူညီခဲ့သည့်အတွက် ဩလေးတို့ မိသားစုက ကျေးဇူးတင်နေကြသည်။ ဒါပေမဲ့ သူ့မှာတော့ နောင်တတွေ ရှုံချင်ချင်ဖြစ်နေခဲ့တာ အမှန်။



www.burmeseclassic.com

www.burmeseclassic.com



ဒါကလည်း သူ့အာရုံထဲမှာ မပျောက်မပျက် ရှိနေဆဲ ငွေဘုံသာရဲ့ မျက်နှာလေးကြောင့်ပဲ ဖြစ်သည်။

"ကိုရဲရင့်ကို ကူညီလိုက်တာ ငါ့အတွက်တော့ နောင်တရချင်စရာ ဖြစ်သွားတယ် ဩလေး"

"ဟင် ဘာဖြစ်လို့လဲ ခန့်ရ"

"ဘာလို့လဲဆိုတော့ ငွေဘုံသာကြောင့်ပေါ့"

"ဘယ်လို ငွေဘုံသာ ဟုတ်လား၊ နေပါဦး ဘာဖြစ်လို့လဲ ငွေဘုံသာက မမရွှေဘုံသာရဲ့ညီမပဲ"

"အေး အဲဒီနေ့က သူ့မျက်နှာလေးကို ငါ မြင်လိုက်ရတာ ငါ့ရင်ထဲကို ထိသွားတယ်၊ တကယ်လှတဲ့ မျက်နှာလေးကွာ၊ အရယ်အပြုံးကင်းစင်နေတာတောင် ချစ်စရာကောင်းတယ်"

"ဟော့ကောင် ခန့် ကြည့်လုပ်ဦးနော်၊ မင်းအတွက် မိန်းကလေး မရှားပါဘူး"

"မဟုတ်ဘူး မတူဘူး ငွေဘုံသာနဲ့ တခြားမိန်းကလေးတွေ မတူဘူး၊ သူ့ကိုတွေ့လိုက်ချိန်မှာ ငါ့ရင်ထဲက လှုပ်ခတ်သွားခဲ့တာ"

"ခန့် ဘာလဲ မင်းက အလွယ်တကူ ရွေးချယ်နိုင်တာတွေ ရှိနေရက်နဲ့ ခက်ခက်ခဲခဲကို အာရုံဝင်စားနေတာလား၊ ကိုရဲရင့်နဲ့မမရွှေဘုံသာတို့ကြားမှာ ပြဿနာတွေ ကြီးမားနေတာနော်၊ ပြီးတော့ မင်းက ကိုရဲရင့်နဲ့အတူ လိုက်သွားတာကွ၊ ငွေဘုံသာက မင်းကို ဘယ်လိုမှ အမြင်ကြည်မှာမဟုတ်ဘူး"

ဩလေး ပြောတာကို သူ လက်ခံပါသည်။ ဒါပေမဲ့ ကိုရဲရင့်



www.burmeseclassic.com

www.burmeseclassic.com



ကိစ္စမှာ သူက ကြားလူတစ်ယောက်ပဲ ဖြစ်၏။ ကိုရဲရင့်ဆိုတာ သူနဲ့ ဘာမှပတ်သက်တာ မဟုတ်။

ပြီးတော့ ကိုရဲရင့်တို့ကိစ္စကို သူက နှစ်ဦးနှစ်ဖက် ပြေလည်အောင် ညှိနှိုင်းပေးတာပဲ ဖြစ်သည်။

"ဆိုင်တော့မဆိုင်ပါဘူးကွာ၊ ကိုရဲရင့် ပြဿနာက ငါနဲ့ ဘာမှ မဆိုင်ဘဲ ပြောရရင် ငါက ညှိနှိုင်းပေးသူပဲ"

"ငွေဘုံသာက သူ့အစ်မအတွက် ကိုရဲရင့်ကို မကြည်လင်တော့ အတူပါလာတဲ့ မင်းကို ကြည်လင်ပါ့မလား"

ဩလေး စကားကြောင့် အာရုံထဲမှာ ပြေးမြင်မိတာ ငွေဘုံသာ မျက်နှာတင်းတင်း မျက်နှာလေး။ ကိုရဲရင့်ကို ငွေဘုံသာ တစ်ယောက်တည်း သူ့ဘက်က အရင်ဆုံး ရင်ဆိုင်တွေ့ခဲ့တာ ဖြစ်သည်။

"အဲဒီအတွက် သူ အထင်လွဲနေရင်တော့ ငါ တောင်းပန်ရမှာပဲ။ အခု ကိုရဲရင့်ဘက်က ဘာဆက်လုပ်မှာတဲ့လဲ ဩလေး"

"ကိုရဲရင့်ကတော့ ကျွဲရှင်းကြောင်း ကြော်ငြာသတင်းစာထဲ ထည့်မယ်တကဲကဲ လုပ်နေလို့ ဖေဖေက တားနေတယ်၊ အိမ်ထောင်တစ်ခု ကျိုးမှာကို ဖေဖေက မလိုလားဘူး၊ ဒါကြောင့် မမရွှေဘုံတို့ဘက်က အခြေအနေကို ကာလတစ်ခုအထိ စောင့်ကြည့်ဖို့ ပြောနေတယ်"

"အင်း ဒါ အကောင်းဆုံးပဲ ကိုရဲရင့် ဘာပြောလဲ"

"လက်ရှိတော့ ဖေဖေ့စကားကို သူ နားထောင်ပါတယ်၊ တစ်နှစ်ကျော် ပေါင်းသင်းလာတဲ့ မိန်းမပဲကွာ၊ သူလည်း သံယောဇဉ်ရှိမှာပါ၊ တော့ အခု ပြဿနာက လင်မယားသီးသန့်ဖြစ်တဲ့ကိစ္စ မဟုတ်ပါဘူး



www.burmeseclassic.com

www.burmeseclassic.com



ဘေးက ဆွေမျိုးအနှောင့်အယှက်တွေပါလို့ ဖြစ်တဲ့ကိစ္စလေ”

“ငါလည်း မမရွှေဘုံသာကို အကဲခတ်ရသလောက် ကိုရဲရင့် အပေါ် သံယောဇဉ်ရှိနေသေးတယ် ထင်တာပဲ၊ ကွာရှင်းကြော်ငြာ မမရွှေဘုံသာက ကန့်ကွက်တယ်လေ”

“အေး ဘာတွေဆက်ဖြစ်လာမလဲဆိုတာတော့ စောင့်ကြည့် မှာပဲ”

“ကိုရဲရင့် ကိစ္စ အသာထားဦး၊ ငါသိချင်နေတာ ငွေဘုံသာ ကိစ္စကွ၊ မင်းသိသလောက် ငွေဘုံသာအကြောင်း ပြောပြကွာ”

“နေပါဦး ခန့်၊ မင်းရောဂါက အဲဒီလောက်အထိတောင် ဆိုးနေ ပြီလား”

“အမှန်ဝန်ခံရရင် ငါ သူနဲ့ထပ်တွေ့ချင်နေတယ်”

“ဒါဆိုရင်တော့ ငွေဘုံသာ ဖွင့်ထားတဲ့ ရတနာဆိုင်ကို မင်း လိုက်သွား ကျိန်းသေတွေ့မှာပဲ”

“ဟင် ငွေဘုံသာက ဆိုင်ဖွင့်ထားတယ်လား”

သူ အံ့သြသွားမိတာ အမှန်။ ငွေဘုံသာက ရတနာဆိုင်ဖွင့်က စီးပွားရေးလုပ်ငန်း လုပ်နေသည့် မိန်းကလေးတစ်ယောက်တဲ့လား။

“ဟုတ်တယ် ‘ပန်းသုံးပွင့်’ စိန်ရတနာတိုက်မှာ ငွေဘုံသာ သူ့ရဲ့သူငယ်ချင်းနှစ်ယောက်နဲ့ စပ်တူဖွင့်ထားတာ၊ ငွေဘုံသာက ရှယ်ယာ အများဆုံး ဝင်ထားတာတဲ့”

“အရေးကြီးတာ ငွေဘုံသာမှာ ချစ်သူရှိသလား”

“ဟ ဒါတော့ ငါလည်းမသိဘူးလေ၊ ငွေဘုံသာက စီးပွားရေ



www.burmeseclassic.com

www.burmeseclassic.com



ခဲ့ရထားတာတဲ့၊ ကိုရဲရင့် ပြောသလောက်တော့ ငွေဘုံသာက သူ့အစ်မ ရွှေဘုံသာထက် တော်တယ် ထက်မြက်တယ်လို့ ပြောဖူးတယ်”

ညြလေးကတော့ သူ သိသမျှကို ပြောပြရှာသည်။ ပန်းသုံးပွင့် အိနာတာနာတိုက်မှာ ငွေဘုံသာ ရှိသည်ဆိုသော သတင်းကပဲ သူ့အတွက် ပြည့်စုံနေခဲ့ပြီ။

ဒါပေမဲ့ ငွေဘုံသာမှာ ချစ်သူရှိနေခဲ့လျှင်တော့ . . . ။

ထိုအတွေးတစ်ခုနှင့်ပဲ သူ့ရင်ထဲမှာ မောနှံးနှံးကြီး ခံစားလိုက်သည်။ ဘယ်လိုမိန်းကလေးကြောင့်မှ မလှုပ်ခတ်ခဲ့သော နှလုံးသားသည် ငွေဘုံသာနှင့် ဆုံလိုက်ရသော တခဏလေးမှာ ဘာဖြစ်သွားရတာလဲ။

ဒါ အချစ်လား။ ဆန်းတော့ ဆန်းကြယ်လွန်းနေပါသည်။

■ ■ ■

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၇)

ထုံးစံအတိုင်း နောက်ရက်တွေမှာ သူ အချိန်ပိုမရှိအောင် ဖေကြီး အလုပ်တွေနှင့်သာ နပမ်းလုံးရသည်။

ဖေကြီး စေခိုင်းထားတာတွေကို သူ လုပ်ကိုင်ဆောင်ရွက်နေ ပေမယ့် အာရုံထဲမှာတော့ ငွေဘုံသာသည် အစဉ်အမြဲ ရှိနေခဲ့သည်

ဒီနေ့လည်း အပြင်မထွက်ရပေမယ့် ဖေကြီးရဲ့ရုံးခန်းထဲမှာ ဇာတ်ညွှန်းတွေ ဖတ်ပေးနေခဲ့ရသည်။ တနင်္ဂနွေ တစ်ရက်ကလွဲ အားရက်မရှိသော သူ့အတွက်တော့ ငွေဘုံသာ ရှိသော 'ပန်းသုံးပွ စိန်ရတနာ'တိုက်ကို မသွားနိုင်သေးတာအမှန်ဖြစ်သည်။

ညြလေးကတော့ သူငယ်ချင်းကောင်း ပီသပါသည်။ သူ စိ ဝင်စားနေသည်ဆိုသော ငွေဘုံသာ သတင်းကို မနေ့ညက မှန်းဆက်ပြေ ပြခဲ့သေးသည်။



www.burmeseclassic.com

www.burmeseclassic.com



"ခန့် မင်းသိချင်တဲ့ ငွေဘုံသာကို ဆက်သွယ်လို့ရမယ့် ဖုန်းနံပါတ် ငါ စုံစမ်းထားတယ်"

"ကျေးဇူးရှင် တော်လှချည်လား"

"မင်းအတွက်ပဲကွာ ကိုရဲရင့်အခန်းထဲ ဝင်မွှေရင်း ပန်းသုံးပွင့်ဆိုင်နဲ့ ဆက်သွယ်လို့ရတဲ့ လိပ်စာကဒ်လေးတွေ့တာကွ၊ အဲဒီထဲက ဖုန်းနံပါတ်ရလိုက်တာ ငွေဘုံသာ ဖုန်းနံပါတ်က ---"

ဩလေး ပေးသည့် ဖုန်းနံပါတ်လေးကို သူ မှတ်သားထားလိုက်ပါသည်။ ဒါပေမဲ့ သူ မဆက်ဖြစ်သေးပါ။ ဘယ်လို အကြောင်းပြချက်နှင့် ဖုန်းဆက်ရမည်လဲဆိုတာ ဦးနှောက်က တွေးမရသေးတာ အမှန်ဖြစ်သည်။

အမြဲတမ်း သူငယ်ချင်းတွေ အကြံဉာဏ်တောင်းလာလျှင် သူ ဆရာကြီးလုပ်ကာ ကူညီပေးတတ်ခဲ့သည်။ အကြံကောင်း ဉာဏ်ကောင်းတွေကိုလည်း ချက်ချင်း ဒက်ခနဲ ပေးတတ်ခဲ့သည်။

အခုတော့ ကိုယ့်အလှည့်ကျမှ အကြံတွေ ဉာဏ်တွေက ဘာကြောင့်များ ခေါင်းပါးနေကြသည် မသိပါ။

"သား ခန့်လေး"

ဇာတ်ညွှန်း ဖိုင်တွဲကြီးရှေ့ချကာ ရုံးခန်းစားပွဲမှာ ကျောက်ရုပ်ကြီးလို ထိုင်နေသောသူ ဖေကြီးခေါ်သံကြားမှ သတိဝင်လာ၏။

"ဗျာ ဖေကြီး ဘာလဲဟင်"

အလုပ်လုပ်နေချိန်တွေမှာ အာရုံလွင့် ငေးငိုင်နေတာမျိုးကို ဖေကြီး လုံးဝ သဘောမကျတတ်ပါ။ အခုလည်း သူ့ကို ဖေကြီး ဘယ်အချိန်ကတည်းက ရပ်ကြည့်နေသည်မသိ။

[redacted]

www.burmeseclassic.com

www.burmeseclassic.com



သေချာသည်က သူ့ကို ဖေကြီး အပြစ်တင် ဆူပူတော့မည် ထင်သည်။

"သား အိမ်ကို ပြန်လိုက်ကွာ"

"ဗျာ ဘာဖြစ်လို့လဲ ဖေကြီး"

"စောစောက သားမေကြီး ဖုန်းလှမ်းဆက်တယ်၊ သား မေကြီး ဝယ်မယ့် ခြံအတွက် ဈေးစကားပြောတာ အဆင်ပြေသွားပြီတဲ့၊ အဲဒါ ဒီနေ့ ချက်ချင်းငွေချေချင်လို့တဲ့"

သူ့ကို အပြစ်တင်စကားဆိုတာမဟုတ်ဘဲ မေကြီးကိစ္စဆိုတာ ကြောင့် မလုံမလဲ စိတ်ကလေးတွေ ပြန်အေးချမ်းသွားခဲ့ရသည်။

"သား မေကြီး တစ်ယောက်တည်း ဆိုတော့ သား အဖော် လိုက်သွားမှဖြစ်မယ်၊ သား နာရီဝက်အတွင်း ရောက်မယ်လို့ ဖေကြီး ပြောထားတယ်"

"ဟုတ်ကဲ့ ဖေကြီး သား အခုပဲ သွားလိုက်ပါ့မယ်"

သူ ဇာတ်ညွှန်းဖိုင်တွဲတွေကို အံဆွဲထဲ ပြန်ထည့်သိမ်းဆည်းနေ တုန်းမှာပဲ ဖေကြီးက စားပွဲဆီလျှောက်လာ၏။

"ထားခဲ့လိုက် သား၊ အဲဒီ ဇာတ်ညွှန်းကို ဖေကြီးပဲ ဖတ်ကြည့် လိုက်မယ်၊ သား ပြန်လာရင် ထူးထူးတို့ရဲ့ ရှုတင်ရိုက်ကွင်းကို လိုက်သွား လိုက်ကွာ၊ အဲဒီရောက်ရင် ဖေကြီးဆီ ဖုန်းဆက်၊ ဘာဆက်လုပ်ရမယ်ဆို တာ ဖေကြီး ပြောမယ်"

"ဟုတ်ကဲ့ ဖေကြီး"

ရုံးခန်းထဲက ထွက်ခဲ့တော့ ဖေကြီး ကျန်ရစ်ခဲ့သည်။ မေကြီး



www.burmeseclassic.com

www.burmeseclassic.com



…ပြီးလျှင် ငွေဘုံသာတို့ ဆိုင်လေးကို သွားမည်ဟု ကြိတ်ကြံစည်ထား …လေးတော့ ရင်မခုန်လိုက်ရပါဘဲ ပျက်စီးသွားခဲ့သည်။

နာရီဝက်အတွင်း သူ အိမ်အရောက်လာမည်ဟု မေကြီး မှာထား …သည့်အတိုင်း သူ အိမ်ရောက်တော့ မေကြီးက စောင့်နေသည်။

"မေကြီး နောက်ကျနေပြီလား၊ အခု သွားတော့မလား"

"နေဦး သား၊ အခုပဲ မေကြီး ဖုန်းဆက်တော့ ရှေ့နေကြီး …ကောင်းသာက နည်းနည်းနောက်ကျမယ်တဲ့၊ နာရီဝက်လောက်နေမှ …ကြီးတို့ အိမ်ကထွက်ကြတာပေါ့ သား အေးဆေးနားပါဦး"

"ဒါဆို သား ခြံထဲမှာပဲ ခဏထိုင်လိုက်ဦးမယ် မေကြီး"

မေကြီးကို ပြောပြီး သူ ခြံထဲဆင်းခဲ့လိုက်သည်။ ရေတမာပင် …အောက်မှ ခုံလေးမှာ သူ ထိုင်ရင်း ဖုန်းကိုထုတ်သည်။

ဩလေး ပေးထားသော ငွေဘုံသာရဲ့ ဖုန်းနံပါတ်လေးကို ရှာဖွေ …လိုက်သည်။ ဖုန်းက အလွယ်တကူပဲ ဝင်သွားပါသည်။ ငွေဘုံသာ …သံလေးကို မျှော်လင့်နားထောင်ရသော စက္ကန့်လေးတွေက ရင်ကို …ပေ၏။

"ဟဲလို အမိန့်ရှိပါရှင်"

အသံချိုချိုလေးကို ကြားလိုက်ကတည်းက ရင်ထဲမှာ နွေးခနဲ …လိုက်ရသည်။ ဒါ ငွေဘုံသာ အသံဆိုတာ သူ သိပါသည်။

"ဘုံပါ ဘုံ ပြောနေပါတယ် ဘယ်သူလဲရှင်"

ကိုရဲရင့်နှင့်တုန်းက ကြားရသော အသံမာမာလေးနှင့်တော့ …လွန်းစွာ ကွာခြားပါသည်။ ဝင်းမွတ်ကြည်လင်သော မျက်နှာလေး



www.burmeseclassic.com

www.burmeseclassic.com



ကလည်း ရှင်းသန့်ချောမောနေမှာ သေချာ၏။

"ကျွန်တော် ခန့်ညားဝင့်ထည်ပါ"

သူ့ဘက်ကလည်း အချိုသာဆုံး လေသံနှင့် မိတ်ဆက်မိသည်

သူ့ဆီ ဖုန်းဆက်သော မိန်းကလေးတိုင်းကို စကားပြောတိုင်း သူ အငေ

အရွှန်းလေးတွေနှင့် ပြောင်ချော်ချော် အမြဲပြောတတ်ခဲ့တာ ဖြစ်သည်

ငွေဘုံသာကိုတော့ သူ လေးနက်တည်ကြည်စွာပဲ ပြောဆိုခ

တာ ရင်ထဲက ဆန္ဒပဲ ဖြစ်၏။

"စိတ်မရှိပါနဲ့နော် အဲဒီနာမည်ကို ကျွန်မ မရင်းနှီးဘူးဖြစ်နေ

မမှတ်မိဘူးရှင့်"

"ဟုတ်ကဲ့ ကျွန်တော်က အခုမှ ငွေဘုံသာဆီ လှမ်းဖုန်းဆ

တာပါ"

"ဟုတ်ကဲ့ ဒါ စိန်တိုက်က ဖုန်းပါ၊ ဘာကိစ္စရှိလို့လဲဆိုတ

သိပါရစေ"

ဒီလိုပဲ မေးလာမည်ဆိုတာ သူ ကြိုတွေးပြီးသား ဖြစ်သည

သူ့ဘက်ကလည်း အကြောင်းပြချက်ကို စဉ်းစားပြီးသားမို့

"ကျွန်တော် သိချင်တာလေး မေးချင်လို့ပါ၊ ငွေဘုံသာတို့ တ

မှာ စိန်ထည်ပစ္စည်းကောင်းကောင်း ရနိုင်မလား သိချင်လို့ပါ"

"ရနိုင်ပါတယ်ရှင် ဘယ်လိုပစ္စည်းမျိုး လိုချင်သလဲဆိုတာ

ပါရစေရှင်"

အရောင်းအဝယ် စီးပွားရေးကိစ္စဆိုတော့လည်း ငွေဘ

စကားသံလေးတွေက ပြေပြစ်ချိုသာနေသည်။ သူသာ ကိုရဲနိုင်နှင့်ပါ



www.burmeseclassic.com

www.burmeseclassic.com



သော အဖော်ဟု သိလျှင် ငွေဘုံသာ အခုလို ပြောဆိုပါ့မည်လား။

"ကျွန်တော် လိုချင်တာက စိန်လော့ကတ်တစ်ခုပါ"

"ဟုတ်ကဲ့ ဘုံတို့ဆီမှာ ဒီဖိုင်းအစုံရှိပါတယ်၊ စိတ်တိုင်းကျ ရွေးချယ်နိုင်ပါတယ်ရှင်၊ ပြီးတော့ ကိုယ်လိုချင်တဲ့ ပုံစံဒီဖိုင်းနဲ့လည်း စိတ်တိုင်းကျ အပ်နှံနိုင်ပါတယ်"

"ဒါဆို ကျွန်တော် တိုက်ကိုလာမှ အဆင်ပြေမယ် ထင်တယ် နော်"

"ဟုတ်ပါတယ် အဲဒါက ပိုအဆင်ပြေပါလိမ့်မယ်၊ ဘာလို့လဲ ဆိုတော့ လိုချင်တာကို စိတ်တိုင်းကျ ရနိုင်မှာမို့ပါ"

"အိုကေ ဒါဆို ကျွန်တော် လာခဲ့ပါ့မယ်၊ ဟို ဆန်းဒေးဆို ငွေဘုံသာ ဆိုင်မှာရှိမလားဟင်"

"ရှိမှာပါ ကျွန်မ မရှိလည်း တစ်ယောက်ယောက် ရှိမှာပါ၊ ကျွန်မရဲ့သူငယ်ချင်းနှစ်ယောက်လည်း ဆိုင်ထိုင်ပါတယ်"

"ဟို ငွေဘုံသာနဲ့ စကားပြောထားတာဆိုတော့ ကျွန်တော် ငွေဘုံသာနဲ့ပဲ တွေ့ချင်တယ်"

ကိုယ့်မှာက ကိုယ့်အကြံနှင့်ကိုယ်မို့ ဖြစ်ချင်တာကို သူ ပြောမိသော့ တစ်ဖက်က စကားသံတိတ်သွား၏။ ပြီးမှ

"ရပါတယ် ဆန်းဒေးက ကျွန်မတို့အားလုံး ဆိုင်မှာရှိတတ်ပါ သယ်"

"ဟား ကျေးဇူး ကျွန်တော် လာခဲ့ပါ့မယ်ဗျာ"

"ဟုတ်ကဲ့ပါရှင် ဒါပဲနော်"

www.burmeseclassic.com

www.burmeseclassic.com



ငွေဘုံသာ ဖုန်းလေးပိတ်သွားတော့ သူ ကြည်နူးစွာ ပြုံးလိုက်မိသည်။ သူ အားလပ်သည့် ဆန်းဒေးရက်လေးကိုတော့ ငွေဘုံသာနှင့် ဆုံနိုင်ဖို့ ကြိုးစားခဲ့မိပြီ။

သူ့ကိုမြင်လျှင် ငွေဘုံသာ အံ့ဩသွားမည်လား။

■ ■ ■

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၈)

ဆိုင်ရှေ့ ကားပါကင်မှာ လင်ခရူဆာ ကားပြာကြီး ထိုးရပ်လာတည်းက ဘုံ သတိပြုမိသည်။ ကားတံခါး ဖွင့်ဆင်းလာသူကို မြင်လိုက်ချိန်မှာတော့ ဘုံ မျက်ခုံးလေးတွေ ပင့်တက်သွားရပါသည်။

အပြာနုနု ကွက်စိပ်ရှပ်လက်ရှည်ကို စတိုင်ပန် မီးခိုးရောင်နှင့် ပဲ့ဖက်ဝတ်ဆင်ထားသော သူ့စတိုင်က ရှင်းသန့်ခန့်ထည်နေ၏။

နက်မှောင်နေသော ဆံပင်တွေကို ဂျယ်လိမ်းကာ လှန်ဖြီးသင်ဦး ကပိုကရိုလေး ထောင်ထားသေး၏။ နုဖတ်ကြည်လင်နေသော မျက်နှာသေးနှင့် တကာယ်ကို ကြည့်ကောင်းပါသည်။

ဒါပေမဲ့ ဘုံ မှတ်မိနေသော ထိုရုပ်သွင်ကို စမြင်တွေ့လိုက်ကတည်းက အာရုံထဲမှာ ပြေးမြင်မိတာ ကိုရဲရင့် မျက်နှာကိုပဲ ဖြစ်သည်။

www.burmeseclassic.com



မမရွှေဘုံကို ကွာရှင်းခွင့်နှင့်ပိုင်ဆိုင်ရယူလိုမှုတွေ လာတောင်းဆိုစဉ်က အတူပါလာသူက သူမှသူပါပဲ။

ဆိုင်ထဲအထိ တစ်လှမ်းချင်း လျှောက်ကာ ဝင်လာသော သူ့လမ်းလျှောက်ပုံကလည်း ကြည့်ကောင်းပါသည်။ ဘုံကိုမြင်တော့ သူ့နှုတ်ခမ်းတွေက နှစ်လိုဖွယ် ပြုံးသွားခဲ့သည်။

ကိုရဲရင့်နှင့် အတူပါလာသော သူဟု သိထားသည့် ဘုံကတော့ သူ့ကိုပြုံးပြဖို့ စိတ်က ဘယ်လိုမှ လက်မခံနိုင်ပါ။

"ဟယ် ခန့်ခန့်"

တအံ့တဩ ရေရွတ်သံက နှယ်နီ နှုတ်ကပေါ်ထွက်လာတာဖြစ်သည်။ နှယ်နီ ကောင်တာနောက်ထိုင်ခုံက ထရပ်ပြီး သူ့ကို ပျာပျာသလဲ ထွက်ကြိုသည်။

ဒီပုဂ္ဂိုလ်က နှယ်နီနှင့်ပါ သိကျွမ်းနေသည် ထင်၏။ သူကလည်း နှယ်နီကို ရင်းနှီးခင်မင်စွာ ပြုံးပြရင်း

"နင်က ဒီမှာ ဘာလုပ်နေတာလဲ နှယ်နီ"

"ဟဲ့ ဒါ ငါရှယ်ယာဝင်ထားတဲ့ဆိုင်လေ၊ ငါတစ်ယောက်တည်း မဟုတ်ဘူး။ သဲစုပါ ပါတယ်၊ အဲ သူက ငွေဘုံသာတဲ့၊ တို့သုံးယောက်ပေါင်းပြီး ပန်းသုံးပွင့်ကို တည်ထားတာလေ"

"ဟုတ်လား သဲသဲပါ ပါတယ်ပေါ့လေ"

"အေး ပါတာပေါ့၊ နင် ဘာလုပ်မလို့လဲ ခန့်ခန့်၊ တို့ဆိုင်ကို လာတာလား"

သူ ခေါင်းလေးညိတ်ကာ ငွေဘုံကို လှမ်းကြည့်သည်။ ငွေဘုံ



www.burmeseclassic.com

www.burmeseclassic.com



မျက်နှာကတော့ အခုချိန်ထိ အရယ်အပြုံးကင်းမဲ့နေဆဲ။

"ဟုတ်တယ် ငွေဘုံသာနဲ့ငါ ဖုန်းဆက်ထားပြီးပြီလေ၊ စိန်ထည် ...ည်းတစ်ခု ငါလိုချင်လို့"

"ဟုတ်လား ငွေဘုံ နင် ပြောတဲ့သူက ခန့်ခန့်ကို၊ ခန့်ခန့်က ငါတို့နဲ့ ကျောင်းနေဖက်သူငယ်ချင်းတွေဟ၊ အထက်တန်းကျောင်းအထိ အတူတက်ခဲ့ကြတာ"

ဘုံတို့အသံတွေကို ကြားသွားပုံရသည့် သဲစု အတွင်းခန်းထဲက ထွက်လာသည်။ သူ့ကိုမြင်တော့ သဲစု မျက်နှာလေးလည်း ဖော်ရွှေစွာ ပြုံးရိပ်တို့ ဖြာဝေသွားရင်း

"နင့်အသံကြားလို့ ထွက်လာတာ၊ ဘာလဲ ငါတို့ဆိုင်ကို လာ အားပေးတာပေါ့လေ"

"အေးဟာ ဒါပေမဲ့ ငါက နင်တို့နှစ်ယောက် ရှိမယ်မှန်းမသိဘူး ငါသိတာ ငွေဘုံသာရဲ့ဆိုင်လို့ပဲ သိတာ၊ အခုမှ ရှယ်ယာဝင်တွေက နင်တို့ဖြစ်နေတာကိုး"

"ထိုင်လေ ခန့်ခန့် တစ်ခုခုသောက်ဟာ၊ အအေးသောက် နေ နော် ငါ သွားယူပေးမယ်"

နွယ်နီ ပြောရင်း အတွင်းခန်းထဲ ခပ်သုတ်သုတ် ဝင်သွားခဲ့သည်။ ဆိုင်ကို ရောက်လာသည့် ဧည့်သည်တွေကို ဧည့်ခံဖို့ အအေးဘူးတွေကို ရေခဲသေတ္တာထဲမှာ အမြဲအသင့် စီစဉ်ထားပေးသည်။

အခုလည်း နွယ်နီနှင့်သဲစု ဧည့်သည်ဖြစ်သော သူသည် ဘုံ့ဆီ ကြိုတင်ဖုန်းဆက်ထားသော ဝယ်သူတစ်ယောက် ဖြစ်နေ၏။ ဒါပေမဲ့

[redacted]

www.burmeseclassic.com

www.burmeseclassic.com



ဖုန်းဆက်စဉ်က သူမှန်း ဘုံ လုံးဝမသိနိုင်ခဲ့ပါ။

ဘုံကိုတော့ သူ ကောင်းကောင်း သိနေနိုင်သည်။ မျက်နှာချင်းဆိုင် ဆုံခဲ့ကြတာ ဘာမှမကြာသေးပါ။

စိန်ထည်ပစ္စည်းတစ်ခု လိုချင်သည်ဆိုသော သူ့ရည်ရွယ်ချက်က ဘာလဲဟု ဘုံ တွေးချင်စရာ ဖြစ်လာခဲ့ပြီ။ ဘုံကို ငွေဘုံသာမှန်းသိလျက်နှင့် ရောက်လာခြင်းက ဘာကြောင့်လဲ။

ကိုရဲရင့်ကိစ္စကို ဆိုင်မှာ ထပ်လာပြီး ဆွေးနွေးညှိနှိုင်းချင်သည် သဘောလား။

သံသယတွေနှင့် ဘုံ တွေးနေမိပေမယ့် သူ့အသွင်ကတော့ တည်ငြိမ်စွာ သဲစုနှင့် စကားတွေ ဖောင်ဖွဲ့နေသည်။

"ခန့်ခန့် ရှင် အခု ကျောင်းမပြီးသေးဘူးမို့လား၊ ဆယ်တန်းတုန်းက ငါးဘာသာဂုဏ်ထူးပါတာဆိုတော့ ဆေးကျောင်းသားကြီးပေါ့"

"နိုး ငါ UFL ပဲ တက်ခဲ့တာ"

"ဟယ် နှမြောစရာကောင်းလိုက်တာ၊ ဘာလို့ ဆေးကျောင်းမတက်တာလဲ ခန့်ခန့်ရယ်"

"ငါမှ ဝါသနာမပါဘဲ သဲသဲရဲ့၊ ကိုယ် ဝါသနာမပါဘဲ နားကြားလွယ် ဆေးထိုးအပ်ကိုင်ရမှာ ငါ မလုပ်ချင်ပါဘူး။ ဒါကြောင့် မတက်ဖြစ်ခဲ့တာပေါ့"

"နင့်ကို ငါတို့က ဆရာဝန်လောင်းတစ်ယောက်လို့ ထင်နေတာ၊ ကဲ သောက်လိုက်ဦးဟာ မုန့်လည်းစားနော်"

စတီးဗန်းထဲမှာ အအေးဘူးနှင့် မုန့်တွေပါ ထည့်ယူလာသော



www.burmeseclassic.com

www.burmeseclassic.com



နွယ်နီက သူ့ကိုငြှသည်ခံရင်း ထိုင်ခုံလွတ်မှာ ဝင်ထိုင်သည်။

"တို့သူငယ်ချင်းတွေ မထင်မှတ်ဘဲ ပြန်ဆုံကြတာ ဝမ်းသာလိုက်တာဟာ"

"အေး ညော် ငွေဘုံနဲ့ မိတ်ဆက်ပေးရဦးမယ်၊ ငွေဘုံ သူက ခန့်ညားဝင့်ထည် တဲ့၊ ခန့်ခန့် သူက ငါတို့အခင်ဆုံး သူငယ်ချင်း ငွေဘုံသာတဲ့၊ ကျောင်းပြီးတော့ ငါတို့သုံးယောက် တိုင်ပင်ပြီး ဒီဆိုင်ကို တည်ထောင်ဖြစ်တာ၊ ငွေဘုံကတော့ ရှယ်ယာအများဆုံးပေါ့ဟာ"

သဲစုက ရှင်းပြရင်း မိတ်ဆက်ပေးနေပေမယ့် ဘုံ ခေါင်းမညိတ်ခေါင်းမခါဘဲ ငြိမ်သက်နေလိုက်သည်။ ဒါကို သတိထားမိသော သူက ဘုံကို ပြုံးကြည့်နေရင်း

"သဲသဲ နင်တို့သူငယ်ချင်းက ငါ့ကို မကြည်ဘူးကွ"

"ဘာရယ်"

"ဟင် ငွေဘုံနဲ့နင် ဆုံဖူးကြလို့လား ခန့်ခန့်"

သဲစုနှင့်နွယ်နီ အံ့သြမျက်ဝန်းတွေနှင့် ဘုံဆီ လှမ်းကြည့်ကာမေးတာကို သူ အပြုံးမပျက်ခဲ့ဘဲ

"ဆုံဖူးတာမှ မကြာသေးဘူး။ ဒါပေမဲ့ ကောင်းသောဆုံတွေ့မှုမဟုတ်တာ ဝမ်းနည်းစရာကောင်းတယ်ဟာ၊ ဒီလိုဟ"

ကိုရဲရင့်နှင့်ပါလာသော အဖြစ်အပျက်တွေကို သူ ပြန်ပြောပြနေတော့ သဲစုနှင့်နွယ်နီတို့ နားထောင်နေကြသည်။ တကယ်ဆို ထိုကိစ္စတွေကို ဘုံ ပြောပြထားတာမို့ သဲစုတို့ သိနေကြပြီးသား ဖြစ်၏။

ဒါပေမဲ့ ကိုရဲရင့်နှင့်ပါလာသော အဖော်သည် 'ခန့်ညားဝင့်ထည်'

မျိုးဝေ

www.burmeseclassic.com

www.burmeseclassic.com



ဟု သဲစုတို့ မသိကြပါ။ ဘုံလည်း အခုမှ သိတာပဲဖြစ်၏။

"တကယ်ဆို ငါက ဘာမှမဆိုင်ပါဘူး။ ကိုရဲရင့်က ဒေါ်သကြီး တော့ ဆိုးဆိုးဝါးဝါးတွေ ဖြစ်မှာစိုးလို့ အဖော်လိုက်ပေးတာပါ၊ တောင်းပန် ပါတယ် ငွေဘုံသာ၊ ကျွန်တော့်ကို ခွင့်လွှတ်ပါနော်"

သဲစုတို့ကို ရှင်းပြရင်း ဘုံကိုပါ လှည့်ကြည့်တောင်းပန်နေတော့ ဘုံ မျက်မှောင်ကျုံ့ကြည့်ရင်း

"ဘာကိုတောင်းပန်တာလဲ၊ ရှင်နဲ့ကျွန်မ ဘာပြဿနာရှိလို့လဲ"

"ဟို ကိုရဲရင့်နဲ့ပါတော့ ငွေဘုံသာ အထင်လွဲမှာစိုးလို့ပါ"

"အိမ်ပေါ်တက် အမွေခွဲ နစ်နာကြေးတောင်းတဲ့သူဘေးမှာ ရှင်ပါလာမှတော့ တစ်နွယ်ငင် တစ်စင်ပဲလေ"

"ဟာ မဆိုင်ပါဘူးဗျာ ကျွန်တော်က အများအတွက် ကြားက ခါးနာရတဲ့ ငထွားပါဗျာ"

တစ်ချိန်လုံး ငြိမ်သက်စွာ နားထောင်နေသော နွယ်နီက

"ဖြစ်ရမယ် ခန့်ခန့်ရယ်၊ နင်က သူများကိုကူညီဖို့အတွက်ဆို အမြဲတမ်း ဝါသနာထုံတဲ့သူပဲ၊ အထက်တန်းကျောင်းတုန်းက အကျင့် မပျောက်သေးဘူးပေါ့လေ"

"အေးဟာ အဲဒီအကျင့်က ငါ့မူပိုင်အကျင့် ဖြစ်နေတာ၊ အခု လည်း ဩလေး အစ်ကိုဝမ်းကွဲ ကိုရဲရင့်ကိစ္စကို ကူညီမိတာပါ"

"ကဲပါ ငွေဘုံရယ် ခန့်ခန့်က တကယ် ရိုးသားပါတယ်ဟာ သူ့ကို နင် အထင်မလွဲပါနဲ့"

"ဟုတ်တယ် ငွေဘုံ၊ ခန့်ခန့်က စိတ်ရင်းကောင်းတယ်၊ သူငယ်



www.burmeseclassic.com

www.burmeseclassic.com



...ကိစ္စမှန်သမျှ သူ ကူညီတတ်တာ၊ ဟိုးအထက်တန်းကျောင်းသား ...ကတည်းကပဟ၊ အခုကိစ္စလည်း သူ့စေတနာနဲ့ကူညီပေးတာပါဟာ"

သဲစုနှင့်နွယ်နီက သူ့ဘက်ကချက်ချင်းပဲ ထောက်ခံချက်တွေ ...နေကြပြန်သည်။ သူ၏ဖြူစင်သော မျက်ဝန်းတွေကလည်း ဘုံကို ...ောင်းပန်နေတာ အထင်အရှား။

တကယ်ဆို ကိုရဲရင့်ကိစ္စက မမရွှေဘုံနှင့်သာ အဓိက သက်ဆိုင် ...သာကိစ္စဖြစ်သည်။ ငွေဘုံ သိသလောက် မာမီတို့ဘက်ကလည်း အပြစ် ...ောင်းစင်တာ မှန်သည်။

ဝင်မပါသင့်မှန်း သိပေမယ့်လည်း ကိုယ့်မိဘ၊ အစ်မကိစ္စဆို ...တော့လည်း ငွေဘုံ ဝင်ပါခဲ့ရသည်။

ခန့်ညားဝင့်ထည် ဆိုသော သူ့ဘက်က ကြည့်တော့လည်း ...ဆိုင် ဓားခုတ်ရာလက်ဝင်လျှိုသူလို ဖြစ်ခဲ့၏။

"ငွေဘုံသာ ကျွန်တော့်ကို စိတ်ဆိုးနေခဲ့ရင် ပြောပါနော်"

"ကျွန်မ ဘယ်သူ့မှ စိတ်မဆိုးပါဘူး။ ဒါ မမရွှေဘုံတို့ကိစ္စပဲလေ၊ ...ဓိက သူတို့ပဲရှင်းရမှာ"

"ဟုတ်ပါတယ် ကိုရဲရင့်ကို ဩလေး မိဘတွေကလည်း ပြေပြေ ...ည်လည် ညှိနှိုင်းခိုင်းနေပါတယ်"

"ကဲ အဲဒီကိစ္စတွေ ထားလိုက်တော့၊ ကိုခန့်ညားဝင့်ထည် လာ ...ာ အဲဒီကိစ္စဆက်ဖို့လား"

"ဟာ မဟုတ်ပါဘူး ကျွန်တော် စိန်လော့ကတ်တစ်ခု အပ်ချင် ...ပါဗျာ"



www.burmeseclassic.com

www.burmeseclassic.com



"ဒါဆို အဲဒီကိစ္စပဲ ဆွေးနွေးကြတာပေါ့၊ ဖြစ်ခဲ့တဲ့ကိစ္စတွေကို ကျွန်မ မေ့ပစ်ထားပြီးပြီ"

"ဝမ်းသာလိုက်တာဗျာ ကျေးဇူးပါပဲ"

ဘုံ စကားကြောင့် သူ ဝမ်းသာကျေနပ်စွာ ဆိုရှာသည်။ ကိုရဲရင့် နှင့်ပါ လာကတည်းက သူသည် ပြဿနာမဖြစ်အောင် ဝင်ရောက် ဖျန်ဖြေခဲ့သူဟု ဘုံ အသိအမှတ်ပြုထားပြီးသားပါပဲ။

"ခန့်ခန့် နင် ဘာပစ္စည်းမျိုး လိုချင်တာလဲ၊ လာလေ နင့်စိတ် ကြိုက် ရှာလေ၊ သူငယ်ချင်းရင်းကြီးတွေပဲ အဆင်ပြေအောင် လုပ်ပေးမှာ ပေါ့"

စကားဖြတ်ကာ နွယ်နီက သူ့ကို ကောင်တာထဲက သူလိုချင် သော စိန်လော့ကတ်သီးတွေကိုကြည့်ဖို့ ခေါ်သွားခဲ့သည်။

သဲစုက ဝယ်သူတစ်ယောက် ရောက်လာ၍ မေးမြန်းနေသည်။ ဘုံကတော့ ကောင်တာစားပွဲမှာထိုင်ရင်း လချုပ်စာရင်းတွေကို စစ်ဆေး နေလိုက်ပါသည်။

ဆယ်မိနစ်လောက်အကြာမှာ သူနှင့်နွယ်နီတို့ ဘုံအနားသို့ ပြန် ရောက်လာကြသည်။

"ငွေဘုံရေ ရှိတဲ့ပစ္စည်းတွေ ခန့်ခန့် မကြိုက်ဘူးတဲ့၊ ဒါကြောင့် သူလိုချင်တဲ့ ပုံစံဒီဇိုင်းအသစ် အပ်ချင်တယ်တဲ့၊ နင် လက်ခံစီစဉ်ပေး လိုက်ဟာ၊ ငါ သဲစုကို သွားကူလိုက်ဦးမယ်"

"အေး အေး ထိုင်ပါ ကိုခန့်ညားဝင့်ထည်"

"ဟား မောလိုက်တာဗျာ"



www.burmeseclassic.com

www.burmeseclassic.com



ဘုံ ရှေ့က ထိုင်ခုံမှာ ဝင်ထိုင်ရင်း သူဆိုတော့ ဘုံ မော့ကြည့်ရင်း

"အဲဒီလောက်အထိတောင် ရှင်လိုချင်တဲ့ ဒီဖိုင်းက ရှားနေလို့လား"

"ဒါကိုပြောတာ မဟုတ်ဘူး၊ ကျွန်တော့်နာမည်ခေါ်ရတဲ့ ငွေဘုံ ဆိုတာအစားပြောတာပါ"

"အဲဒါ ရှင့်နာမည်ပဲ မဟုတ်လား၊ ခန့်ညားဝင့်ထည်"

"ဟုတ်ပါတယ် ဒါပေမဲ့ ဒီလောက်ရှည်တဲ့ နာမည်ကြီး မခေါ်ကြပါဘူး၊ ခန့်ပဲဖြစ်ဖြစ် အဆင်ပြေသလို ခေါ်ပါ ဘုံ"

တောင်းဆိုရင်း ဘုံ နာမည်ကိုပါ ဘုံဟု တစ်လုံးတည်း ခေါ်သော့ ဘုံ မျက်ခုံးလေး ပင့်သွားရပါသည်။

"ငွေဘုံကိုလည်း ဘုံလို့ပဲ ခေါ်မယ်ဗျာ၊ မိတ်ဆွေတွေ ဖြစ်သွားကြပြီပဲ"

"ငွေဘုံလို့ပဲ ခေါ်ပါ ဘုံလို့ ဘယ်သူမှ မခေါ်ကြဘူး"

"ကောင်းတာပေါ့ဗျာ ဘယ်သူမှ မခေါ်တဲ့ နာမ်စားကိုပဲ ကျွန်တော် ခေါ်ချင်လို့ပါ ဘုံရယ်"

ဘုံ မျက်နှာကို ငေးငေးလေး စိုက်ကြည့်ရင်း သူဆိုတော့ ဘုံ ခင်ထဲမှာ လှိုက်ခနဲ ဖြစ်သွားရသည်။ စူးလက်တောက်ပသော သူ့မျက်ဝန်း တွေက တမင်လုပ်ယူတာ မဟုတ်ဘဲ ဖွဲ့ဆောင်မှုတွေ ရှိနေသည် ထင်၏။

ထိုမျက်ဝန်းတွေကို ရင်ဆိုင်ဖို့ မဝံ့ရဲစွာ ဘုံ ရှောင်လွှဲရင်း

"ရှင်လိုချင်တဲ့ ပုံစံဒီဖိုင်းကို ပြောလေ"

"ကျွန်တော် လိုချင်တာ စိန်ပွင့်လေးတွေ ပတ်လည်ခြံရံထားတဲ့



www.burmeseclassic.com

www.burmeseclassic.com



အသည်းပုံဒီဇိုင်းမှာ အင်္ဂလိပ်အက္ခရာ ဘီ ဆိုတဲ့ ပလက်တီနမ်စာလုံး လေးပါချင်တယ်''

''အရွယ်အစားကကော''

''အကြီးကြီး မလိုချင်ဘူးဗျာ၊ ကြည့်ကောင်းအောင်ပေါ့''

''စိန်ပွင့်ရတီကကော တန်ဖိုးက အစားစားရှိပါတယ်''

''ငွေက အရေးမကြီးပါဘူးဗျာ၊ လက်ရာကောင်းကောင်းနဲ့ ကျွန်တော်လိုချင်တဲ့ ဒီဇိုင်းပဲ''

''ဟုတ်ပြီ အဆင်ပြေစေရပါ့မယ်''

ဘုံ ဘောက်ချာရေးပေးပြီး ကမ်းပေးတော့ သူ့အကြည့်တွေက ဘုံ့မျက်နှာဆီမှာပဲ မမှိတ်မသုန် ရှိနေတာကို သတိထားမိ၏။

''စရံတစ်ဝက် ရှင်းခဲ့ပါ၊ ဆယ်ရက်ပြည့်ရင် ရပါမယ် ကိုခန့် ညား''

''ကျေးဇူးပါ ဘုံ''

အားလုံးကို နှုတ်ဆက်ပြီး သူ ပြန်သွားတော့ ဘုံ့ကို ကားပေါ်က ပြုံးပြနှုတ်ဆက်သွားခဲ့သေးသည်။

သူ ပြန်သွားပေမယ့် နွယ်နီနှင့်သဲစုကတော့ သူ့အကြောင်းတွေ ဘုံ့ကို ပြောပြမဆုံး ဖြစ်နေခဲ့သည်။

ခန့်ညားဝင့်ထည် ဆိုသော သူ့ရဲ့ဖခင်က အနုပညာလောက မှာ နာမည်ကျော် ဒါရိုက်တာ ထုတ်လုပ်သူ တစ်ဦးဟု သိလိုက်ရသည်။

ရုပ်ရှင်အကယ်ဒမီဆုတွေ သုံးဆုလောက် သိမ်းပိုက်ထားနိုင် သော အနုပညာရှင်ကြီးတစ်ယောက်မို့ ဘုံ သိနေခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com



"ခန့်ခန့်ကလည်း မင်းသားလုပ်မယ်ဆိုရင် အောင်မြင်လောက်တယ် ငွေဘုံရဲ့၊ ဒါပေမဲ့ သူက စိတ်မပါဘူးတဲ့"

"အေးနော် ခန့်ခန့် ရုပ်ရည်နဲ့စတိုင်နဲ့ဆို အသေအချာ အောင်မြင်မှာ ခန့်ခန့် အဖေကလည်း နာမည်ကြီး ဒါရိုက်တာပဲလေ"

နွယ်နီတို့ ထင်မြင်ချက်တွေကိုလည်း ဘုံ မငြင်းချင်ပါ။ ခန့်ညားဝင့်ထည် ဆိုသော ပုဂ္ဂိုလ်လေးက မိန်းကလေးတွေ ငေးမောနှစ်သက်လောက်အောင် ချောမောပြေပြစ်သည်။

ဒီလိုယောကျ်ားတစ်ယောက်အနားမှာ ဝိုင်းဝိုင်းလည်နေမည့် မိန်းကလေးတွေလည်း အများကြီးရှိနိုင်၏။

ရုပ်ရည်၊ ဂုဏ်ဒြပ်နှင့်ငွေကြေးဓနကအစ ပြည့်စုံသော ခန့်ညားဝင့်ထည်သည် ရွှေမင်းသားလေးတစ်ပါးလို ရှိလိမ့်မည်။

ကံကြမ္မာက တိုက်ဝိုက်ဆိုင်ဆိုင် ဆုံတွေ့ပေးလာတာအတွက်တော့ ဘုံ ဝမ်းသာရမည်လား မပြောတတ်သေးတာတော့ အမှန်။

■ ■ ■

[redacted]

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၉)

တကယ်ဆိုလျှင် ခန့်ညားအပ်ထားသည့် စိန်လည်ဆွဲလေး အော်ဒါအတွက် ဒိတ်ပေးထားတာက ဆယ်ရက်ကြာမှ ဖြစ်သည်။

ဒါပေမဲ့ ခန့်ညားဆိုသော ပုဂ္ဂိုလ်လေးကတော့ နောက်နှစ်ရက် အကြာမှာပဲ ဘုံတို့ စိန်တိုက်ကို ရောက်လာပါသည်။ ထုံးစံအတိုင်း သူ့ရဲ့ လင်ခရူဆာကားပြာကြီးနှင့် ဖြစ်သည်။

ကားပေါ်က ဆင်းလာသော ခန့်ညား လက်ထဲမှာလည်း စား စရာတွေ ဆွဲလျက် တွေ့ရ၏။ ကောင်တာမှာ ရှိနေသော နွယ်နီ မျက်နှာ လေး ရွှင်ပြုံးသွားခဲ့ကာ ထွက်ကြိုသည်။

"ခန့်ခန့် ဘယ်က လှည့်လာတာလဲ"

"ဖေကြီး ခိုင်းလိုက်တဲ့ကိစ္စလေးတစ်ခု လာရင်း ဘမင်ဒီကို



www.burmeseclassic.com

www.burmeseclassic.com



...တာ၊ နင်တို့စားချင်မလားလို့ မြိတ်ကတ်ကြေးကိုက်တွေပါ ဝယ်လာ...

"ကောင်းတာပေါ့၊ ဒီမှာ ငါနဲ့ငွေဘုံတောင် ဗိုက်ဆာချင်သလို ...နေလို့ ဘာစားရင်ကောင်းမလဲ တိုင်ပင်နေတာ အတော်ပဲ"

နှယ်နီကတော့ ခန့်ညား ကမ်းပေးသည့် စားစရာတွေကို လှမ်း...ပြီး ဘုံကို လှည့်ကြည့်၏။

"ငွေဘုံရေ ငါ သွားပြင်လိုက်ဦးမယ် ခန့်ခန့် နင့်အတွက်လည်း ...အား စိစဉ်ခဲ့မယ်"

ခန့်ညား ခေါင်းညိတ်ကာ ထိုင်ခုံမှာ ဝင်ထိုင်သည်။ ဘုံကို ...ကြည့်နေသော မျက်နှာလေးက အပြုံးတွေက ကြည်လင်နေသည်။

"ဘုံနဲ့နှယ်နီပဲလား သဲသဲကော မရှိပါလား"

ဘုံကို လှမ်းမေးနေတာမို့ ဖြေရှင်းပြရသေး၏။

"ဒီနေ့က သဲစု နားရက်လေ၊ ဒါကြောင့် သူ မလာဘူး"

"ဩော် နားရက်လား၊ ဘုံတို့က တစ်လှည့်စီ နားကြတာလား"

"အင်း ဟုတ်တယ် ကိုခန့်ညား"

"ဘုံရဲ့နားရက်ကကော ဘယ်နေ့လဲဟင်"

ဘာရည်ရွယ်ချက်နှင့်မေးတာလဲဟု ဘုံတွေးရင်း မော့ကြည့်တော့ ...ညား မျက်နှာက ပြုံးပြုံးလေးပဲ ရှိသည်။

စိမ်းဖန့်နေသော မျက်ခုံးတန်းတန်းလေးအောက်က ကြည်လင် ...သော မျက်ဝန်းတွေထဲမှာ သံသယဖြစ်လောက်စရာ မရှိးသားမှုတွေ ...ဝင်းစင်နေသည်။



www.burmeseclassic.com

www.burmeseclassic.com



မျက်လုံး၊ နှာတံ၊ နှုတ်ခမ်းတို့သည် အပြစ်ဆိုရက်စရာမရှိအော
ချောမောရှင်းသန့်သော ခန့်ညားဝင့်ထည် မျက်နှာသည် ကြည်လင်ေ
မွေ့လွှန်းပါသည်။

ဖြူနုဝင်းမွတ်သော မျက်နှာနှင့် လိုက်ဖက်ကြည့်ကောင်းသေ
ခန္ဓာကိုယ်အချိုးအစားကြောင့်လည်း ဘာဝတ်ဝတ် ကြည့်ကောင်းနေတေ
ထင်၏။ အခုလည်း နုံ့သာရောင်တီရှပ်လက်တိုကို ဂျင်းပင်န်ပြာနှင့်
ဝတ်ဆင်ထားသည့် စတိုင်လ်က ရှင်းသန့်လွှန်းနေ၏။

"ဘုံ မဖြေချင်လို့လားဟင်"

သူ ထပ်မေးမှ ဘုံ အသိတွေ ပြန်ဝင်လာကာ ခေါင်းလေး
ပြလိုက်ရသည်။

"မဟုတ်ပါဘူး၊ ဘုံတို့သုံးယောက်က နားရက်ကို သီးသ
သတ်မှတ်မထားပါဘူး၊ အဆင်ပြေသလို နားကြတာပါ၊ ဆိုင်အဝယ်က
ရက်တွေတော့ သုံးယောက် မဖြစ်မနေ ရှိကြပါတယ်၊ ကျန်ရက်တွေထဲ
အဆင်ပြေသလို နားကြတာပေါ့"

ဘုံ အလေးအနက် ရှင်းပြနေမိတာ သူ့ရဲ့ ဖြူစင်ရိုးသားသေ
မျက်ဝန်းတွေကို မလွန်ဆန်နိုင်၍လားတော့ မသိ။ ဆိုင်ကို သူ စလာသ
နေ့ကတည်းက ကိုရဲရင့်နှင့်ပါလာသော သူ့ကို နားလည်ခွင့်လွှတ်ပေး
ဖြစ်နေခဲ့၏။

"ခန့်ခန့် အအေးလေး သောက်လိုက်ပါဦး၊ ငွေဘုံရေ ဒီမှ
ခန့်ခန့် ဝယ်လာတာကို စားလိုက်ကြရအောင်"

နွယ်နီ ကမ်းပေးနေသော ပန်းကန်လေးကို ဘုံ လ



www.burmeseclassic.com

www.burmeseclassic.com



သည်။ သူ စားစေချင်၍ ဝယ်လာတာကို မငြင်းချင်တာကြောင့်လည်း ဖြစ်သည်။

"ခန့်ခန့် နင့်အဖေနဲ့အလုပ်လိုက်လုပ်နေတယ်ဆိုတော့ နင်က ဒီအလုပ်တွေကို ဝါသနာပါသွားပြီလား"

နွယ်နီ အမေးကို သူက သိမ်သိမ်မွေ့မွေ့လေး ပြုံးရင်း

"ပြောရရင် ငါက ဖေကြီးလောက် ဝါသနာမပါဘူးဟ၊ ဒါပေမဲ့ လည်း ဖေကြီးရဲ့လုပ်ငန်းတွေကို ငါပဲဆက်ခံရမှာပေါ့၊ ဒါကြောင့် လေ့လာ သင်ယူရင်း နေသားကျလာပါပြီ"

"နင် မင်းသားလုပ်ရင် အောင်မြင်မှာပါ"

"အဲဒါတော့ ငါ ဝါသနာမပါဘူး။ တကယ် မဟုတ်တဲ့ ဇာတ်လမ်း ထဲကအတိုင်း သရုပ်ဆောင်ရမှာ ငါ လုံးဝ မလုပ်တတ်ဘူးဟ"

"နင့်အဖေက ဒါရိုက်တာပဲ၊ အဆင်ပြေသွားမှာပေါ့"

"မထင်နဲ့ နွယ်နီ ဖေကြီး ရိုက်ကွင်းမှာ ရှုတင်လိုက်ရင်း မင်းသားဖယ်အတွက်လိုအပ်ရင် ဖေကြီးက ငါ့ကို အစားထိုးသရုပ်ဆောင် ခိုင်းဖူးတယ် ဘယ်လိုမှ အဆင်မပြေလို့ ဖေကြီးတောင် စိတ်ကုန်သွား တာ ဟား ဟား ဟား"

သူ့စကားသူ ပြောရင်း ခန့်ညား ရယ်တော့ ဘုံတို့လည်း လိုက်ရယ်မိကြသေးသည်။

"ဒါဆို နင်က နင့်အဖေလို ဒါရိုက်တာပဲ လုပ်မှာပေါ့"

"ပိုဝေးမယ် ထင်တယ်၊ ကိုယ်တောင် သရုပ်မဆောင်တတ်တာ သူများကို ဆရာလုပ်ညွှန်ကြားဖို့ မဖြစ်နိုင်ဘူး"



www.burmeseclassic.com

www.burmeseclassic.com



"အခု လုပ်ငန်းထဲမှာ ဝင်လုပ်နေပြီပဲ အဆင်ပြေသွားမှာပေါ့"

"ဖေကြီးရဲ့ ရုပ်ရှင်ကုမ္ပဏီနဲ့တော့ တေးထုတ်လုပ်ရေးတွေကို ငါ ဦးစီးနိုင်အောင် ကြိုးစားနေတာ ဖေကြီးဝါသနာပါတဲ့အလုပ်တွေကို ထိန်းသိမ်းဆက်ခံတဲ့ သဘောပါ၊ တစ်ချိန်ကျရင် ငါ့ကိုယ်ပိုင်လုပ်ငန်း တစ်ခု တည်ထောင်ဖြစ်မှာပါ"

ခန့်ညား စကားတွေကို နားထောင်ရင်း ခန့်ညားစိတ်ကို ဘုံ မြင်သိခဲ့ရသလို ခန့်ညားရဲ့ရိုးသားဖြူစင်မှုတွေကိုလည်း မြင်နိုင်ခဲ့သည်။ ခန့်ညားဝင့်ထည် ဆိုသော သူသည် မာန်မာန ကင်းစင်တာတော့ အသေ အချာပဲ ဖြစ်၏။

လမ်းကြုံတိုင်း ဘုံတို့စိန်တိုက်ကို ဝင်လာတတ်ကာ စားစရာ တွေလည်း အလိုက်တသိ ဝယ်လာတာ ခန့်ညားနှင့်ရင်းနှီးကျွမ်းဝင်မှုက အချိန်တိုလေးအတွင်းမှာ ခိုင်ကျည်ခဲ့၏။

ဘုံထက် ပိုမို ရင်းနှီးသောသဲစုတို့ နွယ်နီတို့ကတော့ ခန့်ညား ရောက်လာတိုင်း မေးခွန်းတွေနှင့် စပ်စပ်စုစု မေးတတ်စမြဲ။

"ခန့်ခန့် နင့်မှာ ရည်းစားရှိနေပြီလား၊ ငါတို့နဲ့မိတ်ဆက်ပေး ရအောင် ခေါ်ခဲ့ဟာ"

"အဲဒါ တစ်ခုတော့ ငါ တော်တော်ညံ့တယ်၊ မူးလို့ ရှူစရာမရှိ ဘူးဟာ"

"ပြောပြန်ပြီ ညာမနေနဲ့၊ နင်လားရည်းစားမရှိတာ ဒီလောက် ဝိုင်းဝိုင်းလည်နေတဲ့သူက"

"တကယ် ကျိန်ပြောရဲတယ် သဲစု ငါနဲ့ခင်မင်ရင်းနှီးတဲ့ မိန်း



www.burmeseclassic.com

www.burmeseclassic.com



ကလေးတွေ အများကြီးရှိတာ ဝန်ခံပါတယ်၊ ဒါပေမဲ့ ချစ်သူအဆင့် မရောက်ခဲ့ဘူး"

'ဟိုတစ်နေ့က ပိုင်ဖေနဲ့တွေ့တယ်၊ သူပြောတော့ နင်က ဆရာကြီးတဲ့ အခု သူနဲ့ချစ်သူဖြစ်နေတဲ့သူတောင် နင့်ကျေးဇူးကြောင့်ဆိုပဲ"

"ပိုင်ဖေကတော့ လုပ်ပြီ၊ ဒီကောင်က ဘာမှမပြောတတ် မလုပ်တတ်ဘူးဆိုလို့ ငါက အကြံပေးတာပါဟာ"

"နင်က ဒီလိုလည်း ကူညီတာပဲလား"

နွယ်နီအမေးကို သူ ရယ်ရင်း ဘုံကို တစ်ချက်လှမ်းကြည့်သည်။

"သူငယ်ချင်းတွေကို ငါ ကူညီတာ နင်တို့သိပါတယ်၊ အဲ ဘုံအစ်မ မမရွှေဘုံကိစ္စမျိုးတော့ တစ်ခါပဲ ကူညီဖူးတာပါဟာ"

ဘုံ ပြုံးမိပြန်ပါသည်။ ခန့်ညားဝင့်ထည်ကတော့ သူငယ်ချင်းတွေ အားလုံး ချစ်ခင်သူတစ်ယောက်ပဲ ဖြစ်မှာပါ။

ခန့်ညားနှင့် ခင်မင်ဖူးသူတိုင်း ခန့်ညားကို ချစ်ခင်ကြသည်။ သဲစုနှင့်နွယ်နီကိုပဲကြည့်။

အထက်တန်းကျောင်းတုန်းက ခင်မင်ခဲ့သော ခန့်ညားကို ပြန်တွေ့တော့ ငယ်ပေါင်းကြီးဖော်တွေလိုပါပဲ၊ ခင်မင်ကြတာ မကြာသေးသော ဘုံ ကိုယ်တိုင် ခန့်ညားကို ကျွမ်းဝင်ခင်မင်နေခဲ့ပြီထင်ရဲ့။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၀)

စိန်ပွင့်သေးသေးလေးတွေ ဝန်းခတ်စီခြယ်ထားသော အသည်းပုံ၏အလည်မှာ B ဆိုသော စာလုံးလေးက လှလှပပလေး ပုံဖော်ထားသည်။

ခန့်ညား အပ်နှံထားသည့် ဒီဇိုင်းအတိုင်း ပန်းထိမ်ဆရာဆီကို ဘုံ အပ်နှံစေခိုင်းခဲ့တာ ဖြစ်၏။ မနက်ဖြန် ခန့်ညား လာယူမှာမို့လည်း ဘုံ လက်ထဲမှာကြိုရောက်နေပြီ။

ထိုစိန်လည်ဆွဲလေးကို ခန့်ညား မည်သူ့အတွက် ရည်ရွယ်လုပ်ခဲ့တာလဲတော့ ဘုံ မသိပါ။ ကုန်ကျစရိတ်က စိန်ပွင့်လေးတွေ၏ တန်ဖိုးနှင့်တောင် မသေးလှတာ အမှန်။

ဒီလိုပစ္စည်းမျိုးကို တစ်ပါးသူအတွက် ခန့်ညားရည်ရွယ်သည်



www.burmeseclassic.com

www.burmeseclassic.com



ချင်တောင် သာမန်လူတစ်ယောက်အတွက် ဟုတ်ဟန်မတူပါ။ သူ့ရဲ့ ချစ်သူ ရည်းစားအတွက်လားဟု ဘုံ စဉ်းစားမိ၏။

နွယ်နီတို့မေးတုန်းကတော့ ခန့်ညားက ချစ်သူရည်းစားမရှိဟု ပြောသားသည်။ ဖြစ်နိုင်ပါ့မည်လား။ ခန့်ညားလို ယောကျ်ားတစ်ယောက် အတွက် ချစ်သူတစ်ယောက်ဆိုတာ မရှားပါးနိုင်။

ပြည့်စုံသော ငွေကြေးဥစ္စာနှင့် ပိုင်ဆိုင်ထားသော အောင်မြင် သည့်ကုမ္ပဏီလုပ်ငန်းတွေကလည်း ရှိသည်။ ခန့်ညားရဲ့ရုပ်ရည်နှင့်ဆိုတော့ အနားမှာ ခြွေပါဟု ကမ်းလင့်နေမည့် ပန်းလှလှလေးတွေ အရောင်စုံနေ မှာ မလွဲပါ။

ဖခင်ဖြစ်သူရဲ့အနုပညာလောကထဲက နာမည်ကျော် မင်းသမီး များတွေတောင် ပါနိုင်သည်။

မနေ့ကပဲ ဂျာနယ်တစ်ခုထဲမှာ နာမည်ကြီး မင်းသမီးငယ် တစ်ယောက်ဖြစ်သော 'နဒီသစ္စာဘို' နှင့် ခန့်ညားတို့ဓာတ်ပုံကို တွေ့ခဲ့ရ သေးသည်။ ကန်တော့ပွဲအခမ်းအနားတစ်ခုမှာဆိုပေမယ့် ခန့်ညားရဲ့ပုံရိပ် က မီဒီယာအသိုင်းအဝန်းကြားမှာ မြင်ရခဲသည်။

ထူးဆန်းသည်က ထိုဓာတ်ပုံနှင့်သတင်းကို ဖတ်လိုက်ရတော့ ရင်ထဲမှာဆို့နစ်သွားသလို ခံစားခဲ့ရ၏။

ဘာကြောင့်မှန်းမသိသော ထိုခံစားမှုနှင့် ဘုံ နွယ်နီတို့ကိုတောင် နယ်ကို ထုတ်ပြပြောမိသေး၏။

"ဒီမှာ ကြည့်စမ်း နင်တို့ရဲ့ခန့်ညားဝင့်ထည်က နာမည်ကျော်

www.burmeseclassic.com



မင်းသမီးနဲ့မှ တွဲတာကိုးဟ"

"ဟယ် မဟုတ်တာ ငွေဘုံရယ်၊ ဒါကန်တော့ပွဲပါ ငါ ဖတ်ပြီး ပြီ"

နွယ်နီကတော့ ငြင်းသည်။ သဲစုကတော့ မကြည့်ရ မဖတ်ရ သေးသောပုံနှင့် သတင်းကို ဖတ်ကြည့်ပြီးမှ

"ခန့်ခန့်က နဒီသစ္စာဘိုနဲ့ ကြိုက်နေတာဆိုရင် လိုက်ဖက်ည ပါတယ်၊ နာမည်ကျော် မင်းသမီးနဲ့မို့ ငါတို့ကို သတင်းပြန့်မှာစိုးပြီ ညာထားတာဖြစ်မှာပေါ့"

"အေး နင်ပြောတာ ဖြစ်နိုင်တယ်"

ဘုံ ထင်မြင်ချက်ကို ထောက်ခံပေမယ့် နွယ်နီကတော့ ဘာ တစ်ခွန်းမှ မဆိုဘဲ နှုတ်ဆိတ်ငြိမ်သက်နေတာ လက်မခံသည့် သဘော လား မသိပါ။

စိန်ပွင့်အသည်းလေးထဲက အင်္ဂလိပ်အက္ခရာ B ဆိုသော စာလုံးလေးကို ငေးကြည့်ရင်း ဘုံ အတွေးလေး ဖြာလက်သွား၏။

ထိုစကားလုံးလေးက နဒီသစ္စာဘို၏ နာမည်အဖျားစလုံး ဘ ကို ရည်ညွှန်းသော B လား။

သိပ်ကိုဖြစ်နိုင်ပါသည်။ ဒီလောက် တန်ဖိုးကြီးသော စိန်လည်ဆွဲ လေးကို နဒီသစ္စာဘို အတွက်ပဲ ရည်စူးကာ ခန့်ညား လုပ်ခဲ့တာဖြစ်မှာ

စိန်လည်ဆွဲလေးကို ဘူးလေးထဲ ပြန်ထည့်ရင်း ဘုံ ပင့်သက်သ ရှိုက်မိသည်။ ရင်ထဲမှာ ဘာရယ်မသိဘဲ နုံးချိမောဟိုက်သွားတာ ဘာ

[redacted]

www.burmeseclassic.com

www.burmeseclassic.com



ကြောင့်မှန်းမသိ။

ဒါ ခန့်ညားနှင့်ပတ်သက်နေသော ခံစားမှုလား။

"ငွေဘုံ ညီမလေး"

အခန်းထဲ ဝင်လာသော မမရွှေဘုံအသံကြောင့် အတွေးစလေးတွေ ပြတ်တောက်ကာ ဘုံ လှည့်ကြည့်မိသည်။

ပန်းနုရောင် ညဝတ်အင်္ကျီပါးလေးနှင့် မမရွှေဘုံ လှမ်းဝင်လာရင်း ဘုံ အိပ်ရာခုတင်စွန်းမှာ ဝင်ထိုင်သည်။

"မမ မအိပ်သေးဘူးလား"

"ဟင့်အင်း အိပ်မပျော်သေးလို့ကွယ်၊ ငွေဘုံလေး အိပ်ချင်ပြီလား"

မမရွှေဘုံ ပြောချင်သောစကားတွေ ရှိနေသည်လား မသိပါ။ ဘုံ ခေါင်းလေးခါရင်း မမရွှေဘုံကို စိုက်ကြည့်မိ၏။

"မမ ပြောစရာရှိလို့လား ပြောလေ၊ ဘုံ မအိပ်သေးပါဘူး"

"အင်း တခြားကိစ္စမဟုတ်ပါဘူးကွယ်၊ မနက်က ကိုရဲရင့်အုန်းဆက်တယ်"

"ဘာတဲ့လဲ မမ"

"မပြတ်မသားဖြစ်နေတဲ့ မမနဲ့သူ့အနာဂတ်ကို တစ်ခုခု ဆုံးဖြတ်ပါတဲ့"

ဘုံ ပင့်သက်ရှိုက်မိသည်။ အမှန်ဆိုလျှင် မမရွှေဘုံတို့လင်မယားကိစ္စမှာ ဘုံ ဘာမှဝေဖန်အကြံမပေးချင်ပါ။ ဟိုတစ်ခါ ကိုရဲရင့်နှင့် အခြေ

www.burmeseclassic.com

ဘျူးဝေဒပေ

www.burmeseclassic.com



အတင်တွေ ဖြစ်ပြီးမှ ဆုံးဖြတ်ခဲ့တာ ဖြစ်၏။

"ဘုံ ဘာမှ အကြံမပေးချင်ဘူး မမ၊ ဒီကိစ္စ မေမေသိပြီးပြီလား"

"အင်း မေမေက သူ့ကိုစိတ်နာနေတုန်းပဲ၊ ဒါပေမဲ့ ရုံးရောက်အောင်လည်း ပြဿနာ မကြီးမားချင်ဘူး"

"ဒါဆို သူလိုချင်တဲ့အရာကို ပေးလိုက်ပေါ့ မမရယ်"

အကြံမပေးချင်ဘူးဆိုပေမယ့်လည်း မမရွှေဘုံကိုကြည့်ကာ မနေ နိုင်ဘဲ ပြောမိပြန်ပါသည်။ မမရွှေဘုံကတော့ ခေါင်းမညိတ် ခေါင်းမခါဘဲ နှုတ်ဆိတ်ကာ ငေးနေပြန်၏။ ပြီးမှ ပင့်သက်ရှိုက်ရင်း

"မမ တကယ်ဆုံးဖြတ်ရခက်နေတယ် ဘုံလေးရယ်၊ သူက မမနဲ့ နှစ်ယောက်ဆို ဆွေးနွေးချင်တယ်တဲ့၊ မေမေနဲ့အန်ကယ်ဦးမြင့်ထူး တို့က လက်မခံနိုင်ဘူး။ ဦးဝင်းမော်ကလည်း သူ့ကိုတစ်ပြားတစ်ချပ်မှ မပေးဘဲ တရားရင်ဆိုင်တဲ့"

ဘုံ မျက်မှောင်လေး ကျုံ့သွားရပါသည်။ မေမေရဲ့ဝမ်းကွဲမောင် တွေဖြစ်သော ဦးမြင့်ထူးနှင့်ဦးဝင်းမော်တို့က ဒီလိုပြောကြသတဲ့လား။ တကယ်ဆို တရားရုံးမှာ ရင်ဆိုင်လျှင် အရှက်လည်းရ၊ ရှုံးနိမ့်ဦးမှာလည်း သေချာ၏။

ဒါ ဦးလေးတွေပေးတဲ့ အကြံကောင်းဟု ဘုံ မယုံကြည်ပါ။

"အန်ကယ် ဦးမြင့်ထူးတို့က ဘာလို့ ဒီလောက်အထိ မမရဲ့ကိစ္စ မှာဝင်စွက်ဖက်နေရတာလဲ၊ မေမေကလည်း တခြားသူစကားတွေကို နားခံ နေသလား၊ အမှန်ဆို မမဆန္ဒအတိုင်းပဲ ခွင့်ပြုရမှာပေါ့"



www.burmeseclassic.com

www.burmeseclassic.com



"အင်း မမကတော့ သူနဲ့ဆွေးနွေးချင်တယ်"

မမရွှေဘုံ ရင်ထဲက ဆန္ဒကို ဘုံ သိလိုက်ရသည်။ ဝန်ခံပြီးမှ မ ရွှေဘုံ လိပ်ပြာမလုံသလို ဘုံကိုကြည့်ရင်း

"ဟိုလေ ဟို မမဆိုလိုတာက ဖြစ်ခဲ့သမျှတွေက ကိုရဲရင့် အပြစ်တွေချည်း မဟုတ်ဘူး။ မမတွေးမိတာ အိမ်ထောင်တစ်ခု ပြိုကွဲ လောက်အောင်လည်း ဒီပြဿနာက မကြီးမားဘူး။ ဒါကြောင့် မမ ညှိနှိုင်းချင်တာ"

ဘုံ နားလည်ပါသည်။ တစ်နှစ်ကျော်ဆိုသော ကာလအပိုင်း အတိတောင် ရင်းနှီးပေါင်းသင်းခဲ့သော မမရွှေဘုံသည် ကိုရဲရင့်အပေါ် တော့ သံယောဇဉ်ကြီးမားမှာ သေချာ၏။

"အင်း ဘုံ မမကို အပြစ်မမြင်ပါဘူး။ မမဆုံးဖြတ်တာကို ဘုံ ာက်ခံတယ်"

"ခက်တာက မေမေကပါ အန်ကယ် ဦးမြင့်ထူးတို့စကားတွေကို အားဝင်ချင်နေတယ်"

"ဒါကို ဘုံ လက်မခံဘူး မမ၊ ဒီကိစ္စအတွက် မေမေ ပြောလာ င် ဘုံ ရှင်းမယ်"

"နေပါ ဘုံလေးရယ်၊ မေမေနဲ့ ဘုံလေး စကားမများကြပါနဲ့၊ ဘာသာ မေမေနဲ့ညှိပါ့မယ် ကဲ ဘုံလေး အိပ်တော့နော်"

မမရွှေဘုံ ထွက်သွားတော့ ဘုံ ပင့်သက်လေး ရှိုက်မိပြန်ပါသည်။ ကာယ်ဆို မမရွှေဘုံနှင့် ကိုရဲရင့်ဆိုတာ နှစ်ဦးတွေ့ဆုံ ချစ်ကြိုက်ခဲ့ကြ



www.burmeseclassic.com

www.burmeseclassic.com



သူတွေ မဟုတ်ခဲ့ပါ။

မေမေကိုယ်တိုင်က ကိုရဲရင့်၏ရိုးသားမှု၊ ကြိုးစားမှုတွေ
သဘောကျသည်ဆိုကာ သဘောတူ ကြည်ဖြူခဲ့တာပဲ ဖြစ်၏။

မမရွှေဘုံကလည်း မိဘစကားကို နားထောင်နာခံသူပီပီ မေမေ
ဆန္ဒကို မငြင်းပယ်ခဲ့ပါ။ မေမေရဲ့ခွင့်ပြုချက်နှင့်ကိုရဲရင့် အိမ်ကို ဝင်ထွက်
မမရွှေဘုံနှင့် တွေ့ဆုံစကားပြောရင်း သုံးလလောက် ကျွမ်းဝင်ခဲ့ပြီး
နောက်ပိုင်း မြန်ဆန်စွာပဲ လက်ထပ်ဖြစ်ခဲ့ကြသည်။

အခုတော့ အိမ်ထောင်သက် တစ်နှစ်ကျော်မှာပဲ ပြဿနာတွေ
တက်ကာ အကွဲအပြဲ ဇာတ်လမ်းဖြစ်ခဲ့ပြီ။

စေ့စေ့စပ်စပ် တွေးကြည့်လျှင်တော့ မမရွှေဘုံနှင့် ကိုရဲရင့်
နှစ်ဦးကြောင့် မဟုတ်တာ ထင်ရှားသည်။ ပြဿနာတွေက မေမေရဲ့ဘ
က ဆွေမျိုးတွေကုမ္ပဏီလုပ်ငန်းထဲ ဝင်ရောက်လာချိန်မှာ စတင်ခဲ့ခြင်းသ
ဖြစ်၏။

ကိုရဲရင့်က ယောက်ျားမာနနှင့် မေမေပိုင်သော ကုမ္ပဏီ
ကျောခိုင်းကာ သူတို့လင်မယား နောင်ရေးအတွက်ဆိုကာ တခြားစီး
ရေးလုပ်ငန်းကို တည်ထောင်သည်။

မေမေကလည်း အားကိုးရသော သမက်က ဒီလိုဥပေက္ခာ
တာကို သဘောမကျခဲ့။ နောက်ဆုံးတော့ အိမ်ထောင်ရေးပြိုကွဲသ
အခြေအနေကို ရောက်ခဲ့တာပဲဖြစ်၏။

မဆိုင်သလို နေခဲ့သော ဘုံ ကိုယ်တိုင် ကိုရဲရင့်အိမ်ပေါ



www.burmeseclassic.com

www.burmeseclassic.com



ရောက်လာကာ အခွင့်အရေးတွေ တောင်းဆိုတော့ မကျေမနပ် ပြဿနာ ရှာခဲ့မိသေး၏။

အခုတော့ မမရွှေဘုံရဲ့စိတ်ကိုလည်း သိခဲ့ပြီ။ မေမေရဲ့ဝမ်းကွဲ အောင်တွေရဲ့ သဘောထားစိတ်ရင်းအမှန်ကိုလည်း မြင်တတ်ခဲ့ပြီမို့ ဒီ ပြဿနာထဲမှာ ဘာမှဝင်မစွက်ဖက်ချင်တော့ပါ။

အရင်ကတည်းက ဘုံကိုယ်တိုင် ကိုယ်ပိုင်စီးပွားနှင့် တစ်ဦး တည်း ရပ်တည်ရှန်းကန်ချင်သော အလုပ်ကိုပဲ လုပ်ခဲ့တာ ဖြစ်၏။

အိမ်ထောင်ရေးနှင့်အချစ်ဆိုတာကိုလည်း စိတ်မဝင်စားခဲ့ပါ။ ကျောင်းတုန်းကလည်း အချစ်နှင့်ပတ်သက်ပြီး ရင်မခုန်တတ်ခဲ့တာမို့ ချစ်သူရည်းစားတောင် မထားခဲ့။

မမရွှေဘုံလို မေမေ စိတ်ကြိုက်ရွေးချယ် အိမ်ထောင်ချပေးမှာ ကိုလည်း လက်မခံဟု မေမေ့ကို ယတိပြတ်ကြေညာထားခဲ့သည်။

လူတစ်ယောက်ဘဝမှာ အချစ်ဆိုတာ အဓိကကျ အရေးပါသော အရာမဟုတ်ဟု သတ်မှတ်ထားခဲ့သော ဘုံအတွက် နှလုံးသားဆိုတာ သက်ရှင်သန်ရှူရှိုက်ဖို့ ခုန်နေခြင်းဟုပဲ ယုံကြည်ခဲ့၏။

အခုတော့ ယောက်ျားတစ်ယောက်ကြောင့် ဘုံ နှလုံးသားက ခုန်တတ်ခဲ့တာကိုတော့ ဝန်ခံရတော့မည်။

ခန့်ညားဝင့်ထည် ဆိုသော ယောက်ျားတစ်ယောက်ရဲ့ အပြုံး တွေ အကြည့်နွေးနွေးလေးတွေမှာ ဘုံ ရင်ခုန်သံတွေ ရှိန်းမြခဲ့သည်။

ထိုယောက်ျားကြောင့်ပဲ ဘုံ ရင်ထဲမှာ ဝေဒနာ ခံစားမှု အသစ်



www.burmeseclassic.com

www.burmeseclassic.com



တွေကို ပိုင်ဆိုင် ခံစားတတ်ခဲ့သည်။

စားပွဲပေါ်က စိန်လည်ဆွဲတူးလေးကို ဘုံတစ်ချက် စိုက်ကြည့်

ပင့်သက်တစ်ချက် ရှိုက်မိပြန်သည်။

ဘုံ ထင်ထားသလိုသာ မလွဲဘူးဆိုလျှင်တော့ ဒီစိန်လည်

လေးက ခန့်ညားရဲ့ချစ်သူ ရွှေမင်းသမီးလေး 'နဒီသစ္စာဘို' အတွက်

ဖြစ်လိမ့်မည်။

ခန့်ညားရယ် ရှင် ကျွန်မနှလုံးသားကို ကျီစယ်ခဲ့တာလား

ကျွန်မ ကိုယ်တိုင်ကပဲ ငြိမှန်းမသိ ငြိတွယ်သွားခဲ့တာလား။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၁၁)

စိန်ပွင့်စီခြယ် အသည်းပုံလည်ဆွဲလေးကိုကြည့်ရင်း သူ နှစ်နှစ်ခြိုက်ခြိုက် ပြုံးနေတာကို မြင်တော့ ဘုံ ရင်ထဲမှာ ဝမ်းနည်းချင်သလိုလို ခံစားရပါသည်။

"တကယ် လက်ရာမြောက်တယ်ဗျာ၊ ကျွန်တော် သိပ်ကြိုက်သွားပြီ"

သူ ချစ်သူ မိန်းကလေးအတွက် ရည်စူးထားသော စိန်လည်ဆွဲလေးပိုင်ဆိုင်လိုက်ပြီမို့ သူ ကြည်နူးဝမ်းသာနေပြီပေါ့။

"ဒီမှာ ပစ္စည်းအတွက် ကျန်တဲ့ငွေပါ၊ ကျွန်တော်လိုချင်တဲ့ လက်ရာအတိုင်း လုပ်ပေးတဲ့အတွက် ကျေးဇူးတင်ပါတယ်၊ ဘုံနဲ့နင်တို့ နှစ်ယောက်ကို ပြုစုကျွေးမွေးပါရစေ"

ဘုံနှင့်နွယ်နီတို့ကိုကြည့်ကာ သူ ပြောတော့ နွယ်နီက



www.burmeseclassic.com

www.burmeseclassic.com



"ခန့်ခန့် ဒီပစ္စည်းလေးရလို့ နင် အရမ်းကျေနပ်ဝမ်းသာနေတယ်ပေါ့"

"ဟာ ဝမ်းသာတာပေါ့ဟာ၊ ငါလိုချင်တဲ့ပုံစံအတိုင်း နင်တို့လုပ်ပေးခဲ့တာကို တကယ် ကျေးဇူးတင်တာပါ"

"အဲဒါ နင့်ချစ်သူအတွက် ရည်စူးလုပ်တာလား ခန့်ခန့်"

နွယ်နီ အမေးစကားကြောင့် သူ့မျက်နှာက ရှက်ရိပ်လွှမ်းသွားခဲ့တာ အထင်အရှား။ ဖြူဝင်းနေသော မျက်နှာက ပန်းသွေးရောင်လွှမ်းသွားတာ ဘုံ သတိထားမိပါသည်။

ပြီးတော့ သူ့အကြည့်တွေက ဘုံ့ဆီကို ဝေ့ခနဲ ရောက်လာကာ ရှက်ရယ်ကလေးရယ်နေရင်း

"အင်း ငါရည်စူးတဲ့သူအတွက်ပဲ ဆိုပါတော့၊ ဒါပေမဲ့ သူနဲ့ငါ ဘာမှဖွင့်မပြောရသေးပါဘူး၊ အခုမှ ခင်မင်ရင်းနှီးတုန်းပဲ ဆိုပါတော့"

သူ့ဝန်ခံစကားက သိဝှက်မှုတွေနှင့်သာ ဖြစ်သည်။ အမှန်အတိုင်းဝန်ခံဖို့အတွက် ခက်ခဲနေတာ နာမည်ကြီး ရွှေမင်းသမီးတစ်ယောက်ရဲ့ဂုဏ်သိက္ခာနှင့် အခြေအနေတစ်ခုကြောင့်ပဲ ဖြစ်မည်ထင်ပါသည်။

ဘုံ တွေးဆထားသည့်အတိုင်း ဒါ နဒီသစ္စာဘို အတွက် ခန့်ညား ရည်ရွယ်သည်ဆိုတာကတော့ ထင်ရှားနေခဲ့ပြီ။

"အခုချိန်မှာ ငါ့ဘက်က အမှန်အတိုင်း ဝန်ခံဖို့ ခက်ခဲနေသေးလို့ပါဟာ၊ တစ်ချိန်ကျရင် နင်တို့အလိုလို သိလာမှာပါ"

နွယ်နီနှင့်သဲစုတို့ ဘာမှထပ်မမေးတော့ပါ။ ခန့်ညားရဲ့ကိုယ်အေ



www.burmeseclassic.com

www.burmeseclassic.com



ကိုယ်တာကို ဒီလောက်အထိ စပ်စုမိတာပဲ လွန်လွန်းနေပြီ။

"ကဲ နင်တို့ ဘာစားကြမလဲ ပြောလေ၊ ငါ ကျွေးမွေးဒါနပြု ပါရစေ"

"နေပါစေဟာ ငါတို့ ဘာမှမစားချင်ပါဘူး၊ တကယ်ဆို ငါတို့ ဆိုင်ကို နင်လာအားပေးတာအတွက် ငါတို့ကတောင် ကျွေးရဦးမှာပါ"

သဲစု စကားကို သူက ခေါင်းခါငြင်းဆန်ရင်း

"ငါ ဆိုင်လာတိုင်း နင်တို့ညွှန်ခဲ့တဲ့ အအေးတွေ မုန့်တွေ စားနေကျပဲ၊ အခု ငါက ပြန်ကျွေးမွေးချင်တာ၊ ဒီလိုလုပ်ပါလား နင်တို့ ဆိုင်သိမ်းချိန် ငါ လာခေါ်မယ်၊ နင်တို့ကိုဒင်နာ ကျွေးချင်လို့"

"ငါတို့ဆိုင်က ငါးနာရီလောက်မှ ပိတ်တာ ခန့်ခန့်ရဲ့"

"ရတယ် သဲသဲ၊ ငါးနာရီလောက် ငါ တစ်ခေါက်လာခေါ်မှာပေါ့၊ ဒီနေ့ကင်္ဂါအတွက် ဖရီးဒေးပါ အဆင်ပြေတယ်"

ခန့်ညားက လိုလိုလားလား ဖွတ်တောင်းဆို ဖိတ်ခေါ်နေတော့ သဲစု မငြင်းဆန်နိုင်သလို ခေါင်းညိတ်ရင်း

"အေးလေ ဒါဆိုလည်း ငါတို့ဆိုင်သိမ်းချိန်လောက် နင်လာ ခေါ်ပေါ့"

"အိုကေ ကျေးဇူးတင်တယ် သဲသဲ၊ နွယ်နီ နင်လည်း စောင့်နေ နော်"

နွယ်နီ ခေါင်းလေးညိတ်ပြသည်။ သူ့အကြည့်တွေက ဘုံဆီ ဘာသည်ရောက်လာရင်း



www.burmeseclassic.com

www.burmeseclassic.com



"ဘုံ ဘုံလည်း လိုက်ခဲ့ပါနော်"

"ဟုတ်ကဲ့"

ဘုံ ယဲ့ယဲ့လေးပြောကာ ခေါင်းလေးညိတ်ပြမိ၏။ ကြည်နူးအငေ့ တွေ ဖြာဝေနေသော သူ အားလုံးကို နှုတ်ဆက်ပြန်သွားတော့

"ငွေဘုံ နင် ထင်တာ ဖြစ်နိုင်တယ်၊ ခန့်ခန့်ချစ်သူက ေ သစ္စာဘိုပဲ ထင်တယ်"

သဲစုစကားကို ဘုံ အပြုံးလေးနှင့်ပဲ တုံ့ပြန်မိသည်။ ကြိုတ တွေးထားပြီးဖြစ်ပေမယ့် တကယ်တမ်း သေချာနေပြီဆိုတာ သိရတေ ဘုံ ရင်ထဲမှာ ခံစားရသော ဝေဒနာက ဆိုးပါသည်။

တကယ်ဆို ခန့်သားနှင့်ဘုံ ခင်မင်ရင်းနှီးခဲ့ကြတာ ဘာမှ မကြ သေးပါ။ ဒါပေမဲ့ ဘာကြောင့် ဘုံရင်မှာ ဒီလောက် ထိရှခံစားနေမိတာ

ဘုံ နှလုံးသားက ခံစားချက်ကပဲ နုနယ်လွန်းနေခဲ့တာလ

သူ ကျွေးမွေးသည့် ညနေစာကို ဘုံ လက်ခံလိုက်မိတာ နောင်တရချင်မိတာလည်း အမှန်။

မဖြစ်နိုင် မရနိုင်သော အရာတစ်ခုကို ဘုံ မိုက်မဲစွာ မျှော် နေမိသလို ဖြစ်နေပြီလား။ ကိုယ့်ဝေဒနာကို ကိုယ်တိုင်မွေးမြူနေမိသ ဖြစ်နေပြီ ထင်ပါရဲ့။

အသေအချာ တွေးကြည့်လျှင် ဘယ်လိုအကြောင်းပြချက်န ဘုံနဲ့သူ မပတ်သက်သင့်တော့ပါ။ သူ ကျွေးမွေးသော ညနေစာကို ဝ စားဖို့ ဘုံ ဆုံးဖြတ်ပြီး ဖြစ်နေခဲ့သည်။

■ ■ ■

ဗျူးစာပေ

www.burmeseclassic.com

www.burmeseclassic.com



အိမ်ပြန်ရောက်သည်အထိ ဘုံစိတ်တွေ မွန်းကြပ်နေခဲ့သည်။ ဒိုင်က ညနေသုံးနာရီခွဲကတည်းက ဘုံအကြောင်းပြ ပြန်ခဲ့တာဖြစ်၏။

"ငါ ခေါင်းတွေကိုက်ပြီး နေမကောင်းချင်သလို ဖြစ်နေလို့ စောစော ပြန်ချင်တယ်ဟာ"

"ဟင် နေမကောင်းဘူးလား ဘုံ"

"အင်း မနက်ကတည်းက ခေါင်းတွေ အုံ့ခဲနေတာ သဲစုရဲ့"

"ဒါဆိုလည်း ပြန်လေဟာ၊ ရတယ် ဆိုင်အတွက်မပူနဲ့၊ ငါနဲ့ နွယ်နီ ရှိတာပဲ"

သဲစုက နားလည်စွာနှင့် ဘုံကို ပြန်ခွင့်ပြုသည်။ နွယ်နီက ဘုံ ကို လှမ်းကြည့်နေရင်း

"ငွေဘုံ နင် ခန့်ခန့်ကျွေးတဲ့ ဒင်နာ လိုက်မစားတော့ဘူးလား"

"ဟင့်အင်း ငါ တကယ်မလိုက်ချင်လို့ဟာ၊ နင်တို့ပဲ ကြည့်ပြောပြလိုက်ပေါ့"

ကိုယ့်ရင်ထဲက အပူကို ဘယ်သူသိနိုင်မှာလဲ။ ငါးနာရီလာခေါ် မည့် ခန့်ညား ရောက်မလာခင် သုံးနာရီခွဲလောက်ကတည်းက ဘုံ ပြန် ခဲ့လိုက်သည်။

မေမေ့ကိုလည်း ခေါင်းကိုက်သည်ဟု အကြောင်းပြကာ အခန်း ထဲ ဝင်နားနေလိုက်သည်။ ညနေစာစားဖို့ မမရွှေဘုံ လာခေါ်တော့လည်း ဘုံ ဆာလောင်စိတ်မရှိတာကြောင့် ငြင်းမိပြန်၏။

"ဘုံ မဆာသေးလို့ မမရွှေဘုံတို့ စားနှင့်ပါ"

www.burmeseclassic.com

www.burmeseclassic.com



"ဘုံလေး နေမကောင်းလို့လား၊ ခေါင်းကိုက်နေတာဆို၊ ဆေး
ကော သောက်ပြီးပြီလား"

"ပြီးပါပြီ မမ၊ သက်သာပါတယ်၊ ဆိုင်မှာကြေးအိုးဆီချက်တွေ
စားလာလို့ မဆာတာပါ"

"ဩော် အင်း အင်း ဒါဆိုလည်း ဆာမှဆင်းစားတော့နော်"

မမရွှေဘုံ ထွက်သွားတော့ ဘုံ အခန်းထဲမှာပဲ အသာလှဲအိ
နေလိုက်ပါသည်။ ရင်ထဲမှာ လစ်ဟာနေသော ဝေဒနာတစ်ခုက ဘာ
ကြောင့် ဝင်ရောက်နေခဲ့ရသည်လဲ။

အာရုံထဲမှာ တိုးဝင်လာတာ ခန့်ညားရဲ့ပုံရိပ်ပဲဖြစ်သည်
အေးချမ်းရိပ်တို့ လွှမ်းခြုံနေသော အပြုံးနွေးနွေးနှင့် ညို့နိုင်စွမ်းသော
သူ့အကြည့်တွေဆည် ဘုံ အာရုံထဲကို စိုးမိုးနိုင်စွမ်းသည်။

ဘုံ တမင်ရှောင်တိမ်းခဲ့ပေမယ့် ခန့်ညားကတော့ နွယ်နီ
သံစုတို့နှင့် ညနေစာ စားသောက်နေလောက်ပြီထင်၏။

ဘုံ ရှိမနေခြင်းအတွက်လည်း ခန့်ညားအတွက်က ဘာမှ
ခြားသွားမှာ မဟုတ်တာ သေချာသည်။ မနက်က မြင်ခဲ့ရသော သူ့အ
အပျော်တွေသည် နဒီသစ္စာဘိုအတွက်ဆိုတာ သေချာနေမှတော့

သံယောဇဉ်တွေကို ဘုံ ဘာကြောင့် ဆက်နှောင်ဖွဲ့ဖို့ မျှော်
ရတော့မှာလဲ။ ကြာရင် ဘုံပဲ နာကျင်ခံစားရမှာပဲဖြစ်၏။

မောန်းနေသော စိတ်တွေ လန်းဆန်းသွားအောင် ရေချိုး
လိုက်တော့ လူက လန်းဆန်းသွားပေမယ့် စိတ်က မှုန်းပြုပ်နေဆဲ

www.burmeseclassic.com

www.burmeseclassic.com



ထမင်းစားခန်း ဝင်ခဲ့ပေမယ့် စားချင်စိတ်တို့ ကုန်ခမ်းနေ၏။ ...စ်ပန်းကန်တောင် မကုန်ဘဲ ပြန်ထွက်ခဲ့ရသည်။

မေမေနှင့်မမရွှေဘုံတို့ ဧည့်ခန်းထဲမှာ တီဗီထိုင်ကြည့်နေတာ ...တော့ ခဏဝင်ထိုင်မိသေး၏။ စိတ်အာရုံက မပါတော့ အိပ်တော့မည် ...ကာ အိပ်ခန်းထဲ ပြန်ရောက်ခဲ့ရပြန်သည်။

ခုတင်ပေါ်လှဲဖို့ ကြံစည်ခိုက်မှာ ဟန်းဖုန်းလေးက မြည်လာ ...သည်။ သဲစုလား။ နွယ်နီလား တစ်ယောက်ယောက် ဖြစ်မည်ထင်၏။

ဖုန်းကို ကိုင်လိုက်စဉ်မှာပင် ကြားရသော အသံလှိုင်းလေးက ...ရင်ကို ထိတ်ခနဲ တုန်ခါစေသည်။

"ဘုံလားဟင် ကျွန်တော်ပါ"

ဘယ်လိုမှ မျှော်လင့်မထားမိသော ခန့်ညားအသံကြောင့် အံ့သြ ...သွားမိတာတော့ အမှန်ပဲဖြစ်သည်။ ချက်ချင်း ဘာစကားမှ မတုံ့ပြန်နိုင် ...အောင် ဘုံ မင်သက်နေမိဆဲ။

"ဘုံ"

"ရှင် ခန့်ညား ပြောပါ၊ ဘာကိစ္စလဲဟင်"

"ဘုံကို ကျွန်တော် ဖုန်းခေါ်နေတာကြာပြီ၊ ကိုင်မယ့်သူ မရှိ ...ဘူး ဖြစ်နေလို့"

"ဪ ဆောရီး ဘုံ ထမင်းစားခန်းဝင်နေလို့ ပြီးတော့ ဧည့် ...ခန်းမှာ ထိုင်နေသေးတယ်၊ ဖုန်းက အခန်းထဲရောက်နေတာ"

"ဘုံ နေမကောင်းဘူးဆို"



www.burmeseclassic.com

www.burmeseclassic.com



သဲစုနှင့်နွယ်နီတို့ ပြောလိုက်တာ ဖြစ်မည်။

"ဟုတ်တယ် နည်းနည်း ခေါင်းကိုက်နေလို့ ဆိုင်က စောစော အိမ်ပြန်ခဲ့တာပါ"

"အခုကော သက်သာရဲ့လား ဘုံ၊ ကျွန်တော် တကယ် စိုးရိမ်နေတာပါ"

တကယ်စိုးရိမ်တာလား။ ရေလိုက်ငါးလိုက် ပြောတာလား မဝေခွဲတတ်ပေမယ့် သူ့ရဲ့ဂရုစိုက်မှုလေးအတွက်တော့ ဘုံ ကျေနပ်မိတာ အမှန်ဖြစ်သည်။

"သက်သာသွားပါပြီ၊ ဒီလောက်ကြီး မဟုတ်ပါဘူး ကိုခန့်ညား"

"အင်း ဒင်နာပွဲကို ဘုံ ရောက်မလာတာ ကျွန်တော် တကယ် စိတ်မကောင်းဘူးဗျာ၊ ကျွန်တော်က ဘုံကို ရှိစေချင်တာ"

"နွယ်နီနဲ့သဲစု ပါတာပဲ ကိုခန့်ညားရယ်"

"ဘုံ မပါဘူးလေ"

ဘုံက အရေးမပါပါဘူးဟု ပြောလိုက်ချင်ပေမယ့် ..ပြောဖြစ်လိုက်ပါ။

"ဘုံ ခေါင်းတွေကိုက်နေလို့ပါ အဲဒီအတွက် တောင်းပန်ပါတယ်"

"ရပါတယ် ဘုံ၊ ဘုံကို ကျွန်တော် တစ်ရက်တော့ သီးသန့် ကျွေးမွေးညှော်ခံပါရစေနော်"

"ဟို ဘုံ အားမယ်မထင်ဘူး"

"ဘုံ အားတဲ့တစ်ရက်ပေါ့၊ ဘုံ အားတဲ့ရက် ဖုန်းဆက်ပေးပါ



www.burmeseclassic.com

www.burmeseclassic.com



နှစ်တော့ဘက်က အသင့်ဖြစ်နေစေရမယ်''

ဘာကြောင့် သံယောဇဉ်တွေ ဘုံကို လာနှောင်ဖွဲ့နေရတာလဲ ခံ့ညားရယ်။ အဲဒီသံယောဇဉ်တွေကို ဘုံ ကြောက်မိတာပါ။

''နော် ဘုံ အခုတောင် ဘုံ ဖုန်းနံပါတ်ကို့ သဲစုဆီကတောင်း ခဲ့တာ၊ ဆိုင်ဖုန်းကိုပဲ သိတာလေ၊ ဘုံရဲ့ကိုယ်ပိုင်ဖုန်းကို မသိလို့''

''အင်း ဘုံအတွက် ဘာမှတသီးတသန့်ကြီး အချိန်မပေးပါနဲ့ ခံ့ညား ရပါတယ် ပြဿနာမရှိပါဘူး''

''မဟုတ်ဘူး ဘုံ ညနေက ဘုံမပါဘဲ စားဖြစ်တဲ့ ဒင်နာက အဓိပ္ပါယ်မရှိဘူးဗျာ၊ ဒါကြောင့် ဘုံကို ကျွန်တော် သီးသန့်ကျွေးမွေးပါရစေ''

သူ့စကားတွေနှင့် ဘုံ ကြည်နူးပျော်မွေ့ရမှာလား။ သူ့အသံ ချိုလေးနှင့် တောင်းဆိုမှုတွေကိုတော့ ဘုံ ကျေနပ်မိတာ အမှန်ပဲ ဖြစ်၏။

''အင်း ဘုံအားတဲ့တစ်ရက်ပေါ့''

''ကျေးဇူးတင်ပါတယ် ဘုံ၊ ဒါပဲနော်''

နှုတ်ဆက်စကားသံလေးနှင့် သူ ဖုန်းပိတ်သွားသည်အထိ ဘုံ ခုတင်ပေါ်မှာ ငိုင်ငိုင်ငေးငေးလေး ထိုင်နေမိဆဲ။

ခံ့ညားနှင့်ပတ်သက်သမျှ နှောင်ကြိုးတွေကို မလိုချင်ဟု စိတ် က ဆုံးဖြတ်ထားပေမယ့် တကယ်တမ်းကျ ဘုံ မရှောင်တိမ်းနိုင်ခဲ့ခြင်း သည် ဘုံရဲ့အားနည်းချက်တစ်ခုပဲလား။

■ ■ ■

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၂)

ဘုံကို မြင်တွေ့ချင်စိတ်ကြောင့်ပင် ဖေကြီးကိုလည်း သူ လိမ်ညာတတ်နေခဲ့ပြီ။

ဖေကြီး စေခိုင်းသောအလုပ်က လစ်ထွက်ကာ ဘုံတို့ဆိုင်လေးသို့ သူ ရက်ခြားရောက်သွားတတ်စမြဲ။

"ခန့်ခန့် ရှင့်အဖေရဲ့စီးပွားရေးလုပ်ငန်းတွေထဲမှာ စားသောက်ကုန်လုပ်ငန်းတွေကော ရှိသလားဟင်"

"မရှိပါဘူး သဲသဲရဲ့၊ ဖေကြီးက အနုပညာလုပ်ငန်းတွေပဲ လုပ်တာပါ၊ ဘာလို့မေးတာလဲ"

"မသိပါဘူး နင်လာရင် တစ်ခါတစ်မျိုး မရိုးရအောင် စားစရာတွေ ပါလာတတ်လို့ မေးတာပါ"



www.burmeseclassic.com

www.burmeseclassic.com



သဲစုစကားကို ခန့်ညားး သဘောကျစွာ လိုက်ရယ်မောနေရင်းမှ

"ငါက နင်တို့စားစေချင်လို့ တမင်ဝယ်လာတာပါဟာ"

"အေးပါဟာ ငါက နောက်တာပါ၊ နင် ဝယ်လာတော့လည်း ဒါတို့ စားရတာပေါ့ အဟင်း ဟင်း"

ခန့်ညားရောက်လာတိုင်း သဲစုနှင့်နွယ်နီတို့ကတော့ ရင်းရင်းနှီးနှီး ...ဝေွးစွာ ဆက်ဆံတတ်ပါသည်။ ဘုံကတော့ စကားသိပ်မဆိုတဲ့ အလုပ် ...စ်ခုမဟုတ်တစ်ခုနှင့် ရှုပ်ထွေးနေတတ်၏။

ဘာပဲဖြစ်ဖြစ် ဘုံရဲ့မျက်နှာလေးကို မြင်တွေ့ခွင့်ရနေတာလေး ...ပဲ သူ ကျေနပ်နေခဲ့တာ အမှန်။

စိန်တိုက်မှာ ဝယ်သူတွေ ရှင်းလင်းနေလျှင်တော့ သူ အချိန် ...ကြာနေဖြစ်တတ်ပါသည်။ နွယ်နီကတော့ သူ့ကို အမြဲတမ်း ဂရုတစိုက် ...ာ သူ သတိထားမိ၏။ သူ ရောက်လာတိုင်းလည်း စကားတွေ ...ာင်ဖွဲ့အောင်ပြောတတ်သူက နွယ်နီပါပဲ။

"ခန့် ရှင့်မှာချစ်သူမရှိဘူးဆိုတာ ဟုတ်ရဲ့လား"

"ဟောဗျာ ဘယ်လိုကျိန်တွယ်ပြောပြရမှာလဲ"

"ယုံနိုင်စရာမရှိလို့ပါ၊ ရှင့်မှာချစ်သူမရှိဘူးဆိုတာ ဟုတ်ပုံမလား ...ရုပ်နဲ့ ဝိုင်းဝိုင်းလည်နေမှာပါ"

နွယ်နီကတော့ ပြောချင်တာတွေပြော မေးချင်တာတွေမေးနေ ...ည်။ နွယ်နီ မေးနေတာတွေကို ဘုံ မကြားဘဲနေမှာမဟုတ်ပါ။

"မိန်းကလေးတွေ ဝိုင်းဝိုင်း လည်နေတိုင်း ငါ့မှာ ချစ်သူရှိရမှာ

www.burmeseclassic.com



လား နွယ်နီရယ်၊ ခင်မင်ရင်းနှီးတဲ့သူတွေတော့ ရှိတာပေါ့"

"နာမည်ကျော် မင်းသမီးတွေလည်းပါမှာပေါ့။ နင်နဲ့အခု စကား ဖြစ်နေတဲ့ နဒီသစ္စာဘို အကြောင်းတွေ ကြားနေရတယ်နော်"

"ဟာ ကွိုင်ပဲ သူက လက်ရှိငါ့ဖေကြီးနဲ့ ဇာတ်ကားငါးကား စာချုပ်ထားတဲ့ မင်းသမီးပါ၊ ဖေကြီးခိုင်းတဲ့ ရှုတင်ရိုက်ကွင်းတွေမှာ တွေ့တယ် ခင်မင်တယ် ဒီလောက်ပဲ၊ ဂျာနယ်တွေ မဂ္ဂဇင်းတွေကတော့ ဒီလိုပဲ ရောင်းကောင်းအောင် လျှောက်ရေးကြမှာပေါ့ဟာ"

"သိပါဘူး ငါတို့က နာမည်ကျော် ရွှေမင်းသမီးနဲ့ နင်ကြိုက်နေ တယ်ထင်လို့"

"လုံးဝ သတင်းမှားကြီးပဲ၊ နာမည်ကြီးတိုင်း ငါက စိတ်ဝင်စား ရမှာလား"

သူ့စကားကို နွယ်နီ ယုံ မယုံမသိပါ။ ဘုံ အထင်လွဲမှာပဲ သူ စိုးရိမ်မိသည်။ ဘုံကိုလှမ်းကြည့်တော့ မုန့်ကောင်တာထဲက လက်ဝတ် ရတနာတွေကို နေရာချစီနေရင်း ငြိမ်သက်နေသည်။

မိနွယ်နီက အလိုက်ကမ်းဆိုးမသိ စကားတွေမဆုံးနိုင်အောင် ထပ်ပြီးပြောနေပြန်ပါ၏။

"ခန့် ရှင်က ကောင်မလေးတွေကို ယုယကြင်နာတဲ့နေရာမှာ ဆရာကြီးဆို ဟုတ်လား"

"ကောင်မလေးတွေမှ မဟုတ်ပါဘူး နွယ်နီရာ၊ ငါက ငါနဲ့ ခင်မင်တဲ့ မိတ်ဆွေသူငယ်ချင်းတွေနဲ့ အဆင်ပြေအောင် နေတတ်ပြီးသား



www.burmeseclassic.com

www.burmeseclassic.com



ကူညီစရာရှိလည်း ကူညီပေးတယ်''

"ရှင်က အားလုံးအပေါ် ချစ်ခင်စေတနာ ထားတယ်ပေါ့"

"အင်း အဲဒီစိတ်က ငါ့ရင်ထဲက စိတ်ရင်းအမှန်ပါ၊ တကူးတက ရတာမျိုးမှ မဟုတ်တာ၊ အိမ်မှာ ငါက တစ်ဦးတည်းသောသားဆို တော့ မေကြီးက သိပ်ယုယချစ်ခဲ့တာ၊ အခု ငါ ဒီအရွယ်ရောက်တဲ့အထိ ည်း မေကြီးက ကလေးလေးတစ်ယောက်လို သဘောထားတုန်းပဲလေ၊ ကြီးကိုကျတော့ ယုယပြုစုမယ့် သားသမီးမရှိဘူး၊ ငါကပဲ ဂရုစိုက် ပေးရတာပေါ့ဟာ၊ ဥပမာ အချိုဝိုင်းမှာ အတူထိုင်ကြတဲ့အခါ မေကြီး တွက် လိမ္မော်သီး စားချင်တယ်ဆိုရင် အခွံနွှာ၊ အမွေးလေးတွေသင်၊ ဖောက် အစေ့တွေထုတ်ပြီးမှ ခွံ့ကျွေးတာမျိုးပေါ့ဟာ''

"အဟင်း ခန့်က တကယ်ပါးနပ်တာပဲ၊ ဒါကြောင့် ခန့်ဖေကြီးနဲ့ ကြီးက ချစ်ကြတာထင်တယ်၊ ခန့်ဖေကြီးကိုလည်း ဒီလိုပဲ ယုယကြင်နာ လား''

"ဟာ ဖေကြီးကိုတော့ ဒါမျိုး မလုပ်ရဘူး၊ ဖေကြီးက အဲဒီလို ချွဲနွဲ့လုပ်တာမျိုး မကြိုက်ဘူး၊ ဒါမျိုးကို မိန်းကလေးတွေကပဲ သက်တတ်ကြတာပါ''

"ယုယတာမကြိုက်တဲ့ မိန်းကလေးလည်း ရှိမှာပဲလေ''

"အများစုက သဘောကျပါတယ် နွယ်နီရာ၊ နင့်ကြည့်ရတာ တောင် ချမ်းချင်လာပြီ၊ အင်္ကျီလက်ပြတ်လေးနဲ့ မအေးဘူးလားဟ''

သူ့ပြောမှ နွယ်နီ ကိုယ့်ကိုကိုယ် သတိထားမိသွားပုံရ၏။ အဲ့ဒွန်း



www.burmeseclassic.com

www.burmeseclassic.com



ဖွင့်ထားသော စိန်တိုက်ထဲမှာ လက်ပြတ်အင်္ကျီလေးနှင့်ဆိုတော့ နွယ်
ချမ်းနေမှာ သေချာ၏။

"အေး နင်ပြောမှ သတိရတယ်၊ စောစောက နည်းနည်းအိုက်
သလိုလို ဖြစ်လို့ ငါ အပေါ်အင်္ကျီချွတ်ပြီး ဟောဟို ကုလားထိုင်ပေ
တင်ထားလိုက်တာ"

သူ့နံဘေးက ထိုင်ခုံပေါ်မှာရှိသည့် ဆွယ်တာပန်းရောင်လေးက
မေးဆတ်ပြရင်း နွယ်နီဆိုတော့ သူကိုယ်တိုင် လှမ်းယူရင်း နွယ်နီပခုံး
လေးပေါ် လွှမ်းခြုံပေးလိုက်၏။

"လက်လျှိုပြီး တစ်ခါတည်း ဝတ်ထားလိုက် နွယ်နီ"

"ကျေးဇူးပဲ ခန့်"

ပခုံးပေါ် လွှားခြုံတင်ပေးထားသော အနွေးထည်လေးကို နွယ်
လက်ကလေးလျှိုဝတ်ဆင်ရင်း ပြုံးပြုံးလေးပြောတော့ သူ ခေါင်းတညိတ်
ညိတ်နှင့် ပြုံးနေလိုက်သည်။

"နင် ဘာပြုံးတာလဲ ခန့်ရဲ့"

"ဩော် စောစောက နင်ပြောတဲ့စကားကို သတိရလို့ပါ"

"ဘာကိုလဲဟ"

"ယုယတာ မကြိုက်တဲ့မိန်းကလေးလည်း ရှိမှာပဲဆိုတာလေ
အခုပဲ ငါက အလိုက်တသိနဲ့ နင့်ပခုံးပေါ် ဆွယ်တာအင်္ကျီ လွှားပေးတော့
နင်ကျေးဇူးတင်စကားတောင် ဆိုသေးတယ်"

"အဟင်း ဟင်း ဟုတ်ပါတယ်၊ ဟုတ်ပါတယ် မိန်းမဆိုတာ



www.burmeseclassic.com

www.burmeseclassic.com



သုအယကြိုက်ပါတယ် ငါ ဝန်ခံပါပြီ ကိုခန့်ညားဝင့်ထည်ရဲ့"

မျက်စောင်းလေးထိုးကာ ရယ်ရယ်မောမောနှင့် နှယ်နီ ဝန်ခံစကားဆိုချိန်မှာ သူ ဘုံကို လှမ်းကြည့်လိုက်မိ၏။

ဘုံအကြည့်တွေက သူတို့နှစ်ယောက်ဆီ လွင့်ခနဲ ရောက်လာကာ ချက်ချင်းပဲ ပြန်ရုပ်သိမ်းသွားခဲ့သည်။

ဘုံ မျက်ဝန်းတွေထဲမှာ ဖျတ်ခနဲ သူ မြင်တွေ့ခဲ့ရတာ သူနှင့်နှယ်နီတို့ အပြုအမူ စကားတွေမှာ အလိုမကျ ဝန်တိုရိပ်တွေ. . ။

ဘာပဲဖြစ်ဖြစ် ဘုံ ရင်ထဲကိုတော့ သူ မြင်တွေ့လိုက်ရသလိုပါပဲ။ ဘုံသည်လည်း မိန်းမပီသတဲ့ မိန်းမတစ်ယောက်ပဲ ဖြစ်ချေ၏။

သူ့အတွက် ဘုံ ဝန်ခံခြင်းဟာ ဘုံ စိတ်က သူ့ကိုကြည်ဖြူသက်ခံထားလို့ပဲ ထင်ပါရဲ့။



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၃)

သူ့အတွက် အပြည့်အဝ အားလပ်ခွင့်ရသည့် တနင်္ဂနွေရက်ကလေးမှာ ဘုံတို့စိန်တိုက်ဆိုင်ကို သွားဖို့ မနက်ကတည်းက ရေမိုးချိုး ပြင်ဆင်နေမိသည်။

ဒီနေ့တော့ ဘုံဆီက အခွင့်အရေးတစ်ခု တောင်းဆိုဖို့လည်း သူ ဆုံးဖြတ်ထားခဲ့သည်။ ပထမတစ်ကြိမ် ဒင်နာကျွေးမွေးစဉ်က မပါဝင်ခဲ့သော ဘုံကို ဒင်နာကျွေးမွေးခွင့်တောင်းမည်။

ဘုံနှင့်သူ့ကြားမှာ ဒီထက်ပိုမို ရင်းနှီးခွင့်တွေရအောင် သူ ကြိုးစားချင်သည်။ ပြီးလျှင်တော့ ဘုံကို ချစ်ခွင့်ပန်မည်ဟု သူ တွေးထား၏။

အတွေးတွေနှင့် အခန်းထဲက သူ ထွက်ခဲ့စဉ်မှာပင် ဒေါ်ကြီး အခန်းအပြင်မှာ ဆုံသည်။



www.burmeseclassic.com

www.burmeseclassic.com



"သား ခန့်လေး သားသူငယ်ချင်း ရောက်နေတယ်"

မေကြီး စကားကြောင့် သူ မျက်မှောင်ကုပ်သွားရသည်။ ဝေယံသား ဩလေးလား။ ဒီနှစ်ယောက်ဆီ သူ မရောက်တာ ကြာပြီ။

"ဘယ်သူလဲ မေကြီး၊ ဝေယံတို့လား"

"မဟုတ်ဘူး သား မောင်အာကာကွဲ့"

အာကာ ဆိုတာကြောင့် သူ မျက်မှောင်ကုပ်သွားရသည်။ အာကာဟိန်းကို ပြောတာပဲဖြစ်သည်။ ကျောင်းသားဘဝတုန်းကတော့ သူတို့သုံးယောက်နှင့် တတွဲတွဲရှိခဲ့သော သူငယ်ချင်းပါပဲ။

အခုတော့ အာကာက အလုပ်အကိုင်နှင့် အတည်တကျဖြစ်နေတာမို့ မဆုံတာ ကြာပြီ။ ဘာကိစ္စနှင့် မလာစဖူး ရောက်လာတာလဲမသိ။ ဒီနေ့လေးတော့ ဘုံကလွဲပြီး ဘယ်သူ့အတွက်မှ သူမပေးနိုင်ပါ။

ဧည့်ခန်းထဲရောက်တော့ အာကာကို မေကြီး ဧည့်ခံထားသော လက်ဖက်ရည်သောက်လျက် တွေ့ရ၏။

"အာကာ ဘယ်ကဘယ်လို လှည့်လာတာလဲကွ"

"တမင် မင်းဆီလာတာ၊ ဟိုတစ်ရက်က ဩလေးနဲ့တွေ့တော့ မင်းက ဆန်းဒေးတစ်ရက်ပဲ အိမ်မှာရှိတယ်ဆိုလို့"

ဩလေးဆီက သူရှိသည့်ရက်ကိုတောင် စုံစမ်းရောက်လာသည် ဆိုတော့ အားလည်းနာမိသည်။ ဒါပေမဲ့ ကိုယ့်မှာက ကိုယ့်ကိစ္စနှင့်ကိုယ်မို့

"အေး အခုတောင် ငါ အပြင်သွားစရာရှိလို့ကွ မင်း ဘာကိစ္စ ရှိလို့လဲ"



www.burmeseclassic.com

www.burmeseclassic.com



"အင်း ကိစ္စလား အရေးကြီးတယ်၊ အခု မင်းအပြင်သွားမှာ လား အတူသွားမယ်လေ၊ အန်တီ ကျွန်တော့်ကို ခွင့်ပြုဦးနော်၊ ခန့်နဲ့ လိုက်သွားလိုက်မယ်"

"အေး အေး မင်းလည်း အလုပ်လုပ်နေကတည်းက အိမ်ကို မရောက်တော့ဘူးနော်၊ နောက် အားရင်လာလည်ကွယ်"

"ဟုတ်ကဲ့ လာလည်ပါ့မယ် အန်တီ"

မေကြီးကို နှုတ်ဆက်ကာ အာကာ သူနှင့်ပါလာသည်။ ဆင်ဝင် အောက်မှာ အာကာရဲ့ကားကို မတွေ့တာမို့

"မင်း ကားမပါဘူးလား အာကာ"

"တမင်ယူမလာတာကွ မင်းနဲ့လိုက်မလို့"

"အာ ဘယ်ကိုလိုက်မှာလဲ၊ ငါ့မှာက ငါ့ကိစ္စနဲ့ငါကွ"

သူ ပြောတာကို ဂရုမစိုက်ဘဲ အာကာ ကားတံခါးဖွင့်ဝင်ထိုင် ပြီး ဖြစ်နေသည်။ သူ ကားထဲဝင် စက်နှိုးရင်း မောင်းထွက်ခဲ့လိုက်သည်။

"အာကာ ဒီနေ့ ငါ တကယ်မအားဘူးကွာ"

"ငါသိတယ် ခန့်၊ မင်း ဘယ်သွားမယ်ဆိုတာ ဩလေးပြောလို့ ငါ သိနေတယ်"

ဩလေး သူ့အကြောင်းတွေပြောလိုက်ပြီထင်သည်။ ဒါနှင့်တော အာကာက ဘာကြောင့် ကားပေါ်ခွတ်လိုက်လာတာလဲ မသိတော့ပါ

"အေး မင်းသိတယ်ဆိုရင် နောက်မှလာကွာ၊ အရေးကြီးတာ ရှိရင်လည်း ဖုန်းဆက်ပေါ့၊ ငါ လမ်းထိပ်မှာ ချပေးခဲ့မယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဘာလုပ်ရမှာလဲ ငါက မင်းနဲ့အတူလိုက်မှာကွ"

"ဟာ အာကာ မရစ်နဲ့ကွာ၊ မင်းဘာလုပ်ဖို့ လိုက်မှာလဲ"

အာကာ သူ့ကိုကြည့်ကာ ပြုံးသည်။ ပြီးမှ သူ့အကြောင်းကို ရှင်းပြတော့သည်။

"ငါလိုက်တာ ငါ့အတွက်အရေးကြီးတဲ့အကြောင်းကိစ္စရှိလို့ပေါ့ကွာ၊ အခု မင်းသွားနေတဲ့ ပန်းသုံးပွင့် စိန်တိုက်က သဲစုကြောင့်ပဲ"

"သဲသဲကြောင့်"

"အေး သဲစုကြောင့်ပေါ့ကွာ၊ သဲစုဆိုတာ ငါ စိတ်ဝင်စားနေတဲ့ မိန်းကလေးပဲကွ"

သူ မျက်မှောင်ကြီးကုပ်ရပြန်ပါသည်။ သဲသဲနှင့်အာကာက ဘယ်က ဘယ်လို သိကျွမ်းပတ်သက်သွားကြရပြန်တာလဲ သူ မသိပါ။

"ပြောရရင်ကွာ သဲစုစီးပွားရေးတက္ကသိုလ်တက်နေကတည်းက ငါ သဘောကျလို့ လိုက်စကားပြောဖူးတယ်၊ သဲစုက သူ့ပညာရေး အဆုံးသတ်သေးသ၍ အချစ်ရေးကို မစဉ်းစားဘူးတဲ့၊ သူ ဘွဲ့ရမှ ဒီကိစ္စတွေကို စဉ်းစားမယ်လို့ ငါ့ကိုပြောခဲ့ဖူးတယ်၊ အဲဒီတုန်းက မင်းနဲ့သဲစုသာ ငယ်သူငယ်ချင်းတွေလို့ ငါသိရင် မင်းကို အကူအညီတောင်းပါတယ်၊ ငါ မသိခဲ့လို့ကွ၊ အခုတော့ ငါ ဩလေးကိုပြောပြရင်း မင်းနဲ့သဲစု ငယ်သူငယ်ချင်းတွေဆိုတာ သိရတာ၊ ပြီးတော့ မင်းကလည်း သဲစုသူငယ်ချင်းတစ်ယောက်ကို ကြိုးစားနေတာဆို"

"ဟုတ်တယ် ငွေဘုံသာ ဆိုတာ သဲစုတို့နွယ်နီတို့နဲ့ စိန်တိုက်



www.burmeseclassic.com

www.burmeseclassic.com



အတူရှယ်ယာဝင် ဖွင့်ထားတဲ့သူ"

"ဩလေး ပြောပါတယ်၊ သူ့အစ်ကို ကိုရဲရင့်ရဲ့ခယ်မဆို"

သူ ခေါင်းညိတ်ပြလိုက်သည်။ ဩလေး ကိုယ်တိုင် အိတ်သွန်ဖာမှောက် ပြောပြပြီးမှတော့ သူ ဘာမှထပ်ပြောပြစရာတောင် မလိုတော့ပါ

"အဲဒါ ငါ့အတွက် အဆင်ပြေတာပေါ့ကွာ၊ သဲစုနဲ့တွေ့ချင်တယ်ကွာ၊ ဒါကြောင့် ငါ မင်းနဲ့လိုက်ခဲ့မယ်"

"မင်းက သဲစုကိုတောင် ရည်းစားစကား ပြောဖူးတာပဲ၊ မင်းဘာသာ သွားတွေ့လို့ရတာပဲ"

"ငါနဲ့ဆုံကြတာ သဲစု ဒုတိယနှစ်ကကွာ၊ ငါ့ကိုတောင် သူမှတ်မိပါ့မလားမသိဘူး၊ အခုမင်းက ယယ်သူငယ်ချင်းဆိုတော့ မင်း အကူအညီအများကြီးလိုတယ်"

"နေပါဦး မင်းကကော ကြိုက်နေတယ်ဆိုပြီး ဆက်မကြိုးစားဘဲ အခုမှ ပြန်ဖာတ်လမ်းဆင်တာလား"

"ဟာ အဲဒီတုန်းက သဲစုက ပညာရေးကလွဲပြီး ဘာမှစိတ်မဝင်စားဘူးဆိုလို့ ငါ နောက်ဆုတ်ခဲ့ရတာပါ၊ အခု သူက ဘွဲ့ရလို့ စီးပွားရေးတောင် လုပ်နေပြီပဲ၊ ချစ်သူရည်းစားလည်း မရှိသေးဘူးဆိုတော့ ငါ ကြိုးစားချင်တယ်"

"အာကာ မင်းတို့ ငါတို့က ကျောင်းသားအရွယ် မဟုတ်တော့ဘူးနော်၊ ဒီကိစ္စကိုလည်း မင်း အလေးအနက် စဉ်းစားပြီးမှပြော"

"ဟာကွာ တကယ်ပါ ငါ သဲစုကို တကယ်ချစ်တာပါ"



www.burmeseclassic.com

www.burmeseclassic.com



အာကာ ကတိပေးနေပေမယ့် သူ မယုံရဲသေးပါ။ အာကာက ...နှုတ်ရှုပ်မပျက်တိတ်ပေမယ့် ကျောင်းမှာတုန်းက ရည်းစားထားဖူးသည်။ ...တော့ သဲစုကိုစွမှာ ဒီကောင် မျက်နှာပျက်အောင်လုပ်လျှင် သူ့အတွက် ...နာရှိသည်။

ဘုံနှင့်သဲစုကလည်း အခင်မင်ဆုံး သူငယ်ချင်း အရင်းအချာ ...တွေ ဖြစ်နေသည်။

"မင်းကို ကူညီရမှာက ငါ့အတွက်လည်းဆိုင်တယ်၊ သဲသဲက ...ငယ်ချင်း ပြီးတော့ ငါကြိုးစားနေတဲ့ ငွေဘုံသာနဲ့လည်း အရင်းအချာ ...တွေကွ"

"ငါ့မှာအဲဒီအကျင့် မရှိပါဘူး ခန့်ရာ၊ ကျောင်းမှာရည်းစားထား ...တာ မှန်ပေမယ့် ဘာပြစ်ချက်မှ မရှိပါဘူး။ ပြီးတော့ သူကပဲ ငါ့ကို ...သွားတာပါ၊ သဲစုကို ငါချစ်တာ ငါ့ဘဝတစ်ခုလုံးအတွက် သေချာ ...။"

"တကယ် သေချာတယ်နော်"

"ဘုရားစူး မိုးကြိုးပစ်ကွာ၊ အခု သဲစုက ခေါင်းညိတ်ရင် ...သက်ထပ်ယူမယ်"

အာကာ၏ရဲတင်းသော ကတိပေးစကားကြောင့် သူ ပြုံးမိသေး ...ဘယ်လိုပဲဖြစ်ဖြစ် သူငယ်ချင်းတွေအပေါ် ကူညီတတ်သော သူ့ ...င်းခံကလည်း ကူညီပေးချင်တာ အမှန်။

"ကဲ ဒါဆို ငါ မိတ်ဆက်ပေးမယ်၊ မင်း ဘာသာ ကြိုးစားပေါ့"



www.burmeseclassic.com

www.burmeseclassic.com



"ဟာ မင်းကလည်း ကူညီဖို့ လိုတယ်လေကွာ၊ မင်းကော

ငါ မမေ့ပါဘူး"

"အေး ငါ ကူညီပေးပါ့မယ်၊ ဒါပေမဲ့ အဓိကက သဲစုရဲ့ဆုံး

ချက်ပဲနော်၊ မင်းကြိုးစားမှုအပေါ် မူတည်တယ်"

"အေးပါကွာ ငါ့ချစ်ခြင်းစစ်မှန်ရင် ငါပိုင်ဆိုင်ရမှာပါ"

သည်လိုနှင့် အာကာ သူနှင့်အတူပါလာတော့သည်။ ဘုံတံ

လေးကိုရောက်တော့ သူ့အတွက် ရင်မောစရာ ဖြစ်သွားခဲ့သည်။

ဘုံ ရှိမနေပါ။ ဒီနေ့ နေမကောင်း၍ ဘုံ ခွင့်ယူထားသည်

အာကာအတွက်ကတော့ သိပ်ကိုအဆင်ပြေလွန်းနေခဲ့၏။

ကလည်း အာကာကို မှတ်မိသည်။

"ကိုအာကာဟိန်းကို ကျွန်မ မှတ်မိပါတယ်၊ ခန့်နဲ့သူငယ်

တွေလား"

"ဟုတ်ပါတယ် သဲစု၊ အခင်မင်ဆုံး သူငယ်ချင်းတွေပေ

ကျွန်တော့်ကိုမှတ်မိတာ ဝမ်းသာလိုက်တာဗျာ"

အာကာ ကျေနပ်ဝမ်းသာလွန်းနေသည်က မျက်နှာပေါ်

အထင်အရှား ပေါ်လွင်နေသည်။ သူ့မှာတော့ ဘုံ ရှိမနေသည့်အ

စိတ်ခံစားတွေက ကျချင်ချင်ဖြစ်နေ၏။

"ခန့် ဒီနေ့ နင်လာမယ်လို့ စိတ်က ထင်နေလို့ အ

မန္တလေးထိုးမုန့်တွေ ယူလာတယ်၊ ငါ့အစ်မတစ်ယောက် မန္တလေ

ရောက်နေလို့ဟ၊ စားနော် အများကြီးပါတယ်"



www.burmeseclassic.com

www.burmeseclassic.com



နွယ်နီက ညှော်ခံကျွေးမွေးပေမယ့် သူ စားချင်စိတ်မရှိတာ ...ပဲဖြစ်သည်။ စိတ်အာရုံက ဘုံဆီကိုပဲ ရောက်နေသည်။

ဘုံနှင့်အတူ ဒင်နာစားမည်ဟူသော အတွေးတွေ ပျက်စီးကုန် ... စိတ်ပျက်စရာကောင်းသည်။

"စားလေ ခန့်ရဲ့၊ ကိုအာကာလည်း စားပါ"

နွယ်နီကို အားနာ၍ သူ တစ်တုံးဖဲ့ကာ စားလိုက်ပါသည်။ ...အချိန်မှာ ဘယ်လိုအရသာရှိသော အစားအစာကမှ သူ့အတွက် ...သာမရှိမှာ နွယ်နီ မသိနိုင်ပါ။

အာကာကတော့ သဲစုကိုပဲ တကြည့်ကြည့်နှင့် မျက်ဝန်းချင်း ...းတွေပြောဖို့ ကြိုးစားနေသည်လား။

ဆိုင်ထဲကို ဝယ်သူ မိန်းမကြီးနှစ်ယောက် ရောက်လာတော့ ...နှင့်နွယ်နီ အလုပ်တွေရှုပ်သွားကြ၏။ ဒါကိုပဲ အခွင့်ကောင်းယူကာ ... ပြန်ဖို့ ဆုံးဖြတ်လိုက်သည်။

"သဲစု ငါတို့ကို ခွင့်ပြုဦး"

"ဟင် ခန့်ခန့် နင်က ပြန်တော့မှာလား"

"အေး နွယ်နီ ဒီနေ့ ဖရီးဒေးက အပြည့်အဝမရဘူးဟ၊ ဖေကြီး ...ထားတာတွေ သွားရဦးမယ်"

နွယ်နီကိုပြောရင်း ပါကင်မှာရပ်ထားသော ကားဆီကို သူ ...ခဲ့တော့ အာကာက အလိုမကျဟန်နှင့်

"မင်းကလည်းကွာ ဘယ်ကအလုပ်ကြီး ပေါ်လာပြန်တာလဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဖေကြီးခိုင်းထားတာရှိလို့ကွ"

အာကာ သူ့ကို သက်ာမကင်း မျက်ဝန်းတွေနှင့်ကြည့်နေတာ
မသိကျိုးကျွံပြုရင်း သူ ကားပေါ်တက်လိုက်သည်။

အာကာ ဆိုင်ထဲကို သံယောဇဉ်မပြတ်သော မျက်ဝန်းတွေနှ
လှမ်းကြည့်ရင်း ကားတံခါးဖွင့်တက်သည်။

သူ ကားကို ငြိမ့်ခနဲ မောင်းထွက်တော့ အာကာ့အသံ ထ
ထွက်လာပြန်ပါသည်။

"ခန့် မင်းတော်တော်နေနိုင်တယ်၊ ငါနဲ့သဲစုကြားမှာ စကားသေ
ဘာလေးတောင် ဝင်မပြောဘူး"

"ဟ ဘာပြောစရာရှိလို့လဲကွာ၊ မင်းတို့ချင်းသိနေကြတာ"

"မဟုတ်ဘူးလေကွာ ငါက မင်းကိုအားကိုးတာကွ"

"အေးပါကွာ လိုအပ်တဲ့အခါကျ ငါ ကူညီမှာပေါ့၊ ဒါက ဝုန်း
ဒိုင်းဒိုင်း လုပ်လို့ရတာမှ မဟုတ်တာ၊ အချိန်တစ်ခုတော့ ပေးရမှာပေ
တော်ကြာ မင်းကို သဲစုက အထင်လွဲသွားရင် မကောင်းဘူး"

သူ ဆရာကြီးလုပ်ကာပြောတော့ အာကာ နှုတ်ပိတ်သွားသည်
ဒုံကို မတွေ့ရ၍ ကိုယ့်စိတ်မှာ ညစ်ညူးနေရတာကို အာကာ နားမလည်
ပါလား။

အများအကျိုးဆောင် ကိုယ့်အကျိုးအောင်သတဲ့။ သူ့မှာတော
အာကာအကျိုးကိုဆောင်ပေးခဲ့ပေမယ့် ...။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၄)

ပလာဇာထဲမှာ တစ်ယောက်တည်း ဟိုငေးဒီငေး လျှောက်နေခဲ့တာ ကြောင်တောင်တောင် နိုင်လှသည်။ ဘာမှလည်း မဝယ်ဖြစ်ပါဘဲ ပလာဇာထဲက ပြန်ထွက်ခဲ့၏။

တကယ်ဆို ဘုံ ရှော့ပင်ထွက်တိုင်း ဘယ်တော့မှ တစ်ယောက်တည်း မသွားတတ်ပါ။ မေမေပါချင်ပါ မပါလျှင် မမရွှေဘုံပါတတ်သည်။ ထိုနှစ်ယောက်မပါလျှင်တောင် နွယ်နီတို့ သဲစုတို့နှင့်ချိန်းဆိုသွားတတ်တာ ဖြစ်သည်။

ဒီနေ့ကတော့ ဘုံ ရည်ရွယ်ချက်မရှိဘဲ ပလာဇာကိုရောက်ခဲ့တာ ဖြစ်၏။ ဆန်းဒေးရက်ဆိုတာ စိန်တိုက်မှာပဲ ဘုံ အမြဲရှိသည့်ရက်ဖြစ်ပေမယ့် ဒီနေ့ ဘုံ မသွားခဲ့ပါ။

ဗျူး၀၁၄၉

www.burmeseclassic.com

www.burmeseclassic.com



နွယ်နီနှင့်သဲစုကို နေမကောင်းဟု ဖုန်းဆက်ကာ မသွားခဲ့တာ ခန့်ညားနှင့်မဆုံချင်တာကြောင့် ဖြစ်သည်။

ဆန်းဒေးရက်ဆိုလျှင် ဆိုင်ကို ခန့်ညားရောက်လာတတ်တာမို့ ဘုံ တမင်မသွားခဲ့တာဖြစ်သည်။ ခန့်ညားနှင့်ဆုံလျှင် ဘုံရင်မှာ ခံစားချက်တွေ ပိုလို့တိုးလာတတ်၏။

တစ်ခါတစ်ခါမှာ ခန့်ညားဝင့်ထည်ဆိုသော ယောကျ်ားကို ဘုံ နားမလည်နိုင်အောင် ဖြစ်ရသည်။

ခန့်ညားသည် ရွှေမင်းသမီး နဒီသစ္စာဘိုနှင့် ပတ်သက်နေသည်ဟု ဘုံတို့ ထင်မြင်သတ်မှတ်ထားသည်။ ဒါပေမဲ့ ခန့်ညားနှုတ်က ဝန်မခံဘဲ ငြင်းဆန်နေခဲ့သည်။

စိန်တိုက်ကိုလည်း ခန့်ညား ပုံမှန်ဝင်ထွက်နေတတ်၏။ ပြီးတော့ ခန့်ညားရဲ့ပြုမူဆက်ဆံပုံတွေကို ဘုံ တွေးရခက်ပါသည်။ နွယ်နီအပေါ်မှာ ခန့်ညား ဆက်ဆံပြုမူပုံက သိပ်ကိုပွင့်လင်းရင်းနှီးလွန်းသည် ထင်မိ၏။

ခန့်ညားဘက်ကရိုးသားသည်ပဲထားဦး ဘုံ မြင်တွေ့နေရတာ ရင်ထဲမှာ ခံစားရပါသည်။

ဒီလိုမြင်ကွင်းတွေကို ဘုံ မမြင်ချင်ပါ။ ပြီးတော့ ခန့်ညားကိုလည်း ဒီထက်ပိုမို မရင်းနှီးချင်ပါ။ ကြာလျှင် ဘုံပဲ ခံစားချက်တွေ ပိုတိုးလာမှာလေ။

"အိုး ဆောရီး"

စိတ်နှင့်ကိုယ်မကပ်ဘဲ လျှောက်လာမိသည့် ဘုံ တစ်ယောက်တစ် ယောက်နှင့် ဝင်တိုက်လုမတတ် ဖြစ်မှ တုံ့ခနဲရပ်ရင်း နှုတ်က တောင်းပန်



www.burmeseclassic.com

www.burmeseclassic.com



...ားဆိုကာ မော့ကြည့်မိတော့

"ဟင် ခန့်ညား"

"ဘုံ"

ဘုံ ပါးစပ်လေးအဟောင်းသား အံ့ဩသွားမိ၏။ မဆုံချင်လို့ ...ကိုမသွားဘဲ ရှောင်ခဲ့မိသူနှင့်မှ ထိပ်တိုက်ရင်ဆိုင်တိုးနေပြီ။

"ဘုံ ဘယ်ကိုလာတာလဲဟင်၊ နေမကောင်းဘူးဆို"

"ရှင် အဲ ဟုတ်တယ် သိပ်နေမကောင်းဘူး၊ ဆေးသောက်ထား ...့ သက်သာနေတာ"

ခန့်ညား စိန်တိုက်ကို ရောက်ခဲ့ပြီးပြီထင်၏။ ကိုယ့်အလိမ်နှင့် ...အောင် ဘုံ ထပ်လိမ်ညာလိုက်ရပြန်ပါသည်။

"ကျွန်တော် ဆိုင်ကို ရောက်ခဲ့သေးတယ်၊ ဘုံ နေမကောင်းလို့ ...လာဘူးတဲ့၊ ဘုံဆီတောင် ဖုန်းဆက်ဦးမလို့"

သံယောဇဉ်တွေ မနှောင်တွယ်ချင်ပါဘူးဆိုကာမှ ခန့်ညား ဘာ ...ကြောင့် ဘုံကို ခင်မင်မှုတွေ ပေးနေရတာလဲမသိပါ။

"ဘုံ ပလာဇာကို ဘာလာလုပ်တာလဲ၊ ရှော့ပင်းနဲ့ထွက်တာတော့ ...ဟုတ်ပါဘူးနော်"

ဘုံ လက်ထဲမှာလည်း ဘာပစ္စည်းတစ်ခုမှ မပါတာကို ခန့်ညား ...မြင်နေရတာမို့

"မဟုတ်ပါဘူး မေမေခိုင်းလိုက်တဲ့ကိစ္စလေးရှိလို့ လာတာပါ၊ ...ခု ပြန်တော့မလို့"

"နေပါဦး ဘုံရယ် ဘုံကို တစ်ခုခုကျွေးပါရစေ"



www.burmeseclassic.com

www.burmeseclassic.com



"ဘုံ ဘာမှမစားချင်လို့ပါ ခန့်ညား"

"ကော်ဖီဖြစ်ဖြစ် အအေးဖြစ်ဖြစ် သောက်ပါဘုံရယ်၊ ဘုံ
ကျွန်တော် ပြောစရာစကားလေးတွေရှိလို့ပါ၊ ဒီနေ့တောင် ဟိုတင်
ဘုံ မပါတဲ့ဒင်နာအတွက် ဘုံကို ကျွေးမွေးခွင့်တောင်းဖို့ ဆိုင်ကိုလာတ
ဘုံ မရှိလို့ ချက်ချင်းပြန်ခဲ့တာပါ"

သူ့စကားကြောင့် ဘုံ အသေအချာ မော့ကြည့်မိသည်။ ဘုံ
စိုက်ကြည့်နေသော သူ့မျက်ဝန်းတွေ ရွှန်းလဲ့တောက်ပနေ၏။

"ဘုံ ကျွန်တော်တို့ ခဏလောက်ဖြစ်ဖြစ် ထိုင်ကြရအောင်နော်"

ဘုံ ငြင်းဆိုဖို့ ဘာကြောင့် အင်အားမဲ့နေသည်မသိပါ။ နော
ဆုံးတော့ သူ့ဆန္ဒလေးကို ဘုံ လိုက်လျောမိခဲ့၏။

ကော်ဖီဆိုင်လေးထဲကို ရောက်တော့ ဘုံမှာသော ချောကလ
မစ်ရှိတ်ကိုပဲ ခန့်ညားကလည်း မှာသောက်သည်။

တိတ်ဆိတ်အေးချမ်းသော ဆိုင်လေးထဲမှာ ဘုံတို့နှစ်ယော
နှင့် တခြားစုံတွဲ သုံးတွဲပဲရှိနေသည်။

"ဘုံ ကျွန်တော် အခုလို ဘုံနဲ့နှစ်ယောက်တည်း ဆုံခွင့်
မျှော်လင့်နေခဲ့တာပါ"

"ဟင်"

"ဟုတ်တယ် ဘုံ၊ ဘုံကို ကျွန်တော့်ရင်ထဲက စကားတစ်ခွ
ပြောခွင့်ရချင်လို့လေ၊ ဘုံကို ကျွန်တော် ချစ်တယ်"

ဒီစကားကို ခန့်ညားနှုတ်က ကြားရလိမ့်မည်ဟု ဘုံ ထင်မ
မထားခဲ့မိပါ။ အံ့ဩစိတ်နှင့်အတူ ဘုံ မျက်နှာလေး ပန်းနုရောင်သမ်းက



www.burmeseclassic.com

www.burmeseclassic.com



ဘာစကားမှ မဆိုနိုင်ခဲ့။

"တကယ်ပါ ဘုံ၊ ကိုရဲရင့်နဲ့လိုက်ခဲ့မိကတည်းက ဘုံကို ကျွန်တော် စွဲလန်းသွားခဲ့တာ၊ အဲဒီနောက်ပိုင်းမှာ ဘုံနဲ့ကျွန်တော် ဆုံချင်ခဲ့တယ်၊ ဒါကြောင့် ညလေးကိုမေးကြည့်ရင်း ဘုံတို့စိန်တိုက်လေးကို ကျွန်တော် ရောက်ခဲ့တာပေါ့"

သူ့စကားသံတွေက တည်ငြိမ်ကြည်လင်နေသလို ဘုံ ရင်ခုန်သံတွေကတော့ တုန်ယင်လှုပ်ခတ်နေခဲ့တာ အမှန်ပဲဖြစ်သည်။

"ဘုံ"

"ခန့်ညား"

"ပြောပါ ဘုံ၊ ကျွန်တော် နားထောင်နေပါတယ်"

ရှင်းသန့်ကြည်လင်နေသော သူ့မျက်နှာပေါ်မှာ ဘုံ နားမလည်နိုင်သော အရိပ်တွေ ရှိနေမည်လား ရှာဖွေကြည့်မိသည်။ ခန့်ညား မျက်ခန်းတွေမှာ ယုယကြင်နာရိပ်တို့ လက်ဖြာနေတာ အသေအချာ။

ဒါပေမဲ့ ဘုံ မယုံခဲ့ပါ။ ဘုံကို ပြောခဲ့သော သူ့ရဲ့ချစ်စကားတစ်ခွန်းအတွက် ဘုံ ယုံကြည်ဖို့ ခက်ခဲနေဆဲ။

"ခန့်ညား ရှင် ချစ်တယ်လို့ ပြောခဲ့ဖူးတဲ့မိန်းမတွေထဲမှာ ကျွန်မက နံပါတ် ဘယ်လောက်လဲဟင်"

"ဟာ ဘုံ မဟုတ်ဘူး၊ ဘုံထင်တာ လုံးဝမှားနေတယ်"

သူ့ မျက်နှာပျက်ကာ ခေါင်းတခါခါနှင့် ငြင်းဆိုနေသည်။ ဘုံ အာရုံထဲမှာ ဖျတ်ခနဲ မြင်လာတာ နဒီသစ္စာဘို၊ စိန်လော့ကတ်သီးလေးကို တောင် တန်ဖိုးကြီးကြီး ပေးလုပ်ခဲ့သေးတာပဲ။



www.burmeseclassic.com

www.burmeseclassic.com



"ဘုံရယ် ကျွန်တော် ချစ်တယ်လို့ ဝန်ခံပြောခဲ့သူက တစ်ယောက်ပဲရှိတယ်၊ အဲဒီတစ်ယောက်က ဘုံပါပဲ"

"နဒီသစ္စာဘုံ ဆိုတဲ့ တစ်ယောက်ကော ခန့်ညား"

"ဟာ ဘုံက ကျွန်တော့်ကို အထင်လွဲနေတာပဲ၊ သူနဲ့ကျွန်တော် ဘာမှမပတ်သက်ပါဘူးဗျာ၊ ဖေကြီး အလုပ်တွေကြောင့် ခင်မင်ရင်းနှီးတာကလွဲလို့ ဒီထက် ဘာမှမပိုခဲ့ပါဘူး"

"တန်ဖိုးကြီး အသည်းပုံ စိန်လည်ဆွဲမှာတောင် ဘီဆိုတဲ့အက္ခရာလေးနဲ့ ရှင် လက်ဆောင်ပေးခဲ့သေးတာပဲ"

"ဗျာ"

ဘုံစကားက သူ လျှို့ဝှက်ချက်ကို ဖော်ထုတ်လိုက်သလိုဖြစ်သွားခဲ့သည်လား။ သူ မင်သက်စွာ ဘုံကို စိုက်ကြည့်နေရင်း အင်္ကျီလည်ပင်းထဲကို လက်နှိုက်ယူသည်။

"ဒီဆွဲကြိုးလေးမှာ ကျွန်တော် အမြဲဆွဲထားပါတယ် ဘုံ"

ပလက်တီနမ် ဆွဲကြိုးလေးနှင့်ဆွဲထားသော စိန်လည်ဆွဲလေးကို သူ ထုတ်ပြမှပဲ ဘုံ တွေ့လိုက်ရ၏။

"ဒီ အသည်းပုံလေးထဲက ဘီဆိုတာ ဘုံထင်နေတဲ့ နဒီသစ္စာဘုံ မဟုတ်ပါဘူး၊ ကျွန်တော် သိပ်ချစ်တဲ့ ငွေဘုံသာ ဆိုတဲ့ ဘုံရဲ့အမည် အတိုကောက်လေးပါ ဘုံ"

"အို"

ဘုံ မျက်ဝန်းလေးတွေ ဝိုင်းစက်ကာ မျက်နှာတစ်ခုလုံး ပန်းသီးတစ်လုံးလို ရဲရဲနီသွားခဲ့မှာ သေချာသည်။ ဒါ ဘုံအမည်တဲ့လား။ ဘုံတို့



www.burmeseclassic.com

www.burmeseclassic.com



ဆင်မှတ်ထားတာတွေက အများအယွင်းတွေပေ့ါ။

"ကျွန်တော် မြတ်နိုးချစ်တဲ့ ဘုံ အမည်လေးက ကျွန်တော့် နှလုံးသားနဲ့ အနီးဆုံးမှာ အမြဲရှိနေတာပါ ဘုံရယ်"

ကြည့်စမ်း ဘုံ ရင်ခုန်သံတွေ ကျယ်လောင်စွာ ခုန်ပေါက်နေတာကို ဘုံ ကိုယ်တိုင်တောင် ရင်တုန်ကြောက်လန့်မိတဲ့အထိ။

"ဘုံ ကျွန်တော် သစ္စာဆိုရဲပါတယ်၊ ကျွန်တော့်ဘဝမှာ မိန်းကလေးတွေ အများကြီးနဲ့ ခင်မင်ရင်းနှီးဖူးပါတယ်၊ ဒါပေမဲ့ အချစ်ဆိုတာ ဘုံနဲ့မှ ခံစားတတ်ခဲ့တာပါ။ ဘုံကို ကျွန်တော် တကယ်ချစ်တာပါ ဘုံရယ်"

သူ့မျက်နှာကို ရင်ဆိုင်မကြည့်ရဲအောင် ဘုံ ရှက်စိတ်တွေနှင့် ထူပူနေခဲ့၏။ တစ်ငုံတောင် မသောက်ဖြစ်သေးသော မစ်ရှိတ်ခွက်လေး အပြင်က စီးကျနေသော ရေစီးကြောင်းလေးတွေကို ငုံ့ကြည့်နေမိဆဲ။

"ဘုံ ကျွန်တော့်ကို တစ်ခုခု ပြောပါဦးနော်"

တိတ်ဆိတ်နေသော စက္ကန့်တွေကို လှုပ်နှိုးလာသူက ခန့်ညား အသံပဲဖြစ်သည်။ ဘုံ မဝံ့မရဲ မော့ကြည့်ရင်း

"ဆောရီး ခန့်ညား ဘုံ အထင်လွဲပြီးပြောခဲ့တဲ့ စကားအတွက် တောင်းပန်ပါတယ်"

"ရပါတယ် ဘုံ၊ ကျွန်တော် ကြားချင်တာ ဘုံရဲ့တုံ့ပြန်မှုတစ်ခုပါ ကျွန်တော့်အချစ်ကို ဘုံ လက်ခံပေးပါ"

သူ တောင်းဆိုနေခဲ့ပြီ။ ရင်ခုန်သံတွေနှင့်အတူ ဘုံ ခေါင်းလေး အလိုက်သင့် ညိတ်ပြလိုက်သင့်၏။ ဒါပေမဲ့ ထူပူနေသော ရှက်စိတ်နှင့် ဘုံ မဝံ့ရဲပါ။



www.burmeseclassic.com

www.burmeseclassic.com



"ခန့်ညား ဘုံကို စဉ်းစားခွင့်ပေးပါဦးလို့ ပြောပါရစေ"

"ကျွန်တော် လက်ခံကျေနပ်ပါတယ် ဘုံ၊ ဘုံ ရင်ထဲက လေးနက် တဲ့အဖြေတစ်ခုအတွက် ကျွန်တော် စောင့်မှာပါ"

ထိုနေ့က ရင်ခုန်အပျော်တွေနှင့် ဘုံ အိမ်ပြန်ရောက်တော့ သဲစု ဆီက ဖုန်းဝင်လာသေး၏။

"နင် သက်သာရဲ့လား ငွေဘုံ"

ဘုံ လိမ်ပြောမလုံ့စွာပြုံးရင်း သဲစုကို ပြန်ဖြေရပါသည်။

"အင်း သက်သာပါပြီ သဲစု၊ မနက်ဖြန်တော့ ငါ လာနိုင်ပါ တယ်"

"အေး နင်နေမကောင်းသေးရင် မလာပါနဲ့ နင် သက်သာလား သိချင်လို့ ဆက်ကြည့်တာ၊ ဒါပဲနော် ငွေဘုံ ဘိုင့်ဘိုင်"

ဘုံ ဖြစ်ပျက်ခံစားနေခဲ့ရတာတွေကိုသာ သဲစုနှင့်နွယ်နီတို့သိ လျှင် ဝိုင်းဝန်းကျိန်ဆဲကြမည်လား မသိပါ။

ဘာပဲဖြစ်ဖြစ် ခန့်ညားနှင့်ဘုံကိစ္စကိုတော့ သဲစုတို့ကို သိုဝှက် ထားဖို့ ဘုံ ဆုံးဖြတ်ထားသည်။

အချစ်ဆိုတာကို ဘုံ နှလုံးသားက ခံစားတတ်သွားခဲ့တာကိုသာ သူတို့သိလျှင် ဘာတွေပြောကြမည် မသိပါ။ ဘုံကတော့ ကြည်နူးအပျော် တွေ လူပ်ခတ်ရင်း ထိုညက အိပ်မပျော်နိုင်ခဲ့တာ အမှန်။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၅)

ဘုံ ဆိုင်ကိုမရောက်ဖြစ်ခဲ့သည့် တနင်္ဂနွေရက်လေးမှာ ဖြစ်ပျက်သည့် အကြောင်းတွေကို နွယ်နီက ပြောပြသည်။

"ငွေဘုံ ငါတို့ဆိုင်ကို နောက်ထပ်ရောက်လာမယ့် ညည့်သည်သစ်တစ်ယောက်တိုးတယ် သိလား"

သဲစုကို မျက်စပစ် မေးငေါ့ပြရင်း နွယ်နီ ပြုံးပြုံးလေးလုပ်နေသော့ ဘုံ သိချင်စိတ်နှင့် နားစိုက်ထောင်မိ၏။

"သဲစုဆီ လာလည်မယ့်သူပဲ၊ နာမည်က အာကာဟိန်း တဲ့"

"ဘယ်သူလဲ အဲဒီနာမည် အခုမှ ကြားဖူးတယ်"

"နင်ကသာ အခုမှကြားဖူးတာ၊ သဲစုနဲ့ရင်းနှီးနေတာ ကျောင်းသားတည်းက ငွေဘုံရဲ့"



www.burmeseclassic.com

www.burmeseclassic.com



"ဘယ်လို ငါတို့မသိလိုက်တဲ့ လျှို့ဝှက်ဇာတ်လမ်းတွေလား သဲစု ဘာတွေလဲ"

ကိုယ်နဲ့မဆိုင်သလို လုပ်နေသော သဲစုကို လှမ်းမေးတော့ သဲစု လှမ်းကြည့်ရင်း

"ဘုံရယ် ကျုပ်မှာ ရှင်တို့မသိတဲ့ လျှို့ဝှက်ဇာတ်လမ်းဆိုသည့် ဘာတစ်ခုမှ မရှိပါဘူးဟယ်၊ ကိုအာကာကို နင်တို့ မမှတ်မိလို့ပါ၊ ဒုတိယ နှစ်တုန်းက ငါ့ကိုပရိုပို့စ်လုပ်တဲ့သူလေ"

"ငါ သိပ်မမှတ်မိဘူး"

"အေး ငါတောင် ရုတ်တရက် မမှတ်မိဘူး၊ ခန့်ခန့် မိတ်ဆက် ပေးမှ သိလိုက်တာ"

"ဘယ်သူ ခန့်ညားက မိတ်ဆက်ပေးတာ"

ခန့်ညားနှင့်တွေ့တုန်းက ထိုအကြောင်းတွေ မပြောဖြစ်ခဲ့၊ ဘုံ သိလည်း မသိခဲ့တာမို့ အံ့သြစွာ မေးမိ၏။

"ဟုတ်တယ်ဟ ကြည့်ရတာ ငါ ဒီမှာရှိနေတာ သိသွားပြီ ခန့်ခန့်ကို အကူအညီတောင်းပုံရတယ်၊ သူက ခန့်ခန့်နဲ့ပါလာတယ်လေ"

ဘုံ မျက်မှောင်လေးကုပ်ထားမိသေး၊ ခန့်ညားက ဆရာကြီးလေး ကူညီပြန်ပြီထင်သည်။ တစ်ပါးသူအတွက် အကျိုးဆောင်လုပ်ငန်းကို လုပ်တတ်တာ ခန့်ညားဝင့်ထည်ရဲ့ ဝါသနာဆိုတာ ဘုံ သိထားပါသည်။

အခုလည်း သဲစုကိစ္စမှာ ခန့်ညား အောင်သွယ်တော်လုပ်ပြီ ထင်၏။

"ခန့်ကတော့ အပေါင်းအသင်းအတွက်ဆိုရင် အမြဲတမ်း ကူညီ

www.burmeseclassic.com

www.burmeseclassic.com



သနေကျလေ ငွေဘုံရဲ၊ ကိုအာကာဟိန်းက ခနဲ့တို့လိုပဲ UFL တက်ခဲ့တာ ဆိုတော့ ဘော်ဒါတွေပေါ့''

နှယ်နီက ဝင်ရှင်းပြနေပြန်သည်။ သဲစုကတော့ ကောင်တာ ခုံပုံးတွေကို ကြက်တောင်မွေးနှင့် သန့်ရှင်းရေးလုပ်ရင်း ငြိမ်သက်နေ၏။

''အဲဒီတုန်းက ကိုအာကာဟိန်းကို သဲစုက အပြတ်ငြင်းခဲ့တာ ဟုတ်ဘူး ငွေဘုံရဲ၊ ပညာရေး ဆုံးခန်းတိုင်မှ ဒီကိစ္စတွေ စဉ်းစားမယ်လို့ ပြောခဲ့တော့ ကိုအာကာက နောက်ဆုတ်သွားတာတဲ့၊ အခုတော့ မဆုံး သေးတဲ့ ဇာတ်လမ်းကို ပြန်ဆက်မယ့်သဘောလေ''

နှယ်နီကပဲ ပြောပြနေသည်။ သဲစု နှုတ်က စကားသံမထွက် သလို နှယ်နီ စကားကိုလည်း မငြင်းဆိုဘဲ ရှိနေတာမို့

''သဲစု ဟုတ်လား''

''ဘာကိုမေးတာလဲ ငွေဘုံ''

''အူတူတူ လုပ်မနေနဲ့လေ၊ နင်တို့ရဲ့ဇာတ်လမ်း ပြန်ဆက်ကြ တော့လို့ နှယ်နီ ပြောတာ ဟုတ်သလား''

''ဒါတော့ ငါ့မှာ အသေအချာ မပြောတတ်သေးဘာ၊ မနေ့ကမှ ခနဲ့ခနဲ့နဲ့အတူ သူ ရောက်လာတာ တစ်ခေါက်ပဲရှိသေးတယ်၊ မိတ်ဆွေ ဟောင်းလို နှုတ်ဆက်သွားတာပဲ ရှိသေးတယ်''

''ဟိုက ရည်းစားစကားပြောရင်ကော ရှင်က ခေါင်းညိတ်မှာ မို့လား''

သဲစု ပြုံးကာ နှုတ်ဆိတ်နေသည်။ နှယ်နီက ကြားကဝင်ပြီး သဲစုကိုယ်စား ဖြေပေး၏။



www.burmeseclassic.com

www.burmeseclassic.com



"ငါတို့ သဲစုကလည်း မဆွတ်ခင်က ညွှတ်ချင်နေတဲ့ပုံပါဟယ်"

"သဲစု အသေအချာ စဉ်းစားနော်၊ အဲဒီလူက နင့်ရဲ့အဖော် ဖြစ်ထိုက်တဲ့အရည်အချင်းတွေ ပြည့်စုံရဲ့လား၊ ရိုးသားရဲ့လား၊ ပြီးတော့ နင့်ကို တကယ်ချစ်ရဲ့လား၊ မိန်းမတွေနဲ့ကော ကင်းရှင်းရဲ့လား"

"အမလေး ငွေဘုံရယ် နင့်မေးခွန်းတွေက များလိုက်တာ၊ ငါ ဘယ်လိုဖြေရမှန်းတောင် မသိဘူး"

"ဟုတ်သားပဲ ဘုံရယ်၊ အရေးအကြီးဆုံး အချက်ပဲ မေးစမ်း တစ်ဘဝလုံးအတွက် ရွေးမှာဆိုရင် အရေးကြီးဆုံးက အချစ်ပဲလေ"

"ဟဲ့ နွယ်နီ နင်တို့ ငါတို့ အရွယ်က ကျောင်းသူလေးတွေ မဟုတ်တော့ဘူး၊ ဒီတော့ ဆင်ခြင်ဉာဏ် အသိနဲ့လည်း ဆုံးဖြတ်ရမှာပေ တစ်ဘဝလုံး ပေါင်းရမှာ အရည်အချင်းတွေတော့ လိုအပ်တာပေါ့"

ဘုံနှင့်နွယ်နီတို့နှစ်ယောက်သား စကားတွေ အပြန်အလှန် ပြော ကာ ဝေဖန်ချက်တွေ ပေးနေကြတာဖြစ်၏။ ကာယကံရှင် သဲစုကတော့ ဘုံတို့နှစ်ယောက်စကားတွေကို ငြိမ်ငြိမ်လေး နားထောင်နေ၏။

"ကိုအာကာက ခရီးသွား အေဂျင်စီတစ်ခုမှာ အလုပ်ဝင်နေ တယ်၊ အပြင်မှာလည်း တိုးရစ်စ်ဂိုက်လုပ်နေတယ်တဲ့၊ သူ့မိဘတွေ လည်း ကိုယ်ပိုင်စီးပွားရေးနဲ့အဆင်ပြေတယ်၊ အစ်မတွေ ညီတွေကလည်း ပညာတတ်တွေပါပဲ"

နွယ်နီ ပြောပြသည့်အချက်တွေကတော့ ငြင်းစရာ တစ်ကွက် မရှိပါ။ ပြီးတော့ သဲစုကိုယ်တိုင်ကလည်း ကြည်ဖြူသည့်အရိပ် ရှိနေ ဘုံ သတိပြုမိသည်။



www.burmeseclassic.com

www.burmeseclassic.com



"အင်းလေ ဒါဆိုရင်တော့ မဆိုးပါဘူး၊ ဒါပေမဲ့ တကယ် ...ချယ်ဆုံးဖြစ်ရမှာက သဲစုကိုယ်တိုင်ပဲ"

"ဟုတ်တယ် သဲစု၊ နင့်ရင်ထဲမှာ ကိုအာကာနဲ့ပတ်သက်ပြီး ...းမှုက အမိကပဲ၊ ငါတို့ကို ပွင့်ပွင့်လင်းလင်း ဝန်ခံဟာ"

"ဒုက္ခပါပဲ မုန့်ဆီကြော်က ဘယ်မှာနေတယ် မသိဘူး၊ နှုတ်ခမ်း ...နဲ့ဘည့်ပုံမလားဖြစ်နေပြီ နွယ်နီ၊ သူက ငါ့ကို ဘာမှမပြောသေးဘူးနော်"

"ပြောမှာပါ မကြာခင် ရင်ဖွင့်လာမှာ"

"အေး အဲဒီတော့မှ ငါ လေ့လာဆုံးဖြစ်မှာပေါ့၊ သူ့စိတ် ...ဘောထားနဲ့ အခြေအနေကို အကဲခတ်ဖို့ ငါ အချိန်ပေးရမှာပေါ့ဟာ"

တိုက်ထဲကို ဝင်လာသော ဝယ်သူတွေကြောင့် ဘုံတို့ စကားစ ...ဖြတ်လိုက်ရင်း ကိုယ့်တာဝန်ကိုယ် ယူလိုက်ကြသည်။

ဝယ်သူတွေကို နွယ်နီနှင့်အတူ ရတနာပစ္စည်းတွေ ထုတ်ယူပြ ...သော သဲစုကိုကြည့်ရင်း ဘုံ ကိုယ့်အဖြစ်ကို ကိုယ်ပြန်သတိရမိ၏။

သဲစုကိုသာ ဆရာကြီးလုပ်နေမိတာ ဘုံကိုယ်တိုင်ကကော သဲစု ...အကြံပေးသလို ရွေးချယ်ဆုံးဖြတ်နိုင်ရဲ့လား။

ခန့်ညားကို ရေရာတိကျစွာ အဖြေမပေးရသေးပေမယ့် ဘုံ ...မှာတော့ ခန့်ညားအတွက် အဖြေရှိနေခဲ့တာ ဟိုးအရင်ကတည်းက ...သည်။ ခန့်ညားနှင့်ပတ်သက်ပြီး ကိုယ်တိုင် ခံစားရသော ခံစားချက်တွေ ...ဘုံသာ အသိဆုံးပါပဲ။

အချစ်ကို ဘုံနှလုံးသားက သူ့အလိုလို ရွေးချယ်ခဲ့တာ သေချာ ...တွေ့ညွှန်းတွေနှင့် ဘုံ ဘာမှတိုင်းတာစဉ်းစားခွင့်တောင် မရခဲ့ပါ။

www.burmeseclassic.com

www.burmeseclassic.com



ဦးနှောက်က ဘာမှမသိလိုက်ခင်မှာ နှလုံးသားက ချစ်တတ်သွားခဲ့တာ
ဖြစ်၏။

သူ့ကို ချက်ချင်းခေါင်းညိတ် အဖြေမပေးခဲ့သည့်တိုင် ခန့်ညား
အခြေအနေ အဆင့်အတန်းက ခေါင်းခါစရာ မဟုတ်ဟု လက်ခံထား
သည်။

တစ်ခုပဲ ဘုံ စိုးရိမ်မိပါသည်။

နှလုံးသားက ပထမဆုံး ပေါက်ဖွားဖြစ်တည်ခဲ့သော အချစ်
တော့ ဒဏ်ရာဝေဒနာတွေ မရစေလိုပါ။

တောင်းပန်ပါတယ် ခန့်ညားရယ်၊ ဘုံ့နှလုံးသားကိုတော့ မ
စားလိုက်ပါနဲ့ကွယ်။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၆)

ဖုန်းမြည်လာ၍ ကောက်ကိုင်လိုက်တော့ အာကာဆီက ဖုန်းခေါ်နေသည်။

"ဆို အာကာ ဘာကိစ္စလဲ"

"မင်းကိုကျေးဇူးတင်ကြောင်း ပြောချင်လို့၊ မင်းပေးတဲ့အကြံအတိုင်း ငါ ပို့လိုက်ပြီကွ"

"အင်း အခြေအနေက ဘာလဲ"

"စောစောကပဲ သဲစုဆီက ဖုန်းလာတယ်၊ ငါ ပေးလိုက်တဲ့လက်ဆောင်အတွက် အရမ်းကျေးဇူးတင်ပါတယ်တဲ့"

အာကာအသံမှာ ဝမ်းသာရိပ်တွေ ထင်နေတာတော့ အသေအချာပဲဖြစ်၏။ သဲစုနှင့်အာကာကြားမှာ ရင်းနှီးခင်မင်မှုတွေ လိုအပ်နေသည်။ ထို့အတွက် အာကာက သူ့ကို အကူအညီတောင်းသည်။

ဗျူး ၁၁၄၅

www.burmeseclassic.com

www.burmeseclassic.com



"မိန်းကလေးဆိုတာ သူ့အပေါ် အလေးအနက်ထား ဂရုစိုက်တာကို သဘောကျတယ်ကွ၊ ဒီတော့ မင်းဘက်က သဲသဲကို အလေးထား ဂရုစိုက်ပြပေါ့ကွာ"

"အေး အဲဒါကို ငါ ဘယ်လိုပြရမှာလဲ"

"ဟာကွာ သဲသဲ သဘောကျတာလေးတွေ လုပ်ပြပေါ့ကွ၊ အဲ ဥပမာ သဲစုက အရုပ်တွေ သဘောကျတယ်ကွ၊ ဒီတော့ သူ သဘောကျ အရုပ်လေးတွေ ဝယ်ပေးတာမျိုးပေါ့ အာကာရာ"

"အိုကေ ငါ သဘောပေါက်ပြီ"

သူပေးသည့် အကြံအတိုင်း အာကာက သဲသဲထံ ဝက်ဝံရုပ် ဝယ်ကာ လက်ဆောင်ပေးလိုက်တော့ သဲသဲက သဘောကျကာ ကျေး တင်ကြောင်း ပြောတာကို အာကာ ဖုန်းဆက်ပြောတာ ဖြစ်၏။

"ငါ ဘာဆက်လုပ်ရမလဲ ခန့်၊ မင်းဆီက အကြံဉာဏ် ထပ် နေတယ်"

"ဘာလုပ်ရမလဲကွာ သဲသဲနဲ့ရင်းနှီးနေပြီပဲ၊ သူ့မိဘတွေနဲ့ ရင်းနှီးအောင် မင်း အိမ်သွားလည်ပေါ့ကွာ"

"ဟာကွာ မျက်နှာပူစရာကြီး"

"ဟော့ကောင် နောက်လည်း ယောက္ခမတော်ရမယ့်သူတွေ ဘာမှမျက်နှာပူမနေနဲ့"

"အေး ဟိုလေ ငါ ဘယ်လိုအကြောင်းပြသွားရမှာလဲ"

"လမ်းကြုံလို့ တမင်ဝင်လည်သလိုပေါ့ အာကာရာ၊ သဲသဲ အင်္ဂါနေ့ဆို ဆိုင်မသွားဘူး၊ အဲဒီရက်မှာ မင်း အိမ်သွားလည်ပေါ့ကွ"



www.burmeseclassic.com

www.burmeseclassic.com



"ဟာ ဟုတ်တယ် ကျေးဇူးပဲ ကျေးဇူးရှင်၊ မင်းကိုငါ ဆန်းဒေး ရင် တစ်ခုခုကျွေးမွေးပါ့မယ်"

"မလိုပါဘူး အာကာရာ၊ မင်းဘာသာ အဆင်ပြေရင် ပြီးတာပဲ၊ ဆန်းဒေး ငါမအားဘူး ငါ့ကိစ္စရှိသေးတယ်"

"ဩော် အေး မင်းနဲ့ဇွေဘုံသာ အခြေအနေကော အိုကေနေ ကြား ခန့်"

"အင်း ဒီလိုပါပဲ ပုံမှန်အတိုင်းပဲ၊ ဘာမှမထူးခြားသေးဘူး"

"မင်းက ဆရာကြီးပဲ အဆင်ပြေမှာပါကွာ"

အာကာ စကားကို သူ ပြုံးမိသည်။ တကယ်ဆိုလျှင် ဘုံနှင့် ကြားမှာ တရားဝင်ချစ်သူတွေ ဖြစ်ခွင့်မရှိသေးပါ။

ဘုံက အဖြေစကားပေးဖို့ အခြေအနေ အတိုင်းအတာတစ်ခု ထိ သူ့ကို စဉ်းစားခွင့်တောင်းဆိုထားသည်။ ဘာပဲဖြစ်ဖြစ် ဘုံ တောင်း ချက်ကို သူကလည်း လက်ခံထားပြီးပြီ။

ဘုံ မျက်ဝန်းတွေထဲမှာတော့ သူ့အတွက် မျှော်လင့်ချက်တွေ များကြီးရှိနေတာ သူ ယုံကြည်ပါသည်။

ဘုံအကြောင်းတွေးရင်း ဘုံကို သတိရလာတာမို့ ဖုန်းခေါ်ကြည့် ဖုန်းပိတ်မထားတာမို့ အလွယ်တကူ ဝင်သွားပါသည်။

"ဘုံ"

"ပြောလေ ခန့်ညား၊ ဘာကိစ္စရှိလို့လဲ"

"ဘုံကို သတိရလို့ပါ၊ ဘုံ မအိပ်သေးပါဘူးနော်"

"အခုပဲ အိပ်တော့မလို့"



www.burmeseclassic.com

www.burmeseclassic.com



"ခဏာလေး ဘုံရယ်၊ ဘုံကို တွေ့ခွင့်ရတဲ့နေ့လေးက ဆန်းဒေ တစ်ရက်ပဲ ရှိတယ်လေ၊ ဒီရက်တွေမှာ ကိုယ် လုံးဝမအားလပ်အောင် ဖေကြီးရဲ့အလုပ်တွေကို လုပ်ပေးနေခဲ့ရတာ"

"ဟုတ်လား ဝါသနာနဲ့အလုပ်တွေကိုလည်း ရှင်လုပ်နေရသေး တယ် ထင်တယ်၊ ဟုတ်လား ခန့်ညား"

"ဘုံ ဘာပြောတာလဲဟင်"

"အာကာဟိန်းကို သဲစုနဲ့ရှင် အောင်သွယ်ပေးနေတာလေ၊ ရှ က အကြံပေးပညာရှိကြီးပေါ့"

"ဒီသဘော မဟုတ်ပါဘူး ဘုံရယ်၊ အာကာကလည်း ကိုယ့် သူငယ်ချင်း သဲစုကလည်း ကိုယ့်သူငယ်ချင်းဆိုတော့ ကူညီပေး သဘောပါ"

"သူတစ်ပါးကို ကူညီဖို့ ရှင်တော်တော် ဝါသနာပါပုံရတယ်နော် ခန့်ညား"

"သူတစ်ပါးအကျိုးဆောင် ကိုယ့်အကျိုးအောင်တယ်တဲ့၊ ဘုံ ဘက်ကလည်း ကိုယ့်ကို ကူညီပေးစေချင်တယ်"

"ဟင် ဘာလို့လဲ ခန့်ညား"

"အခု ကိုယ့်ရင်ထဲမှာ ရင်တမမနဲ့ မျှော်လင့်နေရတဲ့ ဝေဒနာ ကြီးက ဘုံ ကူညီမှ ရမှာလေ"

"ဟင့်အင်း ဘုံက ခန့်ညားလို ဝါသနာမပါဘူးလေ"

"ဘုံရယ် ဘုံကို ကိုယ် တကယ်ချစ်တာပါ"

"ယုံကြည်သင့်သလားဆိုတာ ဘုံ စဉ်းစားရဦးမပေါ့လေ"



www.burmeseclassic.com

www.burmeseclassic.com



"ဘုံ ဘုံယုံကြည်အောင် ကိုယ် ဘယ်လိုသက်သေပြရမလဲဟင်"

"ခန့်ညားက ဆရာကြီးပဲလေ၊ ဘုံ ယုံကြည်အောင် ခန့်ညား ငြိုးစားအကြံထုတ်ကြည့်ပေါ့၊ မိန်းကလေးတစ်ယောက်ကို ဘယ်လို ယုယ ပြရမလဲ၊ ဘာတွေကြိုက်တတ်သလဲ၊ အရုပ်တွေ လက်ဆောင်ပေးသင့် သလား။ ရှင်က ကျွမ်းကျင်ပါတယ်"

ဘုံ စကားတွေ နားထောင်ရင်း သူ နားလည်လိုက်ပါသည်။ သဲစုကို အာကာ ဝက်ဝံရုပ်ကြီး လက်ဆောင်ပေးတာကို ဘုံ သိနေသည် ပေါ့။

"ဘုံကို သဲသဲပြောပြထားပြီ ထင်တယ်"

"ဒါ ခန့်ညားဝင့်ထည်ရဲ့ မဟာအကြံအစည်တွေဆိုတာ ကျွန်မ ပြေးမြင်ပြီးသားပဲ"

"ကိုယ် ဝန်ခံပါတယ် ဘုံ၊ အာကာ အကူအညီတောင်းလို့ ကူညီပေးခဲ့တာပါ"

"အင်း ရှင့်ကြောင့် သဲစုကတော့ အာကာဟိန်းကို တော်တော် အမှတ်တွေပေးနေမှာ သေချာတယ်"

"ဘုံ ကျွန်တော့်ကို အမှတ်တွေပေးအောင်တော့ ကျွန်တော် မလုပ်တတ်ပါဘူး။ ဒါပေမဲ့ ဘုံကို ကျွန်တော် ဖြူစင်လေးနက်စွာ ချစ်ခဲ့ တာပါ ဘုံ"

"ကျွန်မ အိပ်ချင်ပြီ ခန့်ညား"

"ကျွန်တော်ကတော့ အိပ်ပျော်မှာမဟုတ်ဘူး ဘုံရယ်"

"အိပ်ဆေးသောက်အိပ်လေ အဟင်း ဟင်း"



www.burmeseclassic.com

www.burmeseclassic.com



ရယ်သံချိုလွင်လွင်လေးနှင့် ဘုံ ဖုန်းပိတ်သွားခဲ့သည်။ သူ့ရင်ထဲမှာ ကြည်နူးခြင်းတွေ ကျန်ရစ်ခဲ့တာတော့ အသေအချာပဲ ဖြစ်သည်။

ဘုံကို သူ သိပ်ချစ်ပါသည်။ ထိုချစ်ခြင်းက နှလုံးသားမှာ ပထမဆုံးပေါ်ပေါက်ခဲ့သော ချစ်ခြင်းပဲဖြစ်၏။

ဘုံရဲ့မျက်ဝန်းတွေထဲမှာလည်း ချစ်ခြင်းရောင်စဉ်တွေကို သူ မြင်တွေ့နေခဲ့သည်ဟု ထင်သည်။ ဒါပေမဲ့ ဘုံ တမင်ညှင်းရက်တာလား။

ဘာပဲဖြစ်ဖြစ် ဘုံရဲ့အသံချိုချိုလေးတွေနှင့် ဘုံမျက်နှာလေးကို မြင်တွေ့ခွင့်ရတာနှင့်သာ သူ ကျေနပ်နိုင်ပါသည်။

ဘဝတစ်ခုလုံးအတွက် ရည်စူးထားသော ဘုံဆီမှာလည်း တူညီသော ချစ်ခြင်းတွေကို သူ ပိုင်ဆိုင်ရမည်ဟု အကြွင်းမဲ့ ယုံကြည်ပြီးသား ဖြစ်သည်။

ချစ်ခြင်းမေတ္တာဆိုတာ စစ်မှန်လျှင် အသွားအပြန်ဆိုတာတော့ ရှိမှာ အသေအချာ။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၁၇)

အဂ်ါနေ့တိုင်း သဲစုဆိုင်ကို ရောက်မလာတတ်တာတော့ မထူးဆန်းပါ။ အဂ်ါနေ့က သဲစုရဲ့နားရက်ဖြစ်သည်။ ဒါပေမဲ့ ထူးဆန်းသည်က ထိုနားခွင့်ရက်လေးမှာ သဲစုကို အာကာဟိန်းနှင့် တွေ့နေတတ်ခြင်းပဲ ဖြစ်၏။

"ငွေဘုံရေ ကျုပ်တို့သဲစုတော့ အာကာနဲ့ငြိသွားပြီ ထင်တယ်"

"ဟင် ဟုတ်လား သေချာရဲ့လား"

"သဲစုက နင်နဲ့ငါ့ကို မပြောပေမယ့် ပြီးခဲ့တဲ့အဂ်ါနေ့က သဲစုကို ယောက်ျားတစ်ယောက်နဲ့ ဘုရားမှာတွေ့ခဲ့တယ်တဲ့ အဲဒီနေ့က ငါ့ညီမလေး တွေ့ခဲ့တာတဲ့"

နွယ်နီက ကြားခဲ့ရသော သတင်းကို ဘုံ သိအောင် ပြန်ပြော ပြသည်။



www.burmeseclassic.com

www.burmeseclassic.com



"ညီမလေး ပြောပြတဲ့ဖုန်းအရတော့ အာကာဟိန်းဆိုတာ သေချာပါတယ်"

"ဖြစ်နိုင်တယ် သူက ငါနဲ့နင့်ကို လျှို့ဝှက်ထားတာ ထင်တယ်"

"မိသဲစုတော့ ဒီလိုမလုပ်သင့်ဘူး၊ တကယ်ဆို သူငယ်ချင်း အရင်းအချာကြီးတွေဟာ ပြောသင့်တာပေါ့"

နွယ်နီ စကားကို ဘုံ ဘာမှမတုံ့ပြန်ဘဲ နှုတ်ဆိတ်နေမိ၏။ သဲစု သိုဝှက်ထားခြင်းအတွက် ဘုံကတော့ အပြစ်မတင်ချင်ပါ။ တကယ် ဆို ဘုံကိုယ်တိုင်လည်း ခန့်ညား ချစ်ရေးဆိုသည့်ကိစ္စကို သိုဝှက်ထားမိခဲ့ တာပဲ ဖြစ်သည်။

ဒါကိုသာ နွယ်နီ သိလျှင် ဘုံကိုပါ အပြစ်တင်ဦးမည်လား မသိ။ ခန့်ညားကလည်း ဘုံ သိုဝှက်ထားတာကို ရိပ်မိ၍ထင်၏။ နွယ်နီ နှင့်သဲစုတို့ရှေ့မှောက်မှာ သံသယဖြစ်လောက်အောင် မနေပါ။

ဆိုင်ကို ရောက်လာလျှင်လည်း အရင်လိုပဲ စကားတွေပြော ဝယ်လာသောမုန့်တွေကို ကျွေးတတ်သည်။

နွယ်နီတို့ အလစ်မှာတော့ ဘုံ အနားရောက်လာကာ စကားပြော တတ်တာတော့ ရှိသည်။

"ဘုံ ဒီနေ့ သိပ်လှတယ်"

"မမြှောက်နဲ့၊ ဆိုင်မှာ ကျွေးဖို့ ဘာမုန့်မှမရှိဘူး၊ ရှင် ဝယ်လာ တာတွေပဲ ပြန်ကျွေးရမှာ"

"တကယ်ပြောတာပါ ဘုံ ကိုယ့်ကို ဘယ်လောက်အထိ ညှင်း ဆဲထားမှာလဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဒုက္ခပါပဲ ရှင့်ကို ဘုံ ဘာမှညွှင်းဆဲမထားဘူးနော်"

"ဟုတ်ပါတယ် ကိုယ်ကိုယ်တိုင်က ဘုံလေးနဲ့ ပတ်သက်သမျှ ကို ဘာမဆို ခံစားပိုင်ဆိုင်ချင်တာပါ"

"ကဲ ဦးခန့်ညားဝင့်ထည် ဝယ်သူတွေလာနေပြီ"

ခန့်ညား စကားတွေ သည်လိုပဲ အဆုံးမသတ်ခင် ရပ်တန့်ပြီး ဆုံးသွားရစမြဲ ဖြစ်သည်။ နွယ်နီနှင့် သဲစုတို့ကလည်း ဘုံတို့အခြေအနေကို သုံးဝ မရိပ်မိခဲ့တာ သေချာသည်။

"ခန့်ခန့်ရေ နင် ဆိုင်သိမ်းမှပြန်မယ်ဆိုရင် ငါ့ကိုအိမ်လိုက်ပို့ ပေးပါလား၊ ဒီနေ့ တို့ကားဝပ်ရှော့ ပို့ထားလို့"

"ရတယ်လေ ငါ လိုက်ပို့ပေးမှာပေါ့ နွယ်နီရဲ့"

"ကျေးဇူး ခန့်ကို တို့ ဖက်ထုပ်ဝယ်ကျွေးမှာပါ"

ဘယ်သူ အကူအညီတောင်းတောင်း မငြင်းဆန်ဘဲ ကူညီတတ်သော သူကတော့ နွယ်နီ တောင်းဆိုတာကိုလည်း မငြင်းခဲ့ပါ။

တကယ်ဆို သဲစုကားနှင့် လမ်းကြုံလိုက်လျှင်ပင် အဆင်ပြေ လျက်နှင့် နွယ်နီ ဘာကြောင့် ခန့်ညားကို လိုက်ပို့ခိုင်းရတာလဲ မသိ။ ဘုံ စိတ်ထဲမှာတော့ ဝန်တိုချင်သလိုလို ဖြစ်မိတာ အမှန်ဖြစ်သည်။

ဘုံ မျက်နှာမှာသာ အရယ်အပြုံးတို့ပျောက်ကာ တည်ငြိမ် သွားပေမယ့် ခန့်ညားကတော့ ပုံမှန်အတိုင်းပဲ ဖြစ်သည်။

နွယ်နီက သူ့ရဲ့သူငယ်ချင်းမို့ ရိုးသားဖြူစင်သည်ဟု ယုံကြည် ထားသည်လား။ ဘုံကတော့ ကသိကအောက်ဖြစ်ရတာ အမှန်။

သူ့ရဲ့ကူညီတတ်သော စိတ်ထားလေးကို ဘုံ သဘောကျမိ



www.burmeseclassic.com

www.burmeseclassic.com



သည်။ ဒါပေမဲ့ တစ်ခါတစ်ခါတော့လည်း ဘုံ ဘဝင်မကျ ဖြစ်မိပြန်၏။

ဒါ ဝန်တိုစိတ်ကြောင့်ပဲလား။

မိန်းမဆိုတာ အူတိုတတ်သည့် အမျိုးတဲ့။ ငွေဘုံသာ ဆိုတာ လည်း မိန်းမထဲက မိန်းမတစ်ယောက်ပါရှင်ရယ်။

ချစ်တတ်လို့ ဝန်တိုတာဆိုလျှင်တော့ သူ့ကို ဘုံ ချစ်မိနေပြီ ဆိုတာ ဝန်ခံရတော့မှာလား။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၈)

နွယ်နီကတော့ မကျေနပ်သော ကိစ္စကြီးကို သုံးယောက်သား ...က်နှာချင်းဆိုင် ဆုံသည့်နေ့မှာပဲ အပြတ်ရှင်းသည်။

"နင် သစ္စာဖောက်တာပဲ၊ ဘာလို့ နင်တို့ချစ်ကြိုက်နေတဲ့ကိစ္စ ...ို လိမ်ညာထားရတာလဲ"

"ဟင် ငါ မညာပါဘူး နွယ်နီရယ်၊ စကားမစပ်သေးလို့ မပြော ...ဖြစ်တာပါ၊ ပြီးတော့ ငါတို့ ချစ်သူဖြစ်ကြတာ နှစ်ပတ်လောက်ပဲ ရှိသေး ...ာယ်"

"နှစ်ပတ်တောင် ရှိပြီဟုတ်လား သဲစု၊ ရှင်တို့ဆုံကြတာ ဘာ ...သေးလို့လဲ၊ ကိုအာကာတောင် ဆိုင်ကိုရောက်မလာတာ ကြာနေပြီ"

"သူ ဆိုင်မရောက်ပေမယ့် ငါ့အိမ်ကို ရောက်လာပါတယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဘုရားရေ သူက ရှင့်အိမ်အထိတောင် ရောက်လာတယ် ဟုတ်လား"

"ဟုတ်တယ် ငါ အင်္ဂါနေ့တွေ နားတယ်ဆိုတာသိလို့ သူ အင်း လာတယ်၊ မေမေတို့နဲ့တောင် ခင်မင်ရင်းနှီးနေပြီ"

သဲစု အခြေအနေက ဘုံတို့ထင်မှတ်ထားသည်ထက်တောင် နီးစပ်လွန်းနေခဲ့ကြသည်ပဲ။ ကိုအာကာက သဲစု အိမ်ကိုတောင် ဝင်ထွက် နေသည်တဲ့လား။

"ရှင်တို့ကြိုက်နေတာကို ရှင့်မိဘတွေ သိနေကြပြီလား သဲစု"

ဘုံ အမေးကို သဲစု ရှက်ပြုံးလေးနှင့် ခေါင်းညိတ်ပြသည်။

"အင်း သူအိမ်ကို မကြာခဏ ရောက်လာကတည်းက မေမေ တို့ ရိပ်မိနေတာပါ၊ သူ့အကြောင်းတွေမေးတော့ ငါလည်း မေမေ့ကို ပြောပြထားတယ်"

"အေးလေ ကိုအာကာက ငြင်းစရာမလိုတဲ့ ယောကျ်ားတစ် ယောက်ပဲ၊ နင်ကကော သူ့ကိုချစ်သွားပြီလား သဲစု"

"အင်း ငါ ဝန်ခံပါတယ်၊ သူက ရိုးသားတယ်၊ ငါ့အပေါ်လည်း တကယ်ချစ်တာပါ၊ ဒါကြောင့် ငါ ခေါင်းညိတ်လိုက်တာ"

တကယ်တမ်း သဲစုနှုတ်က ဝန်ခံပြောပြတော့လည်း နှယ်နီ မကျေမနပ် ဒေါသလေးတွေ ပျောက်ကွယ်သွားပုံရပါသည်။

"အင်းပါလေ နင်တို့ ငါတို့အရွယ်က အပျိုပေါက်လေးတွေ မဟုတ်ကြတော့တာပဲလေ၊ ကိုအာကာနဲ့နင် လိုက်ဖက်ပါတယ် သဲစု ငါတို့ သုံးယောက်ထဲမှာ အရင်ဆုံး မင်္ဂလာပွဲ ဆင်နွှဲမှာ နင်ပဲပေါ့တယ်



www.burmeseclassic.com

www.burmeseclassic.com



"လိုတော့ လိုပါသေးတယ်ဟာ၊ ငါတို့ အချိန်တစ်ခုတော့ စောင့်ကြဦးမှာပါ"

သဲစုကတော့ အနာဂတ်အတွက် ဆုံးဖြတ်ချက်တစ်ခု ချမှတ်ထားပြီးပုံ ရှိနေသည်။ သဲစု မျက်ဝန်းတွေထဲမှာလည်း ကျေနပ်ဝမ်းသာ နိုင်တွေ လွှမ်းခြုံနေခဲ့တာ အထင်အရှားဖြစ်၏။

တကယ်ဆို သဲစု အချိန်တိုလေးအတွင်းမှာ ပြတ်သားသော ဆုံးဖြတ်ချက် ချနိုင်ခဲ့တာ ကိုအာကာကို ချစ်သော နှလုံးသားရဲ့ဆုံးဖြတ်ချက်ကြောင့်ပဲ ထင်ပါသည်။

ဘုံကျတော့ ဘာကြောင့်များ တွေဝေနေတာလဲ။ ဟင့်အင်း ဘုံ တွေဝေနေတာတော့ မဟုတ်နိုင်ပါ။

သူ့ချစ်ခြင်းကို လက်ခံနိုင်ဖို့ ဘုံ ရှက်ရွံ့နေတာပဲ ဖြစ်မည်။

"သဲစု နင်ပြီးရင် ငါ့အလှည့်ရောက်ချင်လိုက်တာ"

နွယ်နီ စကားကြောင့် ဘုံ အတွေးတွေ ပြတ်တောက်သွားရ၏။ နွယ်နီကို လှမ်းကြည့်တော့ ပြုံးပြုံးလေးရှိ၏။

"နေပါဦး နွယ်နီ၊ ငါပြီးရင် နင့်အလှည့်ရောက်ချင်တယ်ဆိုတော့ နင့်မှာချစ်သူရှိနေလို့လား"

"ချစ်သူ ဟုတ်လား အင်း ငါချစ်နေတဲ့သူကို ချစ်သူလို့ သတ်မှတ်ရမယ်ဆိုရင် ရှိတယ်ဆိုပါတော့"

"ဟယ် ကြည့်စမ်း နွယ်နီ၊ နင် ချစ်တဲ့သူရှိတယ်ပေါ့၊ ဘယ်ကလဲ ဘယ်သူလဲ"

သဲစု ကသောကမျောမေးသလို ဘုံလည်း သိချင်စိတ်ကြောင့်



www.burmeseclassic.com

www.burmeseclassic.com



နားစွင့်ထားတော့ နွယ်နီ ရှက်ပြုံးလေးနှင့်

"ဘယ်သူဘယ်ဝါဆိုတာ ငါ မပြောချင်သေးဘူး၊ ငါနဲ့သူ ခ

သူတွေဖြစ်တာနဲ့ နင်တို့ကို ပြောပြမှာပါ"

"လုပ်ပြီဟာ လျှို့ဝှက်ချက်ကြီးနဲ့"

"မဟုတ်တူးလေဟာ၊ သူ့နှုတ်က ဖွင့်မပြောသေးဘဲ ငါ မပြေ

ပြချင်သေးဘူး"

"နွယ်နီရယ် နင့်ခံစားချက်ကြီးက မလှလိုက်တာ၊ နင်က ခ

နေတာဆိုတော့ သူ့ဘက်ကကော"

"သူ ငါ့ကိုချစ်နေမယ်လို့ ငါ ယုံတယ်၊ တစ်ချိန်ချိန်မှာ ဖွ

ပြောလာမှာပါ"

နွယ်နီ ရင်ထဲမှာလည်း အချစ်နှင့်ပတ်သက်သော ခံစားချ

တွေ သိုဝှက်စွာ ရှိနေဆဲဟု ဘုံ သိလိုက်ပါသည်။

အံ့ဩစရာကောင်းလိုက်တာ။ ဘုံတို့သုံးယောက်ရဲ့နှလုံးသားတွေ

ကာရံညီနေခဲ့သည်လား။

အချစ်ကို ခံစားတတ်ကြတော့လည်း အတူတူပါပဲလား။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၉)

မထင်မှတ်ဘဲ ဆိုင်က ခွင့်ရက်တစ်ပတ်ယူသွားသော နွယ်နီ
ကြောင့် ဘုံနှင့်သဲစု ထိုရက်တွေမှာ ဆိုင်မှာမဖြစ်မနေ ရှိပေးကြရသည်။
"သဲစု ရှင်လည်း အင်္ဂါနားရက်တော့ နားခွင့်မရှိတော့ဘူးနော်၊
...နေ့လည်း ရှင်လာရမယ်"
သဲစုကို ဘုံ ကြိုတင်သတိပေးလိုက်ရပါသည်။ အပတ်စဉ် အင်္ဂါ
...နေ့...င်းသည် သဲစု ပုံမှန်နားရက်မဟုတ်လား။ နွယ်နီ ခွင့်ယူထားသော
...မှာတော့ သဲစု ဆိုင်မှာမရှိလို့မဖြစ်။
"နွယ်နီကလည်း မန္တလေးကို ဘာသွားလုပ်တာလဲ မသိပါဘူး"
ခွင့်ရက်ယူကာ နွယ်နီ မန္တလေးကို သွားသည်ဟုတော့ သိထား
...သည်။ ဘာအကြောင်းကိစ္စကြောင့်ဆိုတာတော့ ဘုံတို့ အသေအချာ
...ကြပါ။



www.burmeseclassic.com

www.burmeseclassic.com



"မန္တလေးမှာ သူတို့အမျိုးတွေ ရှိတယ်မဟုတ်လား သဲစု"

"အင်း ရှိတယ်လေ၊ ဒါပေမဲ့ ခုဟာက ရုတ်တရက်ကြီး ... ကြောင်းမကြား ဘာမကြားနဲ့လေဟာ"

သဲစုကိုကြည့်ပြီး ဘုံ စချင်နောက်ချင်လာတာမို့ ပြုံးပြုံး... ကြည့်ရင်း

"ဘာလဲ နင်က အင်္ဂါနေ့ကျရင် နင့်လူနဲ့မတွေ့ရတော့... စိတ်မကောင်းဖြစ်နေတာလား"

"မဟုတ်ပါဘူး ဘုံရယ်၊ ကိုက နားလည်ပါတယ်ဟာ"

အာကာဟိန်းနှင့်သဲစုကြားမှာ ကိုတွေဘာတွေ ဖြစ်နေပြီ... မသိ။ နှစ်ကိုယ်တူ ချစ်သူဘဝလေးကို သဲစု ပိုင်ဆိုင်နေရလို့ ပျော်... နေပြီထင်ပါရဲ့။

"သဲစု နင့်စိတ်ထဲမှာ ဘယ်လိုခံစားနေရသလဲ"

"ဟင် ဘာကိုမေးတာလဲ ငွေဘုံရဲ့"

"ဩော် နင့်မှာချစ်သူရည်းစား မရှိတုန်းကနဲ့ အခုချစ်သူ... ဆိုင်နေရတဲ့အချိန်က ခံစားမှုကိုပြောတာပါ"

သဲစု ယဲ့ယဲ့လေးပြုံးကာ ဘုံကိုကြည့်နေခဲ့သည်။ ငေးငေး... ပြုံးလေးကြည့်နေသော အကြည့်တွေက ရုပ်သိမ်းမသွားခဲ့တဲ့ ဘုံအ... လည်း မဖြေသေးတော့ မျက်မှောင်လေးကျုံ့ရင်း

"ငါမေးတာ မဖြေတော့ဘူးလား သဲစုရဲ့"

"အဲဒီခံစားမှုက ဖြေရခက်တယ် ငွေဘုံရဲ့၊ ကိုယ်တိုင်ကိုယ်... လက်တွေ့ခံစားကြည့်မှ သိလို့ရနိုင်တဲ့ အရာမျိုး"



www.burmeseclassic.com

www.burmeseclassic.com



"အချစ်က အဲဒီလောက်ထိ နက်နဲတယ်ပေါ့လေ"

"ငွေဘုံ ရှင့်ရင်ထဲမှာကော ဘယ်လိုခံစားနေရသလဲ"

"ဟင် ဘာကိုမေးတာလဲ၊ ငါက ဘာကိုခံစားရမှာလဲ"

သဲစု အပြုံးရိပ်တွေ မကွယ်ပျောက်ဘဲ ဘုံကို စူးစူးနစ်နစ် ...ကြည့်နေတော့ ဘုံ လိပ်ပြာမလုံ ဖြစ်မိပြန်၏။

"ဘုံ ရှင့်ကို ခန့်ခန့်က ချစ်ခွင့်ပန်ထားတယ်ဆို"

"ဟင်"

သဲစု ဘယ်ကဘယ်လို သိနေတာလဲဟု ဘုံ စဉ်းစားမရပါ။ ...မျက်နှာလေး ပန်းဆီရောင်သမ်းကာ သဲစုမျက်နှာကိုတောင် ရင်ဆိုင် ...ကြည့်ရဲခဲ့။

"ရှင် ဘာကိုသိုဝှက်ထားတာလဲ"

"နင့် နင့်ကို ခန့်ညား ပြောတာလား သဲစု"

"ဟင့်အင်း ခန့်ခန့် မပြောဘူး၊ ကိုအာကာ ပြောတာ၊ ငွေဘုံကို ခန့်ညားက ချစ်နေတာတဲ့၊ ဒါပေမဲ့ ဘုံက အခုထိ အဖြေမပေးသေးဘူး ..."

ဘုံ ခေါင်းလေးညိတ်ပြလိုက်ရပါသည်။ သဲစု သိနေခဲ့တာ သူ့ ...ခင်သူအာကာကြောင့် ဖြစ်သည်။ နွယ်နီကတော့ သိနိုင်မည် မထင်ပါ။ ...ပေမဲ့ သဲစုတောင် သိသွားပြီဆိုမှတော့ နွယ်နီလည်း မကြာခင် သိတော့ ...သေချာ၏။

"ခန့်ခန့်က ခင်မင်စရာကောင်းပါတယ်ဟာ၊ ပြီးတော့ နင်နဲ့ ...ည်း လိုက်ဖက်တယ် ငွေဘုံ၊ ငါတော့ ခန့်ခန့်နဲ့နင့်ကို သဘောတူတယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဘာလဲ ခန့်ညားနဲ့နင်က ငယ်သူငယ်ချင်းတွေမို့ ရှေ့နေလိုက်အောင်သွယ်ပေးနေတာလား အဟင်း"

"ခန့်ကလည်း သူငယ်ချင်းပဲ၊ ဘုံကလည်း သူငယ်ချင်းပဲလေ။ ပြီးတော့ နင်တို့နှစ်ယောက်စလုံးက ရုပ်ရည်ကော လိုက်ဖက်ညီတယ် ဒါကြောင့် ငါက သဘောတူတာပါ"

သဲစုကတော့ သူ့ဆန္ဒကို ပွင့်လင်းစွာပဲ ပြောသည်။ နွယ်နီ သိလျှင်လည်း ဘုံနှင့်ခန့်ညားကို သဘောတူ ကြည်ဖြူမည်ဟု ဘုံ ယုံကြည်ပါသည်။

တကယ်ဆို ဘုံ့ဘက်ကလည်း ခန့်ညားကို အဖြေပေးဖို့အတွက် ရင်ထဲမှာ သေချာသလောက် ရှိနေခဲ့ပြီးပြီ။

တနင်္ဂနွေပိတ်ရက်လေးမှာတော့ ခန့်ညားနှင့်အတူ ကိုအာကာပါ ရောက်လာသည်။ ဘုံနှင့်သဲစုတို့စားဖို့ဟုဆိုကာ နန်းကြီးသုပ်တွေလည်း ဝယ်လာသည်။

လေးယောက်သား နန်းကြီးသုပ်တွေစားရင်း စကားပြောဖြစ်ကြတော့ နွယ်နီအကြောင်း ရောက်ကြသေး၏။

"ခန့်ခန့် နင်သိလား၊ နွယ်နီ မန္တလေးသွားလို့ တစ်ပတ်ခွင့်ယူထားတယ်"

"ဟင် ဟုတ်လား"

"ဟုတ်တယ်ဟ မပြောမဆိုနဲ့ ငါတို့ဆီ ဖုန်းဆက်ခွင့်တောင်းသွားတာ ပြန်လာရင်တော့ မန္တလေးပြန်လက်ဆောင်တွေ ပါလာမယ်ထင်တယ်"



www.burmeseclassic.com

www.burmeseclassic.com



ခန့်ညား ခေါင်းလေးညိတ်ပြရုံကလွဲ၍ ဘာမှမပြောပါ။ နွယ်နီ ထွက်သွားတာကို ခန့်ညားလည်း သိပုံမရပါ။

စားသောက်ပြီးတော့ သဲစု ပန်းကန်တွေကို သိမ်းဆည်းဆေး ကြောဖို့ နောက်ဖက်အခန်းထဲ ဝင်သွားတော့မှ ခန့်ညား ဘုံကို လှည့်မေး

"ဘုံ နွယ်နီ ဘုံကို ဘာပြောသွားသေးလဲ"

"ဟင် ဘာကိုမေးတာလဲ ခန့်ညား"

"ဩော် သူ မသွားခင် ဘုံကို ဘာပြောသွားသေးလဲလို့ပါ"

"ဟင့်အင်း ဘာမှမပြောဘူး၊ ဖုန်းဆက်ပြီး သူ မန္တလေး စရာရှိတယ်လို့ပဲ ပြောခဲ့တာပါ၊ ဘာဖြစ်လို့လဲ"

"ဘာမှမဖြစ်ပါဘူး မေးကြည့်တာပါ"

ခန့်ညား ဘာကြောင့် ဒီစကားကို မေးတာလဲဆိုတာ ဘုံ မသိ နွယ်နီ ခန့်ညားကို ဖုန်းမဆက်သွားတာကြောင့် သိချင်ပြီးမေးတာ သည်။

ညနေစောင်းမှ ခန့်ညားတို့ နှုတ်ဆက်ပြန်သွားသည်။ မပြန်ခင် သဲစုတို့အလစ်မှာ ဘုံကို တိုးတိုးလေး ခန့်ညား ကပ်ပြောသွားခဲ့သေး၏။

"ဘုံ ဘုံကို ကိုယ်သိပ်ချစ်တယ်"

ဘုံ မျက်နှာလေး ရဲခနဲနီမြန်းကာ ရင်ခုန်သံတွေ ရှိန်းမြနွေးထွေး ခဲ့တာတော့ အမှန်ပဲဖြစ်၏။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၀)

"ဘယ်လို နွယ်နီ ရှင် အမေရိကားသွားမလို့ ဟုတ်လား"

သဲစု မယုံကြည်နိုင်စွာ ထပ်မေးသလို ဘုံလည်း အံ့သြသွား

တာ အသေအချာပဲဖြစ်သည်။

မနေ့က မန္တလေးက ပြန်ရောက်လာပြီး ဒီနေ့မှာ နီ ပါခြားသွား

တော့မည်ဟု ပြောလာသော နွယ်နီစကားတွေက ယုံနိုင်စရာမရှိ။

"နေ နေပါဦး နွယ်နီ၊ နင်က ဘာသွားလုပ်မှာလဲ"

"ငါ အလုပ်သွားလုပ်မလို့ပါ ငွေဘုံ"

"အလုပ် ဘာအလုပ်လဲဟင်"

"အဲဒီမှာရှိတဲ့ မြန်မာဘုန်းတော်ကြီးကျောင်းမှာ ငါ့အဖေဖဘ

က အစ်ကိုဝမ်းကွဲတစ်ယောက် ရှိတယ်၊ အဲဒီကျောင်းမှာ လူမှုကူညီ



www.burmeseclassic.com

www.burmeseclassic.com



အသင်းအဖွဲ့တစ်ဖွဲ့ ဖွဲ့ထားတယ်လေ၊ ငါ့ဦးလေးက အဲဒီမှာ အသင်းအုပ်ချုပ်ရေးမှူးတစ်ယောက်ပဲ၊ အဖွဲ့မှာ စာရင်းအင်းလုပ်ပေးနိုင်တဲ့သူတစ်ယောက်လိုတယ်တဲ့၊ ကျောင်းအတွက် ရန်ပုံငွေနဲ့ အသုံးစရိတ်စာရင်းတမ်းတွေ ငါ လုပ်ကိုင်ပေးရမှာပေါ့ဟာ"

"နွယ်နီရယ် မိဘတွေနဲ့ခွဲပြီး နင်သွားလုပ်မလို့လား၊ လက်ရှိဒီမှာလည်း အဆင်ပြေနေတာပဲဟာ"

"ဟုတ်သားပဲဟာ နင့်မှာအဆင်မပြေတာ ဘာမှမရှိပါဘူး၊ မိသားစုနဲ့အဝေးကြီးကို အလုပ်သွားလုပ်စရာ မလိုပါဘူး"

"ဦးလေးကလည်း အကူအညီတောင်းနေတယ်ဟာ၊ ငါကလည်း ခေါင်းညိတ်ကတိပေးလိုက်ပြီးပြီ၊ ထိုက်သင့်တဲ့လစာတော့ ရမှာပဲ၊ ရသမျှသခကိုလည်း စားစရိတ်ငြိမ်း စုနိုင်တယ်လေ"

နွယ်နီဘက်က အသေအချာ ဆုံးဖြတ်ပြီး ဖြစ်နေသည်ဆိုတော့ဘုံနှင့်သဲစု တားရခက်ခက် ဖြစ်နေခဲ့တာ အမှန်။

အမြဲတမ်း ဘာလုပ်လုပ် ဘုံတို့နှင့်တိုင်ပင်တတ်သော နွယ်နီဒီကိစ္စကိုတော့ ကိုယ်တိုင်ဆုံးဖြတ်လိုက်တာ ထင်၏။

"နင့်ဘက်က အသေအချာ ဆုံးဖြတ်ပြီးပြီပေါ့နော်"

"ဟုတ်တယ် ဘုံရယ် ငါ မန္တလေး သွားတာ အဲဒီကိစ္စအသေအချာ ညှိနှိုင်းလိုက်တာ"

ဘုံ ပင့်သက်လေး ရှိုက်မိသည်။ သဲစုကလည်း စိတ်မကောင်းသော မျက်နှာနှင့် နွယ်နီကို စိုက်ကြည့်နေခဲ့၏။

"အင်းလေ နင် ဘာဖြစ်ချင်သလဲ နွယ်နီ၊ ဆိုင်ထဲက နေဝိယာ



www.burmeseclassic.com

www.burmeseclassic.com



ကိစ္စကို မေးတာပါ၊ နင် ပြန်လိုချင်တယ်ဆိုရင် ငါပေးမယ်၊ နင်ပြန်လာတဲ့ အထိ ဆက်စိုက်ထည့်ထားမယ်ဆိုလည်း ရတယ် နင့်သဘောပဲ''

''အင်း ငါသွားမှာက အနည်းဆုံး သုံးလေးနှစ်ကြာမယ်၊ ဒီထက် ပိုချင်လည်း ပိုနိုင်တယ်၊ ငါ့မိဘတွေကိုလည်း ပိုက်ဆံတွေ ပေးထားခဲ့ ချင်တယ်ဟာ''

နွယ်နီဆန္ဒက ရှယ်ယာတွေပြန်ထုတ်ယူချင်နေတာ သေချာ သည်။ နွယ်နီထည့်ဝင်ထားသော အစုရှယ်ယာက နည်းပါသည်။ သုံး ယောက်ထဲမှာ နွယ်နီက အနည်းဆုံးဖြစ်သည်။

နွယ်နီ ရှယ်ယာငွေကို ဘုံ ပြန်ပေးလိုက်ဖို့က ပြဿနာမရှိပါ။ ရင်ထဲမှာ စိတ်မကောင်းဖြစ်မိသည်က အမြဲတမ်း ခင်မင်စွာ နီးနီးကပ်ကပ် နေလာသော နွယ်နီနှင့် ခွဲခွာရမှာ စိတ်မကောင်းဖြစ်ရ၏။

''နွယ်နီရယ် နင့်ကိုငါတို့ သတိရနေတော့မှာပဲ''

''ငါလည်း စိတ်မကောင်းပါဘူး သဲစုရယ်၊ နင်တို့ မင်္ဂလာပွဲ ရက်ကိုတော့ လှမ်းပြောနော်၊ ငါ လက်ဖွဲ့ပို့ပေးမှာပေါ့''

''ရပါတယ်ဟာ ဩော် ဒါနဲ့ နင်ပြောထားတဲ့ ငါ့အလှည့်ပြီးရင် နင်ဆိုတာကကော ယူအက်စ်မှာ ဆောင်မှာလား မြန်မာပြည်မှာပဲလား''

နွယ်နီ ပြောခဲ့ဖူးသော ကိစ္စကို သဲစုက မှတ်မှတ်ရရမေးနေပြန် တော့ ဘုံလည်း နားစွင့်ထားမိ၏။

နွယ်နီ နှုတ်ခမ်းလေးတွေ ယဲ့ယဲ့ပြုံးသွားကာ ခေါင်းလေးခါသည်။

''အလကားပါ ငါ့မှာချစ်သူမှမရှိတာ၊ အဲဒီတုန်းက အမင် နောက်တာပါဟ''



www.burmeseclassic.com

www.burmeseclassic.com



"အေးနပ်က နောက်တာ ငါတို့တုံလေးက မကြာတော့ဘူးထင်ဘယ်ဟာ"

"ဟင် ဟုတ်လား ဘုံ"

ဘုံ ပြန်မဖြေဘဲ ပြုံးပြုံးလေး ငြိမ်သက်နေတော့ သဲစုကပဲ ဆက်ကောင်လုပ်တော့သည်။

"ငွေဘုံကို ခန့်ခန့်က ပရိုပို့စ်လုပ်ထားတယ်တဲ့"

"ဩော် ဟုတ်လား"

နှယ်နီ အသံမှာ အံ့ဩရိပ်တို့ ရှိမနေပါ။ နှယ်နီ ကြိုသိနေသည်လား။ ရိပ်မိနေတာလား မဆိုတတ်ပါ။

"အေး ခန့်ခန့်ကိုတော့ ဘုံက အဖြေမပေးသေးဘူးတဲ့လေ၊ ဘာပဲဖြစ်ဖြစ် အဲဒီမင်္ဂလာပွဲကိုတော့ နင် မကြာခင်ကြားရမှာပါ"

"အေးပါဟာ ငါ့သူငယ်ချင်းတွေရဲ့မင်္ဂလာသတင်းတွေကို ငါ နားစွင့်နေမှာပါ၊ ဒီမှာ ငါရှိမနေနိုင်တာတော့ ခွင့်လွှတ်ပေးကြပါဟာ"

"အေးဟာ ခန့်ခန့်သာ ဒီအကြောင်းသိရင် ငါတို့လိုပဲ စိတ်ကောင်းဖြစ်ဦးမှာ သေချာတယ်"

သဲစု စကားကို နှယ်နီ အပြုံးယဲ့ယဲ့လေးနှင့်

"ဒီလိုပဲပေါ့ သဲစုရယ်၊ ဘဝဆိုတာ ဖြစ်ချင်တိုင်း ဖြစ်ခွင့်မရှိသလို တော်ရာမှာပဲနေခွင့်ရတာတွေလည်း ရှိတတ်တာပဲလေ"

ကျောင်းသားဘဝကနေ ဘွဲ့တွေရ ကျောင်းပြီးတော့လည်း သုံးယောက်သား ကိုယ်ပိုင်စီးပွားရေးမှာ အတူလက်တွဲညီညာခဲ့သော သုံးယောက်သော သူငယ်ချင်းထဲက နှယ်နီကတော့ ပွဲထွက်သွားခဲ့ပြီ။



www.burmeseclassic.com

www.burmeseclassic.com



ထို့အတွက် ဘုံကော သဲစုပါ စိတ်မကောင်းနိုင်ကြပါ။

နွယ်နီ ပြောသလိုပဲ ဖြေသိမ့်ရတော့မည် ထင်ပါရဲ့။ ဘဝဆိုတာ ပျော်ရာမှာမနေကြရဘဲ တော်ရာမှာပဲ နေကြရသတဲ့လား။

■ ■ ■

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၁)

နွယ်နီ မြန်မာပြည်က ထွက်သွားသည့်နေ့က ဘုံနှင့်သဲစုတို့ ဆိုင်ပိတ်ကာ လေယာဉ်ကွင်းကို လိုက်ပို့ဖြစ်ကြသည်။

ကိုအာကာ ကလည်း လိုက်ပို့သည်။ ဒါပေမဲ့ ခန့်ညားကတော့ ရောက်မလာနိုင်ခဲ့ပါ။

"ကိုယ်ဝင်ခေါ်သေးတယ် ခန့်မရှိဘူး၊ သူ့အဖေနဲ့အရေးကြီး အလုပ်ကိစ္စပေါ်လို့ လိုက်သွားရတယ်တဲ့"

ကိုအာကာကတော့ ပြောပြသည်။ နွယ်နီ မျက်နှာက ထိုအတွက် ဘာမှမခံစားသလို ငြိမ်သက်နေသည်။ ဘုံကတော့ အသေအချာ ချိန်းထားပြီးမှ ခန့်ညားရောက်မလာခြင်းအတွက် စိတ်ထဲမှာ အောင့်သက်သက်တော့ ဖြစ်ရ၏။



www.burmeseclassic.com

www.burmeseclassic.com



တကယ်ဆိုလျှင် အမြဲတမ်း ဆိုင်ကို ဝင်ထွက်နေခဲ့သော ခန့်ညားရောက်လာသင့်ပါသည်။

နွယ်နီတို့သဲစုတို့ဆိုတာ ဘုံထက်တောင် ခန့်ညားနှင့် ရင်းနှီးမှုကြီးမက ခင်မင်ခဲ့သော သူငယ်ချင်းအရင်းကြီးတွေပဲလေ။

"ခန့်ခန့် တကယ်မအားလို့ ထင်တယ်"

သဲစုကတော့ ဖြေသိမ့်ပေးသလို ပြောသည်။ နွယ်နီကလည်း နားလည်သလို ခေါင်းညိတ်ပြီး ဘုံတို့ကို နှုတ်ဆက်၏။

ရပ်ထားသော လေယာဉ်ဆီ နွယ်နီ ကျောခိုင်းလှမ်းထွက်သွားချိန်မှာ ဘုံနှင့်သဲစု မျက်ရည်တွေ ဝဲရ၏။ ပြန်ဆုံနိုင်ခွင့်ဆိုသည်က သုံးလေးနှစ်မကလည်း ဖြစ်နိုင်သည်။

နွယ်နီကိုယ်တိုင်က ပြောသွားခဲ့သည်ပဲ။ ရှေ့ဆက်မည့်သူ့အနာဂတ်ကိုတောင် သူ မသေချာသေးပါတဲ့။

ဘာပဲဖြစ်ဖြစ် နွယ်နီကိုတော့ တစ်နေ့မှာ မြန်မာပြည်မှာ ပြန်ဆုံချင်တာ ဘုံတို့ဆန္ဒဖြစ်သည်။

ဆူညံသွားသော လေယာဉ်စက်သံကြီးက ဘုံတို့ရင်ကို လှိုက်ဖိုကာ မျက်ရည်တွေကို မထိန်းနိုင်ခဲ့ပါ။

သဲစုနှင့်နှစ်ယောက်သားဖက်ကာ မျက်ရည်တွေကျနေမိချိန်မှာ နွယ်နီလည်း လေယာဉ်ပေါ်မှာ ငိုကြွေးနေမည် ထင်ပါသည်။

လေယာဉ်ကွင်းက ပြန်တော့ သဲစုက ကိုအာကာနှင့် ပါသွားခဲ့သည်။ ဘုံကတော့ ဆိုင်ကိုသွားစရာမလိုတာကြောင့် အိမ်ကိုပဲပြန်ခဲ့လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



ညနေပိုင်းမှာတော့ ဖုန်းဝင်လာတာ ခန့်ညားဆီက ဖြစ်၏။

"ဘုံ"

"ခန့်ညား မနက်က နွယ်နီသွားပြီ"

"အင်း ကိုယ်သိတယ်၊ ဘယ်လိုမှ မလာဖြစ်လို့"

"ရှင် အလုပ်များတာ ဘုံ သိပါတယ်၊ အားလုံးကလည်း နားလည်ပေးကြပါတယ်"

"ဘုံ အခု ဘုံ့အိမ်မှာလား"

"ဟုတ်တယ် ဒီနေ့ ဘုံတို့ဆိုင်ပိတ်ထားတယ်လေ"

"ဘုံ ခဏလောက်တွေ့ခွင့်ရမလားဟင်"

"ဘာကိစ္စရှိလို့လဲ ခန့်ညား၊ ဒီနေ့ ဘုံ ဘယ်မှမသွားချင်လို့ပါ"

"ခဏလေးပါ ဘုံ၊ ဒီလိုလုပ်လေ ဘုံတို့လမ်းထိပ်က ကော်ဖီဆိုင်လေးမှာပဲဖြစ်ဖြစ် ဘုံကို ကိုယ် ဝန်ခံစရာတွေရှိနေလို့"

"ဝန်ခံစရာတွေ"

"ဟုတ်တယ် ဘုံ မပြောလို့လည်းရတယ်ဆိုပေမယ့် ကိုယ် ဘုံ့ကို အသိပေးပြောပြထားချင်တယ်၊ သို့ဝှက်ထားရမှာ လိပ်ပြာမသန့်လို့"

ခန့်ညားစကားတွေကြောင့် ဘုံ နားမလည်နိုင်အောင် ဖြစ်ရသည်။ ဘုံ ထွက်လာအောင် ခန့်ညား လိမ်ညာနေတာ မဟုတ်ဘူးလည်း ယုံကြည်ပါသည်။

"အင်းလေ ဘုံ ထွက်ခဲ့မယ်၊ အခု ခန့်ညား ဘယ်မှာလဲ"

"ကိုယ် ဘုံတို့လမ်းထိပ်မှာ ရောက်နေပါတယ်"

ဘုံ မျက်မှောင်လေးကုပ်သွားမိ၏။ လမ်းထိပ်ကနေတောင် ခန့်



www.burmeseclassic.com

www.burmeseclassic.com



ညား လှမ်းဆက်နေသည်လား။

"ကောင်းပြီလေ ဘုံ ချက်ချင်းထွက်ခဲ့မယ်"

အိမ်နေရင်း ဝတ်ဆင်ထားသည့် ကွာတားဘောင်းဘီလေး

လဲလှယ်ပြီး ဘုံ လမ်းထိပ်ကို ထွက်ခဲ့လိုက်သည်။

တကယ်ပဲ ခန့်ညားက လင့်ခရူဆာကားကြီးအပြင်က ထွ

စောင့်နေခဲ့သည်။ အဝါနုနုတီရှပ်လက်တိုနှင့် ဂျင်းပြာရောင်ဝတ်ဆင်ထ

သော ခန့်ညားအသွင်ကတော့ ကြည့်ကောင်းနေ၏။

နွေးထွေးငြိမ်းချမ်းသော အပြုံးတို့ ဖြာဝေနေသော ခန့်ည

မျက်နှာလေးက အမြဲတမ်း ကြည်လင်ရှင်းသန့်နေစမြဲ။

"လာ ဘုံ ဟောဟိုကော်ဖီဆိုင်လေးမှာ ခဏထိုင်ကြရအောင်

သူနှင့်အတူ ကော်ဖီဆိုင်လေးကို အတူယှဉ်တွဲလျှောက်ခဲ့

လေးမှာ ဘုံ စိတ်ထဲက ကျေနပ်ပျော်ရွှင်စိတ်လေးတွေ ပြည့်စုံနေခဲ့

တော့ အမှန်ပဲဖြစ်၏။

စတော်ဘယ်ရီ မစ်ရှိတ်နှစ်ခွက်မှာကာ ဘုံ့ရှေ့ကို သူချပေ

"ဘုံ ဘာစားချင်သေးလဲဟင်"

"ဟင့်အင်း ဘာမှမစားချင်ပါဘူး။ ခန့်ညား ဝန်ခံချင်တယ်ဆ

စကားတွေကိုပဲ ကြားချင်နေတာ"

ခန့်ညား မျက်နှာလေး တည်ငြိမ်သွားခဲ့ကာ ဘုံ့ကို ငေးငေး

စိုက်ကြည့်နေသည်။ ပြီးမှ ပင့်သက်လေးရှိုက်ကာ

"ဘုံ့ကို ကိုယ်မညာချင်ဘူး"

"ဘုံ့ကလည်း ညာတာမှမကြိုက်တာ"

www.burmeseclassic.com

www.burmeseclassic.com



"ဒါပေမဲ့ အခုကိစ္စက တစ်ပါးသူရဲ့ဂုဏ်သိက္ခာနဲ့ သက်ဆိုင်နေ ာယ်လေ၊ ဒါကြောင့်လည်း ဘုံကို မပြောဖြစ်ခဲ့တာ"

"ခန့်ညားရယ် ပဟေဠိတွေများလိုက်တာ၊ ပြောစမ်းပါ ဝန်ခံချင် ာယ်ဆိုကတည်းက ရှင်မရိုးသားဘူးထင်တယ်"

"ဟာ မဟုတ်ပါဘူး ဘုံရယ်"

"ဒါဆိုရင် ရှင်ပြောလေ၊ ဘုံ သိချင်လို့ လာခဲ့တာ"

"တခြားသူမဟုတ်ဘူး ဘုံ၊ နွယ်နီကိစ္စပါ"

"ဟင် နွယ်နီကိစ္စ"

"ဟုတ်တယ် ဘုံ၊ နွယ်နီတို့သဲစုတို့ဆိုတာ ကိုယ့်ရဲ့ငယ်သူငယ် ချင်းတွေဆိုတာ ဘုံ သိပါတယ်၊ ကိုယ့်စိတ်ကလည်း ဖြူစင်ရိုးသားစွာ ခင်မင်ခဲ့တာပါ၊ ဒါပေမဲ့ နွယ်နီ့စိတ်က အဲဒီလို မဟုတ်ဘူး"

ခန့်ညား စကားတွေကြောင့် ဘုံ အံ့သြမိတာတော့ အမှန်ပဲဖြစ် ၏။ ဘုံ မသိသောအကြောင်းတွေ နွယ်နီနှင့်ခန့်ညားကြားမှာ ရှိနေသည် သား။

"နွယ်နီ့စိတ်က မရိုးသားဘူးဆိုတာ ကိုယ် ပထမတော့ မသိခဲ့ ဘူး။ နောက်ပိုင်းမှာ နွယ်နီရဲ့ဆက်ဆံပုံတွေ အပြုအမူတွေကို သတိထား မိလာတာပါ ဘုံ၊ သူနဲ့ကိုယ် နှစ်ယောက်တည်းဆုံတဲ့အခါ သူ့ရဲ့ဆက်ဆံ ပုံတွေကသိသာတယ်"

"ခန့်ညား ရှင်ဆိုလိုတာ နွယ်နီက ရှင့်ကိုချစ်နေတာလားဟင်"

"ဟုတ်တယ် ဘုံ နွယ်နီ မျှော်လင့်နေတာအမှန်ပဲ၊ ဘုံတို့ မိန်းကလေးတွေလည်း ကိုယ့်ကိုစိတ်ဝင်စားနှစ်သက်နေတဲ့ ယောကျ်ား



www.burmeseclassic.com

www.burmeseclassic.com



လေးတစ်ယောက်ကို အလိုလို စိတ်က သိနေသလိုမျိုးပေါ့၊ နွယ်နီစိတ်ကို လည်း ကိုယ် သိခဲ့တာ၊ အဲဒီနောက်ပိုင်းမှာ ကိုယ်ရှောင်တိမ်းဖို့ ကြိုးစား ပေမယ့် နွယ်နီဘက်က ပြောင်းလဲမသွားဘူး ဒါကြောင့် နွယ်နီ သဘော ပေါက်နားလည်အောင် အမှန်အတိုင်း ကိုယ် ပြောပြခဲ့ရတယ်''

''နွယ်နီကို ရှင် စိတ်မဝင်စားဘူးလို့ ပြောလိုက်တာလားဟင် ခန့်ညား''

''ဟင့်အင်း အဲဒီလို ပြောစရာမလိုပါဘူး၊ ဘုံကို ကိုယ်ချစ်တဲ့ အကြောင်း ချစ်ခွင့်ပန်ထားတဲ့အကြောင်းပေါ့''

''ဟင်''

ဘုံ အခုမှပဲ သိရတော့သည်။ နွယ်နီ ကြိုတင်သိသွားခဲ့သည် ပေါ့။ ဒါပေမဲ့ ဘုံကို နွယ်နီ နှုတ်က မမေးခဲ့ပါ။

''အခု သူ ဘုံတို့ဆိုင်က ခွဲထွက်သွားတာ ကိုယ့်လိပ်ပြာမကင်း သလို ခံစားရတယ်၊ ဒါကြောင့် ကိုယ် ဘုံ့ကို ဝန်ခံတာပါ''

ဘုံ ဘာပြောရမည်မသိတော့ပါ။ နွယ်နီ ဒါကြောင့် နိုင်ငံခြား ကို အလုပ်သွားလုပ်ဖို့ ဆုံးဖြတ်လိုက်ခြင်းလား။

''ဘုံ ဘုံ တကယ်မသိခဲ့ဘူး ခန့်ညား''

''ကိုယ် သိတယ်၊ ကိုယ့်ဘက်ကလည်း ဒီလို ရှင်းလင်းမှ ဖြစ် တော့မှာမို့လေ''

''ဒါကြောင့် နွယ်နီ ယူအက်စ်ကို ထွက်သွားတာတဲ့လား၊ ဘုံ တကယ်စိတ်မကောင်းလိုက်တာ''

''ဘယ်တတ်နိုင်မှာလဲ ဘုံရယ်၊ အဲဒါ သူ့ဆုံးဖြတ်ချက်သီးသန့်



www.burmeseclassic.com

www.burmeseclassic.com



...ဘုံနဲ့မဆိုင်ပါဘူး''

ခန့်ညား ပြောသလို ဘုံနှင့်မသက်ဆိုင်ဟု ဘုံ ခံစားလို့မရပါ။ ...ရင်ဘတ်ထဲက ခံစားချက်ကို ဘုံ စာနာမိ၏။

''နွယ်နီ ဒါကြောင့်ဆိုရင် ဘုံ တားမိမှာပဲ''

''ဟင် ဘယ်ဖြစ်မှာလဲ ဘုံရဲ့၊ ဒါဆို နွယ်နီ ပိုရှက်သွားမှာပေါ့၊ ...ကိုယ်ပြောလိုက်တယ် ထင်မှာပေါ့၊ အခုတောင် နွယ်နီ မရှိလို့ ...ဖွင့်ပြောဖြစ်တာ''

''ရှင် ဖွင့်မပြောရင် နွယ်နီ ယူအက်စ်ကို သွားဖြစ်မှာမဟုတ် ...''

သူ့ကို ဘုံ အပြစ်တင်စကားဆိုလိုက်မိခြင်းအတွက် သူ ပျာပျာ ...ဖြစ်သွားခဲ့ကာ ခေါင်းခါသည်။

''ကိုယ်မပြောလို့ မဖြစ်တဲ့အခြေအနေလေ ဘုံရဲ့၊ နွယ်နီက ...သင့်နေတာ၊ ဘုံတို့ဆိုင်ကို ကိုယ်လာနေတာ သူ့ကြောင့်လို့ ထင်နေ ...ယ်၊ ကြာရင် တစ်ယောက်နဲ့တစ်ယောက် မျက်နှာပူစရာတွေ ဖြစ်ကုန် ...ပေါ့၊ ဒါကြောင့် ရှင်းသင့်တဲ့ ပြဿနာကို ကိုယ်ရှင်းလိုက်တာပါ''

''နွယ်နီအတွက် သိပ်ခံစားစရာ ဖြစ်သွားရှာမှာပဲ''

''ဘုံရယ် ကိုယ်ချစ်တာ ဘုံကိုပါ၊ ဒါကို ကိုယ်မပြောဘဲနေရင် ...က အထင်လွဲမှာပေါ့''

ခန့်ညား ဖြေရှင်းချက်တွေက လက်မခံနိုင်စရာမရှိပါ။ ဒါပေမဲ့ ...ယ်နီအတွက်တော့ ဘုံ စိတ်မကောင်းမိတာ အမှန်။ သဲစုက ဘုံနှင့် ...ညားအကြောင်းပြောတုန်းက နွယ်နီ ဘယ်လောက် ခံစားရရှာမည်လဲ။



www.burmeseclassic.com

www.burmeseclassic.com



"ဘုံရယ် ဘုံကို ကိုယ့်တစ်ဝလုံးအတွက်ချစ်တာပါ။ ဒါကြော
ဘုံကို မညှာချင်ဘူး။ ဘုံနဲ့ပတ်သက်ရင် လိပ်ပြာသန့်သန့်ပဲ နေချင်တယ
ကိုယ့်ကို ဘုံ နားလည်ပေးပါ"

သူ့စကားသံတွေက တည်ငြိမ်လေးနက်နေသလို သူ့အပြုံးတေ
က ကြည်လင်နေသည်။

ဘာပဲဖြစ်ဖြစ် သူ့ရဲ့ချစ်ခြင်းတွေကိုတော့ ဘုံ အသိအမှတ်
လေးစားရတာ အမှန်ဖြစ်သည်။

ရိုးသားခြင်းနှင့် ဘုံအပေါ် အလေးအနက်ထားမှုတွေက ဘ
အတွက်တော့ နှစ်သက်ကြည်နူးစရာပါပဲ။

နွယ်နီအတွက်တော့ ဘုံ စိတ်မကောင်းနိုင်တာလည်း အ

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၂၂)

နွယ်နီကိုစွအတွက် သဲစုကလည်း စိတ်မကောင်းနိုင်ပါ။ ဘုံ ပြောခင်ကတည်းက သဲစု ကြိုသိနေတာ ကိုအာကာ ပြောပြတာ ဖြစ် သည်။

"နွယ်နီအတွက်တော့ စိတ်မကောင်းစရာပေါ့ဟာ ဒါပေမဲ့ ဘယ် တတ်နိုင်မှာလဲ၊ အချစ်ဆိုတာ ဖန်တီးယူလို့မှမရတာ၊ ခန့်ခန့်ချစ်တာက ခင်ပဲလေ"

"နင့်ကိုကော နွယ်နီ ဘာမှမပြောဘူးလား သဲစု"

"အဲဒီကိစ္စ ဘာမှမပြောဘူး ဘုံ၊ ဒါကြောင့်လည်း သူ သိသွား ဘာရှက်သွားတယ်ထင်တယ်၊ ဒါပေမဲ့ စောစောစီးစီး သိလိုက်တာလည်း သူ့အတွက်ကောင်းပါတယ်ဟာ"

www.burmeseclassic.com

www.burmeseclassic.com



"ငါတော့ စိတ်ထဲမှာ တစ်မျိုးပဲဟာ၊ ဒီကိစ္စမှာ နွယ်နီအခေါ် လိပ်ပြာမသန့်သလိုပဲ"

"နင်နဲ့ဘာဆိုင်လို့လဲ ဘုံရယ်၊ ဒါက တမင်ဖန်တီးတဲ့ကိ မဟုတ်တာ၊ နွယ်နီလည်း နားလည်မှာပါ၊ တဖြည်းဖြည်း ကြာရင် နွယ် ဖြေသာသွားနိုင်မှာပါ၊ တကယ်ဆို နွယ်နီက ခန့်ခန့် ငါတို့ဆီလာနေတာ သူ့ထင်မြင်ချက်နဲ့သူ အာရုံရောက်သွားတာပါ၊ ဘာပဲဖြစ်ဖြစ် အချစ်ဆို နှစ်ယောက်ရင်ခုန်မှ ပေါက်ဖွားတတ်တာမျိုးပါ"

သဲစု ပြောသလို ဖြစ်ပါစေဟုပဲ ဘုံ ဆုတောင်းမိပါသည် တကယ်ဆို ဘုံတို့သုံးယောက်ကြားမှာ ဖြူစင်ခိုင်မြဲသော သူငယ်ချ သံယောဇဉ်တွေကတော့ ဘယ်တော့မှ ပြတ်တောက်မသွားနိုင်ဟု ထ သည်။

"ဒြော် သဲစု နင်တို့ စေ့စပ်ပွဲက ဘယ်တော့လဲ"

"ဒီတစ်ပတ်ထဲမှာပဲ ဖြစ်မယ်ထင်တယ်၊ မနက်ဖြန်ကို တို့ တွေအိမ် လာတောင်းရမ်းကြမယ်တဲ့၊ အဲဒီတော့မှ ရက်ရွေးပြီး စီစ မယ်တဲ့လေ"

သဲစုကတော့ နှစ်ကိုယ်တူ နီးရမည့်အရေးအတွက် ကြည် ဝမ်းသာနေတာတော့ သေချာသည်။

ထိုအခိုက်မှာပဲ ဆိုင်ရှေ့ကို ထိုးဆိုက်လာတာ ခန့်ညားရဲ့ ကြီး ဖြစ်သည်။ ကားပေါ်က ဆင်းလာသူတွေက ခန့်ညားနှင့်ကိုအ တို့ဖြစ်သည်။

"ဒီတစ်ခါ ဘာသဘောလဲ၊ ဘာစားစရာမှ ဝယ်မလာ

www.burmeseclassic.com

www.burmeseclassic.com



ညို"

"နင့်လူလေ သဲသဲရဲ့ ငါက တစ်ခုခုဝင်ဝယ်မယ်ပြောတာကို ဦးမပြန်ထွက်ဝယ်မယ်တဲ့၊ နင်ပဲချက်ချင်း ကမ္ဘာခြားကို ထွက်သွားတော့ ဆယ့်အတိုင်း လောနေတာ"

"ဟာ ခန့် ပါးစပ်ပုပ်ကြီးနဲ့ကွာ နိမိတ်မရှိနမာမရှိ"

ခန့်ညား စကားကို အာကာ အကဲပိုနေတော့ ဘုံတို့နှစ်ယောက် ပြုံးမိသေး၏။ သဲစုက

"ဘာမှထွက်မဝယ်နဲ့တော့ ခန့်ခန့်ရေ ဒီနေ့ ငါ ရွှေတောင် ခေါက်ဆွဲတွေ အများကြီးထည့်ယူလာတယ် အဲဒါတွေ စားကြမယ်"

"ငါမပြောဘူးလား ခန့်ရ မင်းကိုတမင်မဝယ်ခိုင်းတာ"

"ဩော် ဒါဆိုလည်း အစောကြီးကတည်းက ပြောပါလားကွ၊ ဘာလဲ သဲစု နင်တို့က အချိန်းအချက်ရှိပြီးသားပေါ့လေ"

"ဟုတ်တယ်လေကွာ ဒီမှာ ငါနဲ့သဲတို့အတွက် စေ့စပ်လက်စွပ် လှူးကြမလို့"

"ကောင်းပါ့ကွာ ဖနီးလောင်းဆိုင်မှာ စေ့စပ်လက်စွပ်ပြန်ဝယ် ဘယ်ပေါ့"

"ဘာလဲ မင်း အားကျနေလို့လား ဟဲဟဲ"

အာကာစကားကြောင့် ခန့်ညား အကြည့်တွေ ဘုံဆီ ရောက်လာ ၏။ ဘုံကတော့ ပြုံးပြုံးလေး ခေါင်းငုံ့နေ၏။

ရွှေတောင်ခေါက်ဆွဲတွေကို လေးယောက်သား စားသောက်ဖြစ် ကြသည်။



www.burmeseclassic.com

www.burmeseclassic.com



စားသောက်ပြီးတော့ အာကာနှင့်သဲစုတို့က စေ့စပ်လက်ထ
အတွက် နှစ်ယောက်သား ရွေးချယ်နေကြသည်။ ခန့်ညားကတော့ ဘုံ
အနားရောက်လာရင်း

"ဘုံ အားမကျဘူးလားဟင်"

"ဘာကိုအားကျရမှာလဲ မကျပါဘူး"

"ဟိုမှာလေ သဲသဲတို့စုံတွဲ အဖြစ်ကိုလေ၊ မကြာခင် ပျော်စရာ
ကောင်းတဲ့ဘဝကို သူတို့ပိုင်ဆိုင်ရတော့မှာ"

သဲစုတို့ပျော်နေတာကိုကြည့်ကာ ဘုံလည်း ပျော်ရွှင်မိပါသည်
ခန့်ညားကိုကြည့်တော့ ဘုံဆီကအကြည့်တို့ မရုပ်သိမ်းဘဲ

"ဘုံ ကိုယ့်ကိုပျော်ရွှင်စေရမယ့် အဖြေမပေးသေးဘူးလားဟင်"

"ဘုံ စဉ်းစားနေတုန်းပဲလေ"

"ဟာကွာ တကယ်ဆို သဲစုနဲ့အာကာက ကိုယ်တို့နောက်
တွေ့ကြတာ၊ အခုတော့ ကိုယ်တို့အရင် ချစ်ကြိုက်သွားကြပြီးလို့ မင်္ဂလာ
တောင် ကျင်းပတော့မယ်၊ ကိုယ်က ဘုံအဖြေကို မရသေးဘူး"

"စိတ်ပျက်နေရင် ခန့်ညား စကားတွေ ပြန်ရုပ်သိမ်းလို့ရတယ်
လေ"

"ပြောရက်လိုက်တာ ဘုံရယ်၊ ဘုံကိုချစ်တာ ဘဝတစ်ခုလုံး
အတွက်ပါ၊ ဘယ်လိုလုပ် ရုပ်သိမ်းလို့ရမှာလဲ"

"နောက်တာပါ ခန့်ညားရယ်၊ အခုချိန်မှာ ဘုံ့စိတ်တွေ နှလုံး
ကြောင့် ညစ်ညူးနေလို့ပါနော်"

"ဘုံရယ်"



www.burmeseclassic.com

www.burmeseclassic.com



သူ တစ်ခုခုပြောဖို့ ကြံရွယ်မိပေမယ့် သူတို့ဆီလျှောက်လာသော သဲစုတို့စုံတွဲကြောင့် ဘာမှမပြောဖြစ်လိုက်ပါ။

သူနှင့်နွယ်နီကိစ္စကြောင့် သဲစုတို့အပျော်တွေကိုလည်း မထိခိုက်စေချင်ပါ။ တကယ်ဆိုလျှင် နွယ်နီအတွက် သူလည်း စိတ်ထဲမှာမကောင်းပါ။

အစောကြီးကတည်းက ဘုံကို သူချစ်နေတာ နွယ်နီနှင့်သဲစုတို့ကို ပြောဖြစ်ခဲ့လျှင် ဒီလိုအခြေအနေတွေ ရောက်လာမည်မဟုတ်။

အခုတော့ နောင်တတွေနှင့် သူ ပင့်သက်ရှိုက်ရုံမှတစ်ပါး။

ဘုံရယ် မင်းလေးကို ကိုယ်မြတ်နိုးစွာ ချစ်ခဲ့တာပါ။

■ ■ ■

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၃)

ဖေကြီး စေခိုင်းသောအလုပ်ကိစ္စအတွက် ထွက်ရင်း မြိ
ကတ်ကြေးကိုက်ဆိုင်ရှေ့ရောက်တော့ ဘုံကို သတိရသည်။

ဘုံ ကြိုက်သော မြိတ်ကတ်ကြေးကိုက်တွေဝယ်ကာ ဘုံ
ဆိုင်လေးသို့ ထွက်ခဲ့သည်။ ဖေကြီးသိလျှင် အလုပ်ချိန်မှာ ဒါမျိုးလုပ်တ
တာ ဘယ်လိုမှ သဘောကျမှာမဟုတ်။

ဖေကြီးရဲ့အပေါ်မှာ လိမ်ညာနေမိတာတွေတော့ သိပ်များနေပြီ
ဒါပေမဲ့ ခွင့်လွှတ်ပေးပါ ဖေကြီးရယ်။

ဘုံတို့ဆိုင်ကိုရောက်တော့ ဘုံနှင့်သဲစုတို့ကို တွေ့ရ၏။ သ
မြင်တော့ ဘုံ ပြုံးနှုတ်ဆက်သလို သဲစုက

"ဘာစားစရာတွေလဲ ခန့်ခန့်"



www.burmeseclassic.com

www.burmeseclassic.com



"မြိတ်ကတ်ကြေးကိုက်တွေလေ၊ နင်တို့ စားစေချင်လို့"

"ငါ့ထက် ငွေဘုံကြိုက်တာသိလို့ မဟုတ်လား"

သဲစု စနောက်တာကို သူ ပြုံးရင်း ခေါင်းညိတ်ဝန်ခံလိုက်ပါသည်။

"အင်း ဘုံ စားစေချင်တာပေါ့၊ နင်လည်း ဆင်ဖြူတော်မှီပြီး ကြံစုပ်ရအောင်လေ အဟွန်း"

"ပြောထား ပြောထားပေါ့ဟာ"

"နောက်တာပါဟာ ငါက ငါ့သူငယ်ချင်းအပေါ်မှာလည်း ဆတနာအပြည့်အဝ ထားတာပါနော်၊ အာကာကိုတောင် နင့်ဆီအရောက် ခေါ်လာပြီး အခု မင်္ဂလာပွဲကျင်းပတော့မယ့်အထိ အကျိုးဆောင်ပေးခဲ့တာလေ"

"ဟုတ်ပါတယ် ကျေးဇူးတင်ပါတယ် အကျိုးဆောင်ကြီးရယ်"

"ဟား ဟား ဟား"

သုံးယောက်သား သဘောကျရယ်မောနေတုန်းမှာပဲ ဆိုင်ရှေ့ကို မော်ဒိုကားပြာလေးတစ်စီး ထိုးဆိုက်လာ၏။

ကားပေါ်က ဆင်းလာကြသည်က ခေတ်ရှေ့ပြေး ဒီဇိုင်းလန်းလန်းလေးတွေနှင့် ကောင်မလေးသုံးယောက် ဖြစ်နေသည်။

"ဟော ဝတ်ရည်လေးတို့ပါလား"

သဲစု နှုတ်ဆက်ရင်း ပြုံးပြနေသော ကောင်မလေးတွေက ဆောင်တာမှန်ထဲက ရတနာတွေကို ဝိုင်းဝန်းကြည့်နေကြသည်။

"ဘာယူမှာလဲ ဝတ်ရည်လေး"



www.burmeseclassic.com

www.burmeseclassic.com



"ပတ္တမြားလက်စွပ်တစ်ကွင်းလောက် လိုချင်လို့ နောက်ထ
သဘောကျတာရှိရင် ဒီက သူငယ်ချင်းတွေကလည်း ဝယ်ချင်ဝယ်ဖြ
မှာ မမသဲရဲ့"

"ဟုတ်ပြီ ဟုတ်ပြီ စိတ်ကြိုက်ကြည့်ကြလေ"

မိန်းကလေးသုံးယောက်ကို ပစ္စည်းတွေပြဖို့ သဲစု လှမ်းသွား
ဘုံကလည်း ပတ္တမြားလက်စွပ်တွေကို ရှာဖွေပေးနေ၏။

ကြည့်ရတာ သာလိကာမလေးတွေက ဆိုင်ထဲမှာ ကြာဦးမည့်
သဘောရှိသည်။ ဝယ်တာ မဝယ်တာ အပထား စိတ်ရှိသမျှ မွှေနှော
စပ်စုကြဦးမည့်ပုံပါပဲ။

ဆိုင်မှာက ဘုံတို့နှစ်ယောက်ပဲရှိကာ လခပေးခေါ်ထားသေ
အကူကောင်မလေးတွေလည်း မရှိတော့ ဘုံလည်း အလုပ်ရှုပ်နေ
သေချာသည်။

သူလည်း ပြန်မှဖြစ်မည်။ အံရှမ်းနောက်ကျနေလျှင် ဖေကြ
ဖုန်းတဂွိဂွိဆက်ကာ ခေါ်မှာသေချာ၏။

"ဘုံ ကိုယ်ပြန်ဦးမယ်"

"ဟင် ပြန်တော့မှာလား၊ ဘာမှတောင် ဧည့်မခံရသေးဘူး"

"ပြန်မှဖြစ်မယ်၊ ဖေကြီး အလုပ်ခိုင်းတဲ့နေရာက လစ်ထွက်လ
တာ ဘုံရဲ့၊ သဲသဲရေ ငါပြန်ဦးမယ်"

"အေး အေး ခနဲ့ခနဲ့ ဆန်းဒေးကျမှ ဆုံတာပေါ့"

သဲစုကို သူ နှုတ်ဆက်မိတော့ ရတနာပစ္စည်းတွေကို ဖ
ရောက်နေသော ကောင်မလေးတွေ သူ့ဆီလှည့်ကြည့်ကြသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဟယ် ဦးခန့်ညွှာဝင့်ထည်"

ဆံပင်ရွှေဝါရောင် တိုကုပ်ကုပ်လေးနှင့်ကောင်မလေး သူ့နာမည်ကို ခေါ်နှုတ်ဆက်တော့ သူ မမှတ်မိပါ။

"မမှတ်မိဘူးလား သမီးက မမခင်မဒီရဲ့ညီမတစ်ဝမ်းကွဲ မိုးပစ္စုန်လေ"

"ဩော် ဟုတ်လား အင်း သိပ်မမှတ်မိလို့"

"မမဒီကိုတော့ မှတ်မိမှာပါနော်၊ ဦးခန့် မမဒီဆီ ဘာလို့ မလာတော့တာလဲဟင်"

"ကိုယ်လား အလုပ်တွေရှုပ်နေလို့လေ ကဲ ခွင့်ပြုကြပါဦးနော်"

အားလုံးကို နှုတ်ဆက်ပြီး ဆိုင်ထဲက ထွက်ခဲ့လိုက်သည်။ ကားတံခါးဖွင့်တက်ပြီးမှ ဘုံကိုလှမ်းကြည့်တော့ ဘုံ ငိုင်ငိုင်လေး ရပ်နေသည်။

ခင်မဒီရဲ့ညီမနဲ့မှ သွားထိပ်တိုက်တိုးရသတဲ့လား။

မိုးပစ္စုန်ဆိုသော စပ်စုမလေးက ထင်ရာမြင်ရာလျှောက်ပြောလို့ ဘုံ အထင်လွဲသွားလျှင် အခက်။

သူ့ဘက်က ရိုးသားပေမယ့် ခင်မဒီဘက်က ရိုးသားမမရှိလျှင် အခက်။ ဘာပဲဖြစ်ဖြစ် သူ့ဘက်ကတော့ ရိုးသားခဲ့တာအမှန်ပဲမို့

မိုးပစ္စုန်ဆိုသော ကောင်မလေးအကြောင်းကိုလည်း အာရုံထဲက မေ့ဖျောက်ထားလိုက်ပါသည်။

■ ■ ■

"မမငွေဘုံနဲ့ ဦးခန့်နဲ့က ရင်းနှီးနေကြသလားဟင်"

မိုးပစ္စုန်ဆိုသော ကောင်မလေးက မေးလာတာမို့ ဘုံ ခေါင်းလိုက်



www.burmeseclassic.com

www.burmeseclassic.com



သင့်လေး ပြုံးပြရင်း

"အင်း မိတ်ဆွေတွေ ဆိုပါတော့"

"ဟုတ်လား မိုးက စိုးရိမ်လို့ မေးတာပါ"

"စိုးရိမ်လို့"

ဘုံ မျက်မှောင်လေးကုပ် ရေရွတ်မိသလို သဲစုကလည်း မိုး ပစ္စုန်ကို စူးစူးစိုက်စိုက်လေးကြည့်ရင်း

"ဘာလို့လဲ မိုးပစ္စုန်ရဲ့၊ ခန့်က မမသဲတို့နဲ့လည်း ငယ်သူငယ် ချင်းတွေ ဘုံနဲ့လည်း မိတ်ဆွေတွေပါ"

"ဒါဆို ဦးခန့်အကြောင်း မမသဲတို့ ပိုသိမှာပေါ့၊ မမဒီကတော့ ဦးခန့်ကြောင့် အသည်းကွဲခဲ့ရတော့ တော်တော်မုန်းနေတာ"

ဘုံနှင့်သဲစု တစ်ယောက်မျက်နှာတစ်ယောက်ကြည့်မိကြသည်။ မိုးပစ္စုန် နံဘေးမှ ဆံပင်ကောက်ကောက်နှင့်ကောင်မလေးက ကြားက ဝင်မေးပြန်၏။

"မိုး မမဒီ အဲဒီလူကြီးက ကြိုက်ခဲ့ဖူးတာပေါ့"

"အသေအချာပေါ့ ချစ်ချစ်ရဲ့"

"ဟယ် တော်တော်ချောတာပဲနော်၊ မမဒီက ဘာလို့ မရ အောင် မယူလိုက်တာလဲ"

"ဟော့ မသိဘဲနဲ့ မပြောနဲ့၊ နင်တို့မသိရင် တစ်ခါတည်းမှတ် သွားကြ၊ နင်တို့အမျိုးအဆွေထဲမှာ မိန်းကလေးရှိနေရင် အဲဒီ ဦးခန့်ညား ဝင့်ထည်ဆိုတဲ့လူနဲ့ ဝေးဝေးနေကြ"

"ဘာဖြစ်လို့လဲ အဲဒီဘဲကြီးက တုပ်ကွေးဖြစ်နေလို့လား"



www.burmeseclassic.com

www.burmeseclassic.com



ဝတ်ရည်က ပခုံးလေးတွန့်ကာ နောက်ပြောင်ပြောင်လေး မေး…တော့ မိုးပစ္စုန် မျက်စောင်းလှေးထိုးရင်း

"အေး တုပ်ကွေးဖြစ်တာက ဆေးကုလို့ရတယ်၊ အသည်းကွဲ…ကတော့ ဘယ်လိုမှ ကုစားမရဘူး၊ အဲဒီဘဲကြီးက အသည်းစား…ကြီး"

"အသည်းစားတာများ စားပစေဟယ် ငါက ကြက်သားချက်…အမြစ်ပဲကြိုက်တာ၊ သူက အသည်းစားတော့ အမြစ်တွေ ငါပဲစား…ပေါ့ ဟိ ဟိ"

ဝတ်ရည် ပြောင်ချော်ချော်လေးပြောတော့ ချစ်ချစ်ဆိုသည့်…င်မလေးက သဘောကျစွာရယ်ရင်း

"အဟင်း ဟင်း ဟုတ်တယ် ဒီလောက်ချောတဲ့လူကြီးကိုတော့…ချင်တယ်ဟာ၊ အသည်းအစားခံပြီးတောင် ရင်ခုန်ပစ်ချင်တာ ဟင်း…"

ကြားနေရသော စကားတွေကြောင့် ဘုံ မျက်စိမျက်နှာပျက်နေ…သဲစု အခြေအနေကို ဝင်ထိန်းဖို့ ကြိုးစားရ၏။

"ဝတ်ရည်လေး ဒီမှာ ပတ္တမြားလက်စွပ်ရပြီ"

"ဟုတ်ကဲ့ မမသဲ ဘယ်လောက်ကျသလဲဟင် တစ်ခါတည်း…ယ်လေ"

ဝတ်ရည်တို့အုပ်စု ဆိုင်ထဲက ထွက်သွားတော့ ဘုံအနားကို…ရောက်လာရင်း

"ဝတ်ရည်တို့တွေ ပြောသွားတာကြောင့် နင် စိတ်မကောင်း



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်နေတာလား ဘုံ"

"မဟုတ်ဘူး ငါ ကြောက်နေတာ"

"ဟာ မဟုတ်တာ ဘုံရယ်၊ ခန့်က အဲဒီလောက် မဟုတ်ပါဘူး ဟယ်"

"သူ ရည်းစားများတာတော့ သေချာလောက်တယ် သဲစု မိုးပစ္စုန်ရဲ့အစ်မနဲ့တောင် ဖြစ်ခဲ့တဲ့ပုံပဲ"

"ဘုံရယ် ကာယကံရှင်ကို မေးကြည့်ပါဦးဟယ်"

"ကာယကံရှင်ကိုမေးဖို့ လိုသေးလို့လား သဲစုရယ်၊ ခန့်ညားကော ဝန်ခံမတဲ့လား"

သဲစု နှုတ်ပိတ်သွားသည်။ တကယ်ဆို ခန့်ညားနှင့်ပတ်သက်တာကို သဲစုကိုယ်တိုင်လည်း အတိအကျ သိနိုင်တာမဟုတ်ပါ။

"သူက မိန်းကလေးတိုင်း သဘောကျစရာအချက်တွေ ပိုင်တာတော့ နင် လက်ခံမှာပါ၊ သူ့အရင်က ပတ်သက်ဖူးတာတွေ ရှိမှာ မိန်းကလေးတွေနဲ့ ပတ်သက်ပြီးတောင် တခြားသူတွေကို သူက အကြံ ပေးတဲ့ ဆရာကြီးပဲ"

ဘုံ ခံစားချက်နှင့်ပြောသမျှ သဲစု နှုတ်ဆိတ်ငြိမ်သက်စွာ နား ထောင်နေခဲ့၏။

"နင်နဲ့အာကာကြားမှာလည်း သူက အကြံပေးပညာရှိပဲ သူ့ ကိုအာကာကိုယ်တိုင် သူ့အကြံတွေ ယူရတာပဲ၊ နင့်ဆီကို အရုပ်လေး ပို့လိုက်တာတို့ ဘာတို့ကအစပေါ့"

သဲစု မျက်ဝန်းလေးတွေ ဝိုင်းစက်သွားသည်။ ခန့်ညားက ...



www.burmeseclassic.com

www.burmeseclassic.com



ကြီးလား။ အာကာ့ကိုတောင် အကြံတွေပေးခဲ့သည်တဲ့လား။ ဒါဆိုလျှင် အာကာရဲ့အချစ်ကိုတောင် သဲစု ယုံရဖို့ ခက်ခက်ဖြစ်ရတော့မည်။

ဘုံ ရင်ထဲက သံသယတွေက သဲစုရင်ထဲထိတောင် ကူးစက်ကုန်သလိုလိုပါပဲ။

■ ■ ■

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၄)

"သဲကို တကယ်ချစ်တာမှ ဟုတ်ရဲ့လား ကို"

နှစ်ယောက် ဆုံတွေ့တွေ့ခြင်း သဲစုမေးတော့ အာကာ အံ့ဩသွားရတာ အမှန်ပဲဖြစ်သည်။

မနက်ဖြန် သဘက်ပဲ စေ့စပ်ပွဲကျင်းပတော့မည်။ သဲစု ဘာ[illegible] မေးနေတာလဲ နားမလည်နိုင်ပါ။ တကယ်ဆိုလျှင် သဲစုသည် ဘယ်တုန်းကမှ ဒီလို သံသယမေးခွန်းတွေနှင့် မမေးတတ်ပါ။

"သဲ မေးတာကိုဖြေလေ ကို၊ ကို သဲကို တကယ်ချစ်ခဲ့တာ ဟုတ်ရဲ့လား၊ တစ်ပါးသူ မြှောက်ပေးခဲ့တာ မဟုတ်လား"

"ဟာ သဲရာ ဘာတွေပြောနေတာလဲကွာ"

"ဟုတ်တယ်လေ အပျော်ကြံစည်ခဲ့တာ မဟုတ်လား။ ကိုသဲ[illegible] တကယ်လေးနက်ခဲ့တာ မဟုတ်ဘဲနဲ့ ကြိုးစားခဲ့တာပါ"



www.burmeseclassic.com

www.burmeseclassic.com



ပြောရင်း သဲစု မျက်ရည်တွေ ဝဲတက်လာကာ ငိုတော့ သူ ခြေမကိုင်မိလက်မကိုင်မိ ဖြစ်သွားရကာ

"ဟာ သဲရယ် စွပ်စွဲချက်တွေက များသလောက် ပြင်းထန်လှ ည်လား၊ ဘာတွေဖြစ်ကုန်တာလဲ၊ ဟောဗျာ မျက်ရည်တွေနဲ့ ကလေး သေးကျနေတာပဲ သဲရယ်"

အာကာ ရယ်ရယ်မောမောလေး ပြောရင်း သဲစု ပခုံးလေး က်ကာ နှစ်သိမ့်ဖို့ ကြိုးစားတော့ သဲစုက သူ့လက်တွေကို ပုတ်ထုတ်ပစ် င်း ငိုနေပြန်သည်။

"ဟာ သဲရယ် ဘာတွေဖြစ်နေတာလဲကွာ"

အာကာ စိတ်ပျက်သလို ရေရွတ်ရင်း ခေါင်းကို တဗျင်းဗျင်း တ်သည်။

"ကို ဒီကိစ္စမှာ ခန့်ခန့် မြှောက်ပေးလို့ ရှင် ကျွန်မကို ချစ်ခဲ့တာ ဟုတ်လား"

"ဟာကွာ ဘာဆိုင်လို့လဲ၊ ကိုယ်က ခန့် မြှောက်ပေးတိုင်း က်လုပ်ရမှာလား"

"မဟုတ်လို့လား ခန့်က ကို့ကို အကြံတွေပေးခဲ့တဲ့အတိုင်း က လိုက်လုပ်ခဲ့တာလေ"

"အင်း ဒါတော့ ဝန်ခံပါတယ်"

"ဟင် တကယ် ထင်ပါတယ် ကျွန်မ အလိမ်အညာခံလိုက်ရ သေချာတာပေါ့"

သဲစု ပြောရင်း မျက်ရည်တွေ ပိုးပိုးပေါက်ပေါက်ကျလာတော့



www.burmeseclassic.com

www.burmeseclassic.com



အာကာ ဘယ်လိုချော့မော့ရမှန်းမသိ ဖြစ်ကာ စိတ်တွေညစ်ညူးရသည်

သဲစုနှင့်သူ့ကြားမှာ ဘာပြဿနာမှ ကြီးမားစွာ မရှိခဲ့။ သဲစု စိတ်မကောက်တတ်သလို အခုလို စွပ်စွဲတာမျိုးလည်း မရှိခဲ့။ အခု ဘယ်လိုဖြစ်ကုန်တာလဲ။

"သဲ နေ နေပါဦး ဒီပြဿနာကို ဘယ်သူ စလိုက်တာလဲ"

"ဘယ်သူမှ မစဘူး သဲဘာသာ သိရတာ"

"သဲ ပွင့်ပွင့်လင်းလင်း ပြောပါကွာ၊ ကိုယ် ဘာမှနားမလည် တော့ဘူး"

သည်တော့မှ သဲစု အားလုံးကိုပြန်ပြောပြတော့သည်။ ခန့်ညာ နှင့်ပတ်သက်ပြီး ကြားရသော မိုးပစ္စုန်ထံမှ စကားတွေက ပြဿနာအ ဟု သူ သိလိုက်ရတော့ ရယ်ရမလို ပြုံးရမလို ဖြစ်ရသေး၏။

"ဖြစ်မှဖြစ်ရလေ သဲရယ်၊ ဒီမှာ အသေအချာ နားထောင် ကိုယ်နဲ့ ခန့်က သူငယ်ချင်းအရင်းအချာတွေ၊ ယောကျ်ားလေးတွေဆိုတာ ဒီလိုပဲ ကိုယ်သဘောကျတဲ့ မိန်းကလေးတစ်ယောက်ရှိပြီဆိုရင် တိုင်ပင် ကြ၊ အကြံဉာဏ်တောင်းကြ၊ တိုင်ပင်ကြတာပဲလေ၊ ပြီးတော့ အဲဒီတုန်းက သဲနဲ့ရင်းနှီးပြန်ဆုံဖို့ဆိုတာ ခန့်အကူအညီ အများကြီးလိုတယ်လေကွာ ခန့်က ဒီလိုပဲ အားလုံးကို ကူညီပေးတတ်တာပဲ"

သူ ရှင်းပြတာတွေကို သဲစု ငြိမ်ငြိမ်လေး နားထောင်နေတော့ အာကာ အားတက်ကာ ထပ်ရှင်းပြရ၏။

"အမှန်ပြောရရင် ကိုယ်က သဲကို ဖွင့်ပြောဖို့ ကြောက်နေတယ် သဲ စိတ်ဆိုးပြီး ငြင်းမှာစိုးတယ်၊ ဒါကြောင့် ခန့် အကူအညီတောင်း

www.burmeseclassic.com

www.burmeseclassic.com



ာယ်၊ ခန့်က သဲနဲ့ရင်းနှီးနိုင်မယ့် နည်းလမ်းတွေပေးတယ်၊ ဒီလိုနဲ့ ကိုယ် ကြိုးစားခဲ့ရတာလေ"

"သဲကို အရုပ်တွေ လက်ဆောင်ပေးတာကကော"

"အင်း ခန့် အကြံပေးတာပါ၊ ဒါပေမဲ့ ကိုယ်ကလည်း သဲကို လက်ဆောင်တစ်ခု ပေးချင်တာ၊ ဘာပေးရမှန်းမသိလို့"

"အရာရာမှာ ခန့်ခန့်လုပ်နိုင်းတာတွေပဲပေါ့"

"ဟာ သဲရယ် အထင်လွဲပြန်ပြီ၊ သဲကို ကိုယ်က ဟိုးဒုတိယနှစ် ကတည်းက ချစ်ခဲ့တာပါကွာ၊ ခန့်က ချစ်ခိုင်းလို့ချစ်တာမှ မဟုတ်တာ၊ အချစ်ဆိုတာ ရင်ထဲက အလိုလိုပေါ်လာတာ"

"အဲဒီစကားတွေကလည်း ခန့်ခန့် သင်ပေးတာလား"

"သေလိုက်ပါတော့ကွာ"

"ဟုတ်တယ်လေ အရာရာမှာ ခန့်ခန့်ကပဲ ပါနေတော့ မေးရ တာပေါ့"

"သဲရယ် သဲကိုချစ်တာ သဲ အသိဆုံးပဲ၊ သိပ်ချစ်လို့လည်း လက်ထပ်ဖို့အထိ ရည်ရွယ်ပြီးနေပြီ"

"မသိဘူးလေ မင်း သဲစုကို လက်ထပ်လိုက်လို့ ခန့်ခန့်က စေခိုင်းလို့လားလို့"

"ဒီကောင်လား အဲဒီလောက် တော်မှာ၊ သူတောင် အခုထိ ငွေဘုံသာရဲ့အချစ်ကို မရသေးတာ၊ ကိုယ်က ဒီအခြေအနေထိရောက်နေ တော့ ကိုယ့်ဆီကတောင် အကြံပြန်တောင်းရမှာ"

"အံမယ် ကိုက ဆရာကြီးလား"

[redacted]

www.burmeseclassic.com

www.burmeseclassic.com



သဲစု မျက်စောင်းလေးထိုးကာ ပြောတော့ အာကာ ရယ်လိုက်မိသည်။

စောစောကတော့ မျက်ရည်တွေနှင့်ချစ်သူ့မျက်နှာလေးက အခုတော့လည်း ကြည်လင်သော တိမ်ကင်းစင်သည့် လတစ်စင်းလို ဖြစ်နေလေသည်။

တော်ပါသေးရဲ့ သဲစုသာ စိတ်ဆိုးမပြေခဲ့လျှင် သူ ဘာလုပ်ရမည် မသိပါ။

သေချာသည်က ခန့်ညားဆီ ပြေးကာ အပူကပ်ရမှာပဲဖြစ်သည်။ အခုတော့ ချစ်သူကို မချော့တတ်သော သူ ချော့တတ်ခဲ့ပြီထင်ပါရဲ့။

■ ■ ■

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၅)

ဘုံ ဒီနေ့ဆိုင်ပိတ်ရက်မို့ ဘယ်မှမသွားဖြစ်ပါ။ သဲစု မိဘတွေထံ ကိုအာကာရဲ့မိဘတွေက လာရောက်တောင်းရမ်း စေ့စပ်တာမို့ ဆိုင်မထွက်တော့ပါ။

သဲစုအတွက်ကတော့ အခြေအနေအားလုံးသည် အဆင်ပြေ စိတ်ချမ်းသာစရာကောင်းနေခဲ့၏။ ဘုံအတွက်ကတော့

တွေးကြည့်ရုံနှင့် ရင်ထဲမှာ ဘုံ အလိုလို ဝမ်းနည်းချင်လာသည်။

အချစ်ကို ဘုံ ပိုင်ဆိုင်လိုက်ရတာ ဘယ်လိုမှ ကျေနပ်ဝမ်းသာစရာမကောင်းခဲ့ပါ။

ခန့်ညားဝင့်ထည် ဆိုသော ယောကျ်ားတစ်ယောက်သည် ဘုံ့ဘဝ ဘုံ့နှလုံးသားတစ်ခုလုံး ပုံအပ်ယုံကြည်လောက်အောင် မဖြစ်နိုင်သော သူဆိုတာ ဘုံ သိခဲ့ရသည်။



www.burmeseclassic.com

www.burmeseclassic.com



မိုးပစ္စုန်ဆီက မမေးဘဲ ကြားသိရသော စကားတွေကြောင့်ဆို တာထက် ဘုံဆီကို ဖုန်းဆက်လာသော ခင်မဒီ စကားတွေကြောင့် ဘုံ ပိုလို့ ခံစားရပါသည်။

မနေ့ညနေက ခင်မဒီဆီက ဖုန်းကို မထင်မှတ်ဘဲ နားထောင် ခဲ့ရ၏။

"ငွေဘုံသာ ဟုတ်ပါတယ်နော်"

"ဟုတ်ပါတယ် ဘယ်သူပါလဲရှင်"

"တို့ ခင်မဒီပါ၊ မိုးပစ္စုန်ရဲ့အစ်မပါ"

ဘုံ ချက်ချင်း မှတ်မိလိုက်ပါသည်။ စိန်တိုက်မှာ ပစ္စမြားလက် စွပ်လာဝယ်သော မိုးပစ္စုန်ရဲ့အစ်မဝမ်းကွဲ ခင်မဒီ။ ခန့်ညားကြောင့် အသည်းကွဲခဲ့သည့် မိန်းကလေး။

"ဟုတ်ကဲ့ ပြောပါ ခင်မဒီ၊ ဘာကိစ္စရှိလို့ပါလဲရှင်"

"ပြောရရင် တို့ကိစ္စတော့ မဟုတ်ပါဘူး၊ ငွေဘုံသာအတွက် ဖြစ်မှာပါ"

"ကျွန်မအတွက်"

"ဟုတ်ပါတယ် ညီမလေးမိုးဆီက ခန့်ညားဝင့်ထည်အကြောင်း ကြားလိုက်တော့ ဒီ တော်တော်စိတ်မကောင်းဖြစ်ရတယ်၊ တခြားကြောင့် မဟုတ်ပါဘူး ငွေဘုံသာအတွက်ပါ၊ ခန့်ညားဝင့်ထည်ဆိုတာ မိန်းမတစ် ယောက်အသည်းကို လှလှပပခွဲ ကစားတတ်တဲ့သူတစ်ယောက်ပါ"

ဒီစကားတွေကို ဘုံ မကြားချင်ပါ။ ဒါပေမဲ့ ကြားနေရပြီပါပြီ။ ခင်မဒီကို သုံးကြိမ်လောက်ပဲ ဘုံ မြင်ဖူးသည်။ ခင်မဒီမိဘတွေက ဘုံတို့



www.burmeseclassic.com

www.burmeseclassic.com



ဆိုင်မှာ ဝယ်နေကျ ဖောက်သည်တစ်ဦးဖြစ်သည်။

"ခန့်ညားဝင့်ထည်နဲ့ ငွေဘုံစံတို့ ဘယ်လိုဆက်နွယ်နေသလဲဆို တာ ဒီ မသိပါဘူး။ မိုးလေး ပြောပြတော့ ငွေဘုံစံအတွက် စိုးရိမ်မိလို့ပါ၊ ဒီ ကိုယ်တိုင် သူ့ကြောင့်အသည်းကွဲခဲ့ရတယ်၊ ပြောရရင် ဒီ တစ်ယောက် သည်းမကပါဘူး သူ့ကြောင့်အသည်းကွဲခဲ့ရတဲ့ မိန်းကလေးတွေ အများ ကြီး ရှိခဲ့ပါတယ်၊ တချို့ဆိုရင် နှလုံးသားတင်မကဘူး ခန့်ညားဝင့်ထည် ကြောင့် ဘဝကိုပါ ပေးဆပ်လိုက်ကြရတဲ့ မိန်းကလေးတွေရှိတယ်"

ဘုံ တကယ်ပဲ ချောက်ချားသွားခဲ့ရ၏။ ခန့်ညားက ဒီလောက်ထိ ဆောင် ဆိုးသွမ်းတဲ့ ယောကျ်ားတစ်ယောက်လား။

"အချစ်ကို တန်ဖိုးမထားတတ်တဲ့ယောကျ်ား၊ မိန်းမချောလေး တွေဆိုရင် ကစားစရာ အရုပ်လေးလို သဘောထားတတ်တဲ့ ယောကျ်ား တစ်ယောက်ကြောင့် ငွေဘုံသာ ဒုက္ခမရောက်စေချင်ပါဘူး"

"တို့ တို့နဲ့ခန့်ညားနဲ့ ဘာမှမပတ်သက်သေးပါဘူး ခင်မဒီ"

"ဒါဆိုရင်တော့ ဒီ ဖုန်းဆက်ဖြစ်တာ အကျိုးရှိမယ် ထင်ပါတယ် ဘာလို့လဲဆိုရင် ခန့်ညားဝင့်ထည်က ငွေဘုံသာကို တစ်ချိန်မှာ ကြိုးစား မှာလေ၊ သူက မိန်းကလေးချောချောလှလှလေးတွေကိုမြင်ရင် အသစ် ဆန်း ကစားစရာလေးလို့ သတ်မှတ်တဲ့ယောကျ်ားပါ"

"အသိပေးတာ ကျေးဇူးတင်ပါတယ် ခင်မဒီ၊ တို့ ခန့်ညားကို ဆက်ဆွေစာရင်းကတောင် ပယ်ဖျက်ပြီးပါပြီ"

"သိပ်မှန်ကန်တဲ့လုပ်ရပ်ပဲပေါ့ ငွေဘုံသာရယ်၊ သူ့ရဲ့သားကောင် တစ်ကောင် မဖြစ်ပါစေနဲ့လို့ တို့ ဆုတောင်းပေးပါတယ်"



www.burmeseclassic.com

www.burmeseclassic.com



ခင်မဒီရဲ့ဖုန်းလေး ပိတ်သွားတော့ ဘုံရင်တွေ မောဟိုက်နိုး
ကာ ကျန်ရစ်ခဲ့သည်။

ဘုံနှလုံးသားမှာ အချစ်ကို လေးနက်စွာ မကြုံဆုံခဲ့ဖူးပါ။ ပြ
တော့ အချစ်ကင်းမဲ့သော အိမ်ထောင်တစ်ခုကိုလည်း ဘုံ မတည်ဆော
ချင်ပါ။

အိမ်ထောင်တစ်ခုမှာ အချစ်ဆိုတာ လိုအပ်ချက်တစ်ခု ဖြ
သည်ဟု ဘုံ ယုံကြည်ပါသည်။ အချစ်ဆိုတာကို အလေးအနက် မထား
သော မမရွှေဘုံတို့အဖြစ်မျိုး ကြုံဆုံရမှာလည်း ဘုံ ကြောက်သည်။

ယောကျ်ားတစ်ယောက်ကို ဘုံ သစ္စာရှိမှုဖြင့် တန်ဖိုးထား
မြတ်နိုးချင်သည်။

ခန့်ညားကို ရိုးသားသူတစ်ယောက်ဟု မြင်ထားမိသမျှ အ
တော့ ဘုံ သိပ်ကြောက်သွားခဲ့ပြီ။ ဘုံ အမြင်မှာတော့ ခန့်ညားသ
ရိုးသားသည်။ ကြင်နာတတ်သည်။ ဒါတွေက ဘုံ မြင်တွေ့နေသေ
အရာတွေပါ။

အခုတော့ ဘုံ မမြင်မသိခဲ့ရသော ခန့်ညားအကြောင်းတွေ
သိခဲ့ရတော့ ဘုံ ကြောက်လန့်သွားမိသည်။

တကယ်ဆို ဘုံ့ဘက်က သူ့ကိုခေါင်းညိတ်လိုက်ဖို့ ဆုံးဖြ
ထားခဲ့ပြီးမှ ဒီအခြေအနေတွေ သိလိုက်ရတာ ဘုံ ကံကောင်းသည်ပဲလေ

ဟင့်အင်း ဘုံ ကံကောင်းခဲ့တာ မဟုတ်ပါဘူး။ မချစ်တတ်သေ
ဘုံ နှလုံးသားမှာတော့ သူ့ကို ချစ်တတ်သွားခဲ့သည်။

အမှန်တွေကို သိနေပါလျက် ဘုံ မိုက်မဲသူတစ်ယောက်သေ



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်ချင်ပါ။

ရှင် ဘုံအနားက ထွက်သွားပေးပါ ခန့်ညား။

■ ■ ■

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၆)

"ဘုံ ကျွန်တော့်ကို အထင်မလွဲပါနဲ့"

ခန့်ညား လေသံလေးက ကြည်လင်ကာ မျက်ဝန်းတွေက ရိုးသားဖြူစင်ရိပ်တွေ ဖြာနေသည်။ ဒါပေမဲ့ ဒါ ခန့်ညား တတ်ကျွမ်းသော မာယာတစ်ခုဟုပဲ ဘုံ ယုံသည်။

"ခန့်ညားဝင့်ထည် ရှင် ဘာမှမပြောပါနဲ့တော့၊ ကျွန်မ ဘာမှ နားမထောင်ချင်ဘူး"

"ဘုံ"

"တောင်းပန်ပါတယ် ခန့်ညား၊ ကျွန်မ မအားဘူး လုပ်စရာ အလုပ်တွေ ရှိနေတယ်၊ ကျွန်မတို့ဆိုင်က ရတနာဆိုင်ပါ၊ ဒါကြောင့် ရှင် ရတနာဝယ်ဖို့ကိစ္စကလွဲပြီး ဆိုင်ကို အကြောင်းမဲ့မလာပါနဲ့တော့



www.burmeseclassic.com

www.burmeseclassic.com



"ဘုံ ကိုယ့်ကို မိတ်ဆွေတစ်ယောက်လို့တောင် မသတ်မှတ်နိုင်တော့ဘူးလားဟင်"

"မိတ်ဆွေစာရင်းမှာ ရှင်မရှိတော့ဘူး ခန့်ညား"

"ဟာ ဘုံရယ် ဒီလို တစ်ဖက်သတ်ကြီးတော့ မဆုံးဖြတ်လိုက်ပါနဲ့ဗျာ"

ဘုံ ခေါင်းကိုခါရမ်းမိသည်။ ခန့်ညား စကားတွေကို မကြားချင်ပါ။ ခန့်ညားရဲ့အလိမ်အညာတွေထဲမှာ ဘုံ စိတ်တွေ မျောမပါသွားချင်ပါ။

"ကိုယ် ရှင်းပြပါရစေ ဘုံ"

"ဟင့်အင်း ကျွန်မ ဘာကိုမှ နားမထောင်ချင်တော့လို့ပါ ခန့်ညား"

"ဟာကွာ ဘုံ ဒီလောက်နဲ့ကိုယ့်အပေါ် လျှင်လျှင်မြန်မြန်ကြီး မပြောင်းလဲသင့်ဘူး"

"ခန့်ညား ဟိုးအရင်ကတည်းက ရှင်နဲ့ကျွန်မ မခင်မင်ချင်ခဲ့တာပါ၊ ရှင်သိပါတယ် မမရွှေဘုံကိုစွက်တည်းက"

"အဲဒီနောက်ပိုင်းမှ ကိုယ်တို့သူငယ်ချင်းမိတ်ဆွေတွေ ဖြစ်ခဲ့ကြတယ်လေ"

"အဲဒါ ကျွန်မ သဘောထားသေးသိမ်ရာရောက်မှာစိုးလို့ အလိုက်သင့် ဆက်ဆံတဲ့သဘောပါ၊ ပြီးတော့ ရှင်က နွယ်နီတို့ သဲစုတို့ရဲ့ သူငယ်ချင်းဖြစ်နေတာလည်း ပါတယ်"

"ဘုံနဲ့ကိုယ့်ကြားမှာလည်း တကယ့်ကို ရင်းရင်းနှီးနှီး ရှိခဲ့ကြတာပါ"



www.burmeseclassic.com

www.burmeseclassic.com



ဘုံ ဘယ်လောက်ပြောပြော ခန့်ညားက နောက်ဆုတ်သွားမည် ပုံမပေါ်တော့ ဘုံ စိတ်ညစ်လာမိသည်။

"ပြန်ပါတော့ ခန့်ညား၊ ရှင့်ကိုကျွန်မ တောင်းပန်နေတာပါ၊ အနူးအညွတ် တောင်းပန်တာပါ"

"နှင်လွှတ်တာလား ဘုံ၊ ကိုယ်တို့နှစ်ယောက်ကြားမှာ ဒီလောက် အထိ မဖြစ်သင့်ပါဘူး၊ ရက်ပိုင်းလေးမှာ ဘုံ ပြောင်းလဲသွားတာ မိုးပစ္စုံ ဆိုတဲ့ ကောင်မလေး စကားတွေကြောင့်လား"

"အဲဒီနေ့က မသိပါဘူး မမှတ်မိပါဘူးဆိုတဲ့ မိန်းကလေး နာမည် ကို ရှင် မှတ်မိနေသေးပါလား"

"အဲဒီ မိန်းကလေးကို ကိုယ် တကယ် မမှတ်မိပါဘူး၊ သူ့နှုတ်က ဖွင့်ပြောမှ သိတာပါ"

"ဒါဆို ခင်မဒီကိုလည်း ရှင် မှတ်မိသလား"

ဒီတစ်ခါတော့ သူ ချက်ချင်း ဘာမှပြန်မဖြေနိုင်ဘဲ ခေါင်းက တွင်တွင်ခါရမ်းနေ၏။

"ခင်မဒီကို မမှတ်မိဘူးဆိုရင် ရှင် လိမ်ညာတာပဲ ခန့်ညား"

"ကိုယ် မမှတ်မိဘူး မပြောပါဘူး၊ ခင်မဒီကို အရင်က ခင်မင် ရင်းနှီးခဲ့ဖူးပါတယ်"

"ရှင်နဲ့ချစ်သူတွေတောင် ဖြစ်ခဲ့ဖူးတာပဲလေ"

"ဟာ လုံးဝ မဟုတ်ဘူး မှားတယ်၊ သူနဲ့ကိုယ်က ဘာမှမဖြစ် ကြဘူး၊ ပြောရရင် မိတ်ဆွေသူငယ်ချင်းလောက်ပဲ ရှိခဲ့တာပါ"

"တော်ပါတော့ ခန့်ညားဝင့်ထည် မနေ့ကပဲ ခင်မဒီကျွန်မ



www.burmeseclassic.com

www.burmeseclassic.com



နေးဆက်တယ်"

"ဟင်"

"ရှင့်အကြောင်းတွေ ကျွန်မ သိခဲ့ရတယ်၊ ရှင့်ကို ကျွန်မ စိပ်ကြောက်သွားပြီ ခန့်ညားဝင့်ထည်"

"မဟုတ်ဘူး ဘုံ၊ ဘုံ သိထားတာတွေအကုန် အမှန်တရား ဖြစ်ခုမဟုတ်ဘူး"

ပြောရင်း ဘုံလက်ကို သူ လှမ်းကိုင်တော့ ဘုံ ဆတ်ခနဲ ခါချ စ်ရင်း စူးစူးရဲရဲ ကြည့်၏။

"ကျွန်မအသားကို ရှင် မထိပါနဲ့ ခန့်ညား"

"ဘုံ ကိုယ် ကိုယ်ရှင်းပြ"

"ဘာကိုမှ ကျွန်မ မကြားချင်တော့လို့ ရှင်ပြန်ပါတော့၊ ပြန်ပါ တော့ ခန့်ညား"

ရင်ထဲက လှိုက်တက်လာသော ဝမ်းနည်းနာကျင်မှုတွေ မျက် ည်တွေအဖြစ် ကျဆင်းမလာခင် ဘုံ ဆိုင်အနောက်ဘက် အခန်းထဲ ပြေးဝင်ခဲ့လိုက်သည်။

"ဘုံ ဘုံ နေပါဦး"

ခန့်ညား တားမြစ်ဟစ်အော်ရင်း ဘုံ နောက်ပြေးလိုက်ဖို့ ကြိုး းတော့ ရတနာကောင်တာ မှန်နောက်မှာ ငြိမ်သက်နေသော သဲစု င်းထွက်လာ၏။

"ခန့်ခန့်"

"ဟင် သဲသဲ ဘုံကို ခေါ်ပေးစမ်းပါဟာ၊ ငါ ရှင်းပြချင်လို့ပါဟ



www.burmeseclassic.com

www.burmeseclassic.com



ဘုံ ငါ့ကိုအထင်လွဲနေတယ်"

သဲစု ပင့်သက်လေးရှိုက်ကာ သူ့ကိုကြည့်ရင်း ခေါင်းလေး ရမ်းပြသည်။

"ခန့်ခန့် အခုချိန်မှာ ဘုံကို ဘယ်သူမှ တောင်းပန်လို့မရဘူး သူ တော်တော်ခံစားနေရတာ"

"ငါ့ဘက်ကလည်း ပြန်ငဲ့ကြည့်ပါဦး သဲသဲရယ်၊ ငါ ဘုံ တကယ်ချစ်ခဲ့တာပါ"

"ခန့်ခန့် ဘုံလည်း နင့်ကိုချစ်တယ်လို့ ငါ ယုံတယ်၊ ဒါပေ ဘုံ နင့်အကြောင်းတွေ ကြားလိုက်တော့ ကြောက်သွားတယ်၊ ပြောရင်း ခင်မဒီ ဖုန်းဆက်လိုက်တာကြောင့်ပဲ"

"ဟား ခင်မဒီ မွှေလိုက်တာပဲဟာ၊ ခင်မဒီနဲ့ငါ ဘာမှမပတ်သ ခဲ့ပါဘူး၊ သူ မျှော်လင့်တဲ့အချစ်ကို ငါ့ဘက်က မပေးခဲ့လို့ သူ တ အငြိုးထားခဲ့တာပါ"

"ခန့်ခန့်ရယ် နင်ကလည်း မချစ်ခဲ့ပေမယ့် ပတ်သက်ခဲ့တာ ရှိတယ်၊ ဘုံကလည်း နာကျင်ခံစားရမှာကြောက်တယ်၊ ဒါကြောင့် နင် ကြားမှာ ပြဿနာတွေဖြစ်ကုန်တာပဲ၊ ဒါပေမဲ့ နင် ပြန်လိုက်ပါဟ ဘုံကို ငါ တဖြည်းဖြည်း ပြောပြပါ့မယ်"

သဲစု စကားအဆုံးမှာ သူ ပင့်သက်ရှိုက်ရင်း ခေါင်းကိုငုံ့ပစ်လို မိသည်။ ရင်ထဲမှာ နာကျင်ပူလောင်သော ဝေဒနာတွေသည် ဘ ဒါ ပထမဆုံး ခံစားရသော ဝေဒနာမီးတွေပဲဖြစ်သည်။

ဘယ်မိန်းကလေးကြောင့်မှ သူ ဒီလို မခံစားရဖူး



www.burmeseclassic.com

www.burmeseclassic.com



အခုတော့ ဘုံကြောင့် ခံစားတတ်ခဲ့ပြီ။ သဲစုပြောသလို ဘယ်မိန်းမကိုမှ သူ မချစ်ခဲ့ဖူးပါ။ ဒါပေမဲ့ ခင်မင်ပတ်သက်ခဲ့ဖူးတာတွေက ဘုံ အမြင်မှာ အထင်လွဲစရာ ဖြစ်နေခဲ့သည်လား။

ဘုံရယ် ကိုယ့်ရင်ထဲကို မြင်ကြည့်တတ်စေချင်လိုက်တာ။

■ ■ ■

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၇)

သူ ဖုန်းခေါ်နေခဲ့တာ ဆယ်ကြိမ်မကတော့ပါ။ ဒါပေမဲ့ ဘုံ ဖုန်းက ပိတ်ထားတာနှင့်ပဲ တိုးနေသည်။

သူ ဖုန်းဆက်မှာကို သိတာကြောင့် ဘုံ တမင်ဖုန်းပိတ်ထားခြင်း ဆိုတာ သဘောပေါက်လိုက်ပါသည်။ သူနှင့်ပတ်သက်သမျှ ဘုံဘက်က ယတိပြတ်လိုက်ပြီလား မသိပါ။

ဘုံ သူ့ကိုမုန်းသွားခဲ့ပြီလား။ ဒါဆိုလျှင်တော့ သူ တစ်သက်လုံး ရင်ကွဲရမှာ သေချာသည်။

ရင်ထဲမှာ ပူလောင်သော ဝေဒနာတွေနှင့် အိပ်ရာပေါ် သ ပစ်လှဲပစ်လိုက်သည်။ အာရုံထဲမှာ ထင်ဟပ်လာသော ဘုံမျက်နှာလေးက မြင်ယောင်ရင်း ဆုံးရှုံးရမှာ ကြောက်လာမိ၏။



www.burmeseclassic.com

www.burmeseclassic.com



ဘုံရဲ့အမုန်းတွေကို သူ ရင်မဆိုင်ရဲပါ။ ဒါပေမဲ့ အခုတော့ ရင်ဆိုင်နေရပြီ။ ဒီအမုန်းတွေ ဘုံနှင့်သူ့ကြားကို ဖန်တီးပို့ဆောင်ပေးလိုက်တာ ခင်မဒီပဲ ဖြစ်သည်။

"တောက်"

ခံပြင်းစွာ တက်ခေါက်ရင်း သူ အိပ်ရာက ဝုန်းခနဲ ထမိသည်။ ပြီးတော့ ဖုန်းလေးကို ကောက်ယူကာ ခင်မဒီရဲ့ဖုန်းနံပါတ်ကို ပြန်ရှာဖွေနေမိ၏။

ခင်မဒီ စခဲ့သော ပြဿနာကိုတော့ သူ ရှင်းမှဖြစ်မည်။

တွေ့ပါပြီ ခင်မဒီ ဖုန်းနံပါတ်။ သူ ဘာမှစဉ်းစားမနေဘဲ ခေါ်လိုက်တော့ ဖုန်းက ဝင်သွားသည်။

ကြာကြာမစောင့်လိုက်ရပါဘဲ ခင်မဒီ ဖုန်းကို ကိုင်လိုက်တာမို့ တော်ပါသေးသည်။

"ဟဲလို ခင်မဒီပါ"

"ခင်မဒီ ငါပါ ခန့်ညားဝင့်ထည်"

"ဩော် ဒီနာမည် ကျွန်မ ကြားဖူးပါတယ်၊ နေဦး ခဏလောက် ခေါင်းစားလိုက်ဦးမယ်"

"ခင်မဒီ မင်းငါ့ကို ရိသဲ့သဲ့ပြောမနေနဲ့။ မင်း ဘုံဆီကို ဘာတွေ လျှောက်ပြောခဲ့တာလဲ"

"ငွေဘုံသာကို ပြောတာလား ခန့်ညား"

"ဟာကွာ မင်းလုပ်ခဲ့တာ မင်းသိမှာပေါ့"

"ရှင့်လေသံတွေ လျှော့ထားပါ ခန့်ညား။ ဟုတ်တယ် ခန့်ညား



www.burmeseclassic.com

www.burmeseclassic.com



ဆိုတဲ့ ယောက်ျားအကြောင်း ပြောပြလိုက်တာပါ"

"ခင်မဒီ မင်း မဟုတ်တရုတ်တွေ ဘာလို့ပြောခဲ့တာလဲ၊ ကိုယ်နဲ့မင်း ဘာမှမပတ်သက်ခဲ့သလို ဘယ်မိန်းကလေးနဲ့မှ ကိုယ် မပတ်သက်ခဲ့ပါဘူး"

"ခန့်ညား မိန်းကလေးတွေကို ရှင် ကစားစရာလို အပျော်သဘောထားခဲ့တာတွေ မေ့နေပြီလား"

"ဘာကွ မိတ်ဆွေလို ခင်မင်တာကလွဲလို့ ဘယ်သူ့အပေါ်မှာမှ ကိုယ် ဒုက္ခမပေးခဲ့ပါဘူး"

"ရှင့်ဘက်က ဒီလိုလွယ်လွယ် ဖြေရှင်းနိုင်ပေမယ့် ကျွန်မအတွက် တော့ နာကျင်ခံရခက်တယ် ခန့်ညား၊ ရှင် ကျွန်မကို ဆက်ဆံသွားတာကို ကျွန်မ ဘယ်တော့မှ အခဲမကြေဘူး"

"ဒါတော့ မင်းမျှော်လင့်တဲ့အရာမှ ကိုယ် မပေးနိုင်တာပဲ"

"ဒါကြောင့် ရှင်က ဒီ့ကို အဆက်အသွယ်ဖြတ်လိုက်တာလား ကောင်းပြီ ဒီကလည်း ရှင့်အနားမှာ ဘယ်သူမှမရှိစေချင်လို့ ခြိတ်လိုက်တာပဲ"

"မင်းတော်တော်ဆိုးပါလား ခင်မဒီ"

"ဟုတ်တယ် ခင်မဒီကို စိတ်ပုပ်မလို့ ပြောလည်းရတယ် အောက်တန်းကျတယ်ပြောလည်းရတယ်၊ ရှင် တကယ်ခံစားပူလောင်နေ ရင် ကျွန်မ ရည်ရွယ်ချက် အောင်မြင်တယ်"

ခင်မဒီ ရည်ရွယ်ချက်ကတော့ ရှင်းလင်းနေသည်။ သူနှင့်ကြားမှာ တမင်အထင်လွဲအောင် ပွဲဖျက်ပြလိုက်ခြင်းပဲပေါ့



www.burmeseclassic.com

www.burmeseclassic.com



"ရှင်နဲ့ပတ်သက်သမျှ မကောင်းသမျှတွေအကုန် ဒီ လျှောက်ပြောမှာပဲ ခန့်ညား၊ လျှာမှာမှ အရိုးမရှိဘဲလေ၊ ပြောမှာပဲ ရှင့်ကိုမိန်းကလေးတွေမြင်တာနဲ့ ရွံမုန်းသွားအောင်ကို ပြောမှာ၊ ရှင် ဒီကို ဘယ်ဥပဒေနဲ့ တားမြစ်မလဲ အဟင်း ဟင်း"

"ခင်မဒီ မင်းလုပ်ရပ်တွေက ငါ့ကို တမင်ဒုက္ခပေးတာပဲ"

"ဟုတ်တယ်လေ မစားရတဲ့အမဲ သဲနဲ့ပက်ရုံတင်မကဘူး နွံ့နှက်နဲ့တောင် ပက်ချင်တာ၊ အခု ရှင် ခံစားနေရပြီမို့လား"

"ငါ တောင်းပန်ပါတယ် ခင်မဒီ၊ ဘုံကို ငါ မြတ်နိုးစွာ ချစ်ဘာပါ"

"သေလိုက် လဲသေလိုက်ပေါ့ ခန့်ညားဝင့်ထည်၊ ရှင်ချစ်တဲ့မိန်းမက ရှင့်ကိုခါးခါးသီးသီး မုန်းသွားအောင် ကျွန်မက လုပ်ပြဦးမှာ"

ခင်မဒီ အငြိုးတွေက ဒီလောက်အထိ ကြီးမားနေမည် သူမထင်ခဲ့မိ။ အခုတော့ ခင်မဒီ အသွင်က သိပ်ကြောက်စရာကောင်းနေပြီ။

"မင်း ရူးနေပြီလား ခင်မဒီ"

"ဟုတ်တယ် ရူးတယ်၊ လူတိုင်းအရူးတွေပဲလေ၊ ရှင်လည်းငွေဘုံသာစိတ်နဲ့ ရူးသွားအောင် ဒီ လုပ်ပြချင်တာ"

"ခင်မဒီ မင်း ပေါက်ကရတွေ လျှောက်ပြောပေမယ့် ဒါ အမှန်အရားမှ မဟုတ်တာ"

"ဘာပဲဖြစ်ဖြစ် အခု ရှင်နဲ့ငွေဘုံသာကြားမှာ ပြဿနာတွေတက်နေပြီမဟုတ်လား၊ ကျွန်မ ကျေနပ်တယ် အဟင်း ဟင်း"

"ကိုယ့်ကြောင့် သူတစ်ပါး စိတ်ဆင်းရဲအောင်လုပ်တာ မ



www.burmeseclassic.com

www.burmeseclassic.com



ကောင်းတဲ့အလုပ်ပဲ ခင်မဒီ''

"ဟုတ်လား အဲဒီအလုပ်ကို ကျွန်မ ဆက်လုပ်ပြမယ် ခန့်ညား အရေးကြီးဆုံးက ရှင်နဲ့ငွေဘုံသာ မနီးစပ်ဖို့ပဲ၊ ငွေဘုံသာရဲ့အမုန်းတွေ ကြောင့် ရှင် သေသွားရင်တောင် ကျွန်မ ပျော်နေမှာ အဟင်း ဟင်း''

ဒီလောက်ဆိုလျှင် ခင်မဒီရဲ့အကြောင်းတွေကို ဘုံ သိလောက် ပြီဟု သူ ထင်ပါသည်။

ဖုန်းကိုပိတ်လိုက်ကာ ချိတ်ဆက်အသံသွင်းယူထားသော ခင်မဒီ စကားသံတွေကို ဘုံ နားထောင်ပြီးလျှင်တော့ သူ့အပေါ် နားလည်နိုင် ကောင်းပါရဲ့။

■ ■ ■

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၈)

"သဲစု သူနဲ့ပတ်သက်သမျှ ငါ့ခေါင်းထဲမှာ ဘာမှမရှိတော့ဘူး"

"မဟုတ်သေးဘူးလေ ဘုံရဲ့၊ မိုးပစ္စုန် စကားတွေကြောင့် ဘုံ ခနဲ့ကို အထင်လွဲနေတာ မဟုတ်လား။ ဒါကို သူက ဖြေရှင်းနေတာတော့ ဘုံ လက်ခံသင့်တယ်၊ ဟောဒီဖုန်းထဲမှာ ခင်မဒီ ပြောခဲ့တဲ့ စကားတွေကို ဘုံ ကြားပြီးပြီပဲ"

ခနိ့ညားနှင့်ခင်မဒီ ပြောဆိုထားသော စကားတွေကို ဘုံ ကြား ခဲ့ပါသည်။ ခင်မဒီက ဘုံနှင့်ခနိ့ညားကြားမှာ ပြဿနာတွေဖြစ်အောင် ဘမင်ပြောခဲ့မှန်း ထင်ရှားနေ၏။

"အေး ငါ နားထောင်ပြီးပြီပဲ"

"ဒါဆို နင် ခနိ့ခနိ့ကို နားလည်ခွင့်လွှတ်သင့်တယ်"



www.burmeseclassic.com

www.burmeseclassic.com



"ခင်မဒီကိစ္စကို ငါ ရှင်းသွားပြီ သဲစု၊ ဒါပေမဲ့ ခန့်ညားနဲ့ငါ မပတ်သက်ချင်ဘူး။ သူ့အချစ်ကို ငါ ယုံကြည်ဖို့ ခက်ခဲနေပြီ"

"ဟင် ဘာလို့လဲ ဘုံရယ်"

"သေချာတာက သူ မိန်းကလေးတော်တော်များများနဲ့ ကျွမ်းဝင် ပတ်သက်ဖူးတယ်လေ၊ ပြောရရင် နွယ်နီတောင် သူ့ကြောင့် ခံစားခဲ့ရ သေးတာပဲ၊ ခင်မဒီလည်း ဒီလိုခံစားခဲ့ရမှာပဲလေ၊ ဒါကြောင့် သူ့ကိုနာနာ ကျည်းကျည်း တိုက်ခိုက်တာပေါ့ဟာ"

"ဒါပေမဲ့ ခင်မဒီ လုပ်ရပ်တွေက တမင်အမှားတွေပဲလေ"

"နင်ပြောတာကို ငါ လက်ခံတယ် သဲစု၊ ခန့်ညားက မိန်းက လေးကိုမဆို ခင်တွယ်လွန်းတယ်၊ နွယ်နီ့အဖြစ်ကိုပဲကြည့် သူ အရေးပေ ဆက်ဆံပြလို့ ဖြစ်ခဲ့တာ၊ ခန့်ညားလုပ်တဲ့ပြဿနာတွေ ငါ နောက်ထပ် ကြုံရမှာကို ကြောက်တယ်"

"ဘုံရယ် ခန့်ခန့်က နင့်ကို သိပ်ချစ်ပါတယ်၊ ဒါကြောင့် နင် အထင်လွဲနေတာကို သူ ရှင်းပြနေတာပေါ့ဟာ"

"တော်ပါတော့ သဲစုရယ်၊ အခုချိန်မှာ သူနဲ့ ငါ ချစ်သူဘဝ တောင် မရောက်ကြသေးပါဘူး။ ဒီမှာပဲ အဆုံးသတ်လိုက်တာ ကောင်းပါ တယ်"

"ဒါဆို ခန့်ခန့်ကို နင် မချစ်ဘူးလားဟင်"

သဲစု အမေးကို ဘုံ ချက်ချင်းမဖြေနိုင်ပါ။ တကယ်ဆို ခန့်ညား ဆိုသော သူသည် ဘုံနှလုံးသားအတွက် ပထမဆုံး ချစ်သူတစ်ယောက် ဖြစ်ခဲ့ပါသည်။

[redacted]

www.burmeseclassic.com

www.burmeseclassic.com



ဒါပေမဲ့ ချစ်တတ်ခြင်းဟာ ပူလောင်ခြင်းတွေပဲ ဖြစ်လာမှာ ဘုံ တွေးပြီး ကြောက်ပါသည်။

ခန့်ညားအကြောင်းတွေ ဟုတ်တာကော မဟုတ်တာပါ ဘုံ မကြားချင်ပါ။ ဒါပေမဲ့ ထပ်ကြားရလျှင် ဘုံ ခံစားနိုင်မှာ မဟုတ်တာလည်း သေချာသည်။

"ဘုံ ငါမေးတာ ဖြေလေ"

"သဲစု ဘဝတစ်ခုလုံးအတွက် ပေါင်းသင်းရမယ့်လူတစ်ယောက်မှာ နောင်တစ်ချိန်ကျ အပြစ်မြင်စရာ ပြစ်ချက်တွေ ရှိနေတာ ငါ မလိုချင်ဘူးဟယ်၊ ငါ တစ်သက်လုံး စိတ်မဆင်းရဲချင်ဘူး"

သဲစု ဘာမှပြန်မပြောနိုင်ဘဲ ပင့်သက်ရှိုက်သည်။

"ဘုံရယ် ဘဝအတွက် ရွေးချယ်မှုကို နင် ဘယ်လိုဆုံးဖြတ်သလဲ ငါမသိဘူး၊ ငါကတော့ အချစ်က အရေးပါတယ် ထင်တယ်၊ ကိုယ် တကယ်ချစ်ရင် ဘာမဆိုခွင့်လွှတ်နိုင်တယ်၊ ပတ်ဝန်းကျင်က အရေးကြီးတဲ့စကားတွေကို အလေးထားစရာ မလိုဘူး"

"သဲစုရယ် နင်နဲ့အာကာအတွက် အနာဂတ်မှာ ဒီလိုမျိုးတွေ ကြုံဆုံနိုင်ဘဲ ငါ့အတွက် ကြုံလာရင် ခံစားနိုင်မှာမဟုတ်ဘူးဟာ၊ ထားလိုက်ပါတော့ဟာ ငါ မေ့လက်စနဲ့ မေ့ပါရစေ"

သဲစု ဘာစကားမှ မဆိုနိုင်ခင် ဘုံ ဆိုင်နောက်ဘက်ကို လှမ်းဝင်ခဲ့သည်။

ရင်ထဲမှာတော့ မွန်းကြပ်နေတာ အမှန်။ ခန့်ညားပို့လိုက်သော ခင်မဒီရဲ့စကားသံတွေကို ဘုံ နားထောင်ပြီးချိန်မှာ ခန့်ညားအပေါ် ဘုံ



www.burmeseclassic.com

www.burmeseclassic.com



နားလည်နိုင်ခဲ့တာမှန်ပေမယ့် ဘုံစိတ်မှာ ခန့်ညားရဲ့အတိတ်တွေကို ကြောက်နေမိတာတော့ အမှန်ပဲဖြစ်သည်။

သူ့ကို ဘုံ ချစ်ခဲ့ခြင်းက ဖြူစင်သော ချစ်ခြင်းနှင့် တစ်ဘဝမှာ တစ်ယောက်ချစ်ခဲ့ခြင်း ဖြစ်၏။ သူ့ဆီကလည်း ဖြူစင်သောချစ်ခြင်းကိုသာ ဘုံ ပိုင်ဆိုင်ချင်သည်။

ဒါပေမဲ့ ခန့်ညားဆီက ပိုင်ဆိုင်ရမည့် ချစ်ခြင်းတွေက ဘုံ မျှော်လင့်ထားသလို ဖြစ်မလာခဲ့လျှင်။

မမရွှေဘုံတို့အိမ်ထောင်ရေးလိုပဲ အကွဲအပြဲတွေ ရင်ဆိုင်ရမှာ ဘုံ သိပ်ကြောက်သည်။ ကိုရဲရင့်နှင့်မမရွှေဘုံတို့ အိမ်ထောင်ရေးက အခု ချိန်ထိ ပြဿနာတွေနှင့် ရှုပ်ထွေးနေဆဲ။

မမရွှေဘုံခမြာ မေမေတို့ ဘုံတို့ရှေ့မှာ အပူရုပ်ကို ဟန်လုပ် ထားရမှန်း သေချာသည်။

မမရွှေဘုံသည် မေမေကြောင့် ကိုရဲရင့်ကို လက်ထပ်ခဲ့ရတာ ဆိုပေမယ့် သံယောဇဉ်နှင့် ကိုရဲရင့်အပေါ် ချစ်မြတ်နိုးသွားတာ သေချာ ၏။ ကိုရဲရင့်အကြောင်း ပြောတိုင်း မမရွှေဘုံ မျက်ဝန်းတွေထဲမှာ ဘုံ မြင်တွေ့နေခဲ့ရ၏။

ချစ်မိသော မမရွှေဘုံမှာတော့ ရင်တွေပူလောင်နေခဲ့ရှာသည်။

ကိုရဲရင့်ကတော့ အခုချိန်ထိ မမရွှေဘုံဆီလည်း ဖုန်းမဆက် မေမေအိမ်ရိပ်ကိုလည်း မနင်းတော့ပါ။

သတင်းပျောက်ကာ ဥပေက္ခာပြုထားသည်။ ထို့အတွက် မမ ရွှေဘုံ ခံစားနေရတာ ဘုံ မမြင်ရက်ပါ။



www.burmeseclassic.com

www.burmeseclassic.com



ဘုံလည်း မမရွှေဘုံလို ရင်ဆိုင်ရလျှင်တော့ . . . ။

ခန့်ညားရဲ့အချစ်တွေက နောင်တစ်ချိန်မှာ ဒီလိုပဲ အရောင်ပြောင်းသွားမှာ ဘုံ အကြောက်ဆုံးပါပဲ။

ရှင် ကျွန်မအနားက အဝေးဆုံးထွက်သွားပေးပါ ခန့်ညား။ နှောင်ဖွဲ့သံယောဇဉ်တွေ ဒီထက်မရှည်စေချင်တော့ဘူး။

ခန့်ညားဆိုတဲ့ ယောက်ျားတစ်ယောက်ကို ဘုံ နှလုံးသားထဲက မေ့ပျောက်အောင် ကြိုးစားချင်လို့ပါ ခန့်ညားရယ်။

■ ■ ■

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၉)

ဘုံ မမြင်မတွေ့ချင်ဆိုသော စကားကြောင့် ခန့်ညား ဘုံဆိုင်သို့ ရောက်မလာခဲ့ပါ။ သဲစုကလည်း ဘုံ မနှစ်သက်တာမို့ ထိုအကြောင်းကို မပြောတော့ပါ။

ဒါပေမဲ့ ဘုံရဲ့အိမ်ကိုတော့ နှင်းဆီပန်းစည်းလေးတွေကိုတော့ ခန့်ညား နေ့စဉ်ပို့ပေးတတ်သည်။

"ဘုံ ပန်းပေးတာ အရူးပေးတာပါ၊ ဘုံ အမုန်းတွေ ပြေပါစေ"

"ဘုံ အရမ်းလွမ်းတယ် ဘုံရယ်"

"ဘုံကို ကိုယ်သိပ်ချစ်တယ်"

တစ်ရက်မပျက် ရောက်လာတတ်သော ပန်းစည်းတွေကို မနေ့ ဘုံ ဆိုင်ရောက်သွားတိုင်း ခြံတံခါးဝမှာ တွေ့ရတတ်သည်။ ပြီးတော့ စက္ကူကဒ်ပြားလေးမှာ ခန့်ညား လက်ရေးနှင့်စာလေးတွေ



www.burmeseclassic.com

www.burmeseclassic.com



ဒီအကြောင်းတွေ သဲစုကို ဘုံ ပြန်မပြောဖြစ်ပေမယ့် ရင်ထဲမှာတော့ ကျေနပ်မိတာ အမှန်။

သူနှင့်မပတ်သက်ချင်တော့တာဆိုပေမယ့်လည်း သူပို့ပေးနေသော ပန်းစည်းတွေကိုတော့ ဘုံ လိုလားနေတာ ဘာကြောင့်လဲ။

ဆန်းဒေးနေ့ရက်လေးတွေဆိုလျှင် သူ ရောက်လာမည်မဟုတ်မှန်း သိပေမယ့်လည်း ဘုံ မျှော်မိတတ်စမြဲ။

"ငါ အပြတ်ပြောထားပါတယ် ဘုံ၊ ဆိုင်ကို မလာပါနဲ့လို့ ဘုံက တွေ့ချင်ဘူး၊ နင်လာရင် ငါတို့ဆိုင်ပိတ်ပစ်ရတော့မယ်လို့ ခန့်ခန့်ကို ပြောလိုက်တယ်"

ဘုံ ပြောခိုင်းသည့်စကားအတိုင်း သဲစု ပြောလိုက်ပြီးသည့် နောက်ပိုင်းမှာ သူ ရောက်မလာတော့ပါ။ ပိတ်ထားသော ဘုံ ဖုန်းလေးထဲမှာတော့ သူပို့ပေးသော မက်ဆေ့ချ်တွေက နေ့စဉ်မပျက်။

ဘုံကို တောင်းပန်သော သူ့စကားလေးတွေကို ဘုံ နေ့စဉ်ရရှိ ခဲ့သည်။

ကြာရင် ဘုံနှလုံးသားတွေ ကြွေကျတော့မည်လား။

ဆိုင်ရှေ့ကို ထိုးရပ်လာသော ပရာဒိုကားကြီးကြောင့် ဘုံနှင့်သဲစု တို့ကြည့်မိသည်။

ကားပေါ်က ဆင်းလာသည်က အန်ကယ်ကြီးတစ်ယောက်နှင့် အန်တီတစ်ဦး ဖြစ်သည်။ သိုးမွှေးဦးထုပ်ကို ခေါင်းမှာစွပ်ဆောင်းထား သော အန်ကယ်ကြီးက အနက်ရောင်မျက်မှန်နှင့် နှုတ်ခမ်းမွှေး၊ မုတ်ဆိတ် မွှေးတွေက ထူပိန်းနေ၏။



www.burmeseclassic.com

www.burmeseclassic.com



လက်ထဲက တုတ်ကောက်လေးကို ကိုင်ရင်း လူရွယ်နှင့်အ
ဆိုင်ထဲဝင်လာသည်။

"ဘာအလိုရှိပါသလဲရှင်"

ဘုံ ပြုံးပြုံးလေးမေးတော့ အန်ကယ်ကြီးနံဘေးက လူရွယ်

"စိန်လက်စွပ်တစ်ကွင်းလောက် ကြည့်ချင်လို့ပါ"

"ရပါတယ်ရှင် သဲစုရေ စိန်လက်စွပ်တွေ ပြလိုက်ပါဟာ"

"ဒီဘက်ကို ကြွပါရှင်"

သဲစုက အန်ကယ်ကြီးနှင့်လူရွယ်ကို ခေါ်သွားကာ စိန်လက်
တွေ ထုတ်ပြနေသည်။ ဘုံ ဆိုင်ရှေ့ကို ပြန်ငေးမောနေလိုက်ပါသည်

မမြင်မတွေ့ချင်ဟု ဆိုထားပေမယ့် အခုချိန်မှာ ခန့်ညားကို
ဘုံ မျှော်နေမိပြန်ပါသည်။

သူ့မျက်နှာကို ဘုံ မတွေ့ခဲ့ရတာ နှစ်ပတ်ရှိပြီ။ သူကလည်
လုံးဝ ရောက်မလာခဲ့ဘဲ နေရက်နိုင်သည်။ ဘုံ စကားကြောင့် မာန
ရောက်မလာခဲ့တာလား။

ဒါဆိုလျှင် နှင်းဆီပန်းစည်းတွေ ဘာကြောင့် နေ့စဉ်မပ
ပို့ပေးနေခဲ့တာလဲ။

"ဘုံရေ"

ခေါ်သံနှင့်အတူ သဲစု အနားကိုရောက်လာသည်။ ပြီးတော့
လက်ထဲမှာ ကတ္တီပါဘူးလေး ငါးဘူးကိုကောင်တာပေါ်တင်၏။

"အန်ကယ်ကြီးက စိတ်ကြိုက်တစ်ကွင်း ရွေးပြီးသူမယ်
ငါ အအေးဘူးတွေ သွားယူဦးမယ်၊ အန်ကယ်ကြီးတို့ ထိုင်ပါနော်၊



www.burmeseclassic.com

www.burmeseclassic.com



ကြိုက်ရွေးပါရှင်"

ရွေးချယ်ထားသော လက်စွပ်ငါးကွင်းထဲက တစ်ကွင်းကို ရွေးချယ်ဝယ်မည်ဆိုတော့ ဘုံရှေ့ထိုင်ခုံမှာ ထိုင်စေကာ အအေးနှင့်ဧည့်ခံလိုက်ရ၏။

"အန်ကယ် စိတ်ကြိုက်ရွေးပါနော်"

ဘုံပြောတော့ အန်ကယ်ကြီး ခေါင်းညိတ်ပြပါသည်။ ပြီးတော့ ဘတ္တီပါဘူးထဲမှာ လက်စွပ်တွေကို တစ်ခုချင်း ထုတ်ကြည့်နေ၏။ ထိုအချိန်မှာပဲ သဲစု ရောက်လာကာ အအေးဘူးတွေနှင့်ဧည့်ခံ၏။

"သုံးဆောင်ကြပါနော် အန်ကယ် ရွေးပါ၊ စိတ်ကြိုက်ရွေးပါ"

မုတ်ဆိတ်ပါးသိုင်းနှင့် အန်ကယ်ကြီး ခေါင်းပဲညိတ်ပြကာ ရွေးချယ်နေတော့ ဘုံ ထိုင်စောင့်နေလိုက်ရပါသည်။

မျက်နှာက အသားအရည်က ဝင်းဝါနေကာ နှာတံစင်းစင်းနှင့် နှုတ်ခမ်းတွေက စိုလဲ့နေသော အန်ကယ်ကြီးအသွင်က နပျိုဟန်ရှိ၏။ နှုတ်ခမ်းမွေး မုတ်ဆိတ်မွေးထူထူထဲထဲတွေကတော့ အန်ကယ်ကြီး မျက်နှာကို အကျည်းတန်စေသည် ထင်မိ၏။

"ယူမယ် ဒါ ဒါ"

အန်ကယ်ကြီးက စိန်ပွင့်လက်စွပ်လေးကို လက်ညှိုးညွှန်ကာ ပြောသည်။ ဘုံ ခေါင်းလေးညိတ်ကာ ဘူးလေးကို လှမ်းယူကာ ကျသင့်ငွေနှင့်ဘောက်ချာဖွင့်ပေးလိုက်သည်။

"ကျေးဇူးတင်ပါတယ် အန်ကယ်၊ အအေးတွေ သောက်ပါဦး"

ကိုယ့်ကို အားပေးဝယ်ယူသော ဖောက်သည်အသစ်မို့ ဘုံ

ဗျူး၀၇၄၆

www.burmeseclassic.com

www.burmeseclassic.com



အပြုံးချိုလေးနှင့် နှုတ်ဆက်ရပါသည်။ အန်ကယ်ကြီးက ခေါင်းညိတ်လျက် သဲစု ညွှန်ခံသော အအေးဘူးကို သောက်နေသည်။

ကျသင့်ငွေကို နံဘေးက လူရွယ်က ထုတ်ရှင်းပေးသည်။ အန်ကယ်ကြီးက အအေးကို အရသာခံသောက်ရင်း ဘုံကိုကြည့်နေတာ မို့ ဘုံ မလုံမလဲ ဖြစ်ရသေး၏။

"ပြန်မယ် ပြန်ပါဦးမယ်"

စကားအများကြီး မပြောဘဲ တုတ်ကောက်ကို ကောက်ယူ... အန်ကယ်ကြီး ထရပ်တော့ နံဘေးက လူရွယ်ကပါ အသင့်ထရပ်၏။

"အားပေးတာကို ကျေးဇူးတင်ပါတယ် အန်ကယ်၊ နော... လိုအပ်တာရှိရင်လည်း ဘုံတို့ဆိုင်ကို လာအားပေးပါရှင်"

"ကောင်းပြီ ကောင်းပြီ ခွင့်ပြုဦး"

"ဟုတ်ကဲ့ရှင့်"

နှုတ်ဆက်ပြီး အန်ကယ်ကြီး ဆိုင်ထဲက ပြန်ထွက်သွားတော့ ဘုံ သဲစုကို လှည့်ကြည့်မိ၏။ သဲစု မျက်နှာက ပြုံးစိစိဖြစ်နေတာ...

"နင်က ဘာသဘောကျပြီး ပြုံးနေတာလဲ"

"ဘာမှမဟုတ်ပါဘူးဟာ အဲဒီ အန်ကယ်ကြီး ပုံစံကို သဘော... လို့ နှုတ်ခမ်းမွေး မုတ်ဆိတ်မွေးတွေက အသည်းယားစရာကြီးဟ ... ခစ်"

"ဟဲ့ တိုးတိုးရယ်ပါ ကြားသွားပါဦးမယ်"

သဲစုကို ဘုံ သတိပေးလိုက်ရသေးသည်။ ကားလေးမောင်း... သွားတော့ အန်ကယ်ကြီးက လက်ပြနှုတ်ဆက်သွားသေး၏။



www.burmeseclassic.com

www.burmeseclassic.com



"အံမယ် နင့်ကို လက်ပြနှုတ်ဆက်သွားတယ် ဘုံ"

ဘုံ မျက်စောင်းလေးထိုးရင်း ကောင်တာမှာ ဝင်ထိုင်လိုက်သည်။ ဘောက်ချာထဲမှာ အန်ကယ်ကြီးနာမည်ကို တစ်ချက်ပြန်ကြည့်မိ၏။

ဦးသစ္စာတဲ့။ သေချာပါသည်။ ဘုံဆိုင်ကို ပထမဆုံးလာဝယ်သော ဖောက်သည်ဖြစ်သည်။ ဒီနာမည် ဒီပုံစံနဲ့ ဝယ်သူတစ်ခါမှ မရှိခဲ့ပါ။

"အန်ကယ်ကြီးက ပြောသွားတယ်ဟ သူ့မှာ တူမတွေ အများကြီးရှိတယ်တဲ့၊ နောက်တစ်ပတ်ကျရင် သူ့တူမတစ်ယောက်အတွက် စိန်လက်စွပ်တစ်ကွင်း ထပ်လာဝယ်ဦးမယ်တဲ့"

"ဟုတ်လို့လား သဲစုရဲ့"

"ရှင် စောင့်ကြည့်ပေါ့ ဘုံရဲ့၊ ဒီအန်ကယ်ကြီးက လိမ်မှာမဟုတ်ဘူး။ နာမည်ကိုပဲကြည့် ဦးသစ္စာတဲ့"

"ဘာဆိုင်လို့လဲ"

"သိဘူးလေ ဆိုင်မလားလို့ ခစ် ခစ်"

သဲစု ဘာဖြစ်နေသည်မသိ။ ဒီနေ့ကျမှ အူမြူးနေသည်။ ဘုံကတော့ အန်ကယ်ကြီး ရွေးသွားသော လက်စွပ်တွေကို ပြန်သိမ်းဆည်းရင်း ဆိုင်အပြင်ကို လှမ်းကြည့်မိပြန်၏။

မျှော်လင့်မိသော ခန့်ညားကို မမြင်တွေ့ရတော့ ရင်ထဲမှာ ခံစားရသော ဝေဒနာက ဆိုးပါသည်။

ခန့်ညားရယ် ရှင့်ကို ဘုံ မေ့ပစ်ဖို့ဆိုတာ . . . ။

■ ■ ■

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၃၀)

မနက် ဘုံ နိုးသည်နှင့် မျက်နှာတောင် မသစ်နိုင်ဘဲ ခြံထဲဆင်း ခဲ့၏။ ထုံးစံအတိုင်း ခြံစောင့်ကြီး ဦးနိုင်လက်ထဲမှာ ပန်းစည်းကအသင့်

"ဘယ်တုန်းက တွေ့တာလဲ ဦးနိုင်"

"ဦးနိုင် နိုးတော့ ပန်းစည်းရောက်နေပြီ၊ ညကတည်းက ထား သွားသလား၊ မနက်အစောကြီးပဲလား မသိဘူးကွဲ့"

ဘုံ ပန်းစည်းလေးကို လှမ်းယူကာ အိမ်ထဲပြန်ဝင်ခဲ့သည်။ အခန်းထဲရောက်မှ ငုံ့ကြည့်လိုက်တော့ ခန့်ညား လက်ရေးလေးတွေ

"ဘုံ အမုန်းတွေ ပြေပါတော့နော်"

ဘုံ ရင်ထဲမှာ နွေးခနဲ ခံစားရသည်။ ရှင့်ကို ဘုံ မုန်းနေ မဟုတ်ပါဘူး ခန့်ညားရယ်။ ရှင့်ရဲ့အချစ်ကို ဘုံ ကြောက်နေတာပါ ကို ရှင် ကစားသွားမှာ ကြောက်နေမိတာပါ။



www.burmeseclassic.com

www.burmeseclassic.com



"သမီးရေ ဖုန်းလာတယ် နွယ်နီဆီကတဲ့"

မေမေ ခေါ်သံကြားမှ ဘုံ ညှော်ခန်းကို အပြေးလေး ရောက်ခဲ့ သည်။ ဒီမနက် ဖုန်းဆက်မည်ဟု နွယ်နီ ပြောထား၏။

"ဟဲလို နွယ်နီလား"

"ငွေဘုံ ငါပါ နင် အခုမှ အိပ်ရာကနိုးတာလား"

"အင်း စောစောကပဲ ရေမိုးချိုးပြီး ဆိုင်သွားရမှာလေ"

"အင်း နင်နဲ့သဲစုကို ငါ လွမ်းလိုက်တာ ငွေဘုံရယ်၊ ပြီးတော့ ငါတို့ ဆိုင်လေးကိုလည်း လွမ်းတယ်ဟာ"

"ငါတို့လည်း နင့်ကိုလွမ်းတာပဲ နွယ်နီ၊ နင် ပြန်လာပါလားဟာ နင် ပြန်လာရင် ငါတို့ဆိုင်လေး အရင်လို စည်ကားနေမှာပဲ သိလား"

"အင်း ငါ မြန်မာပြည်ကို ပြန်လာဖြစ်မှာ သေချာပါတယ် ငွေဘုံ"

"ရှင် တကယ်ပြောတာလား နွယ်နီ"

"ဘုရားစူး မညာဘူး နောင်နှစ်ထဲမှာ ပြန်လာဖြစ်မှာ၊ တစ်ခါ တည်း ကြိုတင်ကြွားရဦးမယ်၊ ငါ ပြန်လာရင် ငါ့မင်္ဂလာပွဲပါ လုပ်ဖြစ်မှာ"

"ဘာရယ် နွယ်နီ"

ဘုံ အံ့သြသွားမိ၏။ နွယ်နီ မြန်မာပြည်ပြန်လာကာ မင်္ဂလာပွဲ လုပ်မည်ဆိုသော စကားကြောင့်ပါပဲ။

"ဟုတ်တယ် သူ့နာမည်က ကိုမြတ်ဖော်နိုင် တဲ့"

"မြန်မာလူမျိုးပဲလားဟင်"

"မြန်မာပါ ဒီမှာ အလုပ်လာလုပ်ရင်း ငါတို့ဆုံတွေ့ကြတာ



www.burmeseclassic.com

www.burmeseclassic.com



သူက ဒီမှာ အလုပ်လုပ်ရင်း ပညာသင်နေတာ၊ ငါတို့ချစ်နေပြီ၊ သူ့မိဘ တွေကလည်း ငါ့ကို ကြည်ဖြူသဘောကျတယ်လေ"

"ဝမ်းသာပါတယ် နွယ်နီရယ် စိတ်ချ နင့်မင်္ဂလာပွဲကျရင် ငါနဲ့ သဲစု ရှိမှာပါ"

"ဒါနဲ့ ငါ့အကြောင်းပဲ ကြွားနေရတာ နင်နဲ့ခန့်ကော"

နွယ်နီမေးတော့ ဘုံ ဘာဖြေရမှန်းမသိပါ။ တကယ်ဆို အားလုံး က ပျော်စရာချစ်ခြင်းတွေ ပိုင်ဆိုင်နေရပေမယ့် ဘုံမှာတော့ . . .။

"ဟင့်အင်း သူနဲ့ငါ ဘာမှမပတ်သက်တော့ဘူး"

"ဟယ် ဘုံရယ် ဘာဖြစ်လို့လဲ"

နွယ်နီ မေးလာတော့လည်း ဘုံ ပြောပြမိသည်။ ခင်မ အကြောင်း ပြီးတော့ ခန့်ညား အချစ်ကို ယုံကြည်ဖို့ ခက်ခဲနေသည့် အကြောင်းတွေ။

"ငါ သူ့ကို ယုံကြည်ဖို့ မဝံ့ရဲဘူး နွယ်နီ"

"ဘုံ ငါ နင့်ကိုပြောချင်တယ်ဟာ"

"ပြောလေ နွယ်နီ"

"ငွေဘုံရယ် ခန့်ညားက ရှင့်ကို အရမ်းချစ်တာပါ၊ ဒါသေ တယ်၊ ဘာလို့လဲဆိုတော့ ငါတောင် ခန့်ကို စိတ်ဝင်စားခဲ့တာ သိလ ပြောရမှာတော့ ရှက်စရာပါ၊ ဒါပေမဲ့ ငါတို့သူငယ်ချင်းတွေ ပွင့်ပွင့် လင်းပဲပေါ့ဟာ၊ ခန့်ကိုငါ စိတ်ဝင်စားခဲ့ဖူးတယ်၊ ခန့်က ခင်ဖို့ကောင်းတ စိတ်ထားက လေးစားစရာကောင်းတယ်၊ ဒါကြောင့် ငါ စိတ်ဝင်စားခဲ့ ပါ၊ ပြီးတော့ ဆိုင်ကို မကြာခဏလာတော့ ပိုသံယောဇဉ်ဖြစ်တာပေ



www.burmeseclassic.com

www.burmeseclassic.com



ပါတယ်၊ ဒါပေမဲ့ ခန့် တကယ်ချစ်တာ ရှင့်ကိုပါ"

"အဲဒီအကြောင်းတွေ ငါ သိတယ် နွယ်နီ"

"ဟင် ဒါကြောင့် ရှင် စိတ်မရှင်းဖြစ်နေတာလားဟင် ငွေဘုံ ငါက ခန့်ကို စိတ်ကစားခဲ့တာပါဟယ်၊ အမှန်ဆို ငါက အပျိုကြီးလုပ်ဖို့ စည်ရွယ်တာလေ၊ ဒါကြောင့် သင့်ဖတော်တဲ့သူနဲ့တွေ့ရင် အိမ်ထောင်တစ်ခု ခန်တီးချင်တာပေ့ါ၊ ခန့်ကလည်း ရွေးချယ်ထိုက်တဲ့ယောကျ်ားလေ၊ ဒါ ကြောင့် ငါ စိတ်ဝင်စားတယ်၊ ဒါပေမဲ့ ခန့်ရင်ထဲမှာ ရှိတာ ရှင်ဖြစ်နေ တော့ ငါ့ကိုယ်ငါ ရှက်သွားတယ်ဟာ"

"ဒါကြောင့် နင် မြန်မာပြည်က ထွက်သွားတာလား"

"မဟုတ်ဘူး ငွေဘုံ အမှန်ပြောရရင် ငါ စိတ်ညစ်နေတဲ့အချိန် နဲ့ တိုက်ဆိုင်သွားတာပါ၊ ငါ ယူအက်စ်မှာ အလုပ်လုပ်ချင်တာအမှန်ပဲ၊ အခုအခွင့်အရေးပေးလာလို့ လုပ်ဖြစ်တာလေ၊ ဒါပေမဲ့ တိုင်းတစ်ပါးမှာ ငါ အကြာကြီး မနေနိုင်ပါဘူး အခု ငါ ပြန်လာမှာပါ"

"နွယ်နီ နင့်ကိုငါတို့ ကြိုဆိုနေပါတယ်ဟာ"

"ငါကလည်း ငါ့သူငယ်ချင်းတွေနဲ့ ဆုံချင်ပါတယ် ဘုံရယ်၊ ဒါပေမဲ့ ငါ ပြန်လာရင် နင့်ကိုလည်း ခန့်နဲ့ပဲ ချစ်ချစ်ခင်ခင် မြင်တွေ့ ချင်တယ် ငွေဘုံရယ်၊ ဘာလို့လဲဆိုတော့ ခန့်က နင့်ကိုသိပ်ချစ်တာပါ"

ဒီစကားကို သဲစုကလည်း ပြောသည်။ ဘုံကသာ ဘာကြောင့် ခန့်သွားအချစ်ကို ယုံကြည်ဖို့ ခက်ခဲနေသည်လဲ။

"ငွေဘုံ နင် သိပ်ကံကောင်းပါတယ်ဟာ၊ ခန့်က ခင်မင်စရာ ကောင်းသလို နင့်အပေါ်မှာလည်း ချစ်တယ်၊ အရေးကြီးတာ နင့်က



www.burmeseclassic.com

www.burmeseclassic.com



ခန့်ကို ချစ်သလား စဉ်းစားဖို့ပဲ''

''ငါ တွေဝေနေတယ် နွယ်နီ''

''ဘာလို့ တွေဝေနေရမှာလဲ နင် တကယ်ချစ်ရင် နင့်ဘဝ
သိပ်ကျေနပ်စရာပဲ၊ ကိုယ်ချစ်တဲ့သူနဲ့ ပေါင်းရမယ်၊ ကိုယ့်ကိုလည်း သူ
သိပ်ချစ်တယ်လေ''

''သူ ငါ့ကိုတကယ်ချစ်ရဲ့လား''

''ဘုံရယ် နင့်သံသယတွေကို နင်ပဲမွေးမြူနေတာဖြစ်မယ်
တကယ် ချစ်တယ်ဆိုတာ ညာလို့ရတဲ့ကိစ္စမှမဟုတ်တာ ကဲ နင် စဉ်း
ပေါ့ဟယ်၊ ငါ ဖုန်းချလိုက်တော့မယ်နော်''

''အင်း အင်း ဒါပဲ နွယ်နီ''

ဘုံ ဖုန်းလေးကို ပြန်ချထားလိုက်ပါသည်။ ရင်ထဲမှာ
ခန့်ညားနှင့်ပတ်သက်သော အတွေးတွေ မင်းမူနေဆဲ။

''သမီး ဆိုင်သွားရမှာမဟုတ်လား''

''ဪ ဟုတ်ကဲ့ မေမေ''

မေမေ သတိပေးမှ ရေချိုးခန်းဘက် ထွက်ခဲ့လို ်ပါသည်
အာရုံမှာတော့ ခန့်ညားအကြောင်းတွေက ကပ်ငြိပါလာဆဲဖြစ်၏။

ခန့်ညားအပေါ် ဘုံဘက်က ခါးသီးစွာ ဆက်ဆံလိုက်မိတာ
လွန်သွားပြီထင်သည်။

တကယ်ဆို သံသယတွေကို ဘုံဘာသာ မွေးမြူခဲ့တာ
သည်။ ထိုသံသယတွေကို ခန့်ညား ဖန်တီးခဲ့တာမဟုတ်ပါဘဲ ဘုံ
ဘာကြောင့် ကြီးမားခဲ့တာလဲ မသိပါ။



www.burmeseclassic.com

www.burmeseclassic.com



အခုချိန်မှာ ခန့်ညားက ဘုံ စကားတွေအတိုင်း ဆိုင်ကိုလည်း ရောက်မလာခဲ့ပါ။

မမြင်မတွေ့ရသော မျက်နှာလေးကို ဘုံ တမ်းတနေမိသည့် အဖြစ်ကို ရှင် မသိနိုင်ဘူးလား ခန့်ညားရယ်။

■ ■ ■

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၃၁)

"နေ့လယ်တုန်းက မေမေတို့အိမ်ကို ဧည့်သည်တွေ ရောက်လာတယ် သမီး"

ဘုံ ဆိုင်က ပြန်ရောက်လာလာခြင်း မေမေ ပြောတော့ ဘုံ အံ့ဩစွာနှင့်

"ဘယ်က ဧည့်သည်မို့လဲ မေမေ"

"အန်တီရှိစီလေ သမီးရဲ့"

"ဟင် ဟုတ်လား"

အန်တီရှိစီ ဆိုတာကြောင့် ဘုံ ဝမ်းသာသွားမိသည်။ အန်တီရှိစီက မေမေရဲ့အခင်ဆုံး မိတ်ဆွေဖြစ်သလို ဖေဖေနဲ့လည်း မောင်နှမ လေးဝမ်းကွဲလောက် တော်သူဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



အန်တီရှိစီတို့လင်မယားက သားသမီးမထွန်းကားတာမို့ ဘုံကို သိပ်ချစ်သည်။ ငယ်ငယ်တုန်းကဆိုလျှင် အန်တီရှိစီက ဘုံကို အိမ်ကို အမြဲခေါ်သည်။ သားသမီးရင်းလို ချစ်သည်။

နောက်ပိုင်းမှာ အန်တီ ရှိစီနှင့်မေမေတို့ သိပ်မဆုံဖြစ်တော့ပါ။ အခုတော့ အန်တီရှိစီ အိမ်ကိုလာသွားသည်တဲ့လား။

"သမီး တွေ့ချင်လိုက်တာ မေမေရယ်"

"နောက်ကျရင် သမီးနဲ့တွေ့ဖို့လည်း သူ လာဦးမှာပါကွယ်၊ အခုက အချိန်ဘယ်လိုမှမရလို့တဲ့၊ ပြီးတော့ မေမေ့ဆီလာတာ သူ တစ်ယောက်တည်း မဟုတ်ဘူး။ အရေးကြီးသည့်သည် ဖုန်းမောင်နှံပါလာသေးသယ်"

"ဘယ်သူတွေလဲ မေမေ"

"ဦးတည်ခန့်နိုင်နဲ့ဒေါ်ဝင့်ဝင့်ခိုင်"

ဦးတည်ခန့်နိုင် ဆိုသော အမည်က ဘုံ ကြားဖူးနေတာမို့ နက်မှောင်လေးကုပ်သွားမိ၏။

"နာမည်ကျော် ထုတ်လုပ်သူ ဒါရိုက်တာကြီးလေကွယ်၊ သမီး ကြားဖူးမှာပေါ့"

သည်တော့မှ ဘုံ ချက်ချင်း မှတ်မိပါသည်။ ခန့်ညားရဲ့ မိဘတွေပဲဟု သိလိုက်ခြင်းနှင့်အတူ အံ့ဩမိတာလည်း အမှန်။

"ဘာလာလုပ်ကြတာလဲ မေမေ"

"ပြောမယ် သမီး၊ မပြောခင်မှာ သူတို့တွေအကြောင်း အရင်သမီးကို ပြောချင်တယ်၊ ဦးတည်ခန့်နိုင်တို့ လင်မယားက နာမည်သတင်း



www.burmeseclassic.com

www.burmeseclassic.com



ကျော်စောတဲ့သူတွေပဲ၊ စိတ်ရင်းကောင်းတယ်၊ ချမ်းသာတာကတော့
ကျိုကျို တက်ပဲ၊ အလှူအတန်းမှာလည်း သဒ္ဓါကြီးမားတဲ့သူတွေပေါ့
မေမေ သတင်းတွေ ကြားနေတာ ကြာပြီ၊ ရှိစီ မိတ်ဆက်ပေး
ခင်မင်သိကျွမ်း တာ"

မေမေ ပြောတာတွေကို ဘုံ ခေါင်းလေးညိတ် နားထောင်ပေး
နေမိ၏။ တကယ်ဆို ခန့်ညားအကြောင်းပဲသိကာ ခန့်ညားမိဘတွေ
အကြောင်း ဘုံ မသိသေးပါ။

"ဦးတည်ခန့်နိုင်က တကယ့်လူကြီးလူကောင်း တစ်ယောက်
သမီး၊ လုပ်ငန်းတွေအများကြီးကို အောင်မြင်အောင် ဦးစီးနိုင်တာ သူ
အရည်အချင်းပဲကွဲ့၊ သူ့ရဲ့လုပ်ငန်းမှာ အောင်မြင်တယ်ဆိုတာကလည်း
ဝန်ထမ်းတွေက အလုပ်ကိုပျော်ရွှင်ကြလို့ပေါ့ကွယ်၊ ပျော်ပျော်ရွှင်ရွှင် တ
တက်ကြွကြွလုပ်တော့ အောင်မြင်တယ်၊ အဲဒီ ဝန်ထမ်းတွေအတွက်လည်း
သူတို့က တာဝန်ကြေတယ်၊ အဆင်ပြေ အခက်အခဲမရှိအောင် ဖန်တီး
နိုင်တယ်၊ မေမေ့ရဲ့ကုမ္ပဏီနဲ့တော့ ကွာလိုက်တာ သမီးရယ်"

ခန့်ညားဖခင်အကြောင်းပြောရင်း မေမေ့ဦးတည်ရာက မေမေ့
ကုမ္ပဏီဆီ ရောက်သွား၏။

ဘုံလည်း နေ့စဉ် ကြားသိနေရသည့်ကိစ္စပါပဲ။ ဖေဖေ့ရဲ့ကု
ကြီးမှာ ပြဿနာတွေ ရှုပ်ထွေးနေတာ ကြားသည်။ လက်ရှိ ဦးဆော
နေကြသူတွေက မေမေ့ဘက်က ဆွေမျိုးတွေပဲဖြစ်၏။

"မေမေကလည်း ဆွေမျိုးရင်းချာတွေပါလားဆိုတဲ့ အ
တိတိကျကျ အပြစ်မပြောရဲဘူး၊ သူတို့ကလည်း မေမေ့ယုံကြည်



www.burmeseclassic.com

www.burmeseclassic.com



အခွင့်အရေးယူကြတယ်၊ ဒါ မေမေရဲ့မပြုတ်သားမှုပါကွယ်''

အခုတော့ မေမေ နောင်တရနေပြီလား။ ဆွေမျိုးဝန်ထမ်းတွေကို သမက်ဖြစ်သူနှင့် အတိုက်အခံပြုကာ မေမေ လက်ခံပေးခဲ့တာဖြစ်၏။ ထိုအတွက် ကိုရဲရင့်နှင့်မမရွှေဘုံတို့ ကွဲကြလုလုအထိ ပြဿနာက ကြီးခဲ့၏။

''မေမေ့ဘက်က အရင်းအနှီး တစ်ပြားမှုပါမလာတဲ့ သမက်ကိုလည်း သူတို့စကားနဲ့ မေမေ အတိုက်အခံလုပ်ခဲ့တယ်၊ တကယ်ဆိုသမီးဖေဖေ လက်ထက်ကတည်းက မေမေတို့ စီးပွားကို ဖျက်ခဲ့တာမေမေ့အမျိုးတွေပဲ၊ မေမေ အားကိုးမိတဲ့ မောင်ရဲရင့်က ဦးမော့အောင်ပြန်ကြိုးစားပြီးတော့ သူတို့ ပြန်ရောက်လာတယ်''

ဘုံ သိပြီးသားကိစ္စတွေပေမယ့် မေမေ ခံစားရင်ဖွင့်နေသမျှဘုံ တိတ်ဆိတ်စွာ နားထောင်ပေးလိုက်ပါသည်။

မေမေ့ရင်ထဲက ခံစားချက်တွေ ရင်ဖွင့်ပါစေတော့။ မေမေ့ခမြာကိုရဲရင့် မရှိကတည်းက ကုမ္ပဏီပြဿနာတွေကို ရင်ဆိုင်ရင်း စိတ်သောကတွေ ပိုခဲ့ရရှာ၏။

ဘုံရဲ့ဆိုင်က အောင်မြင်နေပေမယ့် မေမေ့မှာတော့ သောကအပူတွေနှင့်ချာလည်နေခဲ့ရှာ၏။

''မေမေ မောင်ရဲရင့်ကို အပြစ်မတင်တော့ပါဘူး သမီးရယ်''

''ဖြစ်ပြီးတာတွေ ခံစားမနေပါနဲ့တော့ မေမေရယ်''

''မခံစားလို့မရဘူး သမီး၊ မောင်ရဲရင့် အရည်အချင်းရှိသဘောကျလို့ မေမေ ကိုယ်တိုင် သမီးကြီးနဲ့ ပေးစားခဲ့တာ၊ အခုတော့



www.burmeseclassic.com

www.burmeseclassic.com



မေမေကြောင့် သမီးကြီးရွှေဘုံခမြာ ငယ်ငယ်ရွယ်ရွယ်နဲ့ တစ်ခုလပ်ဖြစ် ရတော့မယ်''

ပြောရင်း မေမေ ဝေ့ဝဲလာသော မျက်ရည်ကို လက်ဖမိုးနှင့် တို့သုတ်နေသည်။

"ဒီအကြောင်းတွေကို ဦးတည်ခန့်နိုင်တို့ ပြန်သွားမှ မေမေ စဉ်းစားတွေးတောမိရင်း စိတ်မကောင်းဖြစ်ရတာ သမီး''

"သူတို့က ဒီအကြောင်းတွေ သိထားလို့လား မေမေ''

"ဦးတည်ခန့်နိုင်ဆိုတာ ခန့်ညားဝင့်ထည်ဆိုတဲ့ ကောင်လေးရဲ့ မိဘကွဲ့၊ မောင်ရဲရင့် အိမ်ကိုလာတုန်းက အဖော်လိုက်လာတဲ့ ကောင် လေးကို သမီး မှတ်မိလား''

ဘုံ ခေါင်းလေးညိတ်ပြမိ၏။ ခန့်ညားနှင့် ဘုံတို့ ဆက်ခင်မင် ပတ်သက်နေတာတွေ မေမေ ဘာမှမသိသေးပါ။

"သမီးရွှေဘုံကိုစွတုန်းက မောင်ရဲရင့်နဲ့လိုက်လာပြီး ကြားက ဝင်ပြောတာ သူတို့သားပါတဲ့၊ ဒီလိုကိစ္စမျိုးက လူကြီးလူကောင်းပီသရင် ဝင်မပါသင့်ဘူးတဲ့၊ တစ်ယောက်ဘက်က လက်ဖဝါးပါလို့ မြင်နေပေမယ့် ဒီဘက်တစ်ယောက်ဘက်က လက်ဖမိုးဖြစ်နေတယ်တဲ့၊ ဒီလိုကိစ္စမှာ သူတို့ သားက ဘာမသိညာမသိ ပါခဲ့တာကို သူတို့လာတောင်းပန်ကြတာပဲ သမီးရယ်''

ခန့်ညား မိဘတွေက ကိုရဲရင့်နှင့် မမရွှေဘုံကိစ္စမှာ ခန့်ညား ပါလာတာကြောင့် လာတောင်းပန်ကြခြင်းဟု ဘုံ သိလိုက်၏။

"သူတို့စကားလေးကို မေမေ အရမ်းသဘောကျတယ် သမီး



www.burmeseclassic.com

www.burmeseclassic.com



ဘုတ်တယ် အမှားအမှန်ဆိုတာ တစ်ဖက်အခြင်းက မကြည့်သင့်ဘူး"

"မေမေက ကိုရဲရင့်ကိစ္စကို နောင်တရနေတာလား"

"အင်း သူတို့က သူတို့သား သူများနောင်ရေးကိစ္စမှာ ဘာမသိ ညာမသိ ဝင်ပါတာကို အခုမှသိရလို့ လာတောင်းပန်ကြတာ၊ ဒါပေမဲ့ မေမေစဉ်းစားမိတာ မေမေတို့ပြဿနာမှာ ဘယ်သူမှားသလဲဆိုတာကို စဉ်းစားရမယ်၊ တကယ်ဆို မောင်ရဲရင့် မမှားပါဘူး။ မေမေကသာ ဆွေမျိုး တွေမထိနဲ့ဆိုတဲ့ မာနနဲ့ တင်းမာခဲ့တာ၊ သမီးကြီးကလည်း မေမေ့ဘက်က ပါခဲ့ရရှာတာပါ၊ တကယ်တမ်းကျ သမီးကြီးရွှေဘုံက မောင်ရဲရင့်ကို သံယောဇဉ်ကြီးပါတယ်၊ ကွာရှင်းဖို့ အထိ သူ မရည်ရွယ်ဘူး သမီး"

"မမရွှေဘုံ စိတ်ကို သမီး ခန့်မှန်းမိပါတယ်၊ ဒါပေမဲ့ ကိုရဲရင့်ကို မေမေတို့ အပြတ်ပြောခဲ့ပြီးပြီလေ"

"ဒါပေမဲ့ သမီး စိတ်ညစ်နေတာ မေမေ မမြင်ရက်ဘူး သမီး၊ ပြောရရင် မောင်ရဲရင့်ကလည်း သမီးကြီးကို စိတ်ကုန်ပုံမရပါဘူး၊ ဆွေမျိုး တွေဝိုင်းပြောလို့ ရင်နာတာတဲ့၊ သူလည်း မိန်းမရှုပ်တဲ့သူမှမဟုတ်တာ သမီးအပေါ် သစ္စာရှိသူပါ"

မေမေရဲ့နောင်တတွေကို ဘုံ တွေ့နေရပါသည်၊ အရင်ကတည်း က မေမေသည် ဆွေမျိုးတွေအပေါ် စိတ်ထားကောင်းသည်။ ကူညီ ထောက်ပံ့ပေးသည်။ ဒါပေမဲ့ မေမေ့ရဲ့ဆွေမျိုးတွေက မေမေ့အပေါ်မှာ ကောင်းခဲ့။ အခွင့်အရေးကို လိုတာထက် ပိုယူချင်ကြသည်။

"ဘုံ ပြောချင်တာ ကြာပြီ၊ မေမေက ဖေဖေရှိကတည်းက မေမေရဲ့ဆွေမျိုးတွေကို အရေးပေးလွန်းတယ်၊ ဘုံ ဝင်ပြောရင် မသင့်လို့



www.burmeseclassic.com

www.burmeseclassic.com



မပြောခဲ့တာပါ မေမေ၊ ဖေဖေက မေမေ စိတ်ချမ်းသာအောင် ကုမ္ပဏီ အလုပ်ထဲ သွင်းပေးခဲ့ပေမယ့် ဘာမှအားကိုးရတာမဟုတ်ဘူး၊ ဘုံ ဘာမှ ဝင်မပြောချင်လို့ ဘုံဘာသာ ကိုယ့်လုပ်ငန်းလုပ်ခဲ့တာပါ မေမေ''

''မေမေ နားလည်ပြီ သမီး၊ ဒါကြောင့်လည်း မေမေ ဆုံးဖြတ် လိုက်ပါပြီ၊ သနားရင် သဒ္ဓါရင် ကိုယ်တတ်နိုင်သလောက်ပဲ အဝေးက ထောက်ပံ့တော့မယ်၊ အလုပ်ထဲ ထည့်ရင်တော့ အရင်ကလိုပဲ ပြန်ဖြစ် ဦးမှာပဲ''

မေမေ ဆုံးဖြတ်ချက်ကို ဘုံ ထောက်ခံပါသည်။ ကိုရဲရင့် ဦး ဆောင်ခဲ့တုန်းက တိုးတက်ခဲ့သော ကုမ္ပဏီကြီးက အခုတော့ ပြန်ယိမ်း ယိုင်နေပြီ၊ ဒါက ဦးဆောင်သူ မေမေ့ဆွေမျိုးတွေကြောင့်ဆိုတာ ထင်ရှား နေ၏။

''မေမေကတော့ ရိုစီကိုကော ဦးတည်ခန့်နိုင်ကိုပါ ကျေးဇူးတင် တယ် လေးစားတယ် သမီး၊ သူတို့ ရောက်လာတာ အမှန်တွေကို မေမေ ရှာဖွေနိုင်တာပဲ''

''သူတို့က သူ့သားအမှားကို တောင်းပန်တာဆို''

''တစ်ပါးသူလင်မယားအရေးကိစ္စမှာ သူ့သားပါတာကို အမှား လို့ သူတို့ သိတယ်တဲ့၊ ဒါကြောင့် မိဘမှာတာဝန်ရှိတယ်ဆိုပြီး လာ တောင်းပန်တာတဲ့၊ သားသမီးမကောင်း မိဘခေါင်းဆိုသလိုပဲတဲ့၊ သူ့ သားကိုယ်စား တောင်းပန်တာလေ၊ ဘယ်လောက် လူကြီးလူကောင်း ပီသသလဲ၊ တကယ်ဆို မေမေ့ဘက်ကသာ လူကြီးလူကောင်း မပီသ တာပါ''

www.burmeseclassic.com

www.burmeseclassic.com



"ဒါဆို မေမေက ကိုရဲရင့်ကိစ္စမှာ တောင်းပန်မလို့လား"

"မေမေ တောင်းပန်ရမှာပေါ့ကွယ်"

ဘုံ ပင့်သက်ရှိုက်မိသည်။ သမီးကြီး ခံစားနေရတာမြင်တော့ မေမေ့ခမြာ မနေနိုင်ရှာပါ။ သမက်ကိုတောင် ပြန်တောင်းပန်ဦးမည်တဲ့။

ဘုံကတော့ မေမေ့ကို ဘာမှမပြောချင်ပေမယ့် ကိုရဲရင့်ကိုတော့ သိပ်မကျေနပ်ချင်ပါ။

တကယ်ဆို ကိုယ်က လူငယ်ပဲ မမရွှေဘုံနှင့်လည်း တရားဝင် ကွဲကွာသေးတာမဟုတ်တော့ ဖုန်းလေးဘာလေး ဆက်သင့်သည်။ အခု တော့ မေမေက ဆက်သွယ်တောင်းပန်ရမည့်ပုံ ဖြစ်နေ၏။

ဒီပြဿနာမှာ ခန့်ညားလည်း တာဝန်ရှိသည်။ လိုက်လာတုန်းက တော့ အခုမှ ရှောင်နေလို့ ရမတဲ့လား။

ပြောသာ ပြောရသည်။ ခန့်ညားကို မလာနဲ့ မမြင်မတွေ့ချင်ဟု ပြောခဲ့တာ ဘုံပဲဖြစ်သည်။ အခုချိန်သာ ခန့်ညား အနားမှာရှိလျှင် ဘုံ အကူအညီတောင်းလို့ရနိုင်သည်။

ဘုံ မောင်းထုတ်ခဲ့တာကိုပဲ နောင်တရရတော့မလိုလိုပါပဲ။

ခန့်ညားရယ် တကယ်ဆို ဘုံကို ရှင် တကယ် မစွန့်လွှတ်နိုင် အောင် ချစ်တယ်ဆိုရင် ဘုံအနားကို ဘုံ ဘယ်လောက်စိတ်ဆိုးနေစမ်း ပါစေ ရောက်လာသင့်ပါတယ်။

ဘုံ ရှင့်ကို မြင်တွေ့ခွင့်လေး ရချင်နေတယ် သိလား ခန့်ညား ရယ်။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၃၂)

ဒီတစ်ခါ ဆိုင်ရှေ့ကို ရပ်လာတာ ပါဂျဲရိုးနက်ပြာရောင် ကား ကြီးဖြစ်သည်။ ကားပေါ်က ဆင်းလာမှ ဟိုတစ်ခါ လာဖူးသော အန်ကယ် ကြီးမှန်း ဘုံ သိလိုက်ပါသည်။

ပထမ လာတုန်းက ပရာဒိုအဖြူရောင်မို့ ချက်ချင်းမသိတာ ဖြစ်၏။ ဒီတစ်ခါတော့ ချာတိတ်မပါဘဲ တစ်ယောက်တည်း။

"ဟာ အန်ကယ် နေကောင်းတယ်နော်"

သဲစုက သွက်လက်စွာ နှုတ်ဆက်တော့ အန်ကယ်ကြီး တင် ချက်ပြုံးကာ ခေါင်းညိတ်သည်။

တုတ်ကောက်ကို ထောက်ကာ ဆိုင်ထဲဝင်လာသော အန်ကယ် ကြီး အသွင်က တည်တည်ငြိမ်ငြိမ်ပဲဖြစ်၏။ မျက်ဝန်းတွေမှာတော့ အနက် ရောင်မျက်မှန်နက်ကြီး တပ်ထားဆဲ။



www.burmeseclassic.com

www.burmeseclassic.com



"စိန်လက်စွပ်တစ်ကွင်း လိုချင်လို့ကွဲ့"

"ဟိုတစ်ခါ လက်စွပ်မျိုးလား အန်ကယ် ရပါတယ်၊ ထိုင်ပါရှင်"

သဲစုက ထိုင်ခုံဆွဲကာ ကြိုဆိုသည်။ ဘုံကတော့ အန်ကယ်ကြီး သောက်ဖို့အတွက် အအေးဘူးနှင့်မုန့်တွေ သွားယူလိုက်ပါသည်။

ဘုံ ပြန်ထွက်လာတော့ အန်ကယ်ကြီးက ထိုင်ခုံမှာထိုင်လျက်။ သဲစုက စိန်လက်စွပ်တွေ ဗန်းလေးထဲထည့်ကာ ပြနေ၏။

"အန်ကယ်ကြီး စိတ်ကြိုက်ရွေးပါ"

"အအေးလေး သောက်ပါဦး အန်ကယ်၊ မုန့်လည်းစားပါ"

ဘုံ အအေးဗန်းလေးချပေးညှော်ခံတော့ ခေါင်းတစ်ချက်ညိတ်ပြရင်း တစ်ငုံမော့သောက်သည်။

ခေါင်းပေါ်က ခေါင်းစွပ်ဦးထုပ်ကြီးကိုလည်း မချွတ်၊ မျက်မှန်ကြီးကိုလည်း မချွတ်သော အန်ကယ်ကြီးကတော့ ဘုံ အမြင်မှာ ည်းနည်းတော့ ဆန်းလို့နေပါသည်။

"အန်ကယ်ကြီး အေးဆေးပဲမဟုတ်လား။ အအေးသောက် မုန့်စားနော်၊ ပြီးမှ စိတ်ကြိုက်ရွေးပေါ့"

သဲစုကတော့ စကားတွေ ဖောင်ဖွဲ့ညှော်ခံနေသည်။ ဘုံလည်း အလိုက်သင့်ပြုံးရင်း အနားမှာရှိနေ၏။

ထူထဲသော နှုတ်ခမ်းမွေးနှင့်မုတ်ဆိတ်ကျင်စွယ်တွေကတော့ သဲစု ပြောသလို အသည်းယားဖွယ်ကောင်းပေမယ့် ရှင်းသန့်သော ရုပ်ရည် ခန့်ညား၏။

ထိုအခိုက်မှာပဲ ဝယ်သူတစ်ယောက်ဝင်လာတာမို့ သဲစု သွက်



www.burmeseclassic.com

www.burmeseclassic.com



ကြိုသည်။ ဘုံကတော့ အန်ကယ်ကြီးနှင့်အတူ ကျန်ရစ်ခဲ့၏။

"သမီးနာမည်က ဘယ်သူလဲကွဲ့"

"ရှင် ဘုံ ငွေဘုံသာပါ အန်ကယ်"

"အင်း နာမည်လေးက အဆန်းပဲကွဲ့၊ သမီးတို့က ညီအစ်

တွေလား"

"မဟုတ်ပါဘူး အန်ကယ်၊ သူငယ်ချင်းတွေပါရှင်"

"ဟုတ်လား အန်ကယ်က ညီအစ်မတွေထင်တာ"

"ကျွန်မတို့သူငယ်ချင်းတွေ ရှယ်ယာဝင်ပြီး ဆိုင်ထောင်

တာပါ အန်ကယ်၊ အရင်က သုံးယောက်လေ၊ အခုတော့ တစ်ယောက်

အမေရိကားရောက်နေလို့ပါ"

"သြော် သြော် ဟုတ်လား ဒါကြောင့် ဆိုင်နာမည်က ပန်း

ပွင့်လို့ ပေးထားတာကိုး၊ ကောင်းပါတယ် ကောင်းပါတယ် စိတ်ကူးတွေ

အရမ်းကောင်းတယ်ကွယ်"

အန်ကယ်ကြီး ခေါင်းတညိတ်ညိတ် ချီးကျူးနေတာကို

ပြုံးရင်း ကြည့်နေမိခိုက်မှာပဲ

"ဟင်"

"ဟာ"

အအေးဘူးကို တစ်ငုံမော့သောက်သော အန်ကယ်ကြီးနှုတ်

မွေးတစ်ဖက်က ဘုတ်ခနဲ ပြုတ်ကျတော့ ဘုံ မျက်ဝန်းလေးတွေ ဝိုင်း

သွား၏။

အန်ကယ်ကြီး နှုတ်ခမ်းမွေးက အတုကြီးလား"



www.burmeseclassic.com

www.burmeseclassic.com



"အနီ အနီကယ် ဟင် ရှင် ရှင်"

နှုတ်ခမ်းမွှေးထူ တစ်ဖက်ပြုတ်သွားမှ ဘုံ ရှင်းရှင်းလင်းလင်း တွေ့လိုက်ရသော သူ့မျက်နှာက

"ခန့်ညား ရှင်"

"ဘုံ ဘုံ စိတ်မဆိုးပါနဲ့၊ ကိုယ် ဘုံမျက်နှာလေးကို တွေ့ချင်လို့ ပါကွာ"

"ဟယ် အနီကယ် အဲ ခန့်ခန့်"

အနားရောက်လာသော သဲစု နှုတ်ခမ်းမွှေးတုတစ်ဖက်ပြုတ် နေသော ခန့်ညားကို တစ်လှည့် ဘုံကိုတစ်လှည့်ကြည့်ရင်း ပါးစပ်အဟောင်း သား ဖြစ်နေ၏။

"ဘုံရယ် ဘုံမျက်နှာလေးကို မြင်တွေ့ခွင့်ရချင်လို့ ကိုယ် ဒီလို ကြံစည်ရတာပါကွာ သဲစု ရှင်းပြပေးပါဦးဟာ"

"ဘုံ ဟို ဟိုလေ ခန့်ခန့်က နင်မလာနဲ့ဆိုတော့ နင့်ကိုတွေ့ချင် သို့တဲ့ ဒီ ဒီလိုပုံစံနဲ့"

"ဘာလဲ ခန့်ညား ရှင်က ကျွန်မတို့တစ်ဆိုင်လုံးကို ဝယ်လို့ရ တယ်ဆိုတဲ့ သဘောနဲ့ တစ်ပတ်တစ်ခါ စိန်လက်စွပ်လာဝယ်နေတာလား"

"ဟာ မဟုတ်ပါဘူး ဘုံရယ်"

"ဘုံ နင်အထင်မလွဲပါနဲ့ဟယ်၊ ခန့်ခန့်က ဒီသဘောမဟုတ်ပါ ဘူး"

"ဘာလဲ သဲစု နင်ပါ အလိုတူ အလိုပါ ငါ့ကိုအရူးလုပ်လိုက် တာပေါ့လေ"



www.burmeseclassic.com

www.burmeseclassic.com



"ဟာ သဲစုနဲ့မဆိုင်ပါဘူး ဘုံရယ်၊ ကိုယ် အကူအညီတောင်း
လွန်းလို့ သဲစုက ကူညီရတာပါ"

"တော်တော့ ခန့်ညား ရှင် အရှုးလုပ်ရအောင် ကျွန်မက
ခပ်တုံးတုံးမဟုတ်ဘူး"

စကားအဆုံးမှာ ဘုံ လှည့်ထွက်ခဲ့လိုက်သည်။ သူ့ခေါ်သံတွေက
ဥပေက္ခာပြုရင်း ဘုံ အခန်းထဲဝင်ခဲ့၏။

"ဘုံ ဘုံ"

အခန်းထဲရောက်မှ ဘုံ ရယ်ချင်စိတ်ကို မမျိုသိပ်နိုင်ဘဲ ကြိတ်
ရယ်မိတော့သည်။ ခန့်ညား ဒီလောက်အထိ ဘုံအပေါ် စွဲလန်းနေမည်ဟု
မထင်ခဲ့မိပါ။ အခုတော့ ဘုံ မျက်နှာလေးကို မြင်တွေ့ဖို့ အနက်ကယ်ကြ
ပုံစံ ရုပ်ဖျက်လာသည်တဲ့လား။

ပထမတစ်ကြိမ်တုန်းက ဘုံ လုံးဝမရိပ်မိခဲ့ပါ။

အခုတော့ သူ့နှုတ်ခမ်းမွှေးတုကြီး ကျွတ်ကျတာကြောင့်
သိလိုက်ရခြင်းဖြစ်သည်။

ဘုံကိုတော့ ခန့်ညားက မြင်တွေ့ချင်သည်တဲ့။ ဘုံကျတော့
ခန့်ညားမျက်နှာလေးကို မြင်ခွင့်မရအောင် ရုပ်ဖျက်လာ၏။

ခန့်ညားရယ် ရှင့်ကို ဘုံသနားလိုက်တာ။ တခြားသူတွေကျတော့
ကူညီပေးတတ်တဲ့ရှင်က ရှင့်အရေးကိစ္စမှာတော့ တလွဲတွေချည်းပါလား

ဘာပဲဖြစ်ဖြစ် ဘုံ ကျေနပ်ဝမ်းသာပါတယ် ခန့်ညားရယ်
ကျွန်မကို ဘယ်လောက်ချစ်တယ်ဆိုတာ ကျွန်မ သိခွင့်ရလိုက်လို့ပါ

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com



ကိုယ့်ကိုကိုယ်ပဲ အပြစ်တင်ရတော့မှာပဲ ဖြစ်သည်။ ဘုံ ရှေ့ မှောက်ကျမှ နှုတ်ခမ်းမွှေးတုက ပြုတ်ကျသွားရသည်။

အခုတော့ ဘုံ သူ့ကိုအထင်လွဲသွားခဲ့ပြန်ပါသည်။

"ရှုတ်တရက်ဆိုတော့ ဘုံ ရှက်သွားတာ ထင်ပါတယ်ဟာ"

"သဲစုရယ် ဘုံ ငါ့ကို ထပ်စိတ်ဆိုးမှာစိုးတယ်"

"မပူပါနဲ့ ခန့်ခန့်ရယ်၊ ငါ နားလည်အောင် ရှင်းပြပေးမယ်၊ နင် ပြန်တော့နော်၊ မထူးပါဘူး နင့် နှုတ်ခမ်းမွှေးတွေ ပါးသိုင်းမွှေးတွေ ချွတ်ပစ်လိုက်ပါတော့ဟာယ်"

သဲစု ပြောတော့မှ သူ့မျက်နှာပေါ်က အတုအယောင်တွေကို ခွာချပစ်လိုက်သလို ခေါင်းက ဦးထုပ်စွပ်ကြီးကိုပါ ဖြုတ်ချလိုက်ရသည်။

"ခန့်ညားရယ် နင့်နှုတ်ခမ်းမွှေးသာ ပြုတ်မကျရင် ငါတို့ မမှတ်မိဘူး တကယ်"

"အင်း ငါ့မှာတော့ ဘုံ မျက်နှာလေးကို မြင်ချင်လို့ ကြိုးစားလိုက်ရတာဟာ၊ နှစ်ကြိမ်တောင် မခံဘူး၊ ဘူးပေါ်သလို ပေါ်တော့တာပဲ"

"နင့်စိတ်ကူးကိုတော့ ငါ လက်ဖျားခါတယ်"

"သဲသဲရယ် သူများတွေကို ငါ အမြဲတမ်း အကူအညီပေးခဲ့တယ် ပေးခဲ့တိုင်းလည်း အဆင်ပြေ အောင်မြင်သွားကြတာပဲ၊ ငါ့အလှည့်ကျ တော့ ဘာလို့အဆင်မပြေရတာလဲဟာ"

"နင်ညံ့လို့ပေါ့ ခန့်ခန့်ရဲ့"

"အေးဟာ ငါ ညံ့လွန်းပါတယ်"

"စိတ်မကောင်း မဖြစ်ပါနဲ့ဟာ၊ နင် ဘုံကို တကယ်ချစ်တာ



www.burmeseclassic.com

www.burmeseclassic.com



ငါ သိတယ်၊ အဲဒီအကျိုးတော့ နင် ပိုင်ဆိုင်မှာပါ"

"သဲသဲရယ် ငါ ဘုံကို သိပ်ချစ်တယ်၊ ဒါကို ငါသစ္စာဆိုရဲပါတယ်ဟာ"

ဒါ သူ့ရင်ထဲက နိုင်မြဲသောသစ္စာစကားဆိုတာ ဘုံ ယုံကြည်စေချင်ပါသည်။ အခုတော့ ဘုံရဲ့အမုန်းတွေက သူ့အပေါ် ဆတ်ကဲနေသည်။

ထိုအမုန်းတွေ ပြေဖို့အတွက် ဘုံကို သူ ဘယ်လိုသက်သေပြပေးဆပ်ရမည်လဲ။

ဘုံရယ် စတွေ့ကတည်းက မင်းနဲ့ကိုယ်ကြားမှာ အထင်လွဲစရာအခြေအနေနဲ့ စတင်ခဲ့ရတာပါ။ ဒါပေမဲ့ ကိုယ့်ရင်ထဲက စေတနာနဲ့ဖြူစင်မှုတွေကို ဘုံ နားလည်စေချင်လိုက်တာ။

ခန့်ညားဝင့်ထည် ဆိုတဲ့ကောင် နှလုံးသားလေးက အမြဲတမ်းဖြူစင်နေခဲ့တာ ယုံပါ ဘုံရယ်။

■ ■ ■

ဗျူးသော့ဖေ

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၃၃)

“ဘာရယ် မေမေ ကိုရဲရင့် အိမ်ရောက်လာတယ် ဟုတ်လား”

“ဟုတ်တယ် သမီး ဟိုတစ်ခါ လာတဲ့ကောင်လေးနဲ့ပဲ ခန့်ညား င့်ထည့်လေ”

“ဟင်”

ဟု အံ့ဩမိသည်။ ခန့်ညား ဒီတစ်ခါလည်း ကိုရဲရင့်နှင့်လိုက်လာ နေသည်လား။

“မေမေ့ကို လာတောင်းပန်တာ သမီး၊ သူ စိတ်ဆိုးမာန်ဆိုး ပြောခဲ့တာတွေကို တောင်းပန်တာတဲ့၊ ပြီးတော့ သမီးကြီးရွှေဘုံကိုလည်း သူ မစွန့်လွှတ်နိုင်ဘူးတဲ့”

ဟု ထင်မှတ်ထားသည်က ကိုရဲရင့် အမေ့ကိစ္စနှင့်ကွာရှင်းပြတ်စဲ ရောက်လာတာဟု။ ဒါပေမဲ့ အခုတော့ လွဲနေပြီ။

ဗျူးစာပေ

www.burmeseclassic.com

www.burmeseclassic.com



"မေမေ ဘာပြောလိုက်လဲဟင်"

"ဪ သမီးရယ် မေမေတို့ကိုယ်တိုင် မှားခဲ့တာတွေကို မေမေ တောင်းပန်ချင်နေတာ၊ အခု သူက လှုငယ်ပီပီ မာန်ချတောင်းပန်လာမှ တော့ မေမေ လက်ခံမှာပေါ့ကွယ်"

"မမရွှေဘုံကကောဟင်"

"သမီးကြီးလည်း ဝမ်းသာနေတာပေါ့ သမီးရယ်၊ ဘာပဲဖြစ်ဖြစ် သူတို့လင်မယား အဆင်ပြေသွားတာ မေမေ ဝမ်းသာတယ်၊ ပြီးတော့ မောင်ရဲရင့်က မေမေတို့အပေါ် တကယ်ကောင်းခဲ့သူပါကွယ်၊ အခုလည်း ကုမ္ပဏီလုပ်ငန်းတွေကို တိုးတက်အောင် သူ ပြန်ကြိုးစားမယ်လို့ ကတိ တွေပေးတယ် သမီး"

"မမရွှေဘုံကော မေမေ"

"အခုပဲ မောင်ရဲရင့်နဲ့ လိုက်သွားတယ် သမီး"

"ဟင် ဘယ်ကိုလိုက်သွားတာလဲ၊ လင်တော်မောင် လာခေါ်တာ နဲ့ မေမေ့ကိုထားခဲ့ပြီး ပါသွားတာလား ဟင်"

"မဟုတ်ပါဘူးကွယ် မောင်ရဲရင့်နဲ့အတူ မောင်ခန့်ညားဝင့်ထည် ကို ဒင်နာလိုက်ကျွေးတာတဲ့၊ ကျေးဇူးတင်လို့တဲ့လေ၊ ဟုတ်ပါတယ်ကွယ် မောင်ခန့်ညားလေးက လှုငယ်ပေမယ့် ဆင်ခြင်ဉာဏ်ရှိတယ်၊ ကူညီချင်တဲ့ စိတ်လေးလည်းရှိတယ်၊ သမီးကြီးကိစ္စမှာ သူကပဲ ဖေးမကူညီပေးခဲ့လို့ မောင်ရဲရင့်လည်း ဒေါသပြေသွားတာလေ"

အခုချိန်ထိ ခန့်ညားရဲ့ကူညီတတ်သောစိတ်တွေက မပြောင်းသေး သေးဘူးထင်ရဲ့။



www.burmeseclassic.com

www.burmeseclassic.com



"မောင်ခန့်ညားလေးက သူ့မိဘတွေလိုပဲ တော်ပါတယ်ကွယ်၊ မေမေလည်း သိပ်ကျေးဇူးတင်တယ်၊ သူ့ကြောင့် သမီးကြီးတို့ကြားမှာ ပြေလည်မှုရသွားခဲ့တာ"

မေမေကတော့ ခန့်ညား အပေါ် ချီးမွမ်းခန်းတွေဖွင့်မဆုံး ရှိနေ၏။

"အဲဒီအတွက် အခုပဲ မေမေ မောင်ခန့်ညားမိဘတွေဆီ ဖုန်းဆက်ပြီး ကျေးဇူးတင်စကားပြောလိုက်တယ်၊ ပြီးတော့ သူတို့မိသားစုကို အိမ်မှာ ထမင်းလာစားဖို့ ဖိတ်ထားတယ်၊ အဲဒီနေ့ သမီးရှိမှဖြစ်မယ်"

"ဟင် ဘာလုပ်ဖို့လဲ မေမေရဲ့"

"အန်တီရိုစီလည်း လာမှာလေ၊ ဒါကြောင့် သမီးကိုတွေ့ချင်နေတယ်တဲ့"

အန်တီရိုစီကို ဘုံလည်း တွေ့ချင်ပါသည်။ ဒါပေမဲ့ သူနဲ့ဆုံဆည်းမှာကိုတော့ ဘုံ မျက်နှာပူနေတာ အမှန်။

ဘုံ ရေမိုးချိုးပြီးချိန်မှာတော့ ကိုရဲရင့်နှင့်မမရွှေဘုံတို့ ပြန်လာကြသည်။

"ဘုံလေးရေ ဒီမှာ ဘုံလေးစားဖို့ မြိတ်ကတ်ကြေးကိုက်တွေ ဝယ်လာတာ"

မမရွှေဘုံကပြောတော့ ဘုံ အံ့သြမိ၏။ ဒါ ခန့်ညားပေးလိုက်တာလား မသိ။

"ဘုံလေး ကြိုက်တာ မမ သိတယ်လေ"

"ဟုတ်တယ် ညီမလေး ငွေဘုံ၊ ကိုယ်တို့ ခန့်ညားကို ဒင်္ဂါ



www.burmeseclassic.com

www.burmeseclassic.com



လိုက်ကျွေးတာလေ၊ ဟိုတစ်ခါ ကိုယ်နဲ့လိုက်လာတဲ့ ခန့်ညားက ဘုံ သူ့ကို စိတ်ဆိုးနေရင် တောင်းပန်ပါတယ်တဲ့"

ကိုရဲရင့်က ပြောတော့ ဘုံ နှုတ်ဆိတ်နေမိ၏။ ခန့်ညား ဘုံတို့ အကြောင်းတွေ ပြောလိုက်သည်လား။

"ခန့်ညားက ခင်မင်စရာကောင်းတယ် ညီမလေးရယ်၊ မေမေ က သူတို့မိသားစုကို ထမင်းစားဖိတ်မလို့တဲ့"

"မေမေ ပြောပြထားတယ် မမရွှေဘုံ"

"ဟုတ်လား ဘုံလေး သိပြီးပြီပေါ့၊ အဲဒီနေ့ကျ ဘုံလေးရှိနေ နော်၊ အန်တီရိုစီလာမှာ၊ အန်တီရိုစီက ဘုံလေးကို တွေ့ချင်လို့တဲ့"

"အင်း ဘုံရှိမှာပါ"

မမရွှေဘုံတို့ နှစ်ယောက် အခန်းထဲဝင်သွားစဉ်မှာ ဘုံ ဧည့်ခန်း ထဲမှာတစ်ယောက်တည်း ကျန်ရစ်ခဲ့၏။

ထိုအခိုက်မှာပဲ ဧည့်ခန်းက ဖုန်းက မြည်လာတာမို့ ဘုံ ကောက် ယူနားထောင်လိုက်ရ၏။

"ဟဲလို ငွေဘုံသာပါရှင်"

"ဘုံ ကိုယ်ပါ"

"ဟင်"

"ဖုန်းမချလိုက်ပါနဲ့ ဘုံရယ်၊ ကိုယ် ဘုံရဲ့ဖုန်းကို ဆက်လို့မ ဘူး၊ ဟိုလေ ဘုံ အမုန်းတွေ ပြေပါနော်"

"..."

"ဘုံ ကိုယ့်ကြောင့် မမရွှေဘုံတို့ကိစ္စက မပြီးမပြတ်ဖြစ်နေ



www.burmeseclassic.com

www.burmeseclassic.com



ဘယ်၊ အဲဒါကို အခု ကိုယ်ကိုယ်တိုင် ရှင်းလင်းပေးပြီးပြီ၊ ဘုံနဲ့ကိုယ့်ကြားက ပြဿနာတွေ ကင်းပြီနော်"

"..."

ဘုံ တမင် ဘာစကားမှ မပြောဘဲနေတော့ သူကပဲ စကားတွေ ဆပ်လို့ပြောနေပြန်ပါသည်။

"ဘုံ စိတ်ဆိုးမပြေသေးဘူးလားဟင် ကျွန်တော် သေချင်ပြီဗျာ"

"တကယ်လား ခန့်ညား၊ ရှင်သေရဲလား"

"ဘုံ တကယ်သေစေချင်သလား"

"မဆိုင်ဘူးလေ ရှင်ပြောလို့ မေးတာ"

"ဘုံသာ အမုန်းတွေ မပြေသေးဘူးဆိုရင် ကိုယ်သေချင်တယ်၊ ဘုံကိုချစ်တဲ့စိတ်နဲ့သေနိုင်တယ်"

"ကောင်းပြီလေ ဒါဆို ရှင်သေလိုက်"

ပြောပြီး ဘုံ ဖုန်းချလိုက်မိသည်။ ပြီးမှ ကြည်နူးစွာ ရယ်လိုက်မိပါသည်။ တကယ့်ကလေးလိုပါပဲလား ခန့်ညားရယ်။

တကယ်ဆိုလျှင် ဘုံရဲ့အမုန်းတွေ ရှင့်အပေါ်မှာ တကယ်ကို ရှိခဲ့တာပါ။

ရှင့်ရဲ့ဖြူစင်တဲ့နှလုံးသားလေးကို ဘုံ မမုန်းပါဘူး၊ ဘုံစကားတွေကို စိတ်နာပြီး ရှင် ဘုံဆီ ရောက်မလာဘူး ထင်နေပေမယ့် အနိုကယ်ကြီးပုံစံနဲ့ ရှင်ရောက်လာတယ်။

ပြီးတော့ ဘုံတို့မိသားစုရဲ့ပြဿနာကြီးကိုလည်း ရှင်က ပြေလည်အောင် ဖြေရှင်းပေးခဲ့တယ်။



www.burmeseclassic.com

www.burmeseclassic.com



အဲဒါတွေက ရှင့်ရဲ့ဖြူစင်တဲ့ စိတ်ခါတ်တွေဆိုတာ ဘုံ မြင်တတ်ခဲ့ပြီးပြီလေ။

ရှင့်ကို ဘုံ ဘယ်တော့မှ မမုန်းဘူး။ သံသယတွေလည်း ကင်းစင်ခဲ့ပါပြီ ခန့်ညားရယ်၊ ရှင့်ချစ်ခြင်းတွေက သက်သေပြခဲ့ပြီးပြီပဲ။ အိုနောက်ဆုံး ရှင် ကျွန်မကို ထားရစ်ခဲ့မယ်ဆိုရင်တောင် . . . ။

ဘုံ့နှလုံးသားက ရှင့်ကိုချစ်ခဲ့မိပြီးပြီလေ။

အချစ်ကို ဘုံ နှလုံးသားက ပိုင်ဆိုင်ခံစားတတ်ခဲ့တာ ခန့်ညားဆိုတဲ့ ရှင့်ကြောင့်ပဲ။

ဒါ သေချာတဲ့ အမှန်တရားပါ ခန့်ညား။

ရှင့်ကို ဘုံ သိပ်ချစ်ပါတယ်ကွယ်။

■ ■ ■

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၃၄)

"ဘုံလေး သမီး"

"ဟယ် အန်တီရှိစီ"

ညေ့သည်တွေ လာမည်ဆို၍ မေမေနှင့်မမရွှေဘုံကတော့ မီးဖို ဲမှာ အလုပ်တွေ ရှုပ်နေသည်။ ကျန်သူတွေလည်း အငြိမ်မနေကြရဘဲ ်စ်အိမ်လုံးရှင်းလင်းပေးနေကြရသည်။

ဘုံလည်း ညေ့ခန်းထဲမှာ အလှပန်းအိုးထိုးပေးရင်း ပြင်ဆင်နေ ်န်း အန်တီရှိစီ ရောက်လာတာ ဖြစ်၏။

"သမီး ကြည့်စမ်း အပျိုကြီးဖားဖားဖြစ်နေပါလား"

"အန်တီရှိစီလည်း လှလို့ဝလို့ အဟင်း ဟင်း"

"သမီးလေးကို တွေ့ချင်လို့ကွဲ၊ အန်တီ့သမီးလေးက အရင် ်တိုင်း မပြောင်းလဲဘူး ချစ်စရာကောင်းလိုက်တာ"



www.burmeseclassic.com

www.burmeseclassic.com



"ဘုံလည်း တွေ့ချင်လို့ ဒီနေ့ဆိုင်ပိတ်လိုက်တာ အန်တီရှိစ် ဒါနဲ့ ညည်သည်တွေကောဟင်"

"ညည်သည်တွေလား သူတို့က နောက်မှလာကြမယ်လေ အန်တီရှိစီက သမီးလေးနဲ့အရင်တွေ့ချင်လို့ ကြိုလာခဲ့တာ"

"မေမေတို့ နောက်ဖေးမှာရှိတယ်"

"နေ နေဦး အန်တီရှိစီက သမီးလေးနဲ့ အရင်စကားပြောချင် လို့ပါကွယ် ခြံထဲသွားရအောင်နော်"

"ဟုတ်ကဲ့ အန်တီရှိစီ"

အန်တီရှိစီနှင့်ခြံထဲဆင်းခဲ့လိုက်သည်။ စံပယ်ရုံ နံဘေးက ခုံတန် လေးမှာ အတူထိုင်မိကြတော့

"မောင်ခန့်ကို သမီးလေး သိတယ်နော်"

"ရှင်"

"ခန့်ညားဝင့်ထည်လေ"

"ဪ ဟုတ်ကဲ့ သိပါတယ် အန်တီရှိစီ"

"အင်း တကယ် ရိုးသားဖြူစင်တဲ့ကောင်လေးပဲ၊ အန်တီ က သားတစ်ယောက်လို ချစ်တာကွဲ့၊ သမီးကိုချစ်သလိုပေါ့"

သားသမီးမရှိသော အန်တီရှိစီသည် ဘုံကိုလည်း ဟိုး ငယ်ကတည်းက ချစ်သည်။ ဘယ်လောက်ထိ ချစ်သလဲဆိုလျှင် ပိုင်ဆိုင်သမျှ အမွေတွေ ဘုံကိုပေးခဲ့မည်ဟု ကြွေးကြော်တဲ့အထိ သည်။

ဒါကို အန်တီရှိစီရဲ့ဆွေမျိုးတွေကြားတော့ သူစိမ်းတစ်ယော



www.burmeseclassic.com

www.burmeseclassic.com



ကို အမွေပေးရသည်လားဆိုကာ မကျေနပ်ခဲ့။

"ဘာဖြစ်လဲ ငွေဘုံသာလေးက ငါ့သမီးလေးပဲ၊ ငါချစ်လို့ပေးမှာ"

အန်တီရိုစီက ယတိပြတ်ကြွေးကြော်သည်။ တစ်ဖက်က ဆွေမျိုးတွေက အမြင်မကြည်ကြပါ။ နောက်ဆုံး မေမေကလည်း အန်တီရိုစီတို့ကြားမှာ မျက်နှာပူကာ မသွားဖြစ်တော့ပါ။

အခုမှ အန်တီရိုစီနှင့် ပြန်ဆုံတာဖြစ်၏။

"အန်တီ သမီးကို ဘယ်လောက်ချစ်သလဲဆိုတာ သမီး သိပါတယ်နော်၊ တကယ်လည်း အန်တီရိုစီရဲ့အမွေတစ်ဝက်ကို သမီးလေးအတွက် ရည်စူးထားတယ်၊ ကျန်တစ်ဝက်ကို လှူမှာ"

"အန်တီရိုစီရယ် သမီးအတွက် မလိုပါဘူး"

"အန်တီရိုစီ စိတ်ဆန္ဒကို ပြောတာပါ၊ ပြီးတော့ သမီးနဲ့ခန့်ညားလေးအကြောင်း အန်တီ ကြားထားတာ အမှန်ပဲလား"

"ဘာကိုလဲ အန်တီ"

"သမီးကို ခန့်လေးက ချစ်ခွင့်ပန်ထားတယ်ဆို"

"အို"

"ခန့်လေး ပြောတယ် သမီး၊ သမီးက သူ့ကိုအထင်လွဲနေတယ် အဲဒါ အမှန်ပဲလား"

"ဟိုလေ မယုံရဲတာပါ အန်တီရယ်"

"အို ခန့်လေးက တကယ်ဖြူစင်ရိုးသားတယ်၊ သူ့ရုပ်ရည် သူ့မိဘအဆင့်အတန်းက ပြည့်စုံတော့ ဝိုင်းဝိုင်းလည်နေတာ အများကြီးပဲ ဒါပေမဲ့ သူ ဘယ်သူ့မှ မချစ်ဘူး၊ ချစ်မယ့်ချစ်တော့ သမီးလေး ဆိုတော့



www.burmeseclassic.com

www.burmeseclassic.com



အန်တီရိုစီ ဝမ်းသာလိုက်တာ"

"အို အန်တီကလည်း"

"ဟုတ်တယ် သမီး သမီးနဲ့ခန့်လေးကို အန်တီ ရိုစီ သဘော တူတယ်၊ ခန့်လေးကလည်း အန်တီ့သားပဲလေ၊ သမီး ငြင်းမှာလား"

"ဟို ဟိုလေ"

"ဘာမှ မငြင်းနဲ့နော် သမီး၊ ခန့်လေးက သမီးရဲ့သင့်တော်တဲ့ အိမ်ထောင်ဘက်ပဲ၊ အခုလည်း ခန့်လေးမိဘတွေလာရင် ဒီကိစ္စ ဆွေးနွေးမှာ၊ သမီးလက်ခံသလားပဲ အန်တီရိုစီ သိချင်တာ"

ဘုံ မျက်နှာလေး ရဲရဲနီနေသည်။ အန်တီရိုစီ နှုတ်ကတော့ ဖွင့်ပြောလာသည်ဆိုတော့ ဘုံ ရှက်မိတာအမှန်ဖြစ်၏။

"ပြောလေ သမီး"

"ဟို ဟို သမီး မငြင်းပါဘူး"

"အန်တီ ဝမ်းသာလိုက်တာ သမီးလေးရယ်"

ဘုံကို သိုင်းဖက်ထားရင်း အန်တီရိုစီ ရေရွတ်သည်။ ... ရင်ခုန်သံတွေ နွေးထွေးရှိန်းမြနေသည်။

ခန့်ညားနှင့်ဘုံကြားမှာ တကယ်ပဲ အမှန်းတရားတွေ ကင်း... ခဲ့ပြီထင်ပါရဲ့။

■ ■ ■

အန်တီရိုစီကတော့ မေမေတို့နှင့်အတူ ဧည့်သည်တွေအ... ပြင်ဆင်စီစဉ်နေကြသည်။

ဘုံကတော့ ရေမိုးချိုး အဝတ်အစားလဲပြီး ဧည့်သည်တွေ...



www.burmeseclassic.com

www.burmeseclassic.com



ကြုံဆိုဖို့ ရင်ခုန်နေခဲ့ဖြစ်၏။ တစ်ခါမှ မမြင်ဖူးသော ယောက္ခမလောင်း တွေကို ဘုံ ကြုံဆိုရမည်တဲ့။

တကယ်ဆိုလျှင် ဘုံနှင့်ခန့်ညားက တရားဝင်ချစ်သူတွေ မဖြစ်ကြသေးပါဘဲ လူကြီးချင်း စကားပြောရမည့်အဖြစ်။

အိပ်မက်ဆန်လွန်းပါရဲ့။

ပန်းဆီရောင်ဝတ်စုံလေးနှင့် အလှဆုံးပြင်ဆင်ပြီး ဘုံ ဆင်းခဲ့တော့ ဧည့်ခန်းက ဖုန်းလေးက မြည်နေ၏။

မေမေတို့ အထဲရောက်နေတာမို့ ကိုင်သူမရှိ ဖြစ်နေတာထင်၏။

ဘုံ ဖုန်းလေးကို ကောက်ကိုင်လိုက်တော့

"ဘုံလေး ဘုံ ဘုံ ဘုံ"

"ဟင် ခန့်ညား ရှင် ဘာဖြစ်နေတာလဲ"

"ကိုယ် သေတော့မလို့ ဘုံ"

"ဟာ ဘာတွေပြောနေတာလဲ"

"ဟုတ်တယ် ဘုံကိုချစ်တဲ့အချစ်တွေနဲ့သေမလို့လေ၊ ဘုံတို့ခြံထဲမှာ လာသေမလို့"

"စောစောစီးစီး ပေါက်ကရတွေ မပြောနဲ့"

"တကယ်ပြောတာ ဘုံပဲ ကိုယ့်ကို သေပြဆိုလို့ တကယ်သေပြမှာ ဘုံတို့ခြံထဲမှာ လာသေပြမှာ မယုံရင်စောင့်ကြည့်"

ပြောပြီး ချက်ချင်း ဖုန်းချသွားတာက ခန့်ညားဘက်က ဖြစ်သည်။ ဘုံ ပြုံးလိုက်မိသည်။ တော်တော်နောက်တဲ့ ခန့်ညား။

ဘုံကို လာနောက်နေတာပေါ့လေ။ ဘုံ ပြောခဲ့သော စကားကို



www.burmeseclassic.com

www.burmeseclassic.com



မခံချင်စိတ်နှင့် ဖုန်းဆက်တာလား။

တွေ့မယ် အိမ်ကို စတိုင်ကြီးနဲ့ရောက်လာမှ စကားမပြောဘဲ နေပြလိုက်မည်။ မိဘတွေအားကိုးနဲ့ မာန်တက်နေသလား။

တွေ့ကြသေးတာပေါ့။

ဘုံ့ စိတ်ထဲက ကြိမ်းဝါးရင်း ထိုင်စောင့်နေလိုက်၏။ စောင့် သောနာရီလက်တံတွေက နှေးကွေးလေးပင်လှသည်။

မေမေ၊ အန်တီရှိစီနှင့်မမရွှေဘုံတို့လင်မယားလည်း ပြင်ဆင် ပြီးလို့ ဧည့်ခန်းထဲရောက်နေကြသည်။

ခန့်ညားတို့မိသားစုကို ကြိုဆိုဖို့အတွက် အားလုံးအသင့်။ ကြာ ကြာမစောင့်လိုက်ရပါ။ ခြံထဲကို လင့်ခရူဆာကားကြီး ဝင်လာ၏။

"ဟော ကိုတည်ခန့်တို့ လာကြပြီ"

အန်တီရှိစီက ပြောရင်း အရင်ဆုံး ဆင်ဝင်အောက်ကို ရော သွား၏။ မေမေကလည်း အနောက်က ကပ်လိုက်သွားခဲ့၏။

ဘုံကတော့ ရင်လေးတွေ ခုန်ကာ မတ်တပ်လေးပဲ ထရပ်မိ ကားကြီး ဆင်ဝင်အောက်မှာထိုးရပ်တော့ ဆင်းလာကြ ဦးတည်ခန့်နိုင်တို့ ဇနီးမောင်နှံပဲဖြစ်၏။

"နောက်ကျသွားတာ ခွင့်လွှတ် ရှိစီရေ"

"နောက်မကျပါဘူး ကိုတည်ခန့်ရဲ့၊ ဒါနဲ့ သားတော်မောင်ကော"

"မရောက်သေးဘူးလား ဒီကောင်က အရင်သွားမယ်ဆို ထွက်သွားတာ"

"ဟုတ်လား ခန့်လေး မလာသေးပါဘူး"

www.burmeseclassic.com

www.burmeseclassic.com



"ဒါဆို ဘယ်ဝင်နေသလဲ မသိဘူး၊ မပူနဲ့ ဒီကောင်.အရောက် လာမှာပါ၊ မနက်ကတည်းက ဖင်တကြွကြွဖြစ်နေတဲ့ကောင်"

ပြောရင်း ဦးတည်ခန့်နိုင် အကြည့်တွေက ဘုံဆီရောက်လာသည်။

"လာ လာကြပါ ညှော်ခန်းထဲကို ကြွကြပါရှင်"

မေမေက ဖိတ်ခေါ်တော့ အားလုံး ညှော်ခန်းဆိုဖာထိုင်ခုံမှာ ဝင်ထိုင်ကြသည်။ အန်တီရှိစီက မိတ်ဆက်ပေး၏။

"ကိုတည်ခန့် ဒါ သမီးလေး ငွေဘုံသာလေ"

"နာမည်လေးလှသလို လူကလည်း ချောမောကျက်သရေရှိ တဲ့ သမီးလေးပါလား"

"သားပြောတုန်းကထက်တောင် သမီးလေးက ချောမောနေ တယ်ကွယ် အဟင်း ဟင်း"

အားလုံး ဝိုင်းချီးကျူးနေတော့ ဘုံ မျက်နှာလေး ရဲနေသည်။ မေမေတို့နှင့်ခန့်ညားမိဘတွေ စကားဖောင်ဖွဲ့သွားကြသည်။

ဘုံအကြည့်တွေက ခြံအပြင်ဘက်ကို တကြည့်ကြည့်ဖြစ်နေ၏။ ခန့်ညား ဘာလို့ရောက်မလာသေးတာလဲ။

လွန်ခဲ့သော တစ်နာရီလောက်က ဖုန်းဆက်ခဲ့တာ သတိရသည်။

"ဘုံတို့ခြံထဲမှာ လာသေမလို့၊ မယုံရင်စောင့်ကြည့်"

ဖုန်းထဲက ကြားခဲ့သောစကားတွေကို ပြန်ကြားမိတော့ ဘုံ ရင်ထဲ ထိတ်ခနဲ ဖြစ်သွား၏။

သူ ရောက်နေသည်လားမသိပါ။ လူကြီးတွေ စကားဖောင်ဖွဲ့ နေတုန်း ဘုံ အခန်းထဲဝင်ခဲ့လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



ပြီးတော့ နောက်ဖေး မီးဖိုခန်းတံခါးမှ ခြံထဲဆင်းခဲ့လိုက်၏။

"ဟင်"

အသေအချာပါပဲ ခန့်ညားမှ ခန့်ညား။ အုန်းပင်အောက်မှာ ငုတ်တုတ်ထိုင်နေ၏။

"ဟင် ခန့်ညား ဘာလုပ်နေတာလဲ"

"သေဖို့စောင့်နေတာ"

"ဘာရယ်"

"ဟုတ်တယ် အပင်ပေါ်က အုန်းသီးတွေ ခေါင်းပေါ်ကြွေကျရင် ပြီးပြီပဲ"

"မထင်နဲ့ အုန်းသီးစိမ်းတွေ မကြွေဘူး"

"ထင်သလား ကိုယ်က သစ္စာဆိုပြီး ထိုင်နေတာ၊ ချစ်သူက သေစေချင်နေတာမို့ ခေါင်းတည့်တည့် ကြွေကျပါစေလို့ သစ္စာဆိုထားတာ"

"အဟင်း ဒါလည်း ရှင့်ရဲ့ဇာတ်ဟာတစ်မျိုးပဲလား"

"ကျွတ် စိတ်ပျက်တယ်ကွာ"

"ဟုတ်တယ်လေ ရှင်က ဆရာကြီးဆိုတော့ မေးရတာပေါ့"

"ထင်ချင်သလို ထင်ကွာ၊ ဘုံနဲ့ပတ်သက်ရင် ကိုယ်က ရှုံးသွားဖြစ်ပြီးသားပဲ"

"ကဲ အထဲမှာ လူကြီးတွေရောက်နေတယ်"

"ရောက်ရောက်ကွာ"

ဘုံ စိတ်ညစ်သွားမိ၏။ ထိုစဉ်မှာပဲ မမရွှေဘုံ ခေါ်သံလေး ကြားရတာမို့



www.burmeseclassic.com

www.burmeseclassic.com



"မမ ခေါ်နေပြီ ရှင်မလိုက်ဘူးလား"

"မလိုက်ဘူးကွာ"

"ဒါဆို နေခဲ့တော့"

ပြောပြီး ဘုံ အိမ်ဘက်ခပ်သုတ်သုတ် ပြန်ခဲ့ရ၏။ မီးဖိုခန်းထဲ ဘ အထွက်မှာ မမရွှေဘုံနှင့်ဆုံ၏။

"ဘယ်ထွက်သွားတာလဲ ညီမလေးရယ်၊ လူကြီးတွေ မေးနေ ဘယ်"

"ဟုတ်ကဲ့"

"ကဲ သွားလိုက် ဧည့်ခန်းထဲမှာစောင့်နေတယ်၊ ဒီမှာ မမရွှေဘုံ ဘင်းပွဲတွေ ပြင်ထားမလို့"

မမရွှေဘုံ ကျန်ရစ်ခဲ့သည်။ ဘုံ ဧည့်ခန်းဘက်ကို ထွက်ခဲ့လိုက် သည်။ အားလုံး ဘုံကို စောင့်နေကြဆဲ။

"သမီးရေ ဒီမှာမောင်ခန့် ရောက်မလာသေးလို့ ဖုန်းဆက်တော့ သည်း ဖုန်းပိတ်ထားတယ်"

"ဟင်း တော်တော်ခက်တဲ့ကောင်ပဲကွာ"

"ဘာဖြစ်နေမှန်းကိုမသိဘူး၊ လူကြီးတွေ စိတ်ပူအောင်လုပ်တယ်"

တစ်ယောက်တစ်ပေါက်နှင့် ခန့်ညားကို အပြစ်တင်နေကြတော့ ည် မနေသာတော့ပါ။

"ဟို ဟို သူ ခြံထဲမှာပါ"

"ဘယ်လို"

"ဟင် ရောက်နေပြီလား"

www.burmeseclassic.com

www.burmeseclassic.com



အားလုံး ဘုံစကားကြောင့် အံ့သြနေကြ၏။ အန်တီရှိစ်က ထဲကို လှမ်းကြည့်ရင်း

"ဘယ်တုန်းက ရောက်နေတာလဲ သမီး"

"မသိဘူး အန်တီရှိစ်"

"ဟယ် သွားခေါ်လိုက်လေကွယ်"

"ဟို သူက သေချင်လို့တဲ့"

"ဟယ် ဒီကလေးတော့ကွယ် အင်း သိပြီ သိပြီ သမီးဘုံ နဲ့စိတ်ဆိုးနေတာဆိုတော့ တမင်ချော့ခိုင်းနေတာ ထင်တယ်"

"ဟာ ဒီကောင်ကွာ"

ခန့်ညားဖေကြီးက စိတ်ဆိုးသလို ရေရွတ်တော့ အန်တီရှိ

"ကဲပါ သမီးရယ် ခန့်လေးကို သွားခေါ်ခဲ့ပါကွယ်၊ နော် သမီးလေးက လိမ္မာပါတယ်နော်"

"ဟုတ် ဟုတ်ကဲ့ အန်တီရှိစ်"

ဘုံ ရုက်ရက်နှင့် ခြံထဲဆင်းခဲ့ရပြန်ပါသည်။ အုန်းပင်အော မှာ ထိုင်နေသောသူက ဘုံကို ခပ်တည်တည်ကြည့်နေ၏။

တကယ်တမ်း အုန်းခိုင်ကြွေကျရင်တော့ မတွေးရဲစရာ တွေးနေတုန်းမှာ လေတစ်ချက်ဝှေ့ခနဲ တိုက်တော့ ဘုံ စိုးရိမ် ပိုသွားရင်း

"ခန့်ညား သွားရအောင် ဟိုမှာ လူကြီးတွေခေါ်ခိုင်း

"ဘုံလေး ထူမှထမယ်"

"အပိုတွေ မလုပ်နဲ့နော်"



www.burmeseclassic.com

www.burmeseclassic.com



"တကယ်ပြောတာ ကိုယ့်ကိုသေစေချင်ရင် မထူနဲ့"

"လာပြန်ပြီ အဲဒါ ရှင့်ရဲ့ဗျူဟာနံပါတ် ဘယ်လောက်လဲ ဟင် ပြောစမ်းပါ"

"နံပါတ် သုည"

ပြောင်ချော်ချော်နှင့် သူလုပ်ပြရင်းဖြေတော့ ဘုံ ပြုံးမိရင်း

"အဲဒါတွေကြောင့် ရှင့်ကိုမယုံတာ အခုလို လုပ်ပြနေတော့ ဘယ်လို ယုံရမလဲ"

"မျက်စိမှိတ်ယုံလိုက်"

"ရှင် မိန်းမတစ်ယောက်အတွက် ကြောင်တောင်တောင် လုပ်နေတာ မရှက်ဘူးလား"

"မရှက်ပါဘူး ကိုယ်ချစ်တဲ့ဘုံအတွက်ပဲ ရင်ထဲက အချစ်က ဒီလိုလုပ်ခိုင်းနေတာ"

"ကဲ ထပါတော့ အထဲက လူကြီးတွေ စိတ်ပူနေပြီ"

"ဘုံကော စိတ်မပူဘူးလား"

"ဟာ စိတ်ညစ်လိုက်တာ"

"မညစ်ပါနဲ့ကွာ ကဲ ဘုံလေးထူလေ"

လက်နှစ်ဖက် မြှောက်ကာ ကမ်းပေးနေတော့ ဘုံ သူ့လက်တွေကို ဆွဲလိုက်ရ၏။ သူ့ခန္ဓာကိုယ်ကြီးကို ဘုံ ထူဖို့ခက်မှာပမယ့် သူကပဲ အလိုက်သင့် ကုန်းထလာတာမို့ တော်သေး၏။

"ဘုံ တို့ကို စိတ်ပြေပြီလား"

"အနိုင်ကျင့်လို့ ပြန်စိတ်ဆိုးချင်နေတာ"



www.burmeseclassic.com

www.burmeseclassic.com



"ဟာ မဆိုးပါနဲ့ကွာ ချစ်လွန်းလို့ပါ"

ပြောရင်း ဘုံ ခန္ဓာကိုယ်လေးကို ရင်ခွင်ထဲ ဆွဲသွင်းပွေ့ဖက်တော့ ဘုံရင်ခုန်သံတွေ ဝုန်းဒိုင်းကျဲကုန်၏။

"သိပ်ချစ်တယ် ဘုံ"

"အိုး"

အနမ်းတစ်ပွင့် ပါးပြင်ပေါ် နွေးနွေးလေးထိတွေ့တော့ ဘုံ မျက်နှာလေး ရဲရဲနီကာ

"ကြည့်စမ်း အဖြေတောင် မပေးရသေးဘဲ"

"ဟာ ဟုတ်လား ဆောရီး ကဲ ဖြေကွာ ဖြေပြီးမှ ချစ်စရာကောင်းတဲ့ နှုတ်ခမ်းလေးကို နမ်းမယ်"

"ခန့်ညားနော်"

ရှန်းဖို့ကြိုးစားပေမယ့် ခန့်ညားလက်တွေက ခိုင်မြဲနေသည်။ ဘုံရဲ့ ရင်ခုန်သံတွေကလည်း နွေးထွေးရှိန်းမြနေသည်။

ညှင်းသဲ့သဲ့ လေပြည်လေးက ချစ်သူနှစ်ဦးကို ကျီစယ်သွားခဲ့၏။ ကောင်းကင်ကြီးကော၊ ပန်းတွေရော၊ လိပ်ပြာလေးတွေရော အားလုံး လှပကြည်နူးနေတာ ချစ်ခြင်းကြောင့်ပါပဲ။

ဘုံ ရင်ခုန်သံတွေကလည်း ချစ်ခြင်းကြောင့်ဆိုတာ ...။

ပရိသတ်အတွက်

အမြဲတမ်း

မျိုး



www.burmeseclassic.com